www.burmeseclassic.com

# တက္ကသိုလ်တော်နှင့်



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# တက္ကသိုလ် ဘုန်းနိုင်

ချစ်သော ဤကမ္ဘာ

www.burmeseclassic.com

www.burmeseclassic.com

# သစ္စာ

ငါ့စာဖတ်၍၊ မမြတ်တိုင်စေ
မရှုံးစေသား၊ ချမ်းမြေ့နှစ်မြို့ကို
တွေးဖွယ်ထိုက်ရာ၊ တစ်ပိုဒ်တလေ
တွေ့ငြားပေမူ၊ စာပေကျေးကျွန်
ငါ၀တ်ပွန်ပြီ၊ ငါမွန်အမြတ်
ငါ့အတတ်ဟု၊ စာဖတ်သူ့ပေါ်
ခေါင်းကိုကျော်၍၊ ငါသော်ဆရာ
မလုပ်ပါတည်း။ ။

ဘဏ္ဍာသိုလ်ထွန်းနိုင်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# (၁)

## ဆိတ်သုဉ်းသော ပါရဂူနှစ်ဦး

က

နေ့၏ နိဂုံးချုပ်ဖြစ်သော ဆိတ်သုဉ်းသည့် ဆည်းဆာနောက်ပိုင်း၌ ဘီအိုအေစီ လေယာဉ်ပျံကြီးသည် မင်္ဂလာဒုံကွင်းသို့ ဆင်းသက်ဆိုက်ရောက်လာသည်။

အနောက်ဘက် မိုးကုပ်စက်ဝိုင်း၏ နယ်နိမိတ်ကို ကျော်လွန်သက်ဆင်းခဲ့ပြီးသော နေမင်းသည် ရဲရဲနီသော ရောင်ပြန်ကိုသာလျှင် ကမ္ဘာမြေအတွက် နှုတ်ခွန်းဆက်အဖြစ် ထားခဲ့ရစ်သည်။

တောတန်းတို့သည် မရေရာသော အရိပ်များကဲ့သို့ ရေးရေးဝါးဝါး မထင်မရှားရှိနေသည်။ အဆင်းအရောင်ပျောက်၍ အရိပ်အရောင်ပမာဖြစ်သော ထိုတောတန်းတို့၏ ထိပ်ကို ကျော်၍ ကြည့်လိုက်လျှင် နီညို့ညို့ တိမ်စိုင်တို့သည် မှိုင်းလုံး အလိပ်နှင့် မီးအလျှံတို့ကဲ့သို့ အမှောင်ရိပ် ပြေးသော အနောက်ဘက်မိုးပြင်ကို ချောက်ချားဖွယ် စိုးမိုး လွှမ်းအုပ်ထားကြသည်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



မြေပြင်၌မူ မည်သည်မျှမသဲကွဲ၊ တောရိပ် တောတန်း ချိုင့်ဝှမ်းတောင်ပူစာတို့ ချုံနွယ် မြက်ခင်းတို့ဖြင့် ရောယှက်ကာ ကမ္ဘာသေ၏ ပန်းချီကားကဲ့သို့ ခွဲခြားမပိုင် ဝေဝေဝါးဝါး နိုင်လှ၏။

တစ်နေ့တာ၏ အတ္တုပ္ပတ္တိဆုံးခြင်း မည်သည် ဆည်းဆာနောက်ပိုင်းဝယ် ပတ်ဝန်းကျင်သည် ဤသို့လျှင် ချောက်ချားဖွယ် ဆိတ်သုဉ်းစွာရှိနေ၏။

လေယာဉ်ထက်မှ ဆင်းလာကြသော ခရီးသည် တစ်သိုက်သည် ပြန်လည်ရှုရှိုက်ရသော မြေပြင်၏ရနံ့ကို ခံစားမိဆဲ ပတ်ဝန်းကျင်၏ ဆိတ်သုဉ်းမှုကိုလည်း သတိထားမိကောင်း ထားမိကြပေလိမ့်မည်။

သို့ရာတွင် လှုပ်ရှားတက်ကြွနေသော လူတစ်သိုက်ကား ရှိပါသေး၏။

ထိုလှုပ်ရှားတက်ကြွသော လူတစ်သိုက်သည် လေယာဉ်ပျံကြီး ဆိုက်စကတည်းက သတ်မှတ်ခွင့်ပြုထားသော နေရာတစ်ဝိုက်ကို ဝိုင်းဝန်းပြီး ဖြစ်နေလေသည်။ ကင်မရာတို့ကို အသင့်ပြင်သူက ပြင်နေချိန်တွင် စက္ကူခဲတံနှင့် ရေးမှတ်လိုသူတို့ကလည်း အစစ အဆင်သင့်ဖြစ်နေသည်။ ဤလူ တစ်သိုက်မှာ လေယာဉ်ထက်မှ သက်ဆင်းလာသူတို့၏ ခရီးပန်း နွမ်းနယ်ခြင်းကိုသည်းကောင်း၊ ဆိတ်သုဉ်းသော ညနေကြောင့် အားငယ် ချောက်ချားမှုကို လည်းကောင်း ဂရုပြုကြမည် မဟုတ်၊ ဂရုလည်းပြုရန် ဆန္ဒမရှိကြ။ ထိုသူတစ်သိုက်ကား ပုဂ္ဂလိက ခံစားမှု စံစားမှုထက် ပြည်သူ့အပေါင်းကို သိအပ်သိထိုက်သော သတင်းထူးအား အချိန်မီ ပေးပို့နိုင်ရေးကိုသာ ပမာထားသော သတင်းထောက်များ ဖြစ်ကြသည်။

သတင်းထောက် အားလုံးသည် ယခုဆိုက်ရောက်လာသော လေယာဉ်ထက်မှ ဆင်းသက်လာမည့် ပါရဂူ နှစ်ဦးအား စောင့်ဆိုင်းနေကြခြင်းဖြစ်သည်။ ၎င်းပါရဂူ နှစ်ဦးမှာ ဆေးပညာဆိုင်ရာ ထူးချွန် တွေ့ရှိမှုအတွက် ဆွီဒင်ပြည်မှ နိုဘဲ(လ်)ဆုကြီးကို လက်ခံယူပြီး ပြန်လာကြသော ဆရာဝန် နှစ်ဦး ဖြစ်လေသည်၊ နှစ်ဦးလုံး မြန်မာလူမျိုးချည်းဖြစ်၍ ထူးခြားသည်။ ပို၍ထူးခြားသည်မှာ တစ်ဦးသည် အသက် (၃၀) ကျော်သာ ရှိသေးသည်ဟုဆိုသော မိန်းမပျိုတစ်ဦး ဖြစ်ခြင်းပေတည်း။

လေယာဉ်တံခါးပေါက်မှ အသက် (၄၀) ခန့်ရှိ အရပ်ထောင်ထောင်မောင်းမောင်းနှင့် သေသပ်ကျနသော ဥရောပ အဝတ်အစားကို ဝတ်ဆင်ထားသည့် လူတစ်ဦး ဆင်းလာသည်။ သူ့နောက်ပါးတွင် ပိုးထည်အပြာနုရောင်၊ စိမ်းပြာရောင် သိုးမွေးကုတ်အင်္ကျီနှင့် ဖြူဝင်းတင့်တယ်သော မိန်းမပျို တစ်ယောက် ကပ်ဆင်းလိုက်ပါလာသည်။

အများမျှော်လင့်နေကြသော နိုဘဲ(လ်)ဆုရှင် ဒေါက်တာ ထွန်းအောင်နှင့် နှမ ဒေါက်တာ လေးသန့်တို့ဖြစ်သည်။

နှစ်ဦးလုံးပင် ငြိမ်သက်တည်ကြည်စွာနှင့် ဆင်းလာကြသည်။ လှမ်းကြိုလင့်သော ချီးမြှောက်သံနှင့် [illegible] နှုတ်

www.burmeseclassic.com

www.burmeseclassic.com


ဆက်မှုတို့ကို လက်တုံ့ပြန်ခြင်း မရှိသည့်တိုင်အောင် လူမှုဆက်ဆံရေး ညှိဖျင်းရေ့သလားဟု ထင်မှတ် အောက်မေ့ဖွယ်ရာပင် ငြိမ်သက် တည်ကြည်လွန်းလှပါ၏။

*

ခ

ဆီဒင်ပြည်သို့ ထွက်ခွာ သွားစဉ်ကလည်း ဒေါက်တာမောင်နှမ နှစ်ဦးသည် ငြိမ်သက်လျှို့ဝှက်ခဲ့ပေသည်။

သိပ္ပံပညာ ဓာတ်ခွဲခန်းနှင့် ဆေးပညာ ခွဲစိတ်ခန်းများ၌သာ နှစ်ရှည်လများ အချိန်ကုန်ခဲ့ကြသော ပါရဂူ မောင်နှမနှစ်ဦးကို နီးစပ်သူအချို့မှတစ်ပါး ကျယ်ဝန်းသော အပြင်လောကမှ လူအများသည် နာမည်မကြားဖူးသကဲ့သို့ ရုပ်ရည်ကိုလည်း ဖြူသည်မည်းသည် ခွဲခြားမသိကြ။

ဤအဖြစ်ကို ဆန်းသည်ဟုလည်း မဆိုသာ။

ဆေးပညာဆိုသည် လူ့လောက၏ အပြုပညာသက်သက်ဖြစ်သော်သည်း ဆေးပညာလောကမှ ပုဂ္ဂိုလ်တို့ကို မြန်မာပြည်သူ အများသည် စိတ်မဝင်စားလှသေးသဖြင့် သိကြားဖူးလှသည် မရှိသေး။

လူ့အသက်ပေါင်း များစွာကို ခြေဖျက်တတ်သောအဆုတ်ရောဂါကို ကုသသည့် (စထရက်တိုမိုက်စင်)ဆေးနှင့်ကြောက်မက်ဖွယ်သော ရောဂါအသီးသီးကို နှိမ်နင်း နိုင်စွမ်းသော (ပင်နီဆီလင်) ဆေးတို့ကို လူအများသိကြသည်။ သို့ရာတွင် ချာချီ၊ အိုက်စင်ဟောင်းဝါး၊ စတာလင်၊ မော်စီတုံး၊ မယ်ရီလင်မွန်ရိုး၊ ရေ့ခ်ဟာဆန်တို့ကို ကောင်းစွာသိကြသော လူတို့သည် ပင်နီဆီလင်အစွမ်းကို စတင်တွေ့ရှိသူ ဒေါက်တာ ဖလင်းမင်း (Dr. FLEMING) နှင့် စထရက်တိုမိုက်စင်ဆေးကို တီထွင်သူ ဒေါက်တာ ဝပ်စမင်း (Dr. WAKSMAN) ကဲ့သို့သော ကမ္ဘာ့ကျေးဇူးရှင်များကို ဤကမ္ဘာလောက မြေပြင်တွင်ရှိခဲ့ဖူး ရှိနေမှန်းကို မသိကြပါ။

ဤသို့ဖြစ်သောကြောင့်လည်း သိပ္ပံ ပညာရှင်တို့မှ လွဲ၍ လူတိုင်း နားမလည်သေးသည့် ထူးခြွန်သော ဆေးပညာအောင်မြင်မှုကို ရရှိပြီးစသာ ဖြစ်သေးသည့် လျှို့ဝှက်သော ဤဆရာဝန် မောင်နှမကို လူတကာ မသိကြသေးသည်မှာ မဆန်းပါပေ။

ဤကဲ့သို့ မသိကြသောကြောင့်ပင် ဆရာဝန် မောင်နှမ နှစ်ဦး နိုဘဲ(လ်)ဆု ရမှန်းသိ၍ သတင်းထောက်အပေါင်းတို့ လိုက်လံသတင်းမေးသောအခါ သူတို့နှစ်ဦးသည် ကြိုတင် တိမ်းရှောင်သည့်အလား မြန်မာပြည်မှ တိတ်ဆိတ်ထွက်ခွာ သွားနိုင်ခဲ့ပြီးပေပြီ။

မည်သို့ဖြစ်စေ နိုဘဲ(လ်)ဆု ဟူသည်မှာ ကမ္ဘာလောက လူသားသတ္တဝါတို့၏ ကျေးဇူးရှင်များအတွက်သာ သတ်မှတ်ထားသော မြင့်မြတ်လှသည့် ဆုဖြစ်လေသည်။ ဤဆုကြီးကို လက်ခံရရှိပြီးသောအချိန်၌ လျှို့ဝှက်ခြင်းနိုင်လှသော ဒေါက်

www.burmeseclassic.com

www.burmeseclassic.com

တာ ထွန်းအောင်နှင့် ချောမောလှပသည့် ဒေါက်တာမလေးသန့်တို့၏ သတင်းဓာတ်ပုံများမှာ ဥရောပတွင်ရှိစဉ်ကတည်းက ထင်ရှားကျော်စောခဲ့ပြီး ဖြစ်လေသည်။

ဆု ယူစဉ် အခါက ဒေါက်တာ ဦးထွန်း အောင် သည် အောက်ပါ တိုတောင်းလှသော စကားကိုဆိုခဲ့သည်။

'ကျွန်တော်တို့ တွေ့ရှိသမျှမှာ ရည်မှန်းချက် ခရီးဆုံးဆီသွားသည့် လမ်းမှ အစဖြစ်သော မိုင်တိုင်တစ်ခုသာဖြစ်ပါသည်'

ဒေါက်တာမလေးသန့်၏ စကားဦးမှု ပဟေဠိဆန်သော အနက်ကို သတိထားမိကြသည်။

'ဝမ်းသာစရာ အကောင်းဆုံးသော ဒီနေ့ဟာ ဝမ်းနည်းစရာ အကောင်းဆုံးပဲလို့ မပြောချင်ဘဲနဲ့ ကျွန်မ ပြောပါတယ်၊ ဝမ်းသာခြင်း ဝမ်းနည်းခြင်းဟာ ပုဂ္ဂလိက ခံစားမှုတွေသာဖြစ်လို့ ကျွန်မ အထူးရှင်းမပြောလိုတော့ပါဘူးရှင်'

မှန်သည်။ အေးချမ်းငြိမ်သက် လျှို့ဝှက်စွာပင် သူတို့ ထွက်ခွာသွားခဲ့ကြသည်။ ယခုလည်း အေးချမ်း ငြိမ်သက် လျှို့ဝှက်စွာပင် ပြန်ရောက်ခဲ့ကြပေပြီ။

ဤအေးချမ်းငြိမ်သက်ခြင်း ဝိုင်းရံသည့် လျှို့ဝှက်သော ပဟေဠိအနက်ကို ပင်ပန်းကြီးစွာ ဝိုင်းစန်း စောင့်စားနေကြသော သတင်းထောက်အများက ဖော်ယူချင်သည်။ ကံကောင်းလျှင် အဆုံးမသတ်သေးသော လွမ်းကဗျာတစ်ပုဒ်၏ အစကို ထွင်မိကောင်း ထွင်မိပေလိမ့်မည်။ အနည်းဆုံး အမိနိုင်ငံမြေကို ပြန်နင်းစ ကမ္ဘာကျော် ပါရဂူနှစ်ဦး၏ စကား



တို့ကို တစ်လုံးနှစ်လုံးပင် ဖြစ်ပါစေ နက်ဖြန်ထွက်မည့် သတင်းစာ မျက်နှာဖုံးများအတွက် သတင်းထောက် အပေါင်းက လိုချင်နေကြသည်။

ထို့ကြောင့်လည်း သူတို့သည် လေယာဉ်ထက်မှ ဆင်းသက်လာသူတို့၏ ခရီးပန်း နွမ်းနယ်ခြင်းကို လည်းကောင်း၊ ဆိတ်သုဉ်းသော ညနေကြောင့် အားငယ်ချောက်ချားမှုကို လည်းကောင်း ဂရုမပြုမိကြ၊ ဂရုလည်းမပြုနိုင်။

*

BURMESE CLASSIC .com

၈

ပါရဂူ မောင်နှမ နှစ်ဦးသည်သာ ဆိတ်ငြိမ်တည်ကြည်လွန်းလှသည်။

မေးသံခေါ်သံနှင့် တဖျပ်ဖျပ်ရိုက်နေသော ကင်မရာတို့ကြားမှ နှစ်ဦးသားသည် လေယာဉ်ပျံ အကောက်တော်ရုံးခန်းတွင်းသို့ ခပ်မြန်မြန် လျှောက်ဝင်သွားကြသည်။စောင့်စားနေသူများကို ဒေါက်တာ ဦးထွန်းအောင်က လက်ဖ[illegible]းတစ်ဖက်ကို မြှောက်၍သာ နှုတ်ဆက်သွားသည်။

အပြင်တွင် ကျန်ရစ်သူအပေါင်းက မကျေနပ်[illegible]ည့်ကြားမှ ပြောသောဝတ်စုံ ဖြူဝင်းသော အသားအရေ[illegible]နှင့် ချောမော

www.burmeseclassic.com

www.burmeseclassic.com



သော ပါရဂူအပျိုချော၏ တင့်တယ်သည့် အသရေကို အံ့ဩချီးမွမ်းကျန်ရစ်မိကြသည်။

အကယ်၍သာ တင့်တယ်သည့် အသရေကို ချီးမွမ်းရုံ ချီးမွမ်းမနေကြဘဲ အေးချမ်းနူးညံ့သော ဒေါက်တာမလေးသန့်၏ မျက်နှာပြင်မှ အနက်အဓိပ္ပာယ်ကို ကြိုးစား၍ စူးစမ်းကြည့်မည် ဆိုပါက မြုပ်နှစ်နေသော ပဟေဠိ၏ သဲလွန်စကို တွေ့ကောင်း တွေ့ကြရပေလိမ့်မည်။

အေးချမ်းသော မျက်နှာကလေးသည် ကျက်သရေ ရှိလှပါပေသည်။ ချီးမွမ်းပါ၏။ အသက်ပါသော လှုပ်ရှားမှုနှင့် နွဲ့နှောင်းသော ကိုယ်ကာယသည်လည်း ကြော့ရှင်း လှပါပေသည်။ နှစ်လိုပါသည်။ သို့ရာတွင် ဒေါက်တာ မလေးသန့်သည် လေယာဉ်ရုံးတွင်းသို့ မဝင်မီ ကော့သော မျက်တောင်ရှည်ကြီးတို့အား လေးပင်စွာလှန်၍ အနောက်မိုးကုပ် စက်ဝိုင်းဆီမှ ဆည်းဆာ၏ နှုတ်ခွန်းဆက် လင်းရောင်ခြည်ကို တစ်ချက်တွေတွေ ငေးကြည့်ရှာသည်။ တစ်နေ့တာအတွက် နောက်ဆုံးဖြစ်သော နှုတ်ခွန်းဆက်လင်းရောင်ခြည်ကို ငေးကြည့်လိုက်သည့် ဒေါက်တာမလေးသန့်၏ အသွင်မှာ ပါရဂူတစ်ဦးထက် အားနွဲ့ စိတ်ကူးယဉ်သော ကျောင်းသူလေး တစ်ဦးနှင့်တူနေ၏။

မြင်ရသမျှ ညနေ၏ရှုခင်းသည် အိပ်မက်ဆန်၍ လွမ်းဆွတ်ဖွယ် ဖြစ်နေ၏။ တိုးဝင်လွှမ်းခြုံလာသော အမှောင်ကြောင့် အနောက်မိုးပြင်မှ တိမ်နီရောင်မှိန်မှိန်သည် ကုန်ခန်းငြိမ်းသေတော့မည့် မီးလျှံတို့အလား ထင်ရပေသည်။ ဤရှုခင်းကို



ခဏတ္တသတိလွတ်သယောင် ငေးမောကြည့်လေသော ဒေါက်တာမလေးသန့်၏ မျက်တောင်ကော့တို့မှ ပုလဲမျက်ရည်တစ်ပေါက်သည် အသာဒုန်ချ ကျဆင်းသွားသည်။

ဒေါက်တာမလေးသန့်သည် သက်ပြင်းရှိုက်လိုက်၍ လေယာဉ်ရုံးတွင်းသို့ ဝင်သွား၏။

အပြင်ဘက်တွင်မူ သတင်းထောက် အများနှင့် အခြားစောင့်စား သူတို့သည် လှုပ်လှုပ်ရွရွဖြင့် မျှော်လင့်တကြီး စောင့်စားနေကြသည်။ သို့ရာတွင် သူတို့အားလုံးသည် လေယာဉ်ရုံး၏ နောက်ပိုင်းတစ်နေရာတွင် ကားပြာ တစ်စင်း မထင်မရှား ထိုးဆိုက်လာသည်ကို သတိမပြုမိကြ။ ထိုကားပြာပေါ်သို့ ဆရာဝန် မောင်နှမနှစ်ဦးတို့ တိတ်ဆိတ် လျှို့ဝှက်စွာ တက်လိုက်သွားသည်ကိုလည်း မည်သူမျှ မတွေ့လိုက်ကြ။

အချိန်အတန်ကြာမျှ စိတ်ဝင်စားစွာ စောင့်ဆိုင်းနေသော ပရိသတ်ဆီသို့ လေယာဉ်ပျံကွင်း အုပ်ချုပ်မှု အထက်တန်းအရာရှိတစ်ဦး ပေါ်လာ၍ ကြေညာသည်။

"လူကြီးလူကောင်းများ ခင်ဗျား၊ ဒေါက်တာ ဦးထွန်းအောင်နှင့် ဒေါက်တာ ဒေါ်လေးသန့်တို့ဟာ ခရီးပန်းလာလွန်းတဲ့အတွက် ဘာမှ အထွေအထူးပြောစရာ မရှိပါဘူးတဲ့ ခင်ဗျား၊ အခု နှစ်ယောက်စလုံးဟာ ကြိုတင် စီစဉ်ထားတဲ့အတိုင်း အိမ်ကကားနဲ့ သူတို့ရဲ့ မဲဇာမြိုင် ခြံကြီးဆီကို ပြန်သွားကြပါပြီ"

* * *

www.burmeseclassic.com

www.burmeseclassic.com

## (၂)

## မဲဇာမြိုင်နှင့် သုဘာဆုဇာ ကိုတံထူး

က

မဲဇာမြိုင်ပေါ်ဝယ် ငွေလရောင်သည် ကျဆင်းနေပေပြီ။

အေးမြသော ငွေလရောင်အောက်ဝယ် မဲဇာမြိုင်၏ သစ်ပင်အုပ်တို့သည် မတုန်မလှုပ် ရပ်တည်နေသည်။ နက်ရှိုင်းသော သစ်ရိပ်တို့သည် မြေပြင်ဝယ် လဲလျောင်းလျက်ရှိသည်။ ငွေရောင်ရာဇမတ်ကွက်တို့သည် သစ်ရိပ်ကြောင့် မှောင်မည်းသော မြေပြင်ဝယ် ပြိုးပြိုးပြောက်ပြောက် ကျရောက်နေပေသည်။

တစ်ချီတစ်ချီ တိုးဝှေ့သော ဆောင်းလေကြောင့် ရှတ်ခနဲ ခုန်ဆင်းကြသော သစ်ရွက်တို့၏ ပွတ်တိုက်သံမှလွဲ၍ ဘာသံမှမကြားရ။

မဲဇာမြိုင်သည် တိတ်ဆိတ်နေသည်။ ထူးခြားစွာပင် ဆိတ်ငြိမ်လွန်းနေသည်။

မဲဇာမြိုင်၏ အရှင်သခင်တို့နေထိုင်ရာ နှစ်ထပ်တိုက်ကြီးသည်လည်း လူသံသူသံကင်းကာ အသက်မဲ့စွာ ရပ်တည်နေ



သည်။ ဆိတ်ငြိမ်လွန်းစွာရှိနေသဖြင့် တိုက်အိမ်ကြီးသည် ရှေးဟောင်းပုံပြင်မှ စွန့်ပစ်ခြင်းခံထားရသော တိုက်အိုကြီးတစ်လုံး ပေလောဟု မှတ်ထင်ရပါ၏။

သို့ရာတွင် တိုက်ကြီးသည် ခေတ်ဆန်လှ၍ ခံ့ထည်ခြင်းရှိလှပေသည်။ ကြီးမားခံ့ထည်သောကြောင့်ပင် ဆိတ်ငြိမ်သောအကာလညအခါတွင် ပို၍အသက်ကင်းမဲ့သယောင် ဖြစ်နေသည်။

၁၃-ရက်သား လ၏ အရောင်သည် မရန်းမင်တို့၏ထိပ်မှ ပွတ်တိုက်လျှောသပ်ကာတိုက်ကြီး၏ လက်ယာဘက်ထစ်ခြမ်းကိုသာ အလင်းရောင်ထိုးပေးထားနိုင်သည်။ ကျန်တစ်ခြမ်းမှာ မှောင်ရိပ်ခိုနေသဖြင့် နွယ်တက်နေသော နံရံကပ်ရွက်လှပန်းပင်ငယ်တို့၏ စိမ်းရင့်သောအရောင်နှင့် ရောလျက် မည်းနေပေ၏။

ဆောင်း၏ နှင်းမှုန်တို့သည် ညဉ့်၌ ဝေနေသည်။

ဝေနေသောနှင်းတို့သည် ကျဆင်းပြီးသောအခါ ခြံတွင်းရှိ ပန်းမန်တို့၏အပေါ်၌ ခိုတွဲနေသဖြင့် ည၏ မွှေးသောပန်းတို့သည် လရောင်တွင် လန်းဆန်းဝင်းလက်လျက် ရှိနေသည်။

ဤမျှ အေးချမ်းတိတ်ဆိတ်၍ မွှေးသောပန်းမန်တို့ရှိရာ လရောင်အောက်မှ မဲဇာမြိုင်သည် အပန်းဖြေနားနေ၍ သင့်လျော်ကောင်းမြတ်လှပါ၏။ မရန်းအုပ်စုတို့နှင့် လှမ်းရာ

www.burmeseclassic.com

www.burmeseclassic.com



သံပရာပင်ဖျို့တို့အနီးမှ ယုဇနနှင့် စံပယ်ရုံတစ်စိုက်တွင် လမ်းလျှောက်နေရန်လည်း ကောင်းတဖွယ်ဖြစ်လှပေ၏။

သို့ရာတွင် မဲဇာမြိုင်အတွင်း၌ လူရိပ်လူယောင်ဟူ၍မရှိ။

ဆိတ်ငြိမ်လွန်းလှသဖြင့် လူသူမှန်သမျှ အိပ်မောကျကုန်ပြီလောဟု ထင်မှတ်ဖွယ်ဖြစ်သော်လည်း ည-ကိုးနာရီပင်မထိုးသေးပါ။

ငှင်းပြင် ဤအိမ်ကြီးနှင့် ခြံကြီးရှင်ဖြစ်ကြသော မောင်နှမနှစ်ဦးမှာ ညနေကမှပင် ဆွီဒင်ပြည်နယ်မှ နိုဘဲလ်ဆုကို ဆွတ်ခူး၍ပြန်လာစ ဖြစ်သေးသည်။ ဘဝဝယ် ထူးခြားသော အောင်မြင်မှုတစ်ရပ်ကို ဆုမွန်အဖြစ် ရပြီးခါစ၌ အဘယ်တွေးခေါ် စဉ်းစားတတ်သမျှ ခံစားဂုဏ်ယူတတ်သော လူသတ္တဝါသည် အေးဆေးစွာ အိပ်မောကျနိုင်ပါမည်နည်း။

ဤအချိန်မျိုးတွင် လာရောက်သတင်းမေးကြသော မိတ်ဆွေအပေါင်းတို့နှင့် ဆူညံပျော်ရွှင်နေဖို့ ကောင်းပါ၏။ သို့မဟုတ် ရေဒီယိုမှ ပြည်ထောင်စုသားအားလုံး၏ကိုယ်စား မိမိတို့၏ ဂုဏ်ကျက်သရေကို ချီးမွမ်း ထောမနာပြုသံကို နားထောင်နေကြဖို့ သင့်ပါ၏။

သို့ရာတွင် မဲဇာမြိုင်နှင့် အိမ်ကြီးမှာ တိတ်ဆိတ်သောညကို ပို၍တိတ်ဆိတ်အောင်ပင် ငြိမ်သက်နေသည်။ တစ်ချီတစ်ချီ တိုးဝှေ့လိုက်သော ဆောင်းလေကြမ်း၏စိမ့်စိမ့်ညည်းညူသံ၊ မရန်းရွက်တို့၏ ပွတ်တိုက်သံ၊ ခြံနောက်ဘက် အင်းလျားကန်ရေပြင်မှ လှိုင်းပုတ်သံ။ ဤအသံများသည်သာ ည၌ အသက်ရှူလှုပ်ရှားနေကြသည်။



မဲဇာမြိုင်သည် အေးမြသောလရောင်အောက်ဝယ် ဆိတ်ငြိမ်ရိုး ဆိတ်ငြိမ်စဉ် မဟုတ်သော နည်းလမ်းဖြင့် ဆိတ်ငြိမ်နေသည်။

*

မဲဇာမြိုင်၏ တစ်ခုတည်းသောအဝင်အထွက် ဝင်းတံခါးမှာလည်း ပိတ်ထားသည်။ ဖြူဖွေးသော တံခါးနှစ်ရွက်သည် ငြင်းပယ်သောသဏ္ဍာန်နှင့်လရောင်ပြိုးပြောက်သောကတ္တရာစေး လမ်းထိပ်တွင် ပိတ်လျက်သားရှိနေသည်။

ခြံရှင်တို့သည် အပြင်လောကမှ မိမိတို့ဘာသာ တိမ်းရှောင်နေရုံမက အပြင် လောကကိုလည်း မဲဇာမြိုင်နှင့် အဆက်ဖြတ်ထားပုံရပါ၏။

ကျဆင်းနေသော ခြံဝ ဝါးရုံပင်ရိပ်ကြောင့် တံခါးအတွင်းဘက် ခုံရှည်တစ်ခုပေါ်တွင် မောပန်းစွာ မှီလှဲနေသော လူတစ်ယောက်အား ရုတ်တရက်သော် မြင်နိုင်ရန် ခက်ခဲသည်။

သူသည် သော့ခတ်ထားသော ဤတံခါးကိုစောင့်နေရသူဖြစ်သည်။ ယခု မောပန်းလွန်းလှ၍ လှဲနေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ၏အစ်ကိုကြီးနှင့် မမလေးတို့ကပြန်ရောက်ရောက်ချင်းပင် စောင့်နေကျဒရဝမ်အစား သူ့အား တံခါးစောင့်ရန် တာဝန်ကိုပေးအပ်ခဲ့သည်။ နေ့ဝင်စကတည်းကပင် သူသည် ဤနေရာမှ တစ်ဦးတည်း ဒိုင်ခံ၍ ငြင်းပယ်နေခဲ့ရပါ၏။

ကတ်သီးကတ်သတ် မေးခွန်းထုတ်လှသောသတင်းစာဘက်မှ လူများကိုလည်း ခုခံနေခဲ့ရသည်။ ဇွတ်တရွတ် နိုင်လှသော မိတ်ဆွေများကိုလည်း တောင်းပန်နေခဲ့ရသည်။

ကိုးနာရီရှိပေပြီ။ သူလည်း အတော် မောပန်းခဲ့ပေပြီ။ မောပန်းလွန်းသဖြင့်ဘိုင်ခုံကိုမှီ၍ နားနေခိုက်ဖြစ်သော်လည်း သူ့စိတ်မှာမူ အလုပ်များနေ၏။

ငွေလရောင်သည် အေးချမ်းလှ၏။ မြူကင်းသဖြင့် သန့်သန့်စင်နေသော မိုးပြာပြာသည်လည်း အဆုံးရှိအံ့မထင်၊ ပြန့်ပြောနေသည်။

သို့ရာတွင် မဲဇာမြိုင်သည်သာ ကျဉ်းမြောင်းနေ၏။ ငြင်းပယ်ခြင်းနှင့် ရှောင်ပုန်းခြင်းသည် ကျဉ်းမြောင်းခြင်းပင် မဟုတ်ပါလော။

သူသည် လရောင်အောက်ဝယ် ထီးထီးရပ်တည်နေသည့် အိမ်ကြီးအား မသိမသာ အံကြိတ်၍ ကြည့်မိသည်။

ငယ်စဉ်ကတည်းက ယခုအသက်(၃၀)ကျော်သည့်အထိ မဲဇာမြိုင်တွင် သူနေခဲ့ရသဖြင့် လရောင်ဝယ်တောက်ပသော အိမ်ကြီး၏ အတိတ်ဇာတ်လမ်းကို သူမြင်ခဲ့ဖူးခဲ့ပြီ၊ သံပရာပင် ရိပ် စံပယ်ရုံတစ်ခိုက်မှ ငွေလရောင်၏ လှပသောကဗျာလေး များ၏ ရသကိုလည်း သူခံစားခဲ့ဖူးပေပြီ။



သူသည် မျှော်လင့်ချက်ဆုံးသော လူတစ်ယောက်၏ အကြွင်းမဲ့ တည်ငြိမ်ခြင်းဖြင့် ထီးထီးရပ်နေသောအိမ်ကြီးအား ငေးကြည့်နေမိသည်။

စင်စစ်မူကား မဲဇာမြိုင်၏ အတ္ထုပ္ပတ္တိတွင် စိတ်ကူးယဉ် အပိုင်းသည် ကုန်ဆုံးခဲ့ပြီးဖြစ်လေသည်။ ယခုအခါမူ အိုမင်းသောဘဝ၏ ညှိုးမှိုင်းသောအပိုင်းသို့ ဆိုက်ရောက်ခဲ့လေပြီ။

သူသည်သူ၏အစ်ကိုကြီးနှင့်မမလေးတို့လောကဆိုသည်ကို ဘယ်ပုံမြင်သွား၍ ဘယ်ပုံခံစားကြရသည်ကိုသိသဖြင့်မအံ့ဩ တော့သော်လည်း ဝမ်းနည်းပက်လက်မှု ဖြစ်နေမိရှာ၏။

သူက ဝမ်းနည်းဝက်လက်နှင့် ဖြစ်နေစဉ်မှာပင် စူးရှ သော မာကျူရီကားမီးရောင်သည် ဝင်းတံခါး၌ထိုးလာ၏။ ခပ်လှမ်းလှမ်းမှပင် ဟွန်းသံပေးပြီး ပစ်ကပ်အမျိုးအစား ကားကြီးတစ်စင်းသည် အရှိန်ကိုလျှော့လျက် ထိုးဆိုက်လာ သည်။ သူက မော်တော်ကားကို မှတ်မိသကဲ့သို့ ခေါင်း တဆတ်ဆတ် ညိတ်လိုက်ပါသေး၏။

ကားသည် တံခါးအနီးတွင် ထိုးဆိုက်ပြီးသည် နောက် ဟွန်းသုံးချက်ဆက်၍ပေါ်လာသည်။ ခြံတွင်းမှသူသည် တံခါး ဝတွင် ကိုယ်ထင်ပြလိုက်သောအခါ ကားပေါ်မှ ခံ့ညား သော လူတစ်ဦး ဆင်းလာခဲ့သည်။ ထိုသူသည် ဘန်ကောက် လုံချည်၊ သက္ကလတ်မီးခိုးရောင်တိုက်ပုံနှင့် သားနားစွာ ဝတ် ဆင်ထားသည်။

'ဪ—မင်းကိုယ်တိုင်တောင်မှပဲ စောင့်နေသလား မောင်ဘိုးသောင်'

www.burmeseclassic.com

www.burmeseclassic.com

သူက ရင်းနှီးစွာ နှုတ်ဆက်သည်ကို ဘိုးသောင်သည် ဘာမျှပြန်မပြောဘဲ တံခါးနှစ်ရွက်ကို ဆုပ်ကိုင်ရင်း ငြိမ်ရပ်နေ၏။ လူရွယ်ကသာ ဆက်မေးသည်။

'မင်းအစ်ကိုကြီးနဲ့မမလေးတို့ကော အိမ်ထဲမှာရှိကြတယ် မဟုတ်လား'

'ရှိပါတယ်....ဆရာနှစ်ယောက်လုံးပဲ ရှိကြပါတယ်'

'နေကော ကောင်းကြတယ်မဟုတ်လား'

'နေကောင်းကြပါတယ် ဆရာ'

'ဘယ့်နှယ်လဲ မောင်ဘိုးသောင်၊ တံခါးဖွင့်မပေးတော့ဘူးလားဟင်'

'ဝမ်းနည်းပါတယ် ဆရာ'

'ဘာကွယ့်....မောင်ဘိုးသောင်'

'ကျွန်တော် အများကြီးဝမ်းနည်းပါတယ် ဆရာ'

လူရွယ်သည် အံ့ဩလည်းသွားသည်။ စိတ်လည်းတိုသွားသည်။

'မင်း ဘာတွေပြောနေတာလဲ မောင်ဘိုးသောင်၊ ပြီးတော့ ဘာတွေဝမ်းနည်းနေတာလဲ'

'ကျွန်တော် ဝမ်းနည်းတာက ဆရာ့ကို တံခါးဖွင့်မပေးနိုင်လို့ပါ၊ ဒီညအဖို့ ဘယ်သူ့ကိုမှ တံခါးဖွင့်မပေးဖို့ ဆရာကြီးက ကျွန်တော့်ကို အမိန့်ပေးထားတယ်'

'ဘယ်လိုကွယ့် မောင်ဘိုးသောင်၊ ဘယ်သူ့ကိုမှ တံခါးဖွင့်မပေးရဘူးတဲ့ ဟုတ်လား'

ဘိုးသောင်သည် မဖြေဘဲ မတုန်မလှုပ်သာ ရပ်နေ၏။



'ဒီလောက်တောင်ပဲတဲ့လား မောင်ဘိုးသောင်ရယ်'

လူရွယ်က ညည်းညူသည်။

'ငါ အခု မန္တလေးမှာ အမှုလိုက် နေရာကနေ မင်းအစ်ကိုကြီးဘို့ မမလေးတို့ ဒီနေ့ ပြန်ရောက်မယ်ဆိုလို့ ကားကို ကိုယ်တိုင်မောင်းပြီး ဆင်းပြေးလာခဲ့ရပါတယ်ကွယ်'

ဘိုးသောင်သည် အဓိပ္ပာယ်စုံစွာနှင့် သူ့ကို ငေးကြည့်နေသည်။

မှန်ပေလိမ့်မည်။ သူ့မျက်နှာမှာ နွမ်းနယ်နေ၍ ခေါင်းမှ ဆံပင်များဖွာနေသဖြင့် အရေးတကြီးပြေးလာခဲ့မှန်း သိသာသည်။

'ကဲပါ....မောင်ဘိုးသောင်၊ တံခါးဖွင့်ဖို့ကို မင်းတာဝန်ယူလိုက်စမ်းပါ၊ မင်းအစ်ကိုကြီးနဲ့ မမလေးကို ရှင်းပြဖို့က ငါ့တာဝန်ထားပါ'

သူသည် အားကိုးတကြီးဖြင့် ဘိုးသောင်ကို တောင်းပန်သည်။

'ဘယ်လိုနည်းနဲ့မှ ကျွန်တော့်မှာ ဖွင့်ခွင့်မရှိပါဘူး ဆရာ'

ဘိုးသောင်၏စကားကြောင့် လူရွယ်သည် လှုပ်ရှားသွားသည်။

'ငါဟာ ကိုထွန်းအောင်ရဲ့ သူငယ်ချင်း တစ်ယောက်ပါ မောင်ဘိုးသောင်'

သို့ရာတွင် ဘိုးသောင်ကမူ မလှုပ်။

www.burmeseclassic.com

www.burmeseclassic.com

'ဂုဏ်သရေရှိ ဘိလပ်ပြန် ဝတ်လုံတော်ရကြီး ဦးမင်းဆွေ
အဖြစ်နဲ့ကော မင်း ငါ့ကို မှတ်မိသေးရဲ့လားဟင် မောင်
ဘိုးသောင်'

သူက နာကြည်းစွာဆိုသည်ကို ဘိုးသောင်က အေးချမ်း
စွာ ပြန်ဖြေ၏။

'မှတ်မိပါတယ် ဆရာဦးမင်းဆွေ၊ ပြီးတော့ တစ်ခါက
မမလေးရဲ့ လူကြီးချင်းသဘောတူတဲ့သူ တစ်ဦးအဖြစ်နဲ့လဲ
ကျွန်တော် လေးစားတုန်းပါပဲ ဆရာ'

ဘိုးသောင်သည် ဆက်လက်၍ ယဉ်ကျေးစွာ တောင်းပန်
သည်။

'ဒါပေမယ့် ကျွန်တော်ဟာ မမလေးတို့ရဲ့ လခကိုစား
နေရတဲ့ လူတစ်ယောက် ဖြစ်တဲ့အတွက် တစ်မိနစ်ကိုသာ နာခံ
ရမယ့်သူ အဖြစ်ကို ဝတ်လုံတော်ရဖြစ်တဲ့ ဆရာ နားလည်
တော်မူပါလိမ့်မယ်'

ဘိုးသောင်သည် စိတ်မကောင်းစွာ တောင်းပန်၏။ သူ
ဟန်မှာမူ ကျောက်ရုပ်ကဲ့သို့ ခိုင်မာနေသည်။ ဝတ်လုံတော်ရ
ဦးမင်းဆွေသည် စိတ်ပျက်စွာ ခေါင်းကိုခါသည်။ သစ္စာကြီး
သော ဘိုးသောင်ကို သူ အရှုံးပေးရပေတော့မည်။

'ကောင်းပါပြီ ဘိုးသောင်ရယ်၊ ဒါပေမယ့် မင်းမမလေး
တို့ကို မေးလိုက်စမ်းပါကွာ၊ လူတစ်ယောက်ကို ဒီထိအောင်
ဝမ်းနည်းပက်လက်ဖြစ်ဖို့ ဘာလို့ စွန့်ပစ်ထားနိုင်တယ်ဆိုတာ
ကို၊ ပြီးတော့ ငါ ဝန်ချ တောင်းပန်ပြီးပါပြီကွာ၊ ရန်သူ
တောင်မှ ဝန်ချရင် ကျေရှိုး ရှိပါသေးတယ်'



'ဆရာ ပြောလိုက်တဲ့စကားတွေကို ကျွန်တော် ဆက်ဆက်
ပြန်ပြောပေးပါ့မယ်၊ ဒါပေမယ့် ဆရာ့ကို တစ်ခု ကျွန်တော်
အကြံပေးချင်တယ်၊ ဆရာကြီးနဲ့ မမလေးတို့လဲ ဘယ်လောက်
များ ဝမ်းနည်းပက်သက် ကြေကြေကွဲကွဲ ဖြစ်နေတယ်ဆိုတာ
ကို သူတို့နဲ့ ဆရာ တွေ့ခွင့်ရတဲ့အခါမှာ မေးကြည့်လိုက်ပါ
ဦး ဆရာ'

ဝတ်လုံတော်ရ ဦးမင်းဆွေသည် ခေါင်းကိုငုံ့ရင်း တွင်တွင်
ခါနေ၏။ပြန်မော့လိုက်သောအခါတွင်မူ ရင်ကွဲပက်လက်ဖြစ်
နေသော လူတစ်ယောက်၏ မျက်နှာကို ဘိုး သောင် မြင်ရ၏။

ဦးမင်းဆွေသည် တံခါးကိုဆန့်တန်း ထောက်ယူထား
သော လက်တို့ကို လေးပင်စွာ ဖြုတ်ချလိုက်၏။ မျှော်လင့်
ခြင်း ကင်းမဲ့စွာနှင့် အိမ်ကြီးဆီသို့ တစ်ချက်လှမ်းကြည့်လိုက်
ပြီး ဇက်ကျိုးကျမြဲ ကျသွားသည်။

နှစ်ဦးသား စကားမဆို၊ အတန်ကြာ ငြိမ်နေမိကြ၏။
နောက်ဆုံး၌ ဦးမင်းဆွေက တုန်ယင်သောအသံဖြင့် ဆိုသည်။

'အေး....အေး ဘိုးသောင်၊ ဒါပါပဲ၊ ဒါပါပဲကွယ်'

သူသည် ဘိုးသောင်အား နှုတ်ဆက်၍ ဖြည်းညင်းစွာဖြင့်
ကားဆီသို့ တစ်လှမ်းချင်း ကပ်သွားသည်။

ဘိုးသောင်သည် စိတ်မကောင်းခြင်း ကြီးစွာဖြင့် ရပ်နေ
၏။ ဦးမင်းဆွေ၏ ကားနောက် မီးနီကလေးများ ကွယ်
ပျောက်သွားသည်အထိ ငေးကြည့်နေမိပြီးမှ သက်ပြင်းရှိုက်
၍ ခုံတန်းပေါ်တွင် ခြေပစ်လက်ပစ် လှဲချအိပ်လိုက်သည်။

*

www.burmeseclassic.com

www.burmeseclassic.com

၈

ထိုအခိုက် မြဝင်းအမြင်ဘက် သစ်ပင်အကွယ်တစ်ခုမှ လူနှစ်ယောက် ပေါ်ပေါက်လာသည်။ ရှေ့မှလူသည် ချောင်းတစ်ချက်ဟန့်၍ ခပ်တိုးတိုး အသံပြုသည်။

'ကိုဘိုးသောင်…ကိုဘိုးသောင်'

ကိုဘိုးသောင်သည် ကြားဟန် မတူ၊ ပင်ပန်းခြင်းနှင့် အတွေးနယ်တွင် နစ်မြုပ်နေပုံရ၏။

အမြင်မှလူသည် အသံကိုမြှင့်၍ ခေါ်သည်။

'အိုဗျ…ကိုဘိုးသောင်'

'ဪ…ဗျို့…ဘယ်သူပါလဲ''

ကိုဘိုးသောင်သည် ပြန်ထူးရင်း နေရာမှ လျှင်မြန်စွာ ထသည်။ အမြင်မှလူက အေးချမ်းစွာ ဖြေကြား၏။

'သုဘရာဇာ မောင်ကံထူးရယ်ပါ ကိုဘိုးသောင်'

'ဪ…ကိုကံသူးလား'

'ဟုတ်ပါတယ် ကိုဘိုးသောင်၊ စုံထောက် ဦးသိန်းဇံလဲ ပါပါတယ်'

ကိုဘိုးသောင်သည် ဖျာပျာသလဲသကာ ခါးမှသော့ကို ဖြုတ်၍ တံခါးကို ဖွင့်ပေးသည်။

'ကိုကံထူးကလဲဗျာ… မြုပ်ချက်သား ကောင်းလိုက်တာ၊ အခုမှပဲ ပေါ်လာတယ်'



ဝတ်လုံတော်ရကို ငြင်းပယ်ထုတ်သော ကိုဘိုးသောင်သည် သုဘရာဇာ ကိုကံထူးကိုမူ ရင်းနှီးစွာဆို၏။

'မြုပ်ဆိုဗျာ…ဆရာလေးမှ မရှိတော့ဘဲဟာ'

သုဘရာဇာ ကိုကံထူးသည် ဆို့နင့်စွာပြောရင်း ကိုဘိုးသောင်အား ဝမ်းနည်းစွာကြည့်သည်။ ကိုကံထူး နောက်ပါးမှ စုံထောက်ကိုသိန်းဇံသည် ခေါင်းငိုက်စိုက်ချ၍ ငြိမ်နေသည်။

သုဘရာဇာ ကိုကံထူးသည် သုဘရာဇာတစ်ဦး ဆိုသော်လည်း ဘိုကေကို သပ်ရပ်စွာဖြီးထားသည်။ သူ့အဝတ်အစားတွေမှာလည်း သပ်ရပ်သန့်ရှင်းသည်။

'ကျွန်တော်တို့ စောစောကပဲ ရောက်နေတာ၊ ခုနက ခင်ဗျားနဲ့ ဦးမင်းဆွေနဲ့ အပြန်အလှန် ပြောနေကြလို့ သစ်ပင်ဘေး အသာဝင်ကပ်နေကြတာ'

ထိုအခါမှ ကိုသိန်းဇံက ဝင်ပြောသည်။

'ကျွန်တော်ကတော့ ညနေကတည်းက လေဆိပ်မှာရှိပါတယ်၊ ဒါပေမယ့် ဆရာကြီးတို့ကို ကျွန်တော်တွေ့ရင် တခြားလူတွေပါ လိုက်လာမှာမို့ ငြိမ်နေခဲ့ရတယ်၊ နောက်မှ အကြံရတာနဲ့ ကိုကံထူးသိပြေးပြီး အတူလာကြတာ'

သူတို့ နှစ်ဦးသည် ကိုဘိုးသောင်နှင့်အတူ ခုံတန်းရှည်ပေါ်တွင် ဝင်ထိုင်ကြသည်။

'နေကော ကောင်းကြရဲ့လားဟင် ကိုဘိုးသောင်'

www.burmeseclassic.com

www.burmeseclassic.com

ကိုကံထူးကမေးသဖြင့် ကိုဘိုးသောင်က ပြန်ဖြေသည်။

'ကောင်းပါရဲ့ဗျာ၊ ရောက်ရောက်ချင်း ခင်ဗျားကိုတောင် မေးသေးတယ်'

'ဗြော်...ကျွန်တော့်ကို မေးသေးလား'

'ဘယ့်နှယ်ပြောတာလဲ ကိုကံထူး၊ အစ်ကိုလေးကို မမေးရင် ခင်ဗျားကိုလဲ သူတို့ ဘယ်မေးနိုင်ပါ့မလဲ'

သုံးဦးသားသည် ဖြိုင်ဘူ သက်ပြင်း ချလိုက်ကြသည်။ အတန်ကြာ ငြိမ်နေမိကြပြီးမှ ကိုကံထူးက ပြောသည်။

'မအိပ်ကြသေးဘူး မဟုတ်လား ကိုဘိုးသောင်၊ ကျွန်တော်တို့ သွားတွေ့လိုက်ကြဦးမယ်'

'အင်း...သွားတွေ့လိုက်ပါဦး၊ ဒီညတော့ အိပ်ကြမယ် မထင်ပါဘူးဗျာ'

ကိုဘိုးသောင်က ညည်းညူစွာ ပြောသည်။ ကိုကံထူးနှင့် ကိုသိန်းဇံတို့သည် ခြံကြီးဆီသို့လေးပင်စွာ လျှောက်လာကြသည်။

ကိုကံထူးအတွက်မူ ဤအိမ်ကြီးကို အကြိမ်ကြိမ်ရောက်ခဲ့ဖူးသည်။ အိမ်သားတစ်ဦးကဲ့သို့ပင် ဤအိမ်ကြီး၏ အစိတ်အပိုင်းအားလုံးကို သိရှိခဲ့သည်။ သို့ရာတွင် ရင်းနှီးသော အိမ်ကြီးဆီသို့ ချဉ်းကပ်သွားမိစဉ် ကိုကံထူးရင်၌ ထူးဆန်းသော ဝေဒနာတစ်မျိုးကို ခံစားလိုက်ရသည်။

'ဗြော်....ဆရာလေး....ဆရာလေး'



ကိုသိန်းဇံက ငြိမ်သက်စွာ အတူလျှောက်လာခိုက် ကိုကံထူးက ကြေကြေကွဲကွဲ ရေရွတ်လိုက်သည်။

သူတို့နှစ်ဦးသည် မှောင်မည်းနေသော ညှော်ခန်းဆောင်ကို ဖြတ်ကာ အပေါ်ထပ်သို့တက်သည့် လှေကားခြေရင်းသို့ ရောက်သည့်တစ်ပြိုင်နက် အပေါ်ထပ်မှ လူတစ်ယောက် ဆင်းလာသံနှင့် ခါတ်မီးခလုတ်ဖွင့်သံကို ကြားလိုက်ရသည်။ လှေကား အလယ်ရှိ မီးလုံးတစ်လုံး ပွင့်သွားသည်ကိုလည်း တွေ့လိုက်ရ၏။

ဒေါက်တာဦးထွန်းအောင်သည် လှေကားမှ ဖြည်းညင်းစွာ ဆင်းလာသည်။ ကိုကံထူးနှင့် ကိုသိန်းဇံက လှေကားရင်းတွင် ခြေစုံရပ်လျက် စောင့်ဆိုင်းနေကြ၏။

'ဗြော်....ကိုကံထူးတို့ ရောက်နေကြပြီလား'

ဒေါက်တာ ဦးထွန်းအောင်သည် ပျော့ပျောင်းညင်သာစွာ လှမ်းနှုတ်ဆက်သည်။ ဤသို့ဆိုပြန်သော် လေယာဉ်ဆိပ်တွင် နှုတ်နည်းဆိတ်သုဉ်းလှသော ပါရဂူကြီးသည် ဖော်ရွေ ပြေပြစ်လှပါ၏။

ကိုကံထူးက ရိုသေစွာ ပြန်နှုတ်ဆက်သည်။

'ဟုတ်ပါတယ် ဆရာကြီး၊ မမလေးကော အပေါ်မှာပါ ပဲလား'

ဒေါက်တာ ဦးထွန်းအောင်၏ မျက်နှာသည် ပြန်လည် ညှိုးကျသွား၏။

'ဟိုထဲမှာပဲ ထင်ပါရဲ့ကွယ်၊ လာလေ ကိုကံထူးနဲ့ ကိုသိန်းဇံ လိုက်ခဲ့ပါလား၊ ဆရာကြီးလဲ အဲဒီသွားမလို့'

www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာ ဦးထွန်းအောင် နောက်ပါးမှကပ်၍ ကိုကုံထူး နှင့် ကိုသိန်းဇံသည် ဆိတ်ငြိမ်စွာ လိုက်ပါလာခဲ့၏။

မှောင်နေသော စင်္ကြံတစ်ခုကိုဖြတ်လျက် အိမ်ကြီး၏ လက်ယာဘက်ရှိ မြေတိုက်အခန်းတစ်ခုဆီ ရောက်လာကြသည်။

သုံးဦးသား အခန်းတံခါးရှေ့ဝယ် ရပ်လိုက်ကြသည်။ မှန်တပ်တံခါးမှာ အနည်းငယ်ပွင့်ဟနေ၏။

အတွင်းသို့ မဝင်သေးဘဲ အသာပင် အခန်းဘွင်းသို့ ငေးကြည့်လိုက်မိကြသည်။

* * *

(၃)

## နိုဘဲ(လ်)ဆုနှင့် ဆေးစိမ်အာမလောင်း

က

မြေတိုက်ခန်း အမိုးမှန်ပြတင်းများမှ ခွင်းကာ လရောင်သည် တိတ်ဆိတ်သောအခန်းတွင်းသို့ အေးမြစွာကျဆင်းနေသည်။ မီးဖွင့်ထားခြင်း မရှိသောကြောင့် မှောင်နေသော အခန်းတွင်းမှာ လရောင်ကြောင့် ခပ်မှိန်မှိန် လင်းနေသည်။ အခန်းလယ်၌ စားပွဲသဏ္ဌာန်တစ်ခုကို မြင်ရသည်။ စားပွဲထက်တွင် လရောင်ပက်သဖြင့် လက်နေသော ဖန်ခေါင်းရှည် တစ်ခုကို တင်ထားသည်။

ခေါင်း၏ဘေးဝယ် မတုန်မလှုပ်ရပ်နေသော ဒေါက်တာမလေးသန့်အား ခပ်မှုန်မှုန်မြင်ရသည်။

ငြိမ်ကြည့်နေရာမှ ဒေါက်တာဦးထွန်းအောင်သည် တံခါးကို အသာ တွန်းဖွင့်လိုက်သည်။ ကျွီခနဲ မြည်သွားသော အသံသည် အခန်း၏ ဆိတ်ငြိမ်ခြင်းကိုခွင်း၍ ပေါ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ငေးနေရာမှ ဒေါက်တာ မလေးသန့်သည် ညင်သာစွာ တစ်ချက်လှည့်ကြည့်ရုံ လှည့်ကြည့်သည်။ ထိုနောက် ငြိမ်သက်စွာ ခေါင်းငုံ့မြွင့်သွားသည်။

'သန့်က ရောက်နေပြီကိုး၊ အစ်ကိုကြီးဖြင့် လိုက်တောင် ရှာနေပါသေးတယ်ကွယ်'

ဒေါက်တာ ဦးထွန်းအောင်သည် နှမသည်ကို ကြင်နာစွာ နှုတ်ဆက်ပြီး မီးခလုတ်တစ်ခုကို ဖွင့်လိုက်ရာ အခန်းတွင်းမှာ လင်းသွားသည်။

ကိုသိန်းဇံက မသိမသာအံခဲရင်း စိတ်ထိခိုက်မှုကိုမျိုသိပ်၍ ခေါင်းဘေး၌ ငြိမ်သက်စွာရပ်သည်။ ကိုကံထူးကမူ ခေါင်းဘေး၌ ဒူးထောက်ကျသွား၍ စောစောက သူရွတ်ခဲ့သော စကားလုံးကလေးများကိုသာ ကြေကွဲစွာတိုးတိုးရှိုက်လိုက်၏။

'ဩော်....ဆရာလေး....ဆရာလေး'

ဖန်ခေါင်းမှာ လေအလုံပိတ်ထားသော ခေါင်းဖြစ်၍ အစိမ်းရောင်သက္ကလတ် ခင်းထားသော စားပွဲနက် တစ်လုံးပေါ်တွင်ရှိသည်။ ခေါင်းတွင်းမှ ဆရာဝန်ဝတ်စုံဖြင့် ရှိနေသော အခလောင်းသည် အိပ်ပျော်နေသည့်အသွင် ထင်ရသည်။

အလောင်း၏မျက်နှာမှာ သွေးကင်းခဲ့ပြီဖြစ်၍ ဖြူဖပ်ဖြူရော် ဖြစ်နေသော်လည်း ချောမော ခံ့ညားသော လူရွယ်တစ်ဦး၏ အသွင်နှင့် မည်းနက် ပေါ်ထင်သော မျက်ခုံး၊ ဖြောင့်သွားသော နှာတံတို့မှာ ထင်ရှားနေဆဲပင် ဖြစ်သည်။



ဒေါက်တာနှင်းမောင်
အသက် (၂၉) နှစ်

ခေါင်းပေါ်တွင် ရေးမှတ်ထားသော ရွှေရောင်စာလုံးများက ခေါင်းတွင်းရှိ ရုပ်ကလာပ်၏ တစ်ကြိမ်က ရှိခဲ့ဖူးသော ပညတ်ကို ဖော်ပြနေသည်။

*

ခ

ကိုသိန်းဇံက ခေါင်းငိုက်စိုက်နှင့်ရှိနေခိုက် ကိုကံထူးသည် ခေါင်းဘေးတွင် ဒူးထောက်ရင်း သူ၏ချစ်စွာသော ဆရာလေးကို တမ်းတရင်း ငိုရှိုက်နေသည်။

ဘေးမှ ဒေါက်တာဦးထွန်းအောင်နှင့် ဒေါက်တာမလေးသန့်တို့ကလည်း လှုပ်ရှားမှုမရှိသော ဗလာဖြစ်သည့်မျက်နှာတို့ဖြင့် မတုန်မလှုပ် ရပ်နေကြသည်။

သူတို့အတွက်မူ အသံထွက်၍ ကြေကွဲရသော အချိန်တို့သည် လွန်ခဲ့သော နှစ်နှစ်ကျော်ကတည်းကပင် ကုန်ဆုံးခဲ့ပြီးပါပြီ။ ကျဆင်းခဲ့ရသော မျက်ရည်တို့ ကုန်ခန်းပြီးခဲ့သည့်ပြင် ကြေကွဲမှုပေါ်တွင် အခြေတည်သော ကြိုးပမ်းမှုမှ အသီး အနှံပင် ဖြစ်ထွန်း အောင်မြင်ခဲ့ပြီးပါပြီ။ ဤ အသိအမှတ်၏

www.burmeseclassic.com

www.burmeseclassic.com

ပြရုပ်ကို အထိမ်းအမှတ်အဖြစ်ဖြင့် ခေါင်း၏ခေါင်းရင်းပိုင်း စင်တစ်ခုပေါ်တွင် တင်ထားသည်။

ခေါင်း၏ခေါင်းရင်းပိုင်း စင်ပေါ်၌ လန်းဆန်းသော ပန်းစည်း တစ်စည်းသည် ကြိုင်မွှေးစွာဖြင့် ရှိနေ၏။ ပန်းစည်း၏ အခြေတွင် ပြောင်လက်တောက်ပသော တယောကလေးတစ်လက် ရှိသည်။ ကြွက်ခြေခတ်ဆားသောတယောနှင့် ဘိုးတံကြားနယ် နားကြပ်တစ်ခုကို သပ်ရပ်စွာချထား၏။ ဤပစ္စည်းများ၏ ထိပ်တွင်မူ ခမ်းနားသော ဂီတသံဆိပ်နှင့် စာရွက်စာတမ်းတို့ကို တန်ဆာဆင်ထား၏။ ဤနောက်ဆုံးပစ္စည်းတို့မှာ နက်နဲသော အရှင်းအနှီးဖြင့် ရယူခဲ့ရသည်။ ထာဝစဉ် လွမ်းဆွတ်ခြင်း အထိမ်းအမှတ်ပင် မည်ပါ၏။

ပူနွေးသော မျက်ရည်တို့သည် ပါးပြင်တို့၌ စီးဆင်းဖူးခဲ့ပြီးပါပြီ။ ငိုကြွေးခြင်းကို ရင်မှလိုက်၍ တရှိုက်ရှိုက်ပြုပြီးခဲ့ကြပါပြီ။

စီးဆင်းသောမျက်ရည်တို့နှင့် ရှိုက်ငင်သောငိုကြွေးမှုသည် ကြေကွဲမှုအား ခွင့်လွှတ်ခြင်းသာဖြစ်သည်။ ပျောင်းကျမ်းမှုကို သက်သာစေခြင်းသာဖြစ်သည်။ ဆွေးမြည့်မှုကို လွတ်လပ်စေခြင်းသာ ဖြစ်သည်။

မျက်ရည်တို့မကျနိုင်၍ ရှိုက်ဖိုသော ငိုခြင်းကို မပြုနိုင်သောအခါ ကြေကွဲမှုအတွက် ခွင့်လွှတ်ဖွယ်မရှိပြီ။ လောင်ကျွမ်းမှုအတွက် သက်သာဖွယ်မရှိပြီ။ ဆွေးမြည့်မှုသည်လည်း လွတ်လပ်ဖွယ် မရှိနိုင်ပြီ။



လွတ်လပ်ဖွယ်မရှိသော ဆွေးမြည့်မှုသည် ရင်၌ထာဝစဉ် ခိုတွဲမြဲစွဲ နေတော့ပေလိမ့်မည် တကား။ ဘမ်းတခြင်းဖြင့်သာ ဘဝ၏ ကျန်သော ရက်များကို ကုန်ဆုံးစေရတော့မည် တကား။

❋

၈

စင်စစ်မူ တမ်းတခြင်းမည်သည် အသေးစိတ်၍ ပြန့်လှည့် ရေတွက်သော သဘောမျိုးဖြစ်သည်။ ဆုံးခဲ့သော ဇာတ်သိမ်း၏ စရာသို့ ပြန်လည်လျှောက်လိုက်ရခြင်း မည်ပေသည်။

ကိုကံထူးသည် သေခြင်းတရား၏ အခန်းဝင်၌ ပျောက်ကွယ် နစ်မြုပ်ခဲ့ပြီးဖြစ်သော သူ့ဆရာလေးကို ခေါင်းအေး တွင် ဒူးထောက်ရင်း တမ်းတနေသည်။ ခေါင်းငိုက်စိုက်နှင့် မျက်လွှာချထားသော ကိုသိန်းဇံ၏ အတွေးတို့သည်လည်း မရှိတော့ပြီဖြစ်သော အတိတ်ကာလဆီ၌ ရောက်နေသည်။

မတုန်မလှုပ် ရပ်နေကြသည့် ဒေါက်တာ ဦးထွန်းအောင်နှင့် ဒေါက်တာ မလေးသန့်တို့ကလည်း လွတ်လပ်ခွင့် မရှိတော့ပြီဖြစ်သော ဆွေးမြည့်ခြင်းအဆက်နှင့် တမ်းတခြင်းကို ပြုနေမိကြသည်။

www.burmeseclassic.com

www.burmeseclassic.com

ဒေါက်တာ မလေးသန္တာသည် နှုတ်ခမ်းကို တင်းစွာကိုက်ထားသည်။ ခွင့်လွှတ်ခြင်းရှာ၍ ပေါက်ကွဲထွက်လိုသော ကြေကွဲခြင်းကို ခုခံနေခြင်းသာ ဖြစ်ပေလိမ့်မည်။

ဒေါက်တာ ဦးထွန်းအောင်၏ မျက်နှာကြီးသည် နှမသည်၏ သဏ္ဌာန်ကို လှမ်းကြည့်ရာမှ အဆမတန် အိုမင်းရင့်ရော်သွားသည်။ အိုမင်းရင့်ရော်မှုနှင့် ထိခိုက်နေသော သူ့မျက်နှာကို လူမမြင်စေလိုသကဲ့သို့ ဒေါက်တာသည် ခေါင်းအနီးမှ ခွာ၍ လူတစ်ရပ်နီးပါးမြင့်သော မြေဘိုက်နံရံ ပြတင်းဝဆီသို့ ဖြည်းညင်းစွာ ချဉ်းကပ်သွား၏။

အပြင်ဘက်တွင်မူ မြင့်ခဲ့သောလသည် ထိန်ထိန်သာနေ၏။

ငွေလရောင်ကြောင့် တောတောင်ရေမြေ အလုံးသည် တောက်ပဝင်းလဲ့လျှက်ရှိ၏။ သွယ်တန်းယိုဆင်းကျလာသော ငွေလရောင်စွယ်တွင်း၌ ဆောင်း၏ ပုလဲမှုန်တို့ ခုန်ပျံလွင့်ပါးနေကြသည်။

အေးချမ်းသောည၏ ငွေလရောင်အောက်တွင် မဲဇာမြိုင်သည် အခန်းတွင်းမှ လူလေးဦးကဲ့သို့ပင် တိတ်ဆိတ်နေသည်။ မြေသလင်းဖြူဖြူဝယ် လဲလျောင်းကျဆင်းနေသော သစ်ရိပ်များနှင့်အတူပင် ငြိမ်သက်နေသည်။

ပြတင်းမှနေ၍ သိပ်သည်းသောမြွက်တို့နှင့် လန်းဆန်းသည့် သံပရာပင်ပျိုတို့ကို လှမ်းမြင်နိုင်သည်။ သံပရာပင်ပျို၏ အကိုင်းတစ်ကိုင်းသည် မြေပြင်သို့ ကွေးညွတ်ကျနေ၍ တက်ထိုင် နားနေဖို့ပင် ကောင်းပါ၏။



သံပရာပင်ပျိုတစ်ဝိုက်ရှိ ပန်းရုံတို့မှ စံပယ် ဖြူဖြူတို့ကလည်း မွှေးကြိုင်လှသည်။ ငွေလရောင်ဝယ် လှပနူးညံ့သော ကဗျာဟာစ်ပုဒ်ကိုသီကုံးရန် မဲဇာမြိုင်၏အလှသည် သင့်လျော်ပေသည် ထင်ရသည်။

သို့ရာတွင် မဲဇာမြိုင်သည် ငွေလရောင်တွင် လှပသော အိပ်မက်ကလေးများ မွေးဖွားပေးရန်အတွက် အထွတ်ပွတ္တိ တစ်လျှောက်တွင် တောက်ပသော စိတ်ကူးယဉ် အပိုင်းကို ကျော်လွန်ခဲ့ပြီး၍ ဆိတ်သုဉ်းသော ဘဝပိုင်းသို့ အိုမင်းစွာ ဆိုက်ရောက်ပြီးခဲ့ရပေပြီ။

ဒေါက်တာမလေးသန္တာသည် ကိုကံထူး၏ ဘေးတွင် ဒူးထောက်ထိုင်ချ၍ မျက်နှာကို လက်ဝါးဖြင့်အုပ်ကာ သွဲ့သွဲ့ရှိုက်လိုက်သည်။

ကိုသိန်းဇံကလည်း နဖူးကို လက်ဝါးနှင့်အုပ်၍ ငိုင်နေသည်။ ဒေါက်တာ ဦးထွန်းအောင်က လရောင်၌ ဖြန့်ဖြော သော အပြင်လောကကို ငေးကြည့်ရင်းငြိမ်နေသည်။

စင်စစ်မူ သူတို့လေးဦးလုံးသည် ဆုံးခဲ့သော ဇာတ်လမ်း၏ စ,ရာဆီသို့ မတိုင်ပင်ဘဲ ပြိုင်တူပြန်လည် လျှောက်လိုက်နေမိကြခြင်းသာ ဖြစ်လေသည်တကား။

* * *

www.burmeseclassic.com

www.burmeseclassic.com

(၄)

ကလောပ်စည်းမြို့တောနှင့် မျက်လုံးပြာ

တာ

ထိုစဉ်တစ်ညကမူ ထမင်းစားပွဲ၏ထိပ်တွင်ရပ်ရင်း မလေးသန့်သည် တောက်ပစွာ ပြုံးနိုင်ခဲ့သည်။

မလေးသန့်သည် စိတ်ရှည်စွာဖြင့် ထမင်းစားပွဲကိုပြင်ဆင်နေခြင်း ဖြစ်သည်။

စိတ်ဝင်စားစွာဖြင့် ကိုယ်တိုင်ကြီးကြပ် ပြင်ဆင်မှုပြီးသွားသောကြောင့် မိမိ၏လက်ရာကို ခပ်လှမ်းလှမ်းမှ အကဲခတ်ကြည့်ရင်း နှစ်ခြိုက်စွာပင် ပြုံးလိုက်လေသည်။

ဖြူစင်သန့်ပြန့်သော အခင်း ခင်းထားအပ်သည့် စားပွဲ၌ လူနှစ်ယောက် စားသောက်ရန်သာ ပြင်ဆင် ထားသည်။ တောက်ပြောင်သော ခက်ရင်း၊ ဇွန်းနှင့် ပန်းကန်ပြားဖြူဖြူတို့သည် စားပွဲထက်၌ သူ့နေရာနှင့်သူ ရှိပေပြီ။ အဖြူခံတွင် အပြာကွက်နှင့် လက်သုတ်ပဝါများသည် လည်းကောင်း၊ ချက်ကိုစလိုဗေးကီးယား ပြည်လုပ် ဖန် ရေချိုင့်တို့သည် လည်းကောင်း အားလုံး နေထားတကျ ရှိနေပြီ။



မကျေနပ်သေးသော မလေးသန့်သည် ဝင်းလက်သော ဖန်ခွက်တို့ထည့်သည့် ငွေလင်ပန်းကလေးကို အနေအထား ပြောင်းချထားလိုက်သည်။

သန့်ပြန့်သော ထမင်းစားပွဲမှာ ရိုးရိုးနှင့်ရှင်းလှပေသည်။ ဟင်းရည်သောက် ပန်းကန်ကြီးများနှင့် ဟင်းပန်းကန်အားလုံးတို့လည်း အဆင်သင့်ဖြစ်၍ ခူးခပ်ထည့်ရန်သာ လိုတော့၏။ ကျေနပ်ပါ၏။ သို့ရာတွင် စောင့်ရပါဦးမည်။

ခပ်လှမ်းလှမ်း စားပွဲငယ်တစ်လုံးပေါ်ရှိသော သစ်သီးချိုချဉ်ပွဲမှာလည်း မြိုင်ဆိုင်လှသည်။ အရည်ရွှန်း၍ အောင်မြင်ဖွံ့ထွားသော သပျစ်သီးခိုင်များမှာ မီးရောင်တွင် ဝင်းလက်နေ၏။ လိမ္မော်သီး၊ ပန်းသီးနှင့် သစ်တော်သီးများကလည်း ဆေးရောင်စုံ ပန်းချီခြယ်ထားသကဲ့သို့ တင့်တယ်ထွန်းပနေသည်။ ငွေလင်ပန်းထဲတွင် ထည့်ထားသည် ဖြစ်၍လည်း ပနံစားလှပေသည်။

မလေးသန့်သည် မိမိပြင်ဆင်ထားသည်တို့ကို ကျေနပ်စွာ စိုက်ကြည့်သည်။ ခဏတွင် သတိရသဖြင့် တစ်ဖက်ခန်းမှ ဇာပဝါခင်းထားသည့် ငွေလင်ပန်းတစ်ချပ်ကို ယူလာသည်။ လင်ပန်းပေါ်တွင် ... ဆင်သင့်ရှိသော ထင်နက်စီ ဘရန်ဒီ တစ်ပုလင်းကို တင်လိုက်သည်။ လှပသော ဖန်ကလပ်အပွင့်စား တစ်လုံးကိုလည်း ထည့်လိုက်၏။ တစ်ဖန် ရေခဲထည့်ရန် ခွက်နှင့် ရေခဲညှပ် ကိရိယာကိုလည်း တင်လိုက်သည်။ အစစ အရာရာ ပြည့်စုံပေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ဖယောင်းတိုင်(၅၀)အား မီးပွင့်နှစ်ပွင့် ထွန်းထားသဖြင့် ဖြူဖွေးသောနံရံနှင့် ထမင်းစားခန်းမှာ လင်းထိန်နေ၏။ လင်းထိန်သော မီးရောင်ကြောင့်ပင် သန့်ရှင်းသော ထမင်းစားပွဲသည် ပို၍ဝင်းပနေ၏။

ဤမျှ ဂရုတစိုက်ပြင်ဆင်နေသဖြင့် မလေးသန့်မှာ ဂုဏ်သရေရှိ လူကြီးလူကောင်းများအတွက် ညစာ ထမင်းစားပွဲတစ်ခုကို ပြင်ဆင်နေသော အိမ်ရှင်မတစ်ယောက်နှင့် တူနေသည်။ သို့ရာတွင် ထမင်းစားပွဲမှာ လူနှစ်ယောက်အတွက်သာ ပြင်ဆင်ထား၏။

မလေးသန့်သည် ဖြူဖွေးသော ပိုးအင်္ကျီကို ဝတ်ဆင်ထားသည်။ ထဘီမှာ အပြာနုခံတွင် ငွေရောင်ပွင့်ဖြူ ဖော်ထားသည့် ပိုးပျော့ပျော့ဖြစ်သဖြင့် ဆွဲတဲဆွဲတ်နုသော အသားနှင့် လိုက်ခလျာ ပြေပြစ်လှ၏။

နက်မှောင်သော မလေးသန့်၏ ဆံပင်တွင် နှင်းဆီဖြူတစ်ပွင့်ကို ပန်ဆင်ထားသည်။ မလေးသန့်သည် နှင်းဆီဖြူကို အလွန်နှစ်သက်သည်။

လှပသောနှင်းဆီဖြူတစ်ပွင့်တည်း ပန်ရန်လည်းမြတ်နိုး၏။

မလေးသန့်သည် ညီညာဝင်းလက်သော သွားကလေးများ ပေါ်လာသည်အထိ ကျေနပ်စွာ ပြုံးလိုက်ပြီးနောက် ထမင်းစားခန်း၏ ပြတင်းဝသို့သွား၍ အိမ်ကြီး၏ နောက်ပိုင်းဆီသို့ မျှော်ကြည့်လိုက်သည်။

အပြင်ဘက်တွင် လသာနေ၏။ မဲဇာမြိုင်၏ သစ်ပင် ပန်းမန် အပေါင်းသည် လရောင်တွင် ရွှန်းစက်နူးပျိုနေသည်။



အင်းလျှားရေပြင်ကိုဖြတ်၍တိုက်လာသော ညဥ့်ဦး၏လေသန့်သည် မွှေးပျံ့နေသည်။

မလေးသန့်သည် အိမ်၏ လက်ဝဲဘက်သို့ စွန်းထွက်နေသော အဆောင်ကြီးဆီသို့ လှမ်းကြည့်လိုက်သည်။ အဆောင်တွင်း၌ ပြာလဲ့လဲ့မီးရောင် လင်းနေသည်။

မလေးသန့်သည် အသာပြုံးလိုက်ပြီး ပြတင်းဝမှခွာကာ စားဖိုဆောင်သို့ ခေတ္တဝင်၍ ညွှန်ကြားသင့်သည်ကို ညွှန်ကြားခဲ့ပြီး စင်္ကြံတစ်ခုအတိုင်း အနောက်ဘက်ဆောင်ကြီးဆီသို့ ပေါ့ပါးစွာလျှောက်သွားသည်။

အဆောင်ကြီး၏ အခန်းဝရောက်သော် ရပ်လိုက်၏။ အခန်းပြင်ဘက်ရှိ စတိုခန်းတံခါးနှင့်အတူ မီးခလုတ်ကို ဖွင့်လိုက်သည်။ စတိုခန်းတွင်းရှိ ဗီရိုတွင်းမှ အဖြူရောင် ဆရာဝန်ဝတ် အင်္ကျီရှည်တစ်ထည်ကို ယူဝတ်လိုက်၏။ နှာခေါင်းစည်း အဖြူတစ်ခုကိုလည်း ကျင်လည်စွာ တပ်လိုက်သည်။ လက်အိတ်တစ်စုံကိုလည်း စွပ်လိုက်သည်။

အဆင်သင့်ဖြစ်သောအခါ အခန်းကြီး၏ တံခါးဝတွင် ရပ်လိုက်သည်။

အခန်း၏ မှန်တပ် တံခါးကြီးပေါ်တွင် ဓာတ်ခွဲစမ်းသပ်ခန်းဟု စာတန်းဖြူနှင့် ရေးထားသည်။ စာလုံးဖြူများ၏ အောက်တွင် ကြိုတင်ရာကွယ်မှုမယူဘဲ မဝင်ရဟု ဆေးဆိုနှင့် သတိပေးရေးသား တားမြစ်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



၁

မလေးသန့်သည် တံခါးကိုညင်သာစွာဖွင့်၍ ဝင်ခဲ့ပြီး အသာပြန်ပိတ်လိုက်၏။

အခန်းကြီးမှာ ကျယ်၍ရှည်လျားသည်။ အခန်းရှည် တစ်ဖက်စွန်း စားပွဲကြီးတစ်လုံး၌ အင်္ကျီဖြူအရှည် နှာခေါင်းစည်းနှင့် လူတစ်ယောက်သည် အခန်းတွင်းသို့ လူ တစ်ယောက် ဝင်လာသည်ကို မသိအောင်ပင် အလုပ်၌ စိတ်ဝင်စားနေ၏။

မလေးသန့်သည် နံရံရှိ ဆွစ်ဘုတ်မှ ခလုတ်တစ်ခုကို ပိတ်လိုက်သောအခါ လူရွယ်၏ ခေါင်းပေါ်ရှိ မီးတစ်ပွင့်သည် ငြိမ်းသွားသည်။ လူရွယ်သည် ခေတ္တမှုငြိမ်သွား၏။ ထို့နောက် ပျော့ပျောင်းသော ညည်းညူသံ ထွက်ပေါ်လာသည်။

'ဟောဗျာ...မမသန့် တစ်ယောက်ကလဲ ခက်တော့တာပါပဲ'

မလေးသန့်သည် မီးခလုတ်ကိုပြန်ဖွင့်၍ အသာပြုံးရင်း လူရွယ်ရှိရာသို့ လျှောက်လာသည်။

'သစ်အစ် သည်ဖက်စ်ဝါနင် (ဒါ ပထမအကြိမ် သတိပေးခြင်းပဲ)'

လူရွယ်၏ အသက်မှာ ၂၈-နှစ်ခန့်ပင် ရှိပေမည်။ ဆံပင်တို့မှာ သေသပ်စွာဖြီးထားခြင်း မရှိသဖြင့် နဖူးထက်သို့ ခပ်ရှိင်းရှိင်းကျနေသည်။ မျက်လုံးမျက်ဖန် ပြတ်သား၍ နှာရွက်



ကားကားမျက်နှာသည် မပြုံးမရယ် တည်ကြည်သော်လည်း နူးနယ်သောအသွင်ရှိသည်။

'ဘာလဲ မမသန့်ရာ၊ နောက်တစ်ကြိမ် ထမင်းစားချိန် ဆိုတာက ရောက်လာပြန်ပြီလား'

သူသည် ထမင်းစားချိန် ရောက်လာခြင်းကို လှမ်း၍ စိတ်ပျက်လိုက်သည်။ မလေးသန့်သည် အလိုလိုက်စွာ ပြုံးရင်းဖြေ၏။

'ခြောက်နာရီတောင် ခွဲပါရောလားကွ မောင်လေးရဲ့'

သူသည် ဘာမျှပြန်မပြောတော့ဘဲ တစ်ပိုင်းတစ်စ ရှိသေးဟန်တူသော အလုပ်ကိုပြန်၍ကောက်ကိုင်သည်။

အခန်းတွင်းရှိ ခုံတန်းရှည်ကြီးများ ပေါ်တွင် အနက်ရောင် မှန်ဘီလူးအရွယ်အစား အမျိုးမျိုး စီတန်း နေသည်။ သူကြည့်နေသော စားပွဲထက်၌ မှန်ဘီလူး အကြီးစားတစ်ခု ရှိ၏၊ မှန်ဘီလူးခုံပေါ်၌ လေးလက်မခန့်ရှည်သော မှန်ပြားလေး တစ်ခုကို သံမဏိဘီနှင့် ဖိထားသည်။

လူရွယ်သည် မှန်ဘီလူးထိပ် ကြည့်ပေါက်၌ မျက်လုံး တစ်ဖက်အပ်၍ ညာလက်ဖြင့် မှန်ပြောင်းခလုတ်ကိုလှည့်ကာ နိမ့်ချည်မြင့်ချည်ဖြစ်အောင် လုပ်နေသည်။

မလေးသန့်က အသာစောင့်စားရင်း အခန်းတွင်းသို့ မျက်လုံးလှည့်မိသည်။

အခန်း၏ မျက်နှာကြက်တို့၌ မီးလုံးများ တပ်ဆင်ထားသည်။ ဆေးဖြူသုတ်နံရံများတွင်လည်း လိုအပ်သလောက်ထောင့်

www.burmeseclassic.com

www.burmeseclassic.com



မှ အလင်းရောင်ရရန် မီးလုံးနှင့် မီးချောင်းကြီးများ တပ်ဆင်ထား၏။

ဖန်ပုလင်း၊ ဖန်ခွက်၊ ဖန်သေတ္တာများနှင့် ပြည့်နေသော မှန်ဗီရိုကြီးတို့လည်း နံရံတစ်လျှောက်၌ တန်းစီ ရှိနေသည်။ ဖန်ပုလင်း၊ ဖန်ခွက်၊ ဖန်သေတ္တာတိုင်း၌ စာတန်းများ ထိုးထားသည်။

ထောင့်တစ်ခုရှိ ကြွေပြားခင်း အုတ်ခုံပေါ်တွင် တစ်ပေ နီးပါးမြင့်သော ဖန်ချိုင့်များရှိသည်။ ဖန်ချိုင့်များမှ စာတန်းကိုကြည့်ခြင်းအားဖြင့် ဘက်တီးရီးယားခေါ် ပိုးမွှားအစုံ ထည့်ထားသည့်အကြောင်း သိနိုင်သည်။ မလှမ်းမကမ်းရှိကြွေ အုတ်ခုံတစ်ခုပေါ်တွင်မူ မှိုပြား၊ မှိုဖြူ အမျိုးမျိုး စိုက်ထားသည့် ကြွေခွက်ကြီးများကို တွေ့ရသည်။ အခြား တစ်ဖက်ထောင့်ရှိ ဖန်ချိုင့်တွင်းတို့၌မူ ဆေးစိမ်ထားသော ကျောရိုးမဲ့ အနိမ့်စား သတ္တဝါမျိုးစုံ ရှိနေသည်။

အခန်းကို ကန့်လန့်ဖြတ်ထားသည့် အုတ်ခုံပေါ်တွင်မူ ကားဓာတုဗေဒ ဆေးရည်အမျိုးမျိုး ထည့်ထားသည့်ပုလင်းများ၊ ဖန်ပြွန်၊ ဖန်ချောင်းများ၊ ဖန်ကရား၊ ဖန်အိုးများ ရှိနေသည်။

လူရွယ်၏အနီးရှိ ဖန်သေတ္တာကြီး တစ်လုံးအတွင်း၌မူ ရေစိမ်ထားသည့် ပင်လယ်ရေအောက် အပင်မျိုးစုံ ရှိနေ၏။

အခန်းနံရံ ပတ်ပတ်လည် တစ်လျှောက်တွင် ရေပြွန်ကြီးများနှင့် လျှပ်စစ်ဓာတ်ကြိုးလမ်းများကို တွေ့ရသည်။



လူရွယ်သည် စိတ်ဝင်စားစွာနှင့် မှန်ဘီလူးကိုင်း ကြည့်ရင်း လက်တစ်ဖက်ဖြင့်လည်း စာရွက်ဘစ်ရွက်ပေါ်၌ ရေးမှတ်နေသည်။

'မှန်းစမ်း မောင်လေး၊ မမသန့် ကြည့်ဦးမယ်'

မလေးသန့်သည် သူ့ကို မှန်ဘီလူးမှခွာခိုင်း၍ ဝင်ကြည့်သည်။ မှန်ဘီလူး၌ မလေးသန့်သည် Algae ခေါ် ပင်လယ်ရေအောက် အပင်တစ်မျိုးကို တွေ့နေရသည်။ မှန်ဘီလူးစွမ်းအားကြောင့် သေးငယ်လှသော အပင်၏ ဆဲလ်ခေါ် ကလာပ်စည်းများကို ထင်ရှားစွာတွေ့မြင်ရသည်။

မှန်ဘီလူးအောက်ရှိ ကလာပ်စည်းမှာ တစ်ခုမှနှစ်ခုအဖြစ်သို့ ခွဲစိတ်ပွားများသည့် အခြေ၌ရှိနေ၏။ ကလာပ်စည်း၏ဗဟို၌ ဝင်းလက် တောက်ပြောင်သော အလုံးလေး တစ်လုံးကို မြင်ရသည်။ ထိုအလုံးလေးကား ကလာပ်စည်းမြူတေ (Neucleus)ပင် ဖြစ်လေသည်။ မလေးသန့်သည် မှန်ဘီလူးမှ မျက်လုံးကို ခွာလိုက်၍ မေး၏။

'မောင်လေးလိုချင်တာ ဖြစ်ပြီလား'

သူသည် ကျေနပ်စွာပြုံး၍ ခေါင်းညိတ်သည်။

'ဆဲလ်ဒီဗီးရှင်းရိတ်(ကလာပ်စည်းခွဲခြားပွားများပုံနှုန်း) ဆယ်ဆလောက်မြန်လာတယ် မမသန့်၊ ဟောဒီချတ်ကို ကြည့်ပါလား'

သူသည် အနီးရှိ ဝရပ် စာရွက်ပေါ်၌ ဆွဲပြထားသော နှုန်းကို မလေးသန့်အား ပြသည်။

www.burmeseclassic.com

www.burmeseclassic.com

‘အဲနီးမဲလ်ဆဲလ်(တိရစ္ဆာန်ကလာပ်စည်း)ခွဲခြားပွားများမှုနည်းကော ဘယ့်နှယ်နေလဲ’

သူက ခေါင်းခါသည်။

‘ထင်သလောက်မဖြစ်ဘူးမမသန့်၊ ဒါကြောင့် ကျွန်တော် ဟော်မုန်းထိုးထားတဲ့ ဒီအပင်ရဲ့ ကလာပ်စည်း အမြုတေကို ပြန်လေ့လာနေတာ၊ ကလာပ်စည်းအမြုတေထဲက ကရိုမိုဆုမ်ကို ကျွန်တော်ထုတ်ပြီး ဗီဇ အားပြောင်းလဲမှုကို လေ့လာနိုင်ရင် ကျွန်တော်သိချင်တာ ရမှာပဲ’

သူသည် မှန်ဘီလူးကို ပြန်၍ငုံ့ကြည့်နေပြန်သည်။ သို့ရာတွင် မလေးသန့်က သူ့ပခုံးကိုဆွဲလိုက်၏။ သူက စိတ်ပျက်စွာဖြင့် ပြန်မော့ကြည့်သည်။

မလေးသန့်ကပြုံးသည်။ အေးချမ်း ပျော့ပျောင်းသော မလေးသန့်၏ အပြုံးကြောင့် သူသည် မသိမသာ သက်ပြင်းချသည်။ အမှန်မှာ သူမ၏ဆန္ဒအား အရှုံးပေးလိုက်ခြင်းဖြစ်သည်။ သူ့အထင်၌မူ သူ့အစ်မကိုသူ အမြဲ အရှုံးပေးနေရသည်။

သူသည် ဓာတ်ခွဲခန်းတွင်း၌ စမ်းသပ်နေရမည် ဆိုလျှင် စားဖို့၊ သောက်ဖို့၊ အိပ်ဖို့တို့ကိုပင်မက တစ်ခုလောကလုံးကို မေ့နိုင်သူဖြစ်သည်။ ထို့ကြောင့်ပင် သူ ဓာတ်ခွဲခန်းတွင်း၌ ရှိနေခိုက် စားသောက်ချိန် အချိန် ကျရောက်သော အခါ ကိုတိုးသောင်းတို့ကိုမဆိုထားနှင့် သူရှိသေသော အစ်ကိုကြီး ဖြစ်သူ ဒေါက်တာ ဦးထွန်းအောင်ပင် သူ့ကို ခေါ်ယူရန်



လက်မြှောက်ထားသည်။ သူ့ကိုနိုင်သူမှာ မလေးသန့် တစ်ယောက်သာ ဖြစ်လေသည်။

သူသည် စိတ်ပျက်ခြင်းကြီးစွာနှင့် သူ့အစ်မကိုကြည့်သည်။ စိတ်ပျက်သောသူ့မျက်နှာ၌ နွဲ့သိုးဆိုးသော ကလေးငယ် တစ်ဦး၏ မကျေနပ်ဟန်လည်း ပေါ်နေ၏။

‘ထမင်းစားချိန်ကျော်ပြီ မောင်လေးရေ’

မလေးသန့်က ချော့သည်။

‘ခက်တော့တာပါပဲ၊ မမသန့်တစ်ယောက်အတွက် တော်တော်တော့ ခက်တော့တာပါပဲ’

မလေးသန့်သည် ပြောင်းပြန်ညည်းနေသော သူ့ကိုကြည့်၍ အသံထွက်အောင်ပင် ရယ်လိုက်သည်။

‘ဪ....မမသန့်အတွက် မင်းက ခက်နေရပြန်သေးသတဲ့လား၊ ဟုတ်လားကွ နှင်းမောင်ရယ်’

မလေးသန့်သည် သူ့ကို ခပ်သောသော လှောင်သည်။ သူသည် ဘာမျှအထွေအထူး ထပ်မပြောတော့ဘဲ စားပွဲပေါ်ရှိ စာရွက်၊ ခဲတံ၊ ဇာဂနာ၊ သတ္တုမား စသည့်ပစ္စည်းများကို သိမ်း၍ အံဆွဲတင်ခုံတွင်း၌ နေရာတကျပြန်ထားသည်။ ထိုနောက် လက်အိတ်ကိုချွတ်ကာ ကြွေခွက်ထဲရေဖွင့်၍ ဆပ်ပြာနှင့်တိုက်ဆေးသည်။ လက်သုတ်ပြီးသောအခါ သူ့အစ်မနှင့် အခန်းပြင်သို့ ထွက်လာသည်။ အခန်းပြင်ရောက်သော် တံခါးကို အပြင်မှသော့ချပိတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

စက်ိုခန်းကိုဖွင့်လိုက်ပြီး သူ့ကိုယ်ပေါ်မှအင်္ကျီဖြူရှည်ကြီးကိုချွတ်၍ သေတ္တာတစ်ခုတွင်းသို့ ထည့်လိုက်သည်။ နှာခေါင်းစည်းကိုလည်း ထိုသေတ္တာတွင်းသို့ပင် ထည့်လိုက်၏။

အင်္ကျီကြီးနှင့် နှာခေါင်းစည်း ခွာလိုက်သဖြင့် သူ့ခန္ဓာကိုယ်နှင့် မျက်နှာသည် အမှန်အတိုင်းပေါ်လာသည်။

သူသည် ခပ်လျလျပါးပါးသာ ဖြစ်သည်။ ခါးက သေးသေးနွဲ့နွဲ့၊ အရပ်က သွယ်သွယ်ပျောင်းပျောင်းနိုင်သည်။

ဖြူဝင်းသော မျက်နှာသည် နူးညံ့ပျော့ပျောင်းနေ၏။

မလေးသန့်ကလည်း သူ့ကုတ်အင်္ကျီနှင့် နှာခေါင်းစည်းကို ချွတ်လိုက်သည်။

ပြာသောလုံချည်၊ ဖြူသောအင်္ကျီနှင့် အစ်မချောကို မြင်လိုက်ရသောအခါ စောစောက မှုန်တေတေဖြစ်နေသော သူ့မျက်နှာသည် ပြုံးချို၍လာ၏။

'ကဲ....ထမင်းစားချိန်နီးပြီ၊ ရေမြန်မြန်သွားချိုးချေ၊ မြန်မြန်နော်....'

မလေးသန့်သည် အေးစက်စက်ရှိသော မောင်တော်ကို တွန်းလွှတ်လိုက်ပြီး နောက်ပိုင်းကို မျက်စိတစ်ဆုံး ကြည့်ပြီး ထပ်၍မှာကြားသည်။

'မြန်မြန်ချိုးနော် မောင်လေး၊ ညက အေးတယ်၊ ရေနွေးနဲ့ချိုး၊ မမသန့် ပြောနေတာကို ကြားရဲ့လား'

သူက တစ်ချက်ပြန်လှည့်၍ ခေါင်းညိတ်ပြပြီး အိမ်ပေါ်ထပ်သို့ တက်သွား၏။



သူ့နောက်ကျောကိုကြည့်ရင်း မလေးသန့်က ကျေနပ်ခြင်းရောသော ညည်းညူမှုကိုပြုသည်။

'ဪ....နှင်းမောင် နှင်းမောင်၊ ငါ့မောင်လဲတော်တော်ခက်သေးတယ်'

*

၁

မလေးသန့်သည် ထမင်းစားခန်းသို့ ပြန်လည်ရောက်၍ အဆင်သင့် ပြင်ဆင်နေရင်း နွဲ့ဆိုးဆိုးသော မောင်ငယ်၏အကြောင်းကို စဉ်းစားနေမိသည်။

မလေးသန့်က ချစ်စနိုး မောင်ငယ်ဟု မှတ်ထင်နေဆဲ ဖြစ်သော်လည်း ဒေါက်တာနှင်းမောင်သည် အသက် နှစ်ဆယ့်ရှစ်နှစ်ရှိပြီဖြစ်သည်။ (အမ်ဘီဘီအက်စ်) ပီ-အိချ်-ဒီ စသည့် ဂုဏ်ထူးကြီးများရထားသော ဆရာဝန်ကြီးတစ်ဦး ဖြစ်ပေ၏။

မလေးသန့် ကိုယ်တိုင်လည်း ဆရာဝန်ကြီးဘွဲ့ ရထားသူတစ်ဦးဖြစ်သည်။ သို့ရာတွင် မဲဇာမြိုင်၏ အိမ်တွင်းမှုနှင့် စားဖို့ချောင်ကို အုပ်ချုပ်နေရသော အိမ်ရှင်မ တစ်ဦးသာဖြစ်နေသည်။ တစ်နည်းအားဖြင့်ဆိုလျှင်လည်း ဆေးရုံကြီး၌ သူနာတို့အတွက် သက်သာမှုကိုပေးသည့် ဆရာဝန်မ တစ်ယောက်အဖြစ် နေထိုက်ပါလျက် ဓာတ်ခွဲခန်း ရှိပြီးတွင်

www.burmeseclassic.com

www.burmeseclassic.com

အစားမမှန် အအိပ်မမှန်နှင့် ကျန်းမာရေး ချို့တဲ့ချင်တိုင်း ချို့တဲ့နေသော မောင်ဆိုးလေးတစ်ယောက်၏ ကြင်နာသော သူနာပြု ဆရာမတစ်ဦးသာ ဖြစ်နေ၏။

ဒေါက်တာ နှင်းမောင်သည် ငယ်စဉ်ကတည်းက ဉာဏ်ကောင်း၍ ၁၆–နှစ်ပြည့်ပြီးစတွင် ကောလိပ် ရောက်သည်။ ဆရာဝန်ဘွဲ့ကို ထူးချွန်သောအဆင့်ဖြင့် အောင်မြင်ပြီးသော အခါ မိဘများက သူ့ကို အမေရိကန်ပြည်ထောင်စုသို့ ပို့ပေးသည်။

နှင်းမောင်သည် နယူးယောက်မြို့ ကိုလံဘီယာ ဆေးတက္ကသိုလ်ကြီးမှ ချူရို အနာတမီ (Neuro Anatomy) ခေါ် ဦးနှောက်နှင့် အာရုံကြော ကြွက်သားဆိုင်ရာ ခန္ဓာဗေဒကို လေ့လာ၍ ပါရဂူဘွဲ့ရခဲ့သည်။ နှင်းမောင် အမေရိကန် ပြည်ထောင်စုမှ ပြန်လာချိန်၌ မိဘနှစ်ပါးလုံး ကွယ်လွန်ခဲ့ပြီ။

နှင်းမောင်ကို မိဘတို့သည် သံယောဇဉ် အထူးကြီးသည်။ ကြီးထိုက်သော အကြောင်းလည်းရှိသည်။ ဤအကြောင်းကို လည်း မလေးသန့်၊ ဒေါက်တာ ဦးထွန်းအောင်နှင့် အလွန် ရင်းနှီးသော မိတ်ဆွေအချို့သာသိသည်။ နှင်းမောင် ကိုယ်တိုင်ပင် ဤအကြောင်းကို မသိသေး။ မသိသည်ပင် ကောင်း ပါ၏။ ဤအကြောင်းကို တွေးမိတိုင်း မလေးသန့်သည် သက်ပြင်း ရှိုက်မိသည်။

ထိုမြှုပ်ကွယ်ထားသော အကြောင်းကြောင့် မိဘတို့သည် နှင်းမောင်အပေါ် သံယောဇဉ်ကြီးလေသမျှ နှင်းမောင် ကလည်း မိဘများအပေါ် ချစ်ခင်အားကြီးသည်။ မြန်မာ



ပြည်သို့ သူပြန်ရောက်သောအခါ မိဘတို့ မရှိလေပြီမို့ သူ့ တွယ်တာမှုသည် မလေးသန့်နှင့် အစ်ကိုကြီး ဒေါက်တာ ဦးထွန်းအောင်တို့အပေါ် ပုံကျလာခဲ့သည်။ မောင်အငယ် ဟူ၍ မလေးသန့်ကလည်း သူ့အပေါ် ကရုဏာမိုးစွေခဲ့ရသည်။

မြန်မာပြည်သို့ ပြန်ရောက်ပြီးမှစ၍ ဒေါက်တာနှင်းမောင် သည် အမေရိကန်ပြည်ထောင်စု၌ရှိစဉ် သူကြံစည် တွေ့ရှိချက် တစ်ရပ်အား လျှို့ဝှက်စွာ သုတေသနပြုနေသည်။ သူ သုတေ သနပြုနေသည်မှာ ကမ္ဘာမြေ၏ အသီးအပွင့် အပင်တို့နှင့် သတ္တဝါ အငယ်စားတို့၏ ခန္ဓာဖွဲ့စည်းမှုတွင်း၌ မြုပ်နှံနေ သော အာနိသင်တစ်ရပ်ကိုဖော်ထုတ်၍ လူ့လောကအတွက် တန်ဖိုးမဖြတ်နိုင်သော စွမ်းပကားတစ်ရပ်ကို တီထွင်ရေး ဖြစ်သည်။

သူ့အကြံအစည် ရည်ရွယ်ချက်ကို မလေးသန့်နှင့် ဒေါက်တာ ဦးထွန်းအောင်သာလျှင်သိသည်။

ထို့ကြောင့်လည်း မလေးသန့်သည် ခက်ခဲနက်နဲသော သုတေသနလုပ်ငန်းတွင် ပင်ပန်းကြီးစွာ မြုပ်နှံနေသော သူ၏ သူနာပြုဆရာမသဖွယ် ဖြစ်ခဲ့သည်။ မာတဲခွဲခန်း လက် ထောက်လည်း ဖြစ်ခဲ့ရသည်။

မလေးသန့်တို့ မိဘများက သူတို့ သုံးဦးအတွက် အမွေ များကို သိမ်းချိ၍ ထားခဲ့သည်။ အစ်ကိုကြီး ဒေါက်တာ ဦးထွန်းအောင်မှာလည်း ဘိလပ်ပြန် ဆရာဝန်ကြီးတစ်ဦးဖြစ် ၍ ရန်ကုန်မြို့လယ်တွင် ခမ်းနားသော ဆေးတိုက်ကြီး တစ် တိုက်ကို ဖွင့်လှစ်အုပ်ချုပ်ထားနိုင်သူဖြစ်သည်။

www.burmeseclassic.com

 www.burmeseclassic.com

မလေးသန့်မှာ အစ်ကိုကြီး၏ ဆေးတိုက်၌ ကူညီရမည့် အစား မောင်ငယ်၏ ဓာတ်ခွဲခန်းတွင်သာ အလုပ်များနေ ရသူဖြစ်သည်။ ဓာတ်ခွဲခန်းတွင် ကူညီရသည်ထက် နွဲ့ဆိုးဆိုး သော သားငယ်တစ်ဦးအား ယုယပြုစုရသည့် မိခင်ပမာသာ ပို၍ ဖြစ်နေခဲ့ရသည်။

မလေးသန့်သည် ပြင်ရင်းဆင်ရင်း စောစောက သူညည်း ညူခဲ့သော စကားရပ်များကို တွေးမိသဖြင့် ပြုံးလိုက်မိသေး သည်။

'ဘာလဲ မမသန့်ရာ၊ နောက်တစ်ကြိမ် ထမင်းစားချိန် ဆို တာက ရောက်လာနေပြန်ပြီလား'

သူက ထမင်းစားချိန် ရောက်လာခြင်းကိုပင် စိတ်ပျက် နေတတ်သူ ဖြစ်၏။

လူသတ္တဝါတို့၏ ရှင်သန်ကြီးပွားမှုအတွက် ဩသဓဆေး တစ်ခွက ကို ရှာဖွေနေသည်ဆိုသော မလေးသန့်၏မောင် ဆရာဝန်သည် ဆေးသောက်ရမှာကို လန့်နေသော ကလေး ငယ်တစ်ဦးနှင့် တူလွန်းနေ၏။

ဤသို့ ခေါင်းမာ၍ ဇွဲကြီးသောသူကို ပြုစုစောင့်ရှောက် ရမည့်တာဝန်မှာ သူ၏ချစ်သော အစ်မလည်းဖြစ်၍ ဆရာဝန် လည်း ဖြစ်သေးသော မလေးသန့်၏ ခေါင်းပေါ် အစဉ်ကျ ရောက်နေသည်။

တာဝန်သိသော အစ်မကိုပင် တစ်ခါတစ်ရံ သူက အပြစ် တင်တတ်သည်။



'ခက်တော့တာပါပဲ၊ မမသန့်တစ်ယောက်အတွက် ကျွန် တော်တော့ ခက်တော့တာပါပဲ'

ဖြစ်ရလေ့ နှင်းမောင်လေး၊ သူ၏ခက်ခြင်းကြောင့် စိတ် ပျက်ရမည့်သူကို သူကပင်ပြန်၍ ခက်နေလိုက်သေးသည်။

မလေးသန့်သည် ထမင်းစားပွဲကို အဆင်သင့်ပြင်နေခိုက် ဤအကြောင်းများကို စဉ်းစားရင်း ပြုံး၍နေသည်။

*

၁၁

မလေးသန့်သည်ဒေါက်တာနှင်းမောင်ဆင်းမလာမီအစား အသောက်အားလုံးကို ထပ်ဖြည့်ဖို့မလိုအောင် စားပွဲထိုးနှင့် အတူ ချထားစီမံသည်။ နှင်းမောင်၏ အကျင့်တစ်ခုမှာ သူ ထမင်းစားနေဆဲ စားပွဲထိုးအပါအဝင်သူတစိမ်းတို့ အနားၐ ရှိလျှင် မစားသောက်တတ်ခြင်းဖြစ်၏။ တစ်ဖန် အပြင်လော ကသို့ မထွက်ဘဲ မိတ်ဆွေလည်းမရှိသဖြင့် သူ့အစ်မနှင့် သူ့ အစ်ကိုတွေသာ သူ၏အရင်းနှီးဆုံးမိတ်ဆွေများဖြစ်နေသည်။ ကိုနှစ်ယောက်နှင့် ထမင်းစားစဉ် သူသည် လွတ်လွတ်လပ်လပ် စကားပြောတတ်သည်။သူပြောသောစကားများမှာလျှို့ဝှက် ဘည့် သူ၏လုပ်ငန်းအကြောင်းသာတည်း။

www.burmeseclassic.com

www.burmeseclassic.com



ထမင်းစားပွဲ အဆင်သင့်ဖြစ်ချိန်၌ ဒေါက်တာနှင်းမောင် ဆိုက်ရောက်လာသည်။

သူသည် ပိုးအင်္ကျီအဖြူလက်ရှည်နှင့် အစိမ်းနုရောင် ဆွယ်တာ လက်ပြတ်ကို ဝတ်ထား၏။ ခါး၌လည်း ရေညှိရောင် ဘန်ကောက်လုံချည် တစ်ပတ်နွမ်းကို ဆင်ထားသည်။

သူဝတ်ထားသော အဝတ်အစားတို့၏ အဆင်အသွေးနှင့် ဖြူဖြူပါးပါးဖြစ်သော သူ့သဏ္ဌာန်မှာ အဆင်ပြေလိုက်ဖက်လှ၏။

သူ့မျက်လုံးများမှာ နက်မှောင်ထင်ရှား၏။ မျက်တောင်ကြီးများမှာ ရှည်၍ကော့ပျံနေသည်။ သို့ရာတွင် မလေးထောင့်ဆန်သော မေးရိုး ပေါ်ခြင်ထားသည့် သူ့မျက်နှာ၏ ဣန္ဒြေသည် ရင့်ကျက်လှသည်။ သာမန်အားဖြင့် မှိုင်းရီသော သူ့မျက်လုံးများသည် တစ်ချိတစ်ချိတွင် စူးရှ အရောင်လက်တတ်၏။

သူ့သဏ္ဌာန် ဟန်ပန်အားလုံးမှာ လူပျိုပေါက်စ ရဟန်းမင်းကြီးလေးနှင့်တူ၏။

သူက မျက်လွှာချ၍ လျှောက်လာပြီး စားပွဲထိပ်ရှိကုလားထိုင်၌ အေးချမ်းစွာ ဝင်ထိုင်၏။

မလေးသန့်သည် ဖန်ကလပ်တွင်းသို့ ဘရန်ဒီနှင့် ရေခဲထည့်ကာ သူ့ရှေ့သို့ချပေးသည်။

သူက ငြိမ်သက်စွာပင် သူ့အစ်မလုပ်ကိုင်ပုံကိုကြည့်နေ၏။ မလေးသန့်က သူ့လက်ယာရှိ ကုလားထိုင်၌ ဝင်ထိုင်သည်။



သူသည် ဘရန်ဒီကို စုပ်သောက်လိုက်၏။ ထို့နောက် အာလူးကြော်တစ်ဖတ်ကိုဝါးရင်း ရှေ့မှောက်ရှိ စားသောက်ဖွယ်ရာများကို လှမ်းကြည့်သည်။

ဟင်းလျာများမှာ ရိုးရိုးပင်ဖြစ်သည်။ အသား သင့်ရုံနှင့်ရေ၍ အရောင်မနွမ်းအောင် ကြော်ထားသော ဟော်လန်တောင် ပဲသီးကြော်၊ စိမ်းစိုသော မုန်ညင်းရွက်နှင့် အသည်းအမြစ်ကြော်၊ ကြက်သားပြုတ်ကြော်နှင့် စွပ်ပြုတ် တစ်ပန်းကန်၊ အကွင်းအကွင်းလှီးထားသော နီရဲလတ်ဆတ်သည့် ခရမ်းချဉ်သီးနှင့် သန့်စွမ်းသော်လည်း နူနယ်သော ဆလတ်ရွက်များ၊ ငါးကြင်းသားပေါင်းတစ်ခွက် ဤမျှသာဖြစ်သည်။

ဒေါက်တာနှင်းမောင်သည် အသားကိုမုန်းသည်။ အဆီပါသော ငါးနှင့်ဝက်များကို ရှောင်သည်။ ရေတ်သီးဆောင်ပါသော ဟင်းများကိုမစားတတ်၊ အလွန်ကြေးများသူဖြစ်၏။

သူကြိုက်တတ်သော အသီးအနှံများနှင့် ဟင်းလျာတို့ကို မလေးသန့်သာလျှင် စီမံပေးတတ်သည်။

သူသည် ဘရန်ဒီကို လက်စသတ်၍ သက်နှင့်ဝတ်စ ကိုရင်ငယ်၏ သတိမျိုးဖြင့် ထမင်းကို ညင်သာစွာ စ,စားသည်။

မလေးသန့်သည်လည်း ဝင်စားသောက်ရင်း ဟင်းလျာများကို သူ့ပန်းကန်တွင်း ခပ်ထည့်ပေး၍ ကူညီသည်။

'အစ်ကိုကြီး ဘယ်သွားလဲ မမသန့်'

သူက အခုမှ အစ်ကိုကြီးကို သတိရဟန်မေးသည်။

'စထရင်းဟိုတယ်မှာ ကိုမင်းဆွေအတွက် ဂုဏ်ပြုပွဲရှိလို့ သွားတယ်ကွယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဩော်…ကိုမင်းဆွေက ဘိလပ်ကပြန်လာပြီလား'

သူသည် ဤမျှသာမှတ်ချက်ချ၍ စကား မဆက်တော့ဘဲ ငြိမ်သက်စွာ ထမင်းဆက်စား၏။

မလေးသန့်ကသာ ကိုမင်းဆွေ ဘိလပ်မှ ယူလာခဲ့သော ဘယ်ရစ္စတာဘွဲ့အကြောင်း၊ တရားလွှတ်တော်၌ ဆက်လက် ဝတ်လုံလိုက်မည့်အကြောင်း စသည်တို့ကိုဆက်ပြောနေသည်။ ဤသို့သာ ဆက် ပြော နေ ရ သော် လည်း မလေးသန့်၏ မျက်လုံးတို့သည် စထရင်းဟိုတယ်၌ မျက် နှာ အို နေ မည့် ကိုမင်းဆွေကို မြင်ယောင်နေမိသည်။

ထိုစဉ် သူက အံ့ဩဖွယ်ရာ မေးခွန်းတစ်ခုကိုပြုသည်။

'လောကကြီးမှာ ဝတ်လုံတို့၊ တရားသူကြီးတို့၊ ဥပဒေတို့၊ ရုံးတို့၊ထောင်တို့ဆိုတာ ဘာလို့ရှိရတာလဲဟင် မမသန့်'

မလေးသန့်သည် ရုတ်တရက် သူ့အမေးကို မဖြေနိုင်၊ အတန်ကြာမှ ဖြေးချမ်းစွာဆိုသည်။

'ဆရာဝန်ဆိုတာဟာ လူ့ကာယကို ဆေးကုဖို့ ရှိနေသလို သူတို့တစ်တွေဟာလဲ လူမှုရေးရာ ရောဂါအထွေထွေကို ဆေးကုဖို့ ရှိနေကြရတာပေါ့'

'သူသည် ဘာကို သဘောကျသည်မသိ ပြုံးလိုက်ရင်း မေးပြန်၏။

'ဆရာဝန်ဆိုတာ ဆေးကုရသလား၊ ဟုတ်လား မမသန့်'

'ဆရာဝန်ဆိုတာ ဆေးမကုလို့ ရုပ်ရှင်မင်းသား လုပ်ရမှာလား မောင်လေးရဲ့'

မလေးသန့်က ရွတ်နောက်နောက် ဖြေ၏။



'ဩော်…ဆရာဝန်ဆိုတာ ဆေးကုရမယ် ဟုတ်လား မမသန့်၊ နို့…ဒါဖြင့် ကျွန်တော်နဲ့ မမသန့်ကကော'

'မမသန့်ကတော့ အင်မတန်မှ ဆေးကြောက်တဲ့ ကလေး တစ်ယောက်ကို ပြုစုနေရတဲ့ ဆရာမတစ်ယောက်ပါပဲကွယ်'

မလေးသန့်သည် သူ့ကို အသာ အကဲခတ်ရင်း ဆက် ပြောပြန်၏။

'ဒါပေမယ့် အဲဒီ ဇွတ်တရွတ်နိုင်တဲ့ ကလေးတစ်ယောက် ဟာ လူကြီးတွေ အများကြီးအတွက် ဆေးတစ်ခွက်ဖော်စပ်နေ တယ်တဲ့ သိလား မောင်လေး'

သူက သူ့အစ်မပြောသော ဒဏ္ဍာရီပုံပြင်ကလေးကို နှစ် ခြိုက်စွာ ပြုံးရင်း နားထောင်နေသည်။

'စကားစပ်လို့ ပြောရဦးမယ်၊ ဖိလော်ဆော်ဖာ တချို့ ဟာ အတိတ်ကာလကို ပိုင်ပိုင်သုံးသပ်နိုင်ပြီး အနာဂတ်ကာလ ရဲ့ အလားအလာကိုလဲ တော်တော် တိတိကျကျ ခန့်မှန်း ပြောနိုင်ကြတယ်၊ ဒါပေမယ့် သူတို့အများဟာ ပစ္စုပ္ပန်ကို တော့ မေ့နေတတ်သတဲ့ကွယ်'

သူသည် ထမင်းကို လက်စသတ်လိုက်ပြီး နှစ်ခြိုက်စွာ ပြုံးလျက် ပြန်ဆိုသည်။

'ပစ္စုပ္ပန်ကို မသိပေမယ့် အတိတ်ကာလကို သုံးသပ်နိုင်ပြီး အနာဂတ်အတွက်လဲ မှန်ကန်အောင် ခန့်မှန်းနိုင်တယ်ဆိုရင် တော့ သူတို့ဘဝဟာ နေပျော်တဲ့ ဘဝကြီးပဲ မဟုတ်ဘူးလား မမသန့်'

www.burmeseclassic.com

www.burmeseclassic.com



သူသည် သူ့အစ်မကကားဦး ဘယ်ဆီ လှည့်လာမည်ကို သိသဖြင့် လိမ္မာပါးနပ်စွာဖြင့် မိမိကိုယ်ကို ခွင့်လွှတ်လိုက်သည်။

'ဒါပေမယ့် ပစ္စုပ္ပန်ကို မသိခြင်းမှာ ရှင်သန်နေရတာ ဟာ မသိမှန်းသိလိုက်တာနဲ့ တစ်ပြိုင်နက် အင်မတန်မှ ပင်ပန်းတတ်တယ်ကွယ်'

'ဒါဖြင့်ရင်လဲ မပင်ပန်းရအောင် အဲဒီ ပစ္စုပ္ပန်ရဲ့ မသိခြင်းကို မသိတဲ့အဖြစ်နဲ့ပဲ နေပါစေတော့လား မမသန့်ရယ်'

မလေးသန့်က သူ့မောင်ကို ဆတ်ခနဲ မော့ကြည့်၏။ မိုက်ကန်းသော မောင်တစ်ယောက်၏ ကြောက်မက်ဖွယ်သော အယူအဆကို အံ့သြမိလိုက်ခြင်းဖြစ်သည်။

မလေးသန့်သည် ဘာမျှဆက်မပြောတော့ဘဲ ပန်းကန်ပြားများကိုသိမ်းရန် စားပွဲသိုးကို ခေါ်လိုက်သည်။ ထို့နောက် သစ်သီးချိုချဉ်များကို ယူဆောင်၍ သူ့အနားသို့တိုးပေး၏။

ဒေါက်တာနှင်းမောင်သည် သစ်သီးများကို ကြိုက်နှစ်သက်သည်။ အလွန်စိတ်ဝင်စားစွာ အလုပ်လုပ်နေစဉ်မှာပင် အိတ်တွင်း၌ စပျစ်သီးတစ်ခိုင်ထည့်၍ တစ်လုံးပြီးတစ်လုံး နှိုက်စားတတ်သူဖြစ်၏။

သူ့အစ်မက စပျစ်ခိုင်များကို ဖြုတ်ခြွေပေးပြီးနောက် သစ်တော်သီးကို ခွဲစိတ်ပေးနေခိုက် သူသည် စီးကရက် တစ်လိပ်ကို နှစ်ခြိုက်စွာ အားရပါးရ ရှူရှိုက်နေ၏။



မသိခြင်းကို မသိသည့်အတိုင်းပင် နေချင်သည် ဆိုသော မောင်ငယ်ကို ငေးကြည့်ရင်း မလေးသန့်သည် သက်ပြင်းကို တိုးတိုးခိုးရှိုက်မိသည်။ သူ့ကို မိမိပြုစုနိုင်သော အခွင့်အရေးသည် တစ်နေ့သ၌ ဆုံးရှုံးသွားသည်ဆိုပါက မသိသားဆိုးရွားသော ဤသူငယ်သည် ဤလူ့ရပ်ခွင်တွင် အဘယ်သို့ ဆက်လက် အသက်ရှင်နေပါမည်နည်းဟု မလေးသန့်သည် မိမိကိုယ်ကို စိတ်တွင်းမှမေးမိ၏။ မလေးသန့် ဤသို့ ရင်မောနေခိုက် သူက အလိုက်မသိစွာ ပူဆာလိုက်ပြန်၏။

'စီးကရက်ကို အလိပ်ရေ တိုင်းပေးတာကို ရပ်လိုက်စမ်းပါ မမသန့်ရယ်၊ တစ်ထိုင်တည်းအလိပ်ငါးဆယ်လောက်ကုန်အောင် မှုးသွားတဲ့အထိ တစ်ခါတလေ ရှူစမ်းပါရစေဦး'

ဘယ်လောက်များ ကလေးဆန်သည့် မိုက်ကန်းသော တောင်းဆိုမှု ဖြစ်ပါသနည်း။

မလေးသန့်သည် အတိတ်ကာလ သုံးသပ်ချက်နှင့် အနာဂတ်အတွက် ခန့်မှန်းမှု မှန်ကန်မည်ဆိုပါက ပစ္စုပ္ပန်ကို မသိဘဲ နေရန် ဝန်မလေးသော မောင်ငယ်ကို ကရုဏာ လွှမ်းသော မျက်လုံးပြာအစုံနှင့် ငေးကြည့်နေမိသည်။

ရင်တွင်း၌မူ 'မင်းမသိဘူး နှင်းမောင်ရယ်၊ မင်းသိရင်တော့' ဟု ဆို့နင့်စွာ ပြောလိုက်မိသည်။

*          *          *

www.burmeseclassic.com

www.burmeseclassic.com

# ( ၅ )

## အိပ်ပါလူလေး မယ့်ရင်သွေး

တ

အေးချမ်းသော လေသာပြတင်းကို ငွေလရောင်သည် ဖျန်းပက်နေ၏။ လေသာပြတင်းမှ ကျော်လွန်ခဲ့ပြီး ဆက်လက်၍ ငွေလရောင်သည် စက်ရာခန်း၏ ခုတင်ဆီသို့ ဝင်းလဲ့စွာ ကျဆင်းနေ၏။

စက်ခန်းဦးမှ မျှော်လိုက်ပါလျှင် ကြယ်ဖူး ကြယ်ပွင့်တို့ ပြန့်ကျဲနေသော မိုးပြင်၏ တစ်ပိုင်းတစ်စကို မြင်နိုင်၏။

မိုးပြင်သည် သန့်သန့်ပြာစင်နေ၏။ တစ်မိုးတွင်းလုံး ရေပွင့်တိမ်လွှာတို့၏ ရုပ်တိုက်ပွတ်သပ်ခြင်းကို ခံခဲ့ရသဖြင့် ကောင်းကင်ဘုံ၏ ကြမ်းပြင်သည် နီလာရောင် ဖိုတ်ဖိတ်လဲ့နေသည်။

ဆောင်း၏ လုပသောညဉ့် မြောက်ဝင်ရိုးစွန်း အအေးကန္တာရမှ လေပြန်သည် ချော့သိပ်သောတေးတစ်ပုဒ်ကို ရင့်ယူရင်း တိုက်ခတ်လာနေ၏။

လုပ၍ စိမ့်စိမ့်ချမ်းသော ငိုက်မျဉ်းဖွယ် ဆောင်း၏ ည ဖြစ်ပါ၏။



မလေးသန့်သည် ခုတင်အနီး စားပွဲတစ်လုံး၌ စာဖတ်နေသည်။ ဆေးပညာ ဒီဂရီဘွဲ့ရပြီးနောက် မလေးသန့်သည် ဆရာဝန်ထွက်မလုပ်သော်လည်း အားလပ်ချိန်ရတိုင်း စာအုပ်နှင့် မျက်နှာ မခွာပေ။

မိမိတတ်မြောက်ပြီးခဲ့သည်တို့ကို ပြန်နွှေးရ၏။ ဒေါက်တာ နှင်းမောင်၏ သုတေသနအတွက် လိုအပ်သော အချက်အလက်များကိုလည်း ဖတ်ရှုရှာဖွေပေးရသည်။

ဧည့်ခန်း နာရီကြီးဆီမှ ညဆယ့်တစ်နာရီထိုးသံကို ကြားရသည်။

မလေးသန့်သည် စာအုပ်ကိုပိတ်လိုက်ပြီး မှတ်ခွဲခန်းဆီသို့ သွား၏။ ဒေါက်တာ နှင်းမောင်က ကြားနေကျ စကားဖြင့် လှမ်းကြိုသည်။

'ခက်တော့တာပါပဲ၊ စားသောက်ဖို့ အချိန်တစ်ချိန်က ရောက်လာပြန်ပြီလား'

သူ့ညည်းလျှင် မလေးသန့် ဘာလုပ်ရမည်ကို သိပြီးဖြစ်ပါသည်။ မလေးသန့်က အသာပင် ပြုံးနေလိုက်၏။

ထိုအခါ သူက ဘာမျှဆက်မပြောတော့ဘဲ သူ့အစ်မနောက်သို့ လိုက်လာခဲ့သည်။ စားပွဲပေါ်၌ နွားနို့ ဖန်ခွက်များနှင့် ကြက်ဥ၊ သစ်သီး စသည်တို့ အဆင်သင့်ရှိနေသည်။

မလေးသန့်က သူ့ကို ယနေ့ည စောစောအိပ်ရာဝင်စေချင်သည်။ သူ့အိပ်ပျက်သောညပေါင်း များလှပေပြီ။

'စားသောက်ပြီးရင် အိပ်တော့ကွယ်၊ တစ်ခါလောက်လေ တော့လဲ စောစောအိပ်ဦးမှပေါ့၊ ပင်ပင်ပန်းပန်း လုပ်စရာ

www.burmeseclassic.com

www.burmeseclassic.com

တွေ ရှိပေမယ့် ထာဝစဉ် အပင်ပန်းခံနိုင်ဖို့ နားနေမှုဟာ လိုတယ်ကွယ်'

မလေးသန့်သည် သားငယ်ကို ချော့သော မိခင်၏ လေသံဖြင့် ဖျောင်းဖျသည်။ သူက နွားနို့ကိုသောက်ရင်း သူ့ အစ်မ၏ ဖျောင်းဖျသံကို ကြားနေကျ ဆုံးမစကားအား စိတ်မဝင်စားစွာ နားထောင်နေရသော ကလေးတစ်ဦးကဲ့သို့ မျက်တောင် ပုတ်ခတ်ပုတ်ခတ်လုပ်ရင်း ငြိမ်နားစိုက်နေ၏။

'မောင်လေးဟာ အကြောအခြင် ကြွက်သားစိုင်တွေနဲ့ ဆောက်တည်ထားတဲ့ အသက်ရှိ လူတစ်ယောက်ပါ၊ သံမဏိတွေနဲ့ လုပ်ထားတဲ့ စက်ကိရိယာကြီး မဟုတ်ပါဘူးကွယ်၊ ဒီတော့ မမသန့် စကားကို နားထောင်နော်'

သူ့ အစ်မ၏ စကားမှန်ကြောင်း သူသိသည်။ သို့ရာတွင် မတတ်နိုင်ပါ။

'ဟာ...ဒီညတော့ မဖြစ်သေးပါဘူး မမသန့်ရယ်၊ ပြီးတော့ ကိုကံထူးတို့ကလဲ လာဦးမှာ'

'ဟင်....ကိုကံထူးတို့ လာဦးမယ်'

သူက အသာခေါင်းညိတ်ပြ၏။

ကိုကံထူးတို့ လာဦးမည်ဆိုသည့် စကားကို မလေးသန့် နားလည်ပြီးဖြစ်ပါ၏။ ထို့ကြောင့် ဘာမျှ ဆက်မမေးတော့ဘဲ မလေးသန့်သည် သူ့ကို ကျေးမွေးပြီးနောက် အပေါ်ထပ် မိမိ၏ အခန်းသို့ တက်လာခဲ့၏။

မလေးသန့်သည် အပေါ်ထပ် မိမိအိပ်ခန်းမှ အိမ်ကြီး၏ နောက်ပိုင်းဆီသို့ လှမ်းကြည့်နေမိသည်။



မဲဇာမြိုင်၏ နောက်ပိုင်းသည် အင်းလျားကန်၏ ရေစပ်တစ်ခုဖြစ်သည်။ ရေစပ်၌ မရန်းပင်ကြီးများ ထူထပ်စွာ ပေါက်နေသည်။ အုပ်ဆိုင်းသော သစ်ပင်များကြောင့် မည်းနက်သော အရိပ်များမှာလည်း ထုထည်ကြီးလှသည်။

သစ်ပင်တစ်ပင်အောက်၌ ဒေါက်တာ နှင်းမောင် ရပ်နေသည်ကို မလေးသန့် သတိထားမိသည်။

ထိုစဉ် တစ်ဖာလုံခန့်ဝေးသော ကျွန်းဆွယ် တစ်ခုဆီမှ ဝင်းခနဲ သုံးကြိမ် လက်လိုက်သော လက်နှိပ်ဓာတ်မီးရောင်ကို တွေ့ရသည်။ သစ်ပင်ရိပ်၌ရပ်နေသော ဒေါက်တာနှင်းမောင်ဆီမှလည်း လက်နှိပ်ဓာတ်မီးရောင် တစ်ချက်ပြန်ပြသည်။

အတန်ကြာသောအခါ ကန်ရေပြင်ကိုဖြတ်၍ လှော်ခတ်လာသော လှေတစ်စင်းကို တွေ့ရသည်။ လှေသည် မဲဇာမြိုင်နောက်ပိုင်း ကမ်းစပ်အရိပ်များအောက်တွင် ရပ်လိုက်သည်။ ကမ်းစပ်၌ရပ်နေသော ဒေါက်တာ နှင်းမောင်သည် လှေဆီသို့ ကပ်သွား၏။

မကြာမီ လူလေးဦးသည် လှေပေါ်မှ ရှည်မျောသော မည်းမည်း အရာကြီးတစ်ခုကိုထမ်း၍ အိမ်ကြီး၏ နောက်ပိုင်း တစ်နေရာသို့ ယူဆောင် ပျောက်ကွယ်သွားကြသည်။

မလေးသန့်သည် သက်ပြင်းကိုသာ ရှိုက်လိုက်၏။

*

www.burmeseclassic.com

 www.burmeseclassic.com 

၅

အိမ်ကြီး၏တစ်နေရာမြေတိုက်အတွင်း၌ မီးလင်းနေသည်။ မြေတိုက်ခန်းသည် ပေအစိတ်ခန့်ရှည်၍ ၁၅ ပေခန့်ကျယ်၏ အခန်းတစ်ဖက်စွန်းနံရံ၌ မီးဖိုအကြီးစားတစ်ခုရှိသည်။ အခန်း အလယ်တည့်တည့်၌ ကျောက်စားပွဲအရှည်တစ်လုံး ရှိသည်

အခန်းတွင်း၌ ကိုကံထူးနှင့် လူသုံးဦးသည် ငြိမ်သက်စွာ ရပ်နေကြ၏။ ကျောက်စားပွဲဘေးတွင် ဒေါက်တာ နှင်းမော က ရပ်နေသည်။ သူ့သဏ္ဍာန်ဟန်ပန် အမူအရာမှာ ခါတိုင် ကဲ့သို့ပင် အေးချမ်းတည်ငြိမ်လျက်ရှိသည်။

သို့ရာတွင် သူငုံ့ကြည့်နေသောအရာမှာ သာမန်လူတစ်ဦ အတွက် အေးချမ်းတည်ငြိမ်ရန် မဆိုထားဘိ၊ ယခုကဲ့သို့သေ အ ကာလညမျိုးတွင် သွေးပျက် ထိတ်လန့်ဖွယ် ကောင်း ပေသည်။

ကျောက်စားပွဲခြေရင်း၌ ခေါင်းတစ်လုံး ရှိနေ၏။

ဒေါက်တာနှင်းမောင် ငုံ့ကြည့်နေသော ကျောက်စား ပေါ်တွင်ကား လတ်လတ်ဆတ်ဆတ် လူသေအလော တစ်လောင်းသည် ပက်လက်အနေအထားနှင့် ရှိနေသည်

ဒေါက်တာနှင်းမောင်သည် ကိုကံထူးဆီ လှမ်းကြည့် အေးချမ်းနူးညံ့စွာပင် မေးသည်။

'အသေးစိတ်တွေပြောပြပါဦး ကိုကံထူး'

ကိုကံထူးကလည်း လက်ထောက်ဆရာဝန် တစ်ဦးကဲ့ ရှင်းလင်းတိကျစွာ စနစ်တကျ အစီရင်ခံသည်။

'အသက်က နှစ်ဆယ့်ငါးနှစ်ပါ ဆရာလေး၊ ဘာသာက ရစ်ယာန်ပါ၊ သေဆုံးပြီးတာ နှစ်ရက်ပဲ ရှိသေးတယ်၊ ရောဂါက နှလုံးရောဂါ၊ မနက်ကမှ မြေလာမြှုပ်ပါတယ်၊ မည်က ကိုမြဇင်ခေါ်ပါတယ်'

ဒေါက်တာနှင်းမောင်က အသာအယာ ခေါင်းညိတ်ပြီး အလောင်း၏လက်မောင်းနှင့် ရင်ဘတ်ကို ကိုင်တွယ်စမ်းသပ် ကြည့်၏။

အတန်ကြာမှ စိတ်ကျေနပ်ဟန် အဆင်သင့်လုပ်ထားသော ဆေးပြွန်ကိုယူကာ အလောင်းကိုယ်၌ ဆေးငါးချက် ထိုး သည်။

ဆေးထိုးပြီးသောအခါ ဒေါက်တာ နှင်းမောင်းသည် ဆီကပ်သွားလျက် ခလုတ်တစ်ခုကိုနှိပ်လိုက်သည်။ အကြား မမြင်သောနံရံသည် ပွင့်ဟသွားပြီး သုံးပေပတ်လည် ရှိသော ပြတင်းတစ်ခု ပေါ်လာ၏။ ပြတင်းပွင့်လျှင် ပွင့် ရေခဲငွေ့ကဲ့သို့ အေးမြသောဓာတ်ကို အခန်းတွင်းရှိ အားလုံး ခံစားကြရသည်။

ဒေါက်တာနှင်းမောင်က ခေါင်းညိတ်လျက် အချက်ပြ သောအခါ ကိုကံထူးနှင့် အဖော်တို့သည် ကျောက်စား ပေါ်မှ အလောင်းကို မ ယူလာပြီး ပြတင်းတွင်းသို့ ထိုး လိုက်ကြ၏။ မကြာမီ ပြတင်းပြန်ပိတ်သွားကာ နံရံမှာ အတိုင်း အကြားအစပ်မရှိ ပကတိဘည်နေ၏။

ဒေါက်တာ နှင်းမောင်က နံရံအခြားတစ်နေရာရှိ ခလုတ် ခုကို နှိပ်လိုက်ပြန်သည်။ ဤအကြိမ်တွင် ပြတင်း ပွင့်

www.burmeseclassic.com

www.burmeseclassic.com

လာရုံမက ပွင့်လာသောပြတင်းမှ အံဆွဲသေတ္တာတစ်လုံး ထွက်လာသည်။

ကိုကံထူးနှင့် အဖော်တို့က ထိုအံဆွဲသေတ္တာကို ဆွဲထုတ်မယူနိုင်မီ ဒေါက်တာနှင်းမောင်က မီးဖိုနားသွားရပ်နေသည်။

ကိုကံထူးနှင့် သူ့လူများက အံဆွဲသေတ္တာတွင်းမှ အရာတို့ကို မီးဖိုတွင်းသို့ သွန်ထည့်ကြသည်။

သေတ္တာတွင်းမှ အရာအားလုံး မီးဖိုတွင်းသို့ရောက်သောအခါ ဒေါက်တာနှင်းမောင်သည် ခလုတ်များကို တစ်ခုပြီးတစ်ခု နှိပ်၏။

ပထမ မီးဖိုဝတံခါးပိတ်သွားသည်။ ထိုနောက် တရှဲရှဲနှင့် အသံများကြားရ၏။ ဒေါက်တာ နှင်းမောင်သည် နောက်ဆုံးခလုတ်ကို နှိပ်လိုက်သောအခါ၌ကား ထိုအသံများလည်း ရပ်သွားပြီး မီးဖိုတွင်း၌ တိတ်ဆိတ်နေ၏။

ဒေါက်တာ နှင်းမောင်သည် မီးဖိုနားတွင် ဆက်ရပ်နေသော်လည်း ကိုကံထူးတို့က အံဆွဲသေတ္တာကို ကျောက်ရေကန်တစ်ခုဆီ သယ်ယူသွား၏။ အံဆွဲသေတ္တာကို ကျောက်ရေကန်တွင်းသည့်၍ ဆေးကြောပြီးသောအခါ နံရံရှိ ပြတင်းဝတွင်း ပြန်ထိုးသွင်းလိုက်သည်။ ပြတင်းပြန်ပိတ်သွား၍ နံရံသည် နံရံအတိုင်း ကျန်ရစ်သည်။

သူတို့ကိစ္စပြီးသွားသော ကိုကံထူးတို့က တန်းစီလျက် ငြိမ်သက်စွာ ရပ်နေကြ၏။



ဒေါက်တာနှင်းမောင်ကသာ မီးဖိုနားတွင် လက်ပတ်နာရီကို ငုံ့ကြည့်ရင်း စောင့်နေသည်။ အတန်ကြာမှ ခလုတ်တစ်ခုကို နှိပ်လိုက်သည်။

တွန်းအားအဟုန်နှင့် ရေစီးကျသွားသံကြားရပြီး ခဏ၌ မီးဖိုတံခါးလည်း ပြန်ပွင့်လာ၏။ မီးဖိုတွင်း၌ ပြာမှုန်ပြာစပင် မကျန်တော့။

အချိန်စုစုပေါင်းမှာ ဆယ့်ငါးမိနစ်ပင် မကြာ။

ဒေါက်တာနှင်းမောင်သည် ကိစ္စများအားလုံး ပြီးပြတ်သွားဟန် ခေါင်းညိတ်လျက်ပြုံးရင်း ကိုကံထူးအား လှမ်းကြည့်သည်။

ကျန်လူများက အခန်းတွင်းမှ ထွက်သွားနှင့်သည်။

ကိုကံထူးနှင့် ဒေါက်တာနှင်းမောင်တို့သည် အခန်းကို သေချာစွာ လှည့်ပတ်ကြည့်ရှုကြသည်။

အစစ စိတ်တိုင်းကျဟန်ရှိမှ ဒေါက်တာ နှင်းမောင်သည် ကိုကံထူး၏ပခုံးကို ပွေ့ဖက်လျက် အခန်းတွင်းမှ ထွက်လာခဲ့သည်။

မကြာမီပင် တစ်ခန်းလုံးသည် မည်းမည်းမှောင်လျက် ကျန်ရစ်သည်။

*

www.burmeseclassic.com

www.burmeseclassic.com

၈

ငွေနှင်းတို့ တိုးဝင်နေသော ဆောင်းလေသာ ပြတင်းဝ၌ သက်ပြင်းချရင်း မလေးသန့်သည်သာ ငိုင်ကာငေးဆဲ ရှိနေသည်။

ညဉ့်နက်လာသမျှ ငွေလမင်းက မြင့်တက်လာသည်။ ထိုအခါ သစ်ရိပ်တို့ ပိုမိုရှည်ထွက်လာသကဲ့သို့ ခြံတွင်းတစ်ဝိုက်မှာ ပို၍ ထွန်းလက်တောက်ပလာသည်။

အေးချမ်းသောည၊ တောက်ပသောည၊ လှပသော ညလည်း အမှန်ဖြစ်နေပါ၏။

လှပသောညသည် စိမ့်စိမ့်ချမ်းလျက် ငိုက်မျဉ်းဖွယ်လည်း အမှန်ကောင်းနေပါ၏။

မလေးသန့်က သက်ပြင်းနှင့်ရောကာ သမ်းဝေမိလိုက်သည့်ခဏ၌ အိမ်ကြီး၏နောက်ပိုင်းဆီမှ လူနှစ်ဦး ထွက်ပေါ်လာသည်။

သူတို့နှစ်ဦးက မလေးသန့်ရှိနေရာ ပြတင်းအောက် တည့်တည့် ပန်းခြံတွင်းရှိ ခုံတန်းရှည် တစ်ခုထက် ထိုင်လိုက်ကြသည်။

တစ်ယောက်က စီးကရက်ကို မီးညှိဖွာသည်။ အခြားတစ်ယောက်က တောင်းပန်ဟန် အေးချမ်းစွာဆိုသည်။

'ညဉ့်နက်ပါပြီကော ဆရာလေး၊ မအိပ်ချင်သေးဘူးလား'

သူက စီးကရက်ဖွာရင်း ရယ်မောလျက် စကားပြန်၏။



'ခင်ဗျားကလဲ မမသန့်လိုပဲ ကျွန်တော့်ကို စောစောသိပ်အိပ်စေချင်တာပဲလား၊ ဟုတ်လား ကိုကံထူး'

ကိုကံထူးက မဖြေ၊ သူကသာ အသာအယာ ဆက်ရယ်မောလိုက်ပြီး ဆိုပြန်၏။

'တစ်နေ့တော့ ကျွန်တော်တို့အားလုံး အိပ်ကြရမှာပါပဲ ကိုကံထူး၊ အဲဒီနေ့မတိုင်ခင် ရှင်သန် နိုးကြားနိုင်ခွင့်ရှိတုန်းဘာလို့ စောစော လဲလျောင်းချင်ကြရတာလဲဗျာ၊ ဟင်... ပြောစမ်းပါဦး'

ကိုကံထူးက လေအေးနှင့် စကားပြန်၏။

'ရှင်သန်နိုးကြားနေနိုင်ဖို့အတွက် နားနေမှုဟာ လိုပါတယ် ဆရာလေး၊ ဆရာလေးဟာ အခု သိပ်ပိန်နေပြီ၊ ဒီအတိုင်းဆက်သွားရင် နောက် လေးငါးနှစ်ဆို ဆရာလေးကိုယ်ပေါ်မှာ အသားမှတင်ကျန်ပါဦးမလား မသိဘူး'

'ဒါပေမယ့် ကိုကံထူး၊ နောက် လေးငါးနှစ်ဆိုရင် ကျွန်တော်တို့ လုပ်ငန်းကြီးလဲ ပြီးပါပြီ၊ ဘယ့်နှယ်လဲ'

'ဒါတော့ ဒါပေါ့ ဆရာလေးရယ်၊ ဒါပေမယ့် ဒီအတောအတွင်းမှာ ဆရာလေးရဲ့ ကျန်းမာရေး ပျက်ပြားမှာကို မလေးကလဲ မကြည့်ချင်ဘူး၊ ကျွန်တော်ကလဲ မကြည့်ချင်ဘူး၊ ဒီတော့ စောစောအိပ်နိုင်တဲ့အခါမှာ စောစော အိပ်စေလိုပါတယ်၊ ပြီးတော့ စီးကရက်ကိုလဲ နည်းနည်းလျှော့သောက်ပါ ဆရာလေး'

ကိုကံထူး၏စကား၌ ဟာသမပါဘဲ သူကမော်ရယ်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒီစကားကိုပြောလို့ ခင်ဗျားကို ကျေးဇူးတင်ပါတယ် ကိုကံထူး၊ ပြီးတော့ ခင်ဗျားကို ဒီစကားပြောဖို့ သင်ပေးလားတဲ့ ခင်ဗျားမမလေးကိုလဲ ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် ကျွန်တော် မအိပ်ချင်သေးဘူး ကိုကံထူးရယ်'

အပေါ်ထပ်မှနေ၍ သူတို့ပြောသမျှကို ကြားနေရသော မလေးသန့်သည် သူ၏ခနဲ့သောစကားကြောင့် အသာအယာ ပြုံးမိသည်။ သို့ရာတွင် မလေးသန့်၏ မိုက်ကန်းသောမောင် ယေသည် သူ့အစ်မ မျက်လုံးပြူးစေမည့် စကားတစ်ရပ်ကို ပြောပြန်ချေသည်။

'အိပ်တယ်ဆိုတာ အိမ်ထောင်ပြုတာလိုပဲ ကိုကံထူးရဲ့၊ မှတ်ထား၊ အိမ်ထောင်ပြုချိန်တန်ပြီဆို ထပြုလိုက်လို့ ရတာမျိုး မဟုတ်ဘူး၊ ပြုချင်မှပြုလို့ရတာ၊ ဒီလိုပဲ အိပ်ချိန်တန်ပြီဆို အိပ်လိုက်လို့ရတာ မဟုတ်ဘူး၊ အိပ်ချင်မှ အိပ်လို့ရတာ၊ ဒီတော့ အိမ်ထောင်ပြုချိန်တန်လျက်နဲ့ မမသန့် အိမ်ထောင်မပြုချင်သေးသလို အိပ်ချိန်တန်ပေမယ့် ကျွန်တော်လဲ မအိပ်ချင်သေးဘူး၊ အဲဒါကိုလဲ မမလေးကို ခင်ဗျား ပြန်ပြောပြပေးပါလား ကိုကံထူး'

သူက သူ့စကားကိုသူ ပြန်သဘောကျဟန် နှစ်နှစ်ခြိုက်ခြိုက် ရယ်နေခိုက် ကိုကံထူးက ငြိမ်နေ၏။ အပေါ်ထပ်မှ မလေးသန့်သည်သာ ရယ်ရခက် စိတ်ဆိုးရခက် ဖြစ်နေ၏။

ကိုကံထူး၏အသံ ပေါ်လာသည်။

'သူများကိုသာ ဝေဖန်နေတယ်၊ နို့ ဆရာလေးကကော ဘယ်တော့ အိမ်ထောင်ပြုမှာလဲ'



'ဗျာ...ကျွန်တော်က ဘယ်တော့အိမ်ထောင်ပြုမလဲ ဟုတ်လား၊ အိမ်ထောင်ဆိုတာကို ဘာပြုလို့ပြုရမှာလဲ'

'ဟော...လုပ်ပြီ၊ ဆရာလေးပဲ အစက ကျွန်တော့်ကို ရှင်းပြခဲ့တာပဲ၊ အိမ်ထောင်ပြုသူတွေမှာ သတ္တဗေဒအဓိပ္ပာယ်အရ သေခြင်းတရား မရှိဘူးဆိုတာလေ'

သူက အလွန်သဘောကျဟန် ဟက်ဟက်ပက်ပက် ရယ်သည်။

'ကိုကံထူးက မှတ်ဉာဏ် တယ်ကောင်းတာကိုး၊ ဟုတ်တယ်၊ မသေချင်ရင် အိမ်ထောင်ပြုရတယ်၊ ဒါထက် ကျွန်တော် ဘယ်သူ့ကို အိမ်ထောင်ပြုရမှာလဲ'

'ဟာ...ဒါတော့ ကျွန်တော် ဘယ်သိမလဲ ဆရာလေးရဲ့'

'မသိဘူး၊ နို့ ကိုကံထူးမှာ မိန်းမရှိသားပဲ၊ ဘယ်လိုလုပ် အိမ်ထောင်ပြုခဲ့သလဲ'

'ဟာ...ဒါတော့ ဆရာလေးရာ၊ ဒီလိုပဲ ချစ်ကြ ကြိုက်ကြတော့ နောက်...အဲ...အိမ်ထောင်ကျသွားတာပေါ့'

'အဲဒါ မေးတာပေါ့၊ ဒီမှာ ကိုကံထူး၊ ကျွန်တော် ဘယ်သူ့ကို ချစ်ရကြိုက်ရမလဲ'

'အဲဒီမေးခွန်းကို သာပြီးမဖြေနိုင်ဘူး ဆရာလေးရဲ့'

သူသည် တဟဲဟဲရယ်ရင်း နေရာမှထ၏။

'ခင်ဗျားမဖြေနိုင်တာကို ကျွန်တော်ဖြေပါမယ် ကိုကံထူး၊ ယော ဒီ ညကိုကြည့်စမ်း၊ လရောင် ကြယ်ရောင်မှာ ငွေရေးတွေ ...ပြီး ဘယ်လောက်လှပသလဲ၊ ကရုဏာ တရားသာ မှာတဲ့ မိန်းမသားတစ်ဦးရဲ့ မျက်လုံးပြာတွေလို ကြည်လင်

www.burmeseclassic.com

www.burmeseclassic.com

ရွှန်းသစ်ပြီး သန့်စင်နေတယ်၊ ဒီလောက် လှပတဲ့ ညအပေါ် သစ္စာဖောက် လျစ်လျူရှုပြီး အိပ်ပစ်လိုက်ရင် ကြယ်ပွင့်လေးတွေက မျက်ရည်ကျပြီး နှင်းမှုန်တွေက ကျိန်ဆဲကြလိမ့်မယ်၊ ဒီတော့ ရှင်သန်နိုးကြားနိုင်ဖို့အတွက် နားနေမှုလိုတဲ့ ကိုကံထူးအိမ်ပြန်ပြီး ခင်ဗျားဇနီးရဲ့ရင်ခွင်မှာ လျောင်းစက်ချေဦး၊ ကျွန်တော်တော့ ညကိုပဲချစ်ပြီး တယောထိုးနေလိုက်ဦးမယ်'

စကားအဆုံးတွင် သူကနေရာမှခွာသဖြင့် ကိုကံထူးလည်း လိုက်ပါသွား၏။

မလေးသန့်သည် ပြတင်းမှခွာ၍ ဖတ်လက်စ စာအုပ်ကို ဆက်မည်ဟု ကိုင်သည်။ သို့ရာတွင် စာဖတ်လိုစိတ် မရှိတော့ သဖြင့် ခုတင်ထက် လှဲကာ နားမိသည်။

ထိုစဉ် ညဥ့်သုံးယံတေးကို မြွေးမြွေးနွဲ့နွဲ့ တီးလေသော တယောသံက လေဝယ်ခိုစီး လွင့်ပါလာ၏။

တိတ်ဆိတ်ပြန့်ပြော၍ အေးချမ်းသော ဆောင်းညသည် နားနေမှုလိုသူတို့အား စက်ပျော်ရန် ဖမ်းညို့သကဲ့သို့ ရှိနေသည်။ လေးတွဲ့ညည်းညူသော တယောသံကလည်း ချော့သိပ်သကဲ့သို့ ရှိနေ၏။

ဝင်းမှေးသော မလေးသန့်၏ မျက်ဘောင်ကော့များသည် လေးပင်မှိတ်ကျသွား၏။

မေ့ခနဲဆင်ရသော်လည်း မည်မျှကြာအောင် အိပ်ပျော်သွားမိသည်မသိ၊ မလေးသန့် လန့်နိုးလာချိန်၌ ပြတင်းမှ



ဆောင်းလေသည် ခိုက်ခိုက်တုန်အောင်ချမ်းစေလျက် တိုးဝင်လာနေသည်။

မလေးသန့်သည် သွက်လက်စွာထလျက် အခန်းတွင်းမှ ထွက်ကာ တစ်ဖက်ဆောင်သို့ ကူးလာခဲ့၏။

အစ်ကိုကြီး၏အခန်းမှာ မီးများပိတ်လျက် ဆိတ်ငြိမ်နေပေပြီ။

ဒေါက်တာနှင်းမောင်၏ အိပ်ခန်းဆီမှာမူ မီးလင်းလျက် ရှိသေးသည်။

မလေးသန့်က လက်ပတ်နာရီကိုငုံ့ကြည့်မိ၏။ ညတစ်ချက် တီး ကျော်ပေပြီ။

စေ့ထားသော တံခါးကိုတွန်းလျက် မလေးသန့်သည် အခန်းတွင်းသို့ ဝင်လိုက်သည်။

နောက်လှန် ဆံလည်ကုလားထိုင်ထက်တွင် ထိုင်ရင်း ပက်လက်သားနှင့် ဒေါက်တာနှင်းမောင်သည် အိပ်ပျော်နေ၏။ ပေါင်ပေါ်တွင်မူ ဖတ်လက်စ ထူထဲသော ခန္ဓာ ကိစ္စ ဗေဒ စာအုပ်ကြီးတစ်အုပ်က စာမျက်နှာများ ပွင့်လျက်နှင့်ရှိနေ၏။

ပြတင်းမှ ဆောင်းလေတွင်မက နှင်းမှုန်တို့ပါတိုးဝင်လာနေသည်။ စားပွဲပေါ်မှ စာရွက်စာတမ်းများသည် လေကြောင့် တဖျပ်ဖျပ် လှုပ်ရှား အသံထွက်နေ၏။ မိုက်ကရိုစကုပ် တစ်လုံးသည်သာ ကျောက်ကြီးစွာနှင့် တည်ငြိမ်ရပ်နေသည်။

မလေးသန့်က ပြတင်းတံခါးများကို အသံမမြည်အောင် ညင်သာစွာပိတ်သည်။ ထို့နောက် သူ့ပေါင်ပေါ်မှ စာအုပ် ကြီးကိုအသာအယာဆွဲဖယ်လိုက်သည်။ ဆံလည်ကုလားထိုင်မှ

www.burmeseclassic.com

www.burmeseclassic.com



ဘီးကို ဖြည်းဖြည်းချင်း လှည့်ပေးလိုက်သောအခါ သူခေါင်းတင်ထားသော နောက်မှီသည် ရွေ့သည်ဆိုရုံ မသိမသာနှင့် နိမ့်ဆင်းကျလာ၏။ သက်သောင့်သက်သာနှင့် အိပ်နိုင်သော အနေအထားကျမှ ရပ်လိုက်သည်။

သူအိပ်မောကျနေစဉ် မလေးသန့် မနိုးရဲ။ နိုးလာလျှင် ပြန်အိပ်မည်မဟုတ်ဘဲ ဆက်အလုပ်လုပ်ဦးမည်။

သူ့ကိုယ်ပေါ်တွင် ညအိပ် ဖလန်နယ်ဝတ်ရုံကို ဆင်လျက်သားရှိကြောင်းတွေ့ရသဖြင့် မလေးသန့် ကျေနပ်မိသည်။

မလေးသန့်သည် သူနာပြုဆရာမတစ်ဦး၏သိမ်မွေ့သော ကျင်လည်ခြင်းနှင့် သူ့ရင်ဘတ်လုံအောင် စောင်ကိုခြုံပေးသည်။

မီးမှိတ်လိုက်သည့်တိုင်အောင် သူကမလှုပ်မယှက်ဆက်အိပ်ပျော်နေလေမှန်းသေချာမှ မလေးသန့်သည်ခြေဖျားထောက်လျက် အခန်းတွင်းမှ ထွက်လာခဲ့လေသတည်း။

* * *

# (၆)

## အမှုသည် နှမတစ်ဦး

ထ

နောက်တစ်နေ့နံနက်၌ လက်ဖက်ရည်ခန်းသို့ မလေးသန့်ဝင်သွားသောအခါ တစ်ယောက်တည်း အေးချမ်းငြိမ်သက်စွာ စားသောက်နေသော ဒေါက်တာ ဦးထွန်းအောင်ကို တွေ့ရသည်။

'ဟင်....အစ်ကိုကြီးတောင် လမ်းလျှောက်က ပြန်လာပြီသား၊ သန့် ဒီနေ့ အိပ်ရာထ နည်းနည်း နေမြင့်သွားတယ်'

'တစ်ခါတလေပဲ သန့်ရယ်၊ ခုမှ ခုနစ်နာရီ ရှိပါသေးတယ်၊ လာ....လာ....ထိုင်'

ခါတိုင်းဆိုလျှင် မလေးသန့်သည် နံနက်ခြောက်နာရီ၌ အမြဲထလေ့ရှိသည်။ ဒေါက်တာဦးထွန်းအောင်သည် မလေးသန့် အိပ်ရာမှထချိန်၌ တုတ်ကောက်တစ်ချောင်းနှင့် လမ်းလျှောက် ထွက်သွားတတ်သည်။ မလေးသန့်က နံနက် စောစောကို စိတ်တိုင်းကျပြင်ဆင်ပြီးချိန်၌ ဒေါက်တာဦးထွန်းအောင် ပြန်ရောက်လာလေ့ရှိသည်။ ထိုအခါ မလေးသန့်က

www.burmeseclassic.com

www.burmeseclassic.com

မောင်ငယ်ကိုသွားခေါ်လျက် မောင်နှမသုံးဦး အတူ စား
သောက်လေ့ ရှိသည်။

ညက အိပ်ရာဝင် နောက်ကျသောကြောင့် ယနေ့နံနက်၌
မလေးသန့် ဝတ္တရားမကျေပွန်ခြင်း ဖြစ်လေသည်။

'ဒါထက်....မောင်လေးကော အစ်ကိုကြီး'

မလေးသန့်က စားပွဲတွင်ဝင်မထိုင်သေးဘဲ မေး၏။

'ညီလေးက ဘယ်အချိန်က ထလဲမသိဘူး၊ အစ်ကိုကြီး
ထတော့ ကန်စောင်းမှာ အလုပ်များနေပြီလေ'

'အို .... စားသောက်လို့ကော ပြီးပြီလား၊ ခက်တာပဲ၊
မောင်လေးက သိပ်ခက်တာပဲ'

'သူ့ အလုပ် သွားမနှောင့်ယှက်နဲ့ဦး၊ ပြီးတော့မှ စား
သောက်စရာတွေ သွားပေးပေါ့၊ သန့် ခဏလာထိုင်ဦး၊
အစ်ကိုကြီး ပြောစရာတစ်ခုရှိလို့'

ဒေါက်တာဦးထွန်းအောင်က တည်ကြည်စွာပြောသဖြင့်
မလေးသန့်သည် စားပွဲ၌ဝင်ထိုင်ရင်း ကော်ဖီတစ်ခွက်ကို
စပ်ကာ စတင်သောက်သည်။

ဒေါက်တာ ဦးထွန်းအောင်က ငွေကလပ်ငယ်ထက်
ထောင်လျက် တင်ထားသော ကြက်ဥ ဟတ်ဘွိုင်ကို ဆား
ထည့်၍ ဇွန်းငယ်နှင့် မွှေနေ၏။

'ပြောလေ အစ်ကိုကြီး၊ သန့်ကို ဘာပြောမလို့လဲ'

ဦးထွန်းအောင်က နှမဖြစ်သူကို တစ်ချက်ကြည့်လိုက်ပြီး
တစ်လုံးချင်းဆို၏။



'ညက မင်းဆွေရယ်၊ တော်တော် စိတ်ထိခိုက်နေပုံရ
တယ်'

မလေးသန့်က သူ့ အစ်ကိုကြီးကို တစ်ချက်လှမ်းကြည့်၏။
ဦးထွန်းအောင်ကသာ တည်ကြည်စွာ ဆက်ဆိုသည်။

'သန့် မလာတာကို သူ ဝမ်းနည်းနေဟန်ရှိတယ်၊ အဲဒါ
ညက သူ တော်တော် လွန်အောင် ကျွံအောင် သောက်
တယ်'

မလေးသန့်က ဘာမျှ ပြန်မဖြေဘဲ မျက်လွှာ ချလျက်
ကော်ဖီကို ဆက်သောက်နေသည်။

'ပြန်ချိန်ကျတော့ သူ အတော် မူးနေပြီ၊ ကားပေါ်
အတက်မှာ ချော်လဲပြီး နဖူးကွဲသွားတယ်၊ ဒီနေ့ သူရုံးတက်
နိုင်ပါ့မလား မသိဘူး၊ အစ်ကိုကြီးက အဲဒါ ပြောပြချင်လို့
ပါ'

ဦးထွန်းအောင်သည် ထိုမျှသာပြော၍ ကြက်ဥကို အပြီး
သောက်ကာ နေရာမှထလျက် ထွက်ခွာသွား၏။

မလေးသန့်သာ ငိုင်ကျန်ရစ်၏။

အစ်ကိုကြီးသည် စကားနည်းသည်။ သူ့ တာဝန်ကိုသာ
သူကျေပွန်အောင် ထမ်းတတ်ပြီး ညီ ညီမများတို့၏ အရေး
များတွင် ဝင်မစွက်တတ်။

ကိုမင်းဆွေမှာ မိမိတို့၏ မိဘများမကွယ်လွန်ခင်ကတည်း
က မိမိနှင့်လူကြီးချင်း သဘောတူထားသူ ဖြစ်၏။ ထို့ကြောင့်
စကားနည်းသော အစ်ကိုကြီးက ဤမျှပြောသော်လည်း ဘယ်

www.burmeseclassic.com

www.burmeseclassic.com

အထိဆိုလိုမှန်းကို မလေးသန့်သည် အရိပ်ပြသဖြင့် အကော
ထင်ပါ၏။

မလေးသန့်သည် သက်ပြင်းရှိုက်လိုက်ပြီး ပေါင်မုန့်မီးကင
တစ်ချပ်ကို သွက်လက်စွာ ယောပတ်သုတ်၍ လျင်မြန်စွာစာ
သည်။ ကြက်ဥဘစ်လုံးကိုဖောက်ကာ နို့ တစ်ခွက်နှင့်အတ
မျှောချသောက်ပြီး စားပွဲသိုးကိုခေါ်လျက် စားသောက်ဖွယ
တို့ကို ငွေလင်ဝန်းတစ်ချပ်ထက် ပြင်ဆင်ခိုင်းသည်။ ကန
စောင်း၌ ခေါက်စားပွဲနှင့် ကုလားထိုင်နှစ်လုံး ထားရ
လည်း ဆက်အမိန့်ပေး၏။

စားသောက်ဖွယ်များကို အချောသပ် ဖြည့်စွက်စီ
ပြုပြင်ပြီးနောက် မလေးသန့်သည် ငွေလင်ပန်းကို ကိုယ်တို
သယ်၍ ကန်စောင်းသို့ ထွက်ခဲ့၏။

ကန်စောင်း၌ အဆင်သင့်ရှိနေသော စားပွဲထက် လ
ပန်းကိုတင်ထားပြီး မလေးသန့်သည် သူ့မောင် ရှိရာသ
လျှောက်လာခဲ့၏။

သူက ခါးလယ်မြုပ်သော ရေထဲ၌ အလုပ်ရှုပ်နေသည်
'ကြည့်စမ်း မောင်လေး၊ စောစောစီးစီး တစ်ကိုယ်လုံ
ရေတွေရွှဲကုန်ပြီ၊ အအေးမိဖျားရင် မမသန့် ဆေးခါးခါ
တမင်ဖျော်တိုက်မှာ ကြားလား'

မလေးသန့်က ရေစပ်မှ ခါးထောက်ရပ်ရင်း ဆူသည်
စကားနှင့်ဆူသော်လည်း မျက်နှာကမူ ပြုံးနေပါ၏။

သူက ရေထဲမှနေ၍ပြုံးရင်း ဝမ်းသာအားရ လှမ်
ပြော၏။



'မမသန့်ရေ…ရပြီ…ရပြီ၊ ဖြစ်ပြီ'

သူသည် ကလေးငယ်တစ်ယောက်ပမာ ရေကို တဝုန်း
ဝုန်း ဖြတ်လျက် မလေးသန့်ဆီ ပြေးလာ၏။

'ဘာလဲ၊ ဘာဖြစ်တာလဲ မောင်လေးရ'

မလေးသန့်မေးသည်ကို သူကမဖြေ။ မလေးသန့်၏ လက်
ကို ကိုင်လျက် ရေထဲဆွဲခေါ်သွား၏။

'နှင်းမောင်၊ မောင်လေး ဘာလုပ်တာလဲ၊ မမသန့်ကို
ရေတွေစိုကုန်ပြီ'

သူဆွဲခေါ်ရာနောက်သို့ ရေပြင်ကိုဖြတ်လျက် လိုက်ပါရ
သည် ဖြစ်သောကြောင့် မလေးသန့်၏ အောက်ပိုင်း တစ်ခု
လုံးမှာ အမှုန်ပင် ရေတို့ဖြင့် ရွှဲကုန်၏။

သူကမူ ဘာမျှပြန်မပြော။ သူပြလိုရာ၌သာ စိတ်စော
နေဟန်ရှိသည်။

'ဒီမှာကြည့် မမသန့်၊ မြင်လား၊ ဖြစ်ပြီ…ဖြစ်နေပြီ'

သူပြသောအရာတို့မှာ သာမန်အားဖြင့်မဆန်း။ ရေပြင်
ဝယ် ရှင်သန်ပေါက်နေကြသည့် ကြာပင်များသာ ဖြစ်သည်။
သို့ရာတွင် သတိထားကြည့်ရှုမည်ဆိုပါက ကြာပင်များသည်
သုံးစုသုံးအုပ်ကွဲလျက် သီးသန့်ပေါက်နေကြကြောင်း တွေ့ရ
ပေမည်။ တစ်စုမှာ ကန်၏အခြားနေရာတို့၌ပေါက်နေသော
ကြာများနှင့်အရွက်ချင်း ရွယ်တူဖြစ်သည်။ ကျန်တစ်စုမှ ကြာ
အရွက်များသည် ပထမအစုထက် နှစ်ဆခန့်ပိုကြီးနေသည်။

www.burmeseclassic.com

 www.burmeseclassic.com

သူက ထိုအစုနှစ်စုံမှ ကြာတစ်ပင်စီကို ဆွဲနုတ်လျက် ယှဉ်ပြသောအခါ ဒုတိယအစုမှ ကြာရိုးသည် ပထမအစုမှ ကြာရိုးထက် များစွာကြီးထွားနေကြောင်း တွေ့ရ၏။

'အယ်(လ်)ဂျီးပင်တွေ အတိုင်းပေါ့၊ ဟုတ်လား မောင်လေး'

'ဟုတ်ဘယ်၊ ဒါပေမယ့် သူတို့က ရေချိုပင်၊ ပြီးတော့ ဖလားဝါးရင်းပလန့်(တ်) (အပွင့်-ပွင့်ပင်တွေ)'

မလေးသန့်က နားလည်ကြောင်း ခေါင်းညိတ်ပြသည်။

'မမသန့်ကို ပြချင်တာက ဟောဒီမှာ'

သူက တတိယကြာစုကိုပြသည်။

ထိုအစု၌ ကြာပွင့်များရှိနေသည်။ အချို့ အပင်များမှာ ကြာဖူးကို အရင်းမှကပ်လျက် လှီးဖြတ်ထားသောကြောင့် ငုံးတိတိရှိနေကြ၏။ သူက ထိုငုံးတိတိအပင်များကြားမှ တစ်ပင်ကို နုတ်ယူပြသည်။ ထိုအပင်ထိပ်၌ ထွက်ပြူစ ကြာဖူးကလေးတစ်ဖူးရှိနေ၏။ ထိုအဖူးလေး၏အခြေတွင် အရေပွးတက်နေသော ဓားဒဏ်ရာရှိနေ၏။

'ဒီနားကဖြတ်ဘယ်၊ ဒီနားကဆေးထိုးတယ်၊ စမ်းသပ်ချိန် ဆယ့်ငါးရက်၊ အခုအဖူးသစ်ပြန်ငုံပြီ မမသန့်၊ အောင်ပြီဗျ၊ မောင်လေး အောင်ပြီ'

သူက ကလေးငယ်တစ်ယောက်ပမာ သူ့အစ်မ၏လက်ကို ဆွဲကိုင်လှုပ်ယမ်းနှုင်း အော်၏။

မလေးသန့်၏ မျက်နှာလေးသည်ပင် ထွန်းလက်သွားလျက် မျက်လုံးပြာများသည်း အရောင်တောက်လာ၏။



'ဟင်....ဒီလိုဆိုရင် ဟုတ်ပြီ၊ နေဦး မမသန့် အကြံရပြီ၊ အဲနီးမဲ(လ်) ဆဲ(လ်) (တိရစ္ဆာန်ကလာပ်စည်း)မှာ ရီပရိုဒက်ဘစ်(ဗ်) ဆဲ(လ်) (မျိုးဆက်ပွားများရေး ကလာပ်စည်း)က စကြရင် ဘယ့်နှယ်နေမလဲ'

ရုတ်တရက် သူသည် ပါးစပ်ဟကာ ငိုင်သွားသည်။ ထောတွင်မူ သူ့အစ်မ၏ ပခုံးကိုကိုင်လျက် ဝမ်းသာအားရ ဆို၏။

'ဟုတ်တယ်၊ မမသန့်ပြောတာ ဟုတ်တယ်၊ ကြည့်စမ်း.... မျိုးတွင်းဆက်ကို ကျွန်တော်ပြတ်နေတယ်၊ သိုင်းခရူ မမသန့်၊ သိုင်းခရူ'

သူသည် ယခုပင် ဓာတ်ခွဲခန်းတွင်းသို့ သွားစမ်းတော့ မည့်အလား ရေပြင်ကိုဖြတ်ကာ ကန်စပ်သို့ ပြေးတက်၏။ မလေးသန့်က သူ့နောက်မှပြေးလိုက်ရင်း အော်ရ၏။

'နေဦးလေ....မောင်လေး နေဦး၊ မမသန့် ပြောဦးမယ်'

သူက ကန်စပ်မှ ရပ်စောင့်သည်။

'ဘာလဲ မမသန့်ရ'

မလေးသန့်သည် သူ့လက်ကိုဆွဲကာ ခေါ်လျက် စားပွဲ၌ ထိုင်ခိုင်းသည်။

'ထိုင်....စားစရာရှိတာ စားဦး၊ ပြီးတော့မှလုပ်စရာရှိတာ ဆက်လုပ်'

သူက အသာပြုံး၍ သက်ပြင်းချပြီး သူ့အစ်မကျွေးမွေး သည်ကို စားသောက်၏။

www.burmeseclassic.com

www.burmeseclassic.com



စားသောက်ပြီးသော် မလေးသန့်က သူ့ကိုဆွဲခေါ်ခဲ့၍ ရေစိုနေသော အဝတ်အစားများကို လဲခိုင်းရသည်။

သူ့ကို ခုတင်ခွဲခန်းထဲအထိ လိုက်ပို့ပြီး မလေးသန့်က ဆို၏။

'ကဲ...လုပ်စရာရှိတာ လုပ်တော့၊ မမသန့် အပြင်ခဏ သွားဦးမယ်၊ ဆယ့်တစ်နာရီကျ ပြန်လာခဲ့မယ်၊ ဆယ့်နှစ် နာရီ တိတိကျ ထမင်းစားရမယ်နော်၊ ဒါပဲ'

*

ခ

မလေးသန့်သည် ရေမိုးချိုးအဝတ်အစားလဲသည်။ နံ့သာ ကို ပင်ကိုအလှ ပေါ်လွင်ရုံခြယ်၏။ အေးချမ်းတည်ငြိမ်၍ ကျက်သရေရှိသော အဝတ်တို့ဖြင့် တန်ဆာဆင်သည်။ နှစ်သက်သော နှင်းဆီဖြူတစ်ပွင့်ကို ခေါင်း၌ ဆင်ပြီးသောအခါ ဘားလမ်းရှိ ကိုမင်းဆွေ၏ရုံးခန်းသို့ လှမ်းတယ်လီဖုန်းဆက်သည်။ ကိုမင်းဆွေ၏ စက္ကေဘရီ ကလေးမက ယနေ့ ဝတ်လုံတော်ရ ဦးမင်းဆွေ ရုံးတက်မည် မဟုတ်ကြောင်း၊ အမှုသည်များကို လက်ထောက်ဝတ်လုံနှင့် လွှဲထားကြောင်း ရှိသေစွာ ပြန်ကြား၏။

မလေးသန့်သည် ဒရိုင်ဘာကို ကားအဆင်သင့် လုပ် ခိုင်း ထားပြီး ဆေးအိတ်ကို စစ်ဆေးပြင်ဆင်သည်။ မလေးသန့်



သည် ဒေါက်တာနှင်းမောင်၏ ခုတင်ခွဲခန်းတွင်သာအလုပ် များနေတတ်သော်သည်း တစ်ခါတစ်ရံ အလွန်ရင်းနှီးသော မိတ်ဆွေများကို လိုက်လံပြုစု ကုသပေးတတ်သည်။

အားလုံးပြီးစီးသောအခါ မလေးသန့်က ကိုဘိုးသောင် မောင်းသောကားနှင့် ဦးဝိစာရလမ်းရှိ ကိုမင်းဆွေ၏အိမ်သို့ ထွက်ခွာလာခဲ့သည်။

ကိုမင်းဆွေကို မလေးသန့်က သူ့စာကြည့်ခန်းထဲ၌ တွေ့ သည်။

မလေးသန့်ဝင်လာသည့်အတွက် ကိုမင်းဆွေမှာထိတ်လန့် တကြား ဖြစ်သွား၏။ ဖြစ်မည်ဆိုလည်း ဖြစ်ထိုက်သည်။

သူ့ခေါင်းဝယ် လျှော့ရဲလျှက် ပြေစဖြစ်သော ပတ်တီးကို ဆင်ထား၏။ ပတ်တီးဖြူ၌ သွေးစွန်းသွေးကွက်များကို မြင် ရ၏။

သူ့ရှေ့စားပွဲပေါ်၌ ဝီစကီ တစ်ပုလင်းရှိနေသကဲ့သို့ သူ့ လက်တွင်း၌လည်း သောက်လက်စ မကုန်သေးသောအရက် ဖန်ခွက်ကို ဆုပ်ကိုင်လျက်ရှိနေ၏။

'ကြည့်စမ်း...သန့်က မပြောမဆိုနဲ့ ပေါ်လာတာကိုး'

မလေးသန့်က တည်ကြည်မှု မပျက်သော ညှို့နန်းမြသော အပြုံးနှင့် စကားပြန်သည်။

'ဘာကြောင့် ဒီလိုဆိုးရတာလဲ ကိုမင်းဆွေ'

'သန့်က ဘာကိုဆိုးတယ်လို့ ဆိုလိုတာလဲ'

'အရက်ကို မူးဖို့သောက်တာဟာ မကောင်းဘူး၊ မူး အောင် သောက်တာက ပိုမကောင်းဘူး၊ မမူးဒက်ကြောင့်

www.burmeseclassic.com

www.burmeseclassic.com



နာလန်ပြန်ထအောင် မနက်မှာ ဆက်သောက်တာက အဆိုးဆုံး၊ သန့်ပြောတာကို နားလည်ရဲ့လား'

ကိုမင်းဆွေသည် အရက်ခွက်ကိုချလိုက်ပြီး ပြန်မေး၏။

'သန့်...ကိုမင်းဆွေ အပြစ်တင်ဖို့ ရောက်လာတာလား'

ကိုမင်းဆွေ၏ ခနဲ့စကားကို မလေးသန့်က ညင်သာသော အပြုံးနှင့် တုံ့ပြန်လျက် ဆေးအိတ်ကို ညွှန်ပြသည်။

'သန့် ဒီကိုလာတာ ဒဏ်ရာကို ဆေးထည့်ပေးဖို့လာတာ'

သူက မဲ့ပြုံး မသည်တမည် ပြုံး၏။

'ကိုမင်းဆွေ ဒဏ်ရာကို ဆေးထည့်ပေးချင်ရင် ခေါင်းက ဒဏ်ရာအတွက်တော့ မလိုပါဘူး သန့်ရာ၊ သန့် ကိုမင်းဆွေကို တကယ်သနားရင် ဆေးကုပေးစရာက တစ်နေရာပါ'

'ဟိုး...ဆရာကြီး၊ ဆရာဝန်မကို လူနာက ဟိုစကား ဒီစကား မပြောရဘူး'

ကိုမင်းဆွေက ဆင်ခြေဟက်ရန် နှုတ်ခမ်းပြင်သည်။ သို့ရာတွင် မလေးသန့်က စားပွဲပေါ်ရှိလူခေါ်ဘဲ(လ်)ကို နှိပ်လိုက်သောကြောင့် အိမ်ဖော်လုလင်တစ်ဦး ဝင်လာ၏။

'ငါ့မောင်ရေ ... ရေနွေးဆူပြီးသား ပူပူ အဆင်သင့် ရမလား'

'ရပါတယ် မမ'

'ဒါဖြင့် ရေနွေးရယ်၊ ရေအေးရယ်၊ ဇလုံနှစ်လုံးရယ် ယူလာခဲ့၊ ကြားလား'

'ဟုတ်ကဲ့ မမ'



လုလင် ပြန်ထွက်သွား၏။

မလေးသန့်က ပတ်တီးကိုဖြေ၍ ဒဏ်ရာကိုစစ်ဆေးကြည့်ရှုသောအခါ သူက ငြိမ်နေသည်။

ဒဏ်ရာမှာ နှစ်လက်မခန့်ရှည်သည်။ ထက်သော စောင်းရှိသည့် အရာဝတ္ထုတစ်ခုခုနှင့် ထိခိုက်မိထားဟန်တူ၏။

'ဖြစ်ရလေ ကိုမင်းဆွေရယ်၊ ဒီလောက်တောင်မူးအောင် သောက်ရသတဲ့လား'

မလေးသန့်က ညင်သာစွာ အပြစ်တင်၏။

'ပြီးတော့လဲ ဘယ်မှာဆေးထည့်သလဲ၊ ဒဏ်ရာဘေးက ဆံပင်တွေလဲ မရိတ်ဘူး၊ အိမ်မှာတင်ပဲ ပြီးသလို ဖြစ်ကတတ်ထည့်ထားတယ် ထင်တယ်၊ ဟုတ်လား'

'ဟုတ်တယ်သန့်၊ ညက မူးမူးနဲ့ဆိုတော့ သိပ်မများဘူး ထင်တာ၊ အခုမနက် ခဏနားပြီး အစ်ကိုကြီးဆီသွား ဆေးထည့်မလို့ပဲ'

အိမ်ဖော်လုလင်က ရေနွေးဇလုံများနှင့် ရောက်လာသည်။

မလေးသန့်က ဒဏ်ရာတစ်ဝိုက်ရှိ ဆံပင်များကို ရိတ်ကာ သန့်စင်စေပြီး ဆေးထည့်ပေး၍ ပတ်တီးသစ်နှင့် စနစ်တကျ ပြန်စည်းပေးသည်။

ကိစ္စပြီးပြတ်သောအခါ မလေးသန့်က သူနှင့် မျက်နှာချင်းဆိုင်ရှိ ကုလားထိုင်တစ်လုံးပေါ်တွင် ထိုင်လျက် သူ့ကို အေးချမ်းစွာ ပြုံးကြည့်၏။ သူကမူ မပြုံးမရယ် မလှုပ်မရှား ရှိနေ၏။

'ကိုမင်းဆွေ သန့်ကိုစိတ်ဆိုးနေသလား'

www.burmeseclassic.com

www.burmeseclassic.com

ထိုအခါမှ သူလှုပ်ရှားလာ၏။

'သန့်ကို ဘယ်တုန်းကမှ ကိုမင်းဆွေ စိတ်မဆိုးဝံ့ခဲ့ဖူးပါဘူး'

သူ့စကားကြောင့် မလေးသန့်မှာ ပြုံးမိသွားပြန်သည်။

'ဒါဖြင့်ရင် စိတ်ကောက်နေသလား၊ ဟုတ်လား'

သူက ဝင်ပန်းစွာသက်ပြင်းရှူလိုက်၏။

'စိတ်လဲ မကောက်ဝံ့ပါဘူး သန့်၊ ဒါပေမယ့် စိတ်မကောင်းတော့ ဖြစ်မိတယ်၊ ညက ပါတီကို သန့်ဘာလို့မလာသလဲ'

'သန့် ပါတီတွေ ဘာတွေကိုတက်ဖို့ ဝါသနာမပါတာ ကိုမင်းဆွေသိသားပဲ၊ ပြီးတော့ သန့်မှာ အားလပ်ခွင့်နည်းပါတယ် ကိုမင်းဆွေ၊ ဒါကို ကိုမင်းဆွေ ကောင်းကောင်းသိပါတယ်'

သူက အသာပြုံး၏။ ခနဲ့သော အပြုံးဖြစ်သည်။

'စကားပုံ အဟောင်းကိုပဲ ပြောရလိမ့်မယ် ထင်တယ် သန့်၊ မလာချင်တော့ ခရီးကဝေးပြီပေါ့'

'ဒါပေမယ့် ကိုမင်းဆွေ့ ဒဏ်ရာရမှန်းသိတော့ အခု သန့်လာခဲ့တယ် မဟုတ်လား ကိုမင်းဆွေရယ်'

မလေးသန့်၏ မှန်ကန်သော စကားကြောင့် သူ ရုတ်တရက် ပြန်မချေနိုင်။ ခေါင်းကိုသာ စိတ်ပျက်စွာခါလိုက်ပြီး....

'သန့်ကို ကိုမင်းဆွေ နားမလည်ဘူး'

ဟု ညည်းညူသည်။



'သန့်ကို ဘာလို့ နားမလည်နိုင်ရတာလဲ ကိုမင်းဆွေရယ်၊ သန့်စေတနာက ရှင်းပါတယ်၊ ကိုမင်းဆွေဟာ သန့်နဲ့ငယ်စဉ်ကတည်းက ခင်မင်ခဲ့တဲ့သူငယ်ချင်းပဲ၊ သန့်ဘဝမှာ ကိုမင်းဆွေဟာ တတိယအချစ်ဆုံးလူတစ်ယောက် ပါ၊ ဒါပေမယ့် လူကြီးတွေရဲ့ ဆန္ဒနဲ့ ကိုမင်းဆွေ တောင့်တတဲ့အတိုင်း သန့် စိတ်မထားနိုင်တာကိုတော့ ခွင့်လွှတ်ပါ'

သူက ဝမ်းနည်းပြုံးလော၊ မခံချင်ပြုံးလော မခွဲခြားနိုင်သော အပြုံးကို ပြုံး၏။

'အဲဒါကိုပဲ ကိုမင်းဆွေ နားမလည်တာ သန့်၊ သန့်ဟာ ဆရာဝန်မကြီးတစ်ဦးပါ၊ ဒါပေမယ့် ဘာဖြစ်လို့လူ့သဘာဝကို ဆန့်ကျင်ချင်ရတာလဲ'

မလေးသန့်က မျက်လုံးလေးပြူးလျက် သူ့ကို ကြည့်သည်။

'ဘာရယ်၊ သန့်က လူ့သဘာဝကို ဆန့်ကျင်တယ် ဟုတ်လား၊ လူ့သဘာဝဆိုတာကို ကိုမင်းဆွေက ဘယ်လို နားလည်ထားလို့လဲ'

'အိမ်ချင်ယောင်ဆောင်နေတဲ့ သန့်ကို ကိုမင်းဆွေ အရှုံးရက်ပါတယ်'

'သန့်ဘယ်တော့မှ အိမ်ချင်ယောင်ဆောင်တတ်သူမဟုတ်ပါဘူး ကိုမင်းဆွေ'

'ဒီစကားကြားရတာ ကိုမင်းဆွေ ဝမ်းသာလှပါတယ်၊ ဒီတော့ ကိုမင်းဆွေဆက်ရှင်းပြပါ့မယ်၊ သန့်ဟာ ဆရာဝန်မကြီးတစ်ဦးဖြစ်တာတော့ မှန်ပါတယ်၊ အစ်ကိုကြီးရဲ့ နှင်း

www.burmeseclassic.com

www.burmeseclassic.com


မောင်အပေါ် သံယောဇဉ်ကြီးတာလဲ ကြီးတာပေါ့၊ ဒါပေ မယ့် ဝေဿန္တရာဇာတ်က မဒ္ဒီဒေဝီရဲ့ စကားကို သန့် သတိ ထားစေလိုတယ်၊ ဆိပ်ကမ်းကျွန်းသောင် ရှိလင့်ကစား ရေ မရှိသော မြစ်သည် အချည်းနှီးတည်း ဆိုတာလေ၊ ကိုမင်း ဆွေ ဆိုလိုတဲ့ လူ့သဘာဝက ဒါပါပဲ၊ သန့်ဆိုတဲ့ ဘဝမြစ် မြင်ကို ကိုမင်းဆွေရဲ့ မေတ္တာရေစင်နဲ့ ပြည့်စေချင်တယ်'

မလေးသန့်သည် ထုံးစံအတိုင်း အေးချမ်းစွာ ပြုံးသည်။

'ကိုမင်းဆွေရဲ့ စေတနာကို ကျေးဇူးတင်ပါတယ်၊ ဒါပေ မယ့် သန့်တစ်ခုမေးမယ်၊ မေတ္တာဆိုတာ လင်ရယ်၊ မယားရယ် ပေါင်းကြမှ ထားလို့ရသလား၊ လင်နဲ့မယားကို ဖွဲ့ နှောင်ထားတဲ့ တရားဟာလဲ မေတ္တာလို့ ဘာကြောင့် ခေါ် ဆိုနိုင်သလဲဟင်....'

'ကိုမင်းဆွေရဲ့မေတ္တာကို သန့်ဒီလိုအထင်သေးတဲ့အတွက် ဝမ်းနည်းမိတယ်၊ သန့်က သန့်ရဲ့ မောင်ဖွားတွေရဲ့ သံယော ဇဉ်ကိုမှ မေတ္တာလို့ တန်ဖိုးထားသူကိုး'

သူ့အသံ၌ မခံချင်မှုနှင့် ခနဲ့ဟန်တို့ သိသိသာသာ ပေါ် လွင်နေ၏။ ပြုံးနေသော မလေးသန့်၏ မျက်နှာလေးသည် မသိမသာ တည်ကြည်သွားသည်။

'သံယောဇဉ်တွေကို မေတ္တာလို့ သန့်မခေါ်ဆိုချင်ပါဘူး၊ ခေါ်ဆိုဖို့လဲမသိုက်ပါဘူး၊ ဒါပေမယ့် ကိုမင်းဆွေပြောတဲ့ လူ့သဘာဝနဲ့ ပတ်သက်ပြီးတော့ သန့်လဲ သန့် ရှုထောင့် ကနေ သန့်ရှင်းပြချင်တယ်၊ ကိုမင်းဆွေက ဝေဿန္တရာဇာတ်က မဒ္ဒီဒေဝီရဲ့စကားနဲ့ ကိုင်ပေါက်တော့ သန့်က တခြား ဘုရားဟော ပါဠိကို ကိုးကားရတော့မှာပဲ ကိုမင်းဆွေ'

ကိုမင်းဆွေက မလေးသန့်ကိုအံ့ဩဟန်မျက်မှောင်ကြုတ်၍ ကြည့်သည်။ မလေးသန့်ကသာ မပြုံးမဲ့ဘည် ကြည်ကြည် လေးဖြင့် နလေးနက်စွာ တစ်လုံးချင်း ပြောပြသည်။

'သန့် ကိုးကားမယ့် ဇာတ်နာမည်ကတော့ ဥစ္ဆင်္ဂဇာတ်တဲ့၊ တစ်ခါတုန်းက ပစ္စည်းလုယက်ပြီးထွက်ပြေးတဲ့ ခိုးသား တစ် သိုက်ဟာ ဘုရင့်တပ်မတော်တွေရဲ့ ထက်ကြပ်မကွာ လိုက် ခြင်းကို ခံရသတဲ့၊ ပြေးလို့မလွတ်မှန်းသိတဲ့အချိန်မှာ ခိုးသား တွေဟာ ပစ္စည်းတွေကို လယ်ထွန်ယောက်ျားသုံးဦး ထွန် ယက်နေတဲ့ အနီးအနားမှာ ချထားခဲ့ပြီး ကိုယ်လွတ် ရုန်း ရှောင်တိမ်း ပြေးကြသတဲ့၊ ဘုရင့်တပ်မတော်တွေ ရောက် လာတဲ့ အချိန်အခါမှာ ခိုးရာပါပစ္စည်းတွေကို တွေ့တော့ အနီးအနားမှာရှိတဲ့ လယ်ထွန်ယောက်ျားသုံးဦးကို ခိုးသား တွေပဲဆိုပြီး ဖမ်းခေါ်သွားကြသတဲ့၊ သန့်ပြောတာ ရှင်းပါ့ တယ်နော်'

'သန့်က ပုံပြောအကောင်းတော့ ရှင်းပါတယ်၊ ဒါပေမယ့် ဘာရည်ရွယ်ချက်နဲ့ ဒီပုံကို ပြောရတာလဲ'

'ဆုံးအောင်နားထောင်ပါဦး ကိုမင်းဆွေ၊ ပေါ်လာမှာ ပေါ့၊ အဲဒါနဲ့ လယ်ထွန်ယောက်ျား သုံးဦးဟာ အချုပ်ထဲ ရောက်ပြီး သေခြင်းကို စောင့်နေကြတော့ပေါ့၊ ဒီတုန်းက ရှင်ဘုရင်ဟာ ညီလာခံဝင်နေဆဲ မိန်းမတစ်ဦးဟာ နန်း ဆောင်ကို ပတ်ပတ်လည် လှည့်ပြေးပြီး ထဘီပေးပါ ထဘီ

www.burmeseclassic.com

www.burmeseclassic.com



ပေးပါလို့ အော်သတဲ့၊ ဒီတော့ မိန်းမသားတို့ အရှက်ကို အရေးထားရတဲ့ ဓမ္မတာမို့ ဘုရင်ကြီးက မင်းချင်းတွေကို မိန်းမဆီ ထဘီတွေ ပို့စေသတဲ့၊ ဒီမိန်းမက ပို့လာတဲ့ ထဘီတွေကို မယူဘဲ နန်းတော်လှည့်ပတ်ပြီး ထဘီပေးပါ၊ ထဘီပေးပါနဲ့ ဆက်အော်မြဲ အော်နေသတဲ့'

ကိုမင်းဆွေ၏မျက်နှာ၌ အပြုံးရိပ်ပေါ်လာပြီး....

'ဟာ....သန့်ပုံကလဲ ကြံကြံဖန်ဖန်'

ဟု ဆိုသည်။

'ပုံမဟုတ်ဘူး ကိုမင်းဆွေ၊ ဘုရားဟောဇာတ်'

'ကဲပါဗျာ... ဆက်ပြောပါ'

'ဒါနဲ့ ဘုရင်ကြီးဟာ ထူးဆန်းတဲ့ ဒီမိန်းမကို ရှေ့တော်သွင်းစေပြီး စုံစမ်းသတဲ့၊ ဒီအခါမှာ အဲဒီမိန်းမက သူ့မှာ ခါးဝတ်တဲ့ထဘီတော့ ရှိပါတယ်၊ ဒါပေမယ့် ထဘီဆိုတာဟာ မိန်းမသားတစ်ဦးရဲ့ အရှက်ကို အပေါ်ယံ အဖြစ်သာ ကာကွယ်နိုင်တယ်၊ မိန်းမသားတစ်ဦးရဲ့ အရှက်နဲ့တကွ ဂုဏ်ကို စစ်စစ်မှန်မှန် ခိုင်ခိုင်မြဲမြဲ အကာအကွယ် တကယ်ပေးနိုင်တာက လင်၊ သားနဲ့ မောင်သာဖြစ်တယ်၊ အခု သူ့လင်၊ သူ့သားနဲ့ သူ့မောင်ကို ဘုရင့်တပ်သားတွေက ခိုးသူတွေလို့ စွပ်စွဲပြီး ဖမ်းဆီး ချုပ်နှောင်ထားတယ်၊ ဒီအခါမှာ သူ့အတွက် ထဘီမဲ့တဲ့အဖြစ်မျိုး ရောက်နေပါတယ်လို့ လျှောက်ထားသတဲ့၊ အဲဒီ လျှောက်ထားပုံအရဆိုရင် စောစောက ကိုမင်းဆွေ ကိုးကားတဲ့ မဒ္ဒီဒေဝီရဲ့ စကားဟာ တစ်ဝက်တစ်ပျက်တော့ မှန်ဘယ်ပေါ့လေ'

မလေးသန့်က ပြုံး၍ မှတ်ချက်ချသဖြင့် ကိုမင်းဆွေမှာ ဖြေစရာမရှိဘဲ ငြိမ်နေ၏။

မလေးသန့်က ပုံကိုဆက်ပြောသည်။

'ဒီတော့ ဘုရင်ကြီးဟာ အဲဒီမိန်းမရဲ့ ပညာသားပါတဲ့ စကားကို နှစ်သက်လေးစားပြီး ခွင့်တစ်ခုပြုတယ်၊ သူခွင့်ပြုတာက သုံးယောက်စလုံးကိုတော့ မလွှတ်နိုင်ဘူး၊ ဒီသုံးယောက်အနက်က အချစ်ဆုံး လူတစ်ဦးကိုသာ နုတ်ယူခွင့်ပေးမယ်တဲ့၊ ဒီမိန်းမဟာ ဘယ်သူ့ကိုရွေးတယ်ထင်သလဲ ကိုမင်းဆွေ'

ကိုမင်းဆွေသည် ရုတ်တရက်မဖြေနိုင်ဘဲ စဉ်းစားနေပြီးနောက် ပြုံးလျက်ဆိုသည်။

'လင်ကိုသာ ရွေးမှာပေါ့ သန့်ရ....'

မလေးသန့်ကလည်း သဘောကျစွာ ပြုံးသည်။

'မဟုတ်ဘူး ကိုမင်းဆွေ၊ အဲဒီမိန်းမဟာ မောင်ကိုသာ ရွေးသတဲ့'

'ဘာ....သန့်၊ မောင်ကိုရွေးသတဲ့'

'ဟုတ်တယ်၊ မောင်ကိုရွေးတယ်၊ ကိုမင်းဆွေ သတိထားမိတာ အဲဒီမိန်းမမှာ အမေရော အဖေရော မရှိတော့ဘူး'

မလေးသန့်က အဓိပ္ပာယ်ပြည့်ဝစွာဖြင့် ကိုမင်းဆွေ၏ မျက်လုံးများကို စိုက်ကြည့်သည်။ သူက မသိမသာ အံကြိတ်ထား၏။

'အဲဒီမိန်းမ ဖြေတဲ့စကားဟာ မှတ်သားဖွယ် ကောင်းလွန်းလို့ သန့် အလွတ်ကျက်ထားတယ်၊ ရွတ်ပြမယ်နော်'

www.burmeseclassic.com

www.burmeseclassic.com

ဥစ္စင်္ဂေ ဒေဝ မေ ပုတ္တော၊
ပထေ ဇာဝတ္တိယာ ပတိ။
တဉ္စဒေသံ နပဿာမိ၊
ယတော သောဒရိယ မာနယေ။

ဒေဝ၊ အရှင်မင်းကြီး။ မေ၊ ကျွန်မအား၊ ဥစ္စင်္ဂေ၊ ခါးပိုက်ထဲ၌။ ပုတ္တော၊ သားကိုရနိုင်၏။ ပထေ ဇာဝတ္တိယာ၊ လမ်းခပါ လျှောက်ပြေးသော ကျွန်မအား။ ပတိ၊ လင်ကိုရနိုင်ပါ၏။ ယတော သောဒရိယ မာနယေ၊ အကြင်အရပ်မှ တစ်အူထုံ့ ဆင်း မောင်အရင်းကို ရနိုင်၏။ တဉ္စဒေသံ နပဿာမိ၊ ထိုအရပ်ကို ကျွန်မ မတွေ့မမြင်ပါ။

'တဲ့၊ အဓိပ္ပာယ်က ရှင်းပါတယ် ထင်တယ်နော် ကိုမင်းဆွေ၊ မိန်းမတစ်ယောက်အတွက် လင်ကို အချိန်မရွေး၊ နေရာမရွေး ရနိုင်တယ်၊ လင်ရရင် သားရဖို့ဟာ ဘာမှ ခက်ခဲတော့တာ မဟုတ်ဘူး၊ မိဘနှစ်ပါး မရှိတော့တဲ့ နောက်မှာ မောင်တို့ အစ်ကိုတို့ဆိုတာတော့ နောက်ထပ် ဘယ်လိုမှ မရနိုင်တော့ဘူးတဲ့'

ဝက်လုံတော်ရမင်းသည် ခေါင်းငိုက်စိုက် ကျသွား၏။ ခေါင်းပြန်မော့လိုက်သောအခါ၌ မခံချင်မှုကြောင့် သူ့မျက်နှာမှာ တင်းနေသကဲ့သို့ အရှက်ကြောင့် ပါးများရဲနေသည်။



'သန့်က သိပ်စကားတတ်တယ်၊ ဆရာဝန်မလုပ်ဘဲ ဝက်လုံတော်ရလုပ်ဖို့ကောင်းတယ်၊ တစ်ခုတော့ ဆင်ခြေတက်ထိုက်ချင်တယ်'

မလေးသန့်က ပြုံး၍သာ သူ့ကိုကြည့်သည်။ သူက ရုတ်တရက် စကားဆက်မဆိုသောအခါ မလေးသန့်က တိုက်တွန်း၏။

'ပြောလေ ကိုမင်းဆွေ၊ ဘာဆင်ခြေပေးမလဲ'

သူက နှုတ်ခမ်းကိုတွန့်၍ ပြုံးသည်။

'သန့် အခုန ကိုးကားသွားတဲ့စာထဲမှာ တစ်အူထုံ့ ဆင်းမောင်အရင်းဆိုတဲ့စကားကို ကိုမင်းဆွေ သတိထားလိုက်မိတယ်၊ အစ်ကိုကြီးအတွက်တော့ ထားပါတော့၊ သန့်ရဲ့ ချစ်မှာသော မောင်ဆိုတဲ့ မြေကြီးပေါ်က ကောက်ရခဲ့တဲ့ နှင်းမောင်လို မောင်မျိုးကတော့ အချိန်မရွေး အစားရှာရပါတယ်'

ပြုံးနေသော မလေးသန့်၏ မျက်နှာလေးသည် ရုတ်တရက် တည်ကြည်သွားသည်။ တည်ကြည်သွားရုံမက မယုံနိုင်စွယ် တင်းမာခက်ထန်သွား၏။ ပြာလွင်အေးမြသောမျက်လုံးကြည်များမှလည်း စူးရှ အရောင်တောက် သွားသည်။

မလေးသန့်သည် ပေါက်ကွဲသော ဒေါသဖြင့် အော်သည်။

'ရှင် ဘာစကားပြောလိုက်တာလဲ ကိုမင်းဆွေ'

ကိုမင်းဆွေက နိုင်ကွက်ကိုမိလိုက်သော တရားခံဘက်မှ အမှုလိုက်ရှေ့နေ၏ ဟန်နှင့်ရယ်သည်။

www.burmeseclassic.com

www.burmeseclassic.com



‘ကိုမင်းဆွေ အမှန်ကိုပြောလိုက်တာပဲ၊ သန့် စိတ်ဆိုးသွားတယ်ဆိုရင် ကိုမင်းဆွေ တောင်းပန်ပါတယ်’

မလေးသန့်သည် ဒေါသကိုချုပ်တည်းဟန် အောက်နှုတ်ခမ်းကို အပေါ်သွားဖြင့် ခဲထားသည်။ ခဏအကြာတွင် ပြန်လည်တည်ငြိမ်လာ၍ အေးဆေးစွာ နေရာမှထသည်။

‘ဒီဇာတ်ဟောင်းကို ပြန်ဖော်ပြီး ဒီစကားကို ပြောရက်တဲ့ ကိုမင်းဆွေရဲ့ အသည်းနှလုံးကို သန့်အံ့ဩတယ်၊ သန့်အံ့ဩမိတယ်၊ သိလား ကိုမင်းဆွေ’

မလေးသန့်သည် တုန်ယင်လာသောအသံကို ထိန်းလိုဟန် စကားကို ရပ်ပစ်လိုက်၏။

ကိုမင်းဆွေကသာ တဟဲဟဲရယ်ရင်း ပြောသည်။

‘သန့် ဒီနေ့ပြောပြတဲ့ပုံဟာ သိပ်ကောင်းပါတယ်၊ ကိုမင်းဆွေ မှတ်ထားပါ့မယ်၊ ပြီးတော့ သန့် မှတ်ထားစေလိုတဲ့ စကားတစ်ခွန်းလဲ ပြောလိုက်ပါရစေ၊ သန့်ရဲ့အစ်ကိုနဲ့ အဲ....မောင့်ကိုချစ်ပါလေ....ချစ်ပါ၊ ဒါပေမယ့် တစ်နေ့ သူတို့ မပေးနိုင်တဲ့ အကူအညီမျိုး လိုရင်သာ သန့်တစ်ယောက် ကိုမင်းဆွေကို မမေ့ပါနဲ့လို့ မှာလိုက်ချင်တယ်’

မလေးသန့်သည် သူ့ကို တစ်စုံတစ်ခု ပြန်ပြောမည်ပြုသည်။ သို့ရာတွင် အိမ်ဖော်လုလင်က အခန်းဝ၌ ပေါ်လာသည်။

‘ဆရာ....အိမ်ရှေ့မှာ အမှုသည်တွေ ရောက်နေတယ်’

ကိုမင်းဆွေသည် လုလင်ကို ခက်မာစွာ အော်၏။



‘ငါ ဒီနေ့ ရုံးတောင်မတက်ဘူး၊ ဘယ်အမှုသည်မှ မတွေ့ချင်ဘူး၊ မောင်းထုတ်လိုက်’

လုလင်သည် ဆုတ်ဆိုင်း ဆုတ်ဆိုင်း ဖြစ်သွားပြီး မဝံ့မရဲနှင့် အစီရင်ခံ၏။

‘မောင်း....မောင်းထုတ်လို့ မရဘူးဆရာ၊ အမှုသည် မိန်းကလေးက ဟို....နွဲ့....နွဲ့နွဲ့ဇင်တဲ့၊ နယ်လီဇင်လို့လဲ ခေါ်တယ်တဲ့၊ ဆရာ့ကို ဘိ....ဘိလပ်ကတည်းက သိဘယ်တဲ့၊ ပြီး....ပြီးတော့ ကိုသိန်းဇံကြီးလဲ ပါလာတယ်’

လုလင်၏စကားကြောင့် ကိုမင်းဆွေသည် သိသိသာသာ တုန်လှုပ်သွား၏။

သူက မလေးသန့်ဘို လှမ်းကြည့်သည်။ မလေးသန့်က ဆေးအိတ်ကို ကောက်ဆွဲယူကာ သူ့ကို ပြုံးနှုတ်ဆက်ပြီး အခန်းတွင်းမှ ထွက်ခွာသွား၏။

အိမ်၏အထွက်၌ မလေးသန့်သည် လူနှစ်ဦးကို ဝင်တိုက်မိလုမတတ် ဖြစ်သွားသည်။

ရှင်သော မလေးသန့်၏ မျက်လုံးများက သူတို့နှစ်ဦး၏ အသွင်ကို စက္ကန့်ပိုင်းအတွင်းတွင် သတိထားမိလိုက်၏။

တစ်ဦးမှာ မိန်းမပျို တစ်ဦး ဖြစ်၏။ အသက်အရွယ်အားဖြင့် (၂၀)နှစ်ခန့်သာ ရှိဦးမည်။ ကိုယ်ဟန်မှာကြော့၍ ဝတ်စားဆင်ယင်ပုံက ခေတ်ဆန်သည်။ ခေတ်ဆန်သည်ဆိုသော စကားထက် မြန်မာ မဆန်ဟူသော စကားက ပိုမှန်မည်ထင်၏။ မျက်လုံး၊ မျက်ခုံး၊ နှာတံနှင့် အသားအရေကို ကြည့်ရှုခြင်းဖြင့် အနောက်နိုင်ငံ သွေးနှောကြောင်း ထင်ရှား၏။

www.burmeseclassic.com

www.burmeseclassic.com



အခြားတစ်ဦးမှာ ထွားကျိုင်း ခိုညားသော အသက် (၃၀) ခန့်ရှိ ယောက်ျားတစ်ဦးဖြစ်သည်။ သူ့မျက်ခုံးများက နက်မှောင်၍ မျက်လုံးများက စူးရှ လေးနက်သည်။ မျက်နှာမှာ သွယ်သယောင် ရှိသော်လည်း မေးရိုးများက လေးထောင့်ကျလုလု ပြတ်သားခိုင်မာသည်။

လှလင်ပြောသော နွဲ့နွဲ့ဇင်ဆိုသော အမျိုးသမီးနှင့် ကိုသိန်းဇံဆိုသူ ဖြစ်ရမည်။

မှန်သည်။ ကိုသိန်းဇံကလည်း မလေးသန့်ကို စက္ကန့်ပိုင်းအတွင်း ဒဲအဲခက် မှတ်သားလိုက်ပြီး ဖြစ်သည်။

ကိုသိန်းဇံသည် မလေးသန့် ကားပေါ်တက်သွားသည်အထိ မျက်စိတစ်ဆုံး လိုက်ငေးကြည့်ရှုပြီး မှတ်ချက်ချသည်။

'ကျက်သရေရှိတာကို မြင်ရတာ မင်္ဂလာတဲ့၊ ကြည့်စမ်း နယ်လီ...ဘယ်လောက်များ ကျက်သရေရှိတဲ့ မိန်းမပါလိမ့်နော်'

နယ်လီကလည်း မလေးသန့်ကို မျက်စိတစ်ဆုံးကြည့်သူဖြစ်၏။ ကိုသိန်းဇံ၏ မှတ်ချက်ကိုကြားရသောအခါ မကျေနပ်ဟန် မျက်နှာစူလိုက်ပြီး မရှုမှုနေ၍ ခြေမဆောင့် တဆောင့်နှင့် အခန်းဆီထွက်သွား၏။

ကိုသိန်းဇံသည် အသာအယာ ပြုံးလိုက်ပြီး နယ်လီ့နောက်မှ ဝင်လိုက်သွား၏။



၈

ခေါင်းပတ်တီးစည်းလျက်နှင့် စားပွဲတွင်ရောက်နေသော ကိုမင်းဆွေကို မြင်သောအခါ နယ်လီသည် ကလေးငယ်တစ်ယောက်ပမာ ရင်ခွင်တွင်းသို့ ပြေးဝင်၏။

'အိုး.... ဒီးယား.... ကိုကိုဆွေ၊ နယ်လီ့ကို မှတ်မိသေးလား၊ နယ်လီ ဒုက္ခရောက်လာပြီ၊ နယ်လီ့ကိုကယ်ပါဦး'

နယ်လီသည် ကိုမင်းဆွေ၏ခါးကို ဖက်ကာ ကလေးပမာ ငိုကြွေးသည်။

ကိုမင်းဆွေသည် ကိုသိန်းဇံကိုပင် သတိရဟန် မတူ၊ နယ်လီကို ပြန်မွေ့ဖက်၍ ပါးချင်းအပ်လျက် ဆိုသည်။

'နယ်လီ....ကလေး....အသက်ရယ်.... ဘာဖြစ်လာတာလဲ၊ ပြောပြဦးလေ'

နယ်လီက စကားမပြန်ဘဲ သူ့ကိုဖက်၍ ရှိုက်ကာငိုနေသည်။ ကိုမင်းဆွေက နယ်လီနှင့် ပါးချင်းအပ်ရင်း ကျောလေးကို ပွတ်ပေးနေ၏။

ဤသည်တို့ကို ကျောက်ရုပ်ပမာ မားမားရပ်ရင်း ငြိမ်ကြည့်နေရာမှ ကိုသိန်းဇံသည် ချောင်းတန့်၍ သတိပေးရသည်။

'အဟွန်း....အဟွန်း'

နယ်လီနှင့် ကိုမင်းဆွေတို့သည် လူချင်းခွာလိုက်ကြသည်။

ကိုသိန်းဇံသည် တည်ငြိမ်စွာဖြင့် ကိုမင်းဆွေ၏ မျက်နှာချင်းဆိုင်ရှိ ကုလားထိုင်၌ ဝင်ထိုင်၏။

www.burmeseclassic.com

www.burmeseclassic.com



ကိုမင်းဆွေက ကုလားထိုင်တစ်လုံးကို သူ့အနီးဆွဲကာ နယ်လီ့ကို ထိုင်ခိုင်းသည်။ နယ်လီသည် ကုလားထိုင်ထက် ထိုင်ရင်း လက်ကိုင်ပဝါဖြင့် မျက်ရည်များသုတ်နေ၏။

ကိုမင်းဆွေက စ၍မေးသည်။

'ကဲ....ဆိုကြပါဦး၊ နယ်လီက ဘယ်တုန်းက မြန်မာပြည် ပြန်ရောက်သလဲ၊ ကိုသိန်းဇံနဲ့ကော ဘယ်လိုလုပ် တွေ့ခဲ့ကြ ရတာလဲ'

ကိုသိန်းဇံသည် ကိုမင်းဆွေ၏အမေးကို ရုတ်တရက် ပြန်မဖြေသေးဘဲ စီးကရက်တစ်လိပ်ကိုထုတ်ကာ မီးညှိသောက်သည်။ စီးကရက်ငွေ့များကို ခေါင်မိုးဆီသို့ မှုတ်ထုတ်လိုက်ပြီးနောက် မဆီမဆိုင်သောစကားကို ဆို၏။

'ဆရာက သိပ်ကံကောင်းတဲ့ လူပဲ'

ကိုမင်းဆွေသည် ကိုသိန်းဇံအား မျက်မှောင်ကြုတ်ကြည့်၍ မေးသည်။

'ခင်ဗျား ဘာကိုဆိုလိုတာလဲ ကိုသိန်းဇံ'

ကိုသိန်းဇံသည် နှုတ်ခမ်းများတွန့်၍ပြုံးလျက် စီးကရက်ဖွာရင်း စကားပြန်သည်။

'ဆရာ့ခေါင်းမှာ ပတ်တီးစည်းထားပုံရတော့ ညကအမှုတော်တော်လွန်ပြီး ချော်လဲခဲ့ဟန်တူတယ်၊ လာ ဆေးထည့်ပေးသွားတဲ့ ဆရာဝန်မဟာလဲ တော်တော့ကို ကျက်သရေရှိတယ်၊ ကျွန်တော့်အတွက် တစ်ခု ခက်တာက ဆေးကုသခြင်းနဲ့ အသက်မွေးနေတဲ့ ဆရာဝန် ဆရာမတိုင်း လိုလိုကို သိတယ်၊ အခုနတွေ့ခဲ့တဲ့ ဆရာဝန်မကိုတော့ သိလဲ မသိဘူး၊



တွေ့လဲမတွေ့ဖူးဘူး၊ ထားပါတော့လေ.... ဟောဒီ နယ်လီကလဲ ဆရာ့အတွက် အနည်းဆုံး သောင်းနဲ့ချီပွမယ့် အမှုတစ်ခုကို ယူလာတယ်လေ၊ ဒါကြောင့် ဆရာ့ကို ကံကောင်းတယ်လို့ ကျွန်တော်ပြောတာပါ'

ကိုမင်းဆွေသည် ကိုသိန်းဇံအား မည်သို့မျှ စကားမတုံ့ပြန်တော့ဘဲ နယ်လီ့ဘက်သို့ လှည့်မေးသည်။

'နယ်လီပြန်လာဖို့ နှစ်နှစ်လိုသေးတယ်ဆို၊ အခုဘယ့်နှယ် ဗြုန်းဗြုန်းဒိုင်းဒိုင်း ရောက်လာသလဲ'

နယ်လီသည် ရုတ်တရက် ဘယ်ကစ၍ ဖြေရမှန်း မသိဟန် မျက်လုံးလေးဝိုင်း၍ ကိုမင်းဆွေကို တစ်လှည့်၊ ကိုသိန်းဇံကို တစ်လှည့် ကြည့်နေသည်။ နယ်လီ့ အမူအရာ၌ ကြောက်ရွံ့ခြင်း၊ စိုးရိမ်ခြင်း၊ အားငယ်ခြင်းတို့ ပေါ်နေ၏။

နယ်လီ့အစား ကိုသိန်းဇံက ဝင်ရှင်းပြ၏။

'ဒီလိုပါဆရာ၊ လွန်ခဲ့တဲ့ ရက်ပိုင်းအတွင်းက ရန်ကုန်မှာရှိနေတဲ့ နယ်လီရဲ့အစ်ကိုဟာ ရုတ်တရက် ရှောင်တခင် သေဆုံးသွားတယ်၊ နယ်လီက သူ့အစ်ကိုသေရတာဟာ သွေးရိုးသားရိုးမဟုတ်ဘဲ လူအသတ်ခံရလို့ လို့ ထင်တယ်၊ ဒါကြောင့်မို့ မြန်မာပြည်ကို တိတ်တဆိတ် ပြန်လာခဲ့တာပဲ'

နယ်လီက ကိုသိန်းဇံ ပြောပြသည်တို့ မှန်ကန်ကြောင်း ထောက်ခံဟန် ခေါင်းညိတ်ပြသည်။

'ဒါဖြင့် နယ်လီနဲ့ကိုသိန်းဇံတို့က ဘယ်လိုလုပ်ပြီး အဆက်အသွယ်ရကြတာလဲ'

www.burmeseclassic.com

www.burmeseclassic.com



'ဒါကတော့ မဆန်းပါဘူး ဆရာ၊ နယ်လီအင်္ဂလန်ကိုသွား တုန်းက ကျွန်တော်နဲ့တစ်သင်္ဘောတည်းပဲ၊ ဆရာလဲသိသားပဲ ဒီတုန်းက ကျွန်တော်က စီအိုင်ဒီမှာပေါ့၊ စကော့တလန် ယာဒ်ကို လေ့လာဖို့ အလွှတ်ခံရလို့သွားတုန်း နယ်လီနဲ့တွေ့ ဆုံပြီး ခင်မင်ခဲ့ကြရတာပဲ၊ အဲဒီတုန်းက နယ်လီဟာ ၁၅ နှစ် တောင် မပြည့်သေးဘူး၊ ကလေးလေး ရှိသေးတယ်'

ကိုမင်းဆွေသည် သဘောပေါက်ဟန် ခေါင်းညိတ်သည်။

'ဒါနဲ့ ကျွန်တော့်ဆီ ခင်ဗျားတို့ ဘာကြောင့် လာကြတာ လဲ'

'အခုနပြောခဲ့တဲ့ သူ့အစ်ကိုသေဆုံးမှုနဲ့ ပတ်သက်လို့ပေါ့'

'ဘာလဲ၊ ခင်ဗျားကပါ ဒါကို လူသတ်မှုလို့ ယုံကြည်လို့ လား'

'ယုံကြည်တယ်လို့တော့မဟုတ်ပါဘူး၊ ဒါပေမယ့် သိပ်ယုံ ကြည်ချင်စရာ ကောင်းနေတယ်'

'ဘာပြောတယ် ကိုသိန်းဇံ'

ကိုသိန်းဇံက အသာပြုံးသည်။

'ယုံကြည်ချင်စရာကောင်းတယ်လို့ ကျွန်တော် ပြော တာပါ၊ ဘာပြုလို့လဲဆိုတော့ ဒီကိစ္စမှာ ငွေရေးကြေးရေး ပါဝင်နေတာကိုး၊ အမွေကိစ္စ ဆိုပါတော့ဗျာ၊ လူဆိုတာ မျိုးဟာ ငွေသာများများရမယ်ဆိုရင် ဘာမဆိုလုပ်ရဲကြတယ် မဟုတ်လား'



ကိုသိန်းဇံသည် သူ့စကားကိုသူ သဘောကျလေဟန် ရယ် မောနေ၏။ စိတ်မရှည်တော့သူ ကိုမင်းဆွေက တိုတိုပြတ် ပြတ် ပြော၏။

'ဒီမှာ ကိုသိန်းဇံ၊ ခင်ဗျား သီအိုရီတွေ ခဏဘေးချိတ် ထားစမ်းပါ၊ ကျွန်တော့်ဆီ အခု ဘာကိစ္စနဲ့လာတွေ့ကြတာ လဲ'

ကိုသိန်းဇံကမဖြေဘဲ နယ်လီ့ထံသို့ မေးငေါ့ပြသည်။ ထို အခါမှ မိမိစိတ်ကိုမိမိ ထိန်းသိမ်းနိုင်ဟန်တူသော နယ်လီက တောင်ရှင်းပြသည်။

'ဒီလိုပါ ကိုကိုဆွေ၊ နယ်လီတို့မှာ မောင်နှမနှစ်ဦးပဲရှိပါ တယ်၊ ကိုကိုဆွေ့ကို ပြောပြဖူးသားပဲ၊ နယ်လီတို့ ဖေဖေက အင်္ဂလိပ်လူမျိုး၊ မိုင်းသူဌေးတစ်ဦး၊ မေမေကတော့ နယ်လီ ငယ်ငယ်ကတည်းက ဆုံးသွားတယ်၊ ဖေဖေကတော့ နယ်လီ ဆယ့်သုံးနှစ် သမီးလောက်ကျမှ ဆုံးတယ်၊ ဖေဖေမသေခင် သေတမ်းစာရေးပြီး မေမေ့ဘက်ကတော်တဲ့ ဦးလေးလက်ထဲ အပ်ခဲ့တယ်၊ အဲဒီ သေတမ်းစာကို နယ်လီ အသက် နှစ်ဆယ် ပြည့်မှ ဖောက်ရမယ်လို့ဆိုတယ်၊ နယ်လီတို့မောင်နှမကို အဲဒီ ဦးလေးကပဲ စောင့်ရှောက်ကျွေးမွေးပြီး ပညာသင်ပေးခဲ့တာ ပဲ'

'နို့ နယ်လီ့ကို အင်္ဂလန် လွှတ်ပေးတာလဲ ဒီဦးလေးပဲ လား'

'ဟုတ်တယ်၊ နယ်လီ့ကို ခုနစ်တန်း အောင်ပြီးတော့ ဆက် အရစ်အတွက် ကျောင်းမတက်စေဘဲ ဂျီစီဖီးဖြေဖို့ အပြင်က

www.burmeseclassic.com

www.burmeseclassic.com

ဆရာနဲ့ အလွတ်ပညာသင်ပေးခဲ့တယ်၊ နယ်လီ ဂျီစီအီးအောင်တော့ လန်ဒန်ကို လွှတ်ပေးတာပဲ'

'နယ်လီ အစ်ကိုကတော့ရော....'

နယ်လီသည် ဝမ်းနည်းပြုံးလေး ပြုံးလေသည်။

'ကိုကိုက ရိုးရိုးဆယ်တန်းတောင် မအောင်ပါဘူး၊ သူက ငယ်ငယ်ကလေးကတည်းက တေတယ်၊ အရက်တွေ ဘာတွေလဲ သောက်တယ်၊ ဦးလေးနဲ့လဲ မတည့်ဘူး'

'နယ်လီ့ ကိုကိုသေတာ ဘယ်လောက်ကြာပြီလဲ'

'ရက်ပိုင်းလောက်ပဲ ရှိသေးတယ်၊ နှလုံးရောဂါနဲ့ သေတယ်လို့ အကြောင်းကြားတယ်၊ အဲဒါကို နယ်လီမယုံဘူး'

'ဘာဖြစ်လို့....'

'နယ်လီ ဓေတ်ပညာတတ် တစ်ယောက်ပါ၊ ဒီလောက် မအ့ပါဘူး၊ နှလုံးရောဂါဆိုတာ လူအများထင်သလို ခေါက်ခနဲ တစ်ချီဘည်းနဲ့သေတာ မဟုတ်ပါဘူး၊အနည်းဆုံး တစ်ခါ နှစ်ခါတော့ စထရုတ်ဖြစ်ရဖူးမှာပေါ့၊ ကိုကို အဲဒီလိုဖြစ်တယ်လို့ နယ်လီ တစ်ခါမှ မသိခဲ့ရဘူး'

'ဒါလောက်နဲ့တော့ မသင်္ကာ မဖြစ်ထိုက်ဘူး ထင်တယ် နယ်လီ'

နယ်လီက မဲ့ပြုံးကလေးပြုံး၍ ခေါင်းခါသည်။

'မှန်ပါတယ် ကိုကိုဆွေ၊ ဒီလောက်နဲ့တော့ မသင်္ကာ မဖြစ်ထိုက်ပါဘူး၊ ဒါပေမယ့် နယ်လီ့မှာ မသင်္ကာစရာ တခြားအချက်အလက်တွေ ရှိနေတယ်'

'ဘာတွေလဲ'



'စာတွေ'

'စာတွေ....'

'ဟုတ်တယ် စာတွေ၊ ကိုကို့ဆီက စာတွေ၊ လွန်ခဲ့တဲ့ တစ်နှစ်လောက်ကတည်းက ကိုကို့ဆီကစာတွေ မှန်မှန်ရခဲ့တယ်'

'စာတွေထဲ ဘာတွေရေးထားလို့လဲ'

နယ်လီသည် အံလေးကြိတ်၍ ငြိမ်နေသည်။ မျက်ရည်များလည်း တပေါက်ပေါက်ကျလာ၏။ တစ်ချက်ရှိုက်လိုက်ပြီးမှ တုန်ယင်သောအသံကလေးဖြင့် ပြော၏။

'ကိုကို့စာတွေဟာ အင်မတန် ထိတ်လန့်ကြောက်ရွံ့နေတဲ့ လူတစ်ယောက်ကရေးတဲ့ စာမျိုးတွေပဲ၊ သူ့ကို လူတစ်ယောက်ယောက်က သေအောင် အမျိုးမျိုး လုပ်ကြံတဲ့ အကြောင်းတွေပါတယ်'

နယ်လီသည် ရင်ထဲ၌ဆို့လာဟန် ခေတ္တ စကားရပ်လိုက်သည်။ အတန်ကြာနားနေပြီးမှ ဆက်ပြောသည်။

'အစကတော့ နယ်လီက ကိုကိုအရက်မူးပြီး ထင်တာတွေ လျှောက်ရေးနေတယ်လို့ အောက်မေ့တယ်၊ ဒါပေမယ့် ကိုကို့စာတွေဟာ ကြာလေ ယုံစရာကောင်းလေ ဖြစ်လာတယ်၊ သူ့ကိုလုပ်ကြံတဲ့ အစီအစဉ်အမျိုးမျိုးကို အသေးစိတ်ဖော်ပြတာဟာ ယုတ္တိယုတ္တာ ပြည့်နေတယ်၊ သာမန်စိတ်ကူးကောင်းရုံနဲ့ လူတစ်ယောက်ဟာ ဒါမျိုးတွေ မရေးနိုင်ဘူး၊ စုံထောက်ဝတ္ထုတွေဖတ်ပြီး ရေးတယ်ဆိုရအောင်လဲ ကိုကို

www.burmeseclassic.com

www.burmeseclassic.com

ဟာ စာဖတ်ရမှာ အပျင်းဆုံးနဲ့ အကြောက်ဆုံးလူ တစ်ယောက်ပဲ'

နယ်လီသည် စီးကျလာသောမျက်ရည်များကို လက်ကိုင်ပဝါဖြင့် သုတ်ပစ်နေ၏။

'နယ်လီပြောတဲ့ အချက်အလက်တွေက ဒါတွင်ပဲလား'

'ဟင့်အင်း.... မဟုတ်ဘူး၊ လွန်ခဲ့တဲ့ ကစ်လလောက်က ကိုကို့ဆီက နောက်ဆုံးစာကိုရတယ်၊ အဲဒီစာထဲမှာ....အဲဒီစာထဲမှာ....'

နယ်လီသည် စကားမဆက်နိုင်ဘဲ မျက်နှာကို လက်ဝါးလေးများဖြင့်အုပ်ကာ တရှုပ်ရှုပ်ငိုကြွေးတော့သည်။

ကိုသိန်းဇံက စီးကရက်ဖွာလျက် စားပွဲကို လက်ချောင်းကလေးများဖြင့် ခေါက်ရင်း ငြိမ်ကြည့်နေ၏။ ကိုမင်းဆွေကသာ နယ်လီ၏ ပခုံးကလေးကိုပွတ်ကာ နှစ်သိမ့်ပေးသည်။ နယ်လီ အငိုရပ်မှ ကိုမင်းဆွေက မေးသည်။

'အဲဒီနောက်ဆုံးစာမှာ ဘာပါသလဲ'

နယ်လီသည် အံကြိတ်လိုက်သည်။ ဝမ်းနည်းသော မျက်နှာလေး၌ ဒေါသရောင်များ လျှမ်းလာ၏။

'ကိုကို့စာထဲမှာ သူသေရမယ့်ရက်ကို ရေးထားတယ်၊ ကိုကိုက နယ်လီ အသက်နှစ်ဆယ်မပြည့်ခင် သူ့ကိုတော့ လုပ်ကြံကြတော့မှာပဲလို့ ဆိုတယ်၊ အဲဒီစာရစဉ်က နယ်လီ အသက်နှစ်ဆယ်ပြည့်ဖို့ တစ်လကျော်ကျော်ပဲ လိုတော့တယ်၊ ကိုကိုက နယ်လီ့ကို ဘယ်လိုအကြောင်းနဲ့ ခေါ်ခေါ် မြန်မာပြည် မပြန်ခဲ့ဖို့ မှာတယ်၊ သေတမ်းစာ ဖွင့်ရင်တောင်မှ



နယ်လီ ကိုယ်တိုင်မလာဘဲ ရန်ကုန်မှာရှိတဲ့ ဝတ်လုံ တစ်ယောက်ယောက်ကို လွှဲပြီး ဖွင့်စေဖို့ အကြံပေးတယ်'

ကိုမင်းဆွေသည် နယ်လီ့စကားများကို သုံးသပ်ကာ နက်နက်နဲနဲ ဆင်ခြင်ကြည့်၏။ အတန်ကြာမှ မေးခွန်းတစ်ခုကို ထုတ်သည်။

'နယ်လီ့ကိုကိုဟာ ဒီအကြောင်းတွေကို နယ်လီ့ဆီသာ သုံးရေးနေပြီး ဘာဖြစ်လို့ ရဲဘက်ကို အကြောင်းမကြားသလဲ'

'အဲဒီအကြောင်းကို ကိုကိုရှင်းထားပါတယ်၊ ကိုကိုက သူ့ကိုလုပ်ကြံဖို့ ကြံစည်နေသူဟာ ဦးလေးပဲတဲ့၊ တစ်သက်လုံး ကျွေးမွေး စောင့်ရှောက်လာတဲ့ ဦးလေးမို့လို့ ဖက်ပြိုင်ပြီး တရားအဘောင်ဖြစ်ရရင် မကောင်းဘူးတဲ့၊ သူ့ကိုယ်သူ ဇသမယ်ထင်ပေမယ့် သူတို့အကြံအစည်ကို ဦးအောင်သိပြီးမှ ကြည့်ရှောင်နိုင်မယ်လို့လဲ ထင်ရှာတယ်၊ ရှောင်ဖို့ဆိုတာကလဲ သိပ်ကြာကြာမှ မဟုတ်တော့ဘဲ၊ နယ်လီ အသက်နှစ်ဆယ် ပြည့်သွားရင် ကိစ္စ ပြီးပြတ်သွားတော့ ကိုကို့ကိုဖြစ်ဖြစ်၊ နယ်လီ့ကိုဖြစ်ဖြစ် သူတို့ ဘာမှလုပ်ကြံရော အကြောင်းမရှိနိုင်တော့ဘူး၊ ကိုကိုက ဒါကြောင့် ရဲကို တိုင်သေးတာနဲ့ တူတယ်၊ ဒီအတောအတွင်း အငိုက်မိပြီး ကိုကိုခံလိုက်ရလို့ အခုလို သေသွားရတာဖြစ်မှာပဲ'

'အခု နယ်လီ အသက်နှစ်ဆယ်ပြည့်ဖို့ ဘယ်လောက် လိုသေးလဲ'

'နှစ်ရက်ပဲ လိုတော့တယ်'

www.burmeseclassic.com

www.burmeseclassic.com

'အခု နယ်လီပြန်ရောက်နေတာ နယ်လီ့ရဲ့ဦးလေး သိသလား'

'ဟင့်အင်း....နယ်လီ တိတ်တိတ်ကလေး ထွက်လာတာ၊ သူတို့ကလဲ နယ်လီ့ကို ပြန်လာဖို့ခေါ်တယ်၊ နယ်လီက စာသင် ပျက်မှာစိုးလို့ မလာတော့ဘူး၊ သေတမ်းစာကို ဖောက်တဲ့အခါမှာ နယ်လီ့ရဲ့ ကိုယ်စားလှယ်အဖြစ်နဲ့ ကိုကိုဆွေ့ကို လွှဲတဲ့အကြောင်း စာပြန်လိုက်ပြီးပြီ၊ သူတို့ကတော့ နယ်လီ လန်ဒန်မှာပဲ ရှိနေမှာပဲလို့ ထင်နေကြမယ်၊ နယ်လီက ဒီရောက်ရောက်ချင်း စုံထောက်ဌာနချုပ်သွားပြီး အစ်ကိုသိန်းဇံကြီးကိုရှာတယ်၊ သူတို့ဆီကတစ်ဆင့်အလွတ်စုံထောက်ဖြစ်နေတဲ့ အစ်ကိုသိန်းဇံနဲ့ ဆက်သွယ်မိတယ်၊ ကံအားလျော်စွာ အစ်ကိုသိန်းဇံကလဲ ကိုကိုဆွေ ဘိလပ်မသွားခင်ကတည်းက အမှုတွေမှာ တွဲဖက်လုပ်ကိုင်ဖူးတယ်ဆိုတော့ အစစ အဆင်ပြေသွားတာပေါ့'

ကိုမင်းဆွေသည် ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေ၏။ အကြံပိုင်သော နယ်လီ့ကို ကိုသိန်းဇံကလည်း ချီးမွမ်းနေမိ၏။

ကိုမင်းဆွေက ကိုသိန်းဇံကို လှမ်းကြည့်၍ အကြံဉာဏ်တောင်းသည်။

'အဲဒီတော့ ကျွန်တော်တို့ ဘာလုပ်ကြမလဲ၊ ကျွန်တော်ကရော ဘာအကူအညီပေးရမှာလဲ'

'ခက်တာက ဒီကိစ္စမှာ ရာဇဝတ်ကြောင်းရော၊ တရားမကြောင်းရောပါနေတယ်၊ ရာဇဝတ်ကြောင်းအတွက်ကတော့



ကျွန်တော့်တာဝန်ထားပါ၊ နယ်လီတို့က ထင်နေပေမယ့် ဟုတ်ချင်မှလဲ ဟုတ်မှာ'

နယ်လီသည် မခံချင်ဟန် ကိုသိန်းဇံဘက် လှည့်ကြည့်၍ အော်သည်။

'ဘာဖြစ်လို့ မဟုတ်ရမှာလဲ၊ သက်သေခံတွေ ဒီလောက်ရှိပြီးသားဟာကို'

ကိုသိန်းဇံသည် နယ်လီအား ကလေး တစ်ယောက်ကို ကြည့်သကဲ့သို့ကြည့်၍ ပြုံးပြီးဖြေသည်။

'နယ်လီပြောတဲ့ သက်သေခံတွေ ဆိုတာက နယ်လီ့အမြင်ကိုး၊ ဒါပေမယ့် စိတ်ချပါနယ်လီ၊ အမှုမှန်ဖြစ်အောင် အစ်ကိုသိန်းဇံ အစွမ်းကုန် ကြိုးစားပေးမယ်၊ အဲ....တရားမကြောင်း ကိစ္စတွေကိုတော့ ဆရာပဲ တာဝန်ယူပေါ့'

ကိုမင်းဆွေသည် အတန်ကြာငြိမ်လျက် စဉ်းစားပြီးမှ ဖြေ၏။

'နယ်လီ့အတွက်ဆိုတော့ ကိုကိုဆွေတာဝန်ယူရတော့မှာပဲ၊ တစ်ခုပဲပြောမယ်၊ ကိုကိုဆွေနဲ့ ကိုသိန်းဇံကြီးတို့ ခွင့်မပြုဘဲ နယ်လီ ဘာတွေမှ လျှောက်မလုပ်ရဘူး၊ ကြားလား'

နယ်လီက ခေါင်းညိတ်သည်။

'အခု နယ်လီ ဘယ်မှာနေသလဲ'

'နယ်လီ စထရင်းဟိုတယ်မှာပဲ တည်းနေတယ်'

'ဒါဖြင့် အမှုမပြီးမပြတ်မချင်း ကိုကိုဆွေ့အိမ် လာနေလှည့်'

www.burmeseclassic.com

www.burmeseclassic.com

နယ်လီက ပြုံး၍ ခေါင်းညိတ်သည်။ ကိုသိန်းဇံကမူ မျက်နှာကို တစ်ဖက်လွှဲ၍ စီးကရက်ငွေ့များကို မျက်နှာကြက်ဆီသို့ မှုတ်ထုတ်နေသည်။

ကိုမင်းဆွေကသာ အစီအစဉ်ကို ဆက်လက်ရှင်းပြသည်။

'အခုန ကိုသိန်းဇံပြောတာ မှန်တယ် နယ်လီ၊ သက်သေခံတွေက ဒီလောက်လုံလောက်သေးတာ မဟုတ်ဘူး၊ မလုံလောက်တဲ့ သက်သေခံနဲ့ ဆွေချင်းမျိုးချင်း အမှုဖြစ်တာလဲ မကောင်းသေးပါဘူး၊ ဒီတော့ မူလက နယ်လီစီစဉ်ထားတာ ကောင်းသားပဲ၊ နယ်လီ ဒီရောက်နေတာ သူတို့မသိစေနဲ့၊ နောက်နှစ်ရက်ကျတော့ နယ်လီရဲ့ ကိုယ်စားလှယ်လွှဲစာယူပြီး ကိုကိုဆွေ သေတမ်းစာသွားဖောက်ကြည့်မယ်၊ သေတမ်းစာမှာ ဘာပါတယ်ဆိုတာသိရရင် နယ်လီ ကိုကို့ စာတွေထဲမှာ ပါတာတွေဟာ မှန်မမှန်သိရမှာပဲ၊ အဲဒီတော့မှ ရှေ့ဆက်ဆောင်ရွက်ကြတာပေါ့'

ကိုသိန်းဇံသည် သဘောတူဟန် ခေါင်းညိတ်ပြီး နေရာမှ ထသဖြင့် နယ်လီသည်း လိုက်ထသည်။

'အို... အို...နယ်လီ ဘယ်မှသွားဖို့ မလိုတော့ဘူး၊ သေတမ်းစာ မဖွင့်မချင်း နယ်လီ ဒီအိမ်ထဲက အပြင်မထွက်ရဘူး'

'ဟုတ်ကဲ့ပါ၊ နယ်လီက ဟိုတယ်မြန်ပြီး ပစ္စည်းတွေ ယူမလို့ပါ'

'အဲဒီအတွက်က ကိစ္စမရှိပါဘူး၊ ဟိုတယ် မန်နေဂျာနဲ့ ကိုကိုဆွေနဲ့ခင်ပါတယ်၊ ဒီကနေ တယ်လီဖုန်းဆက်ပြီး နယ်လီ ကိုကိုဆွေ့ဆီမှာ ရှိနေကြောင်း ပြောလိုက်မယ်၊ အစုတ်



အစားသေတ္တာယူဖို့လောက်ကိုတော့ ကိုသိန်းဇံ တတ်နိုင်ပါတယ်'

ကိုသိန်းဇံက ရင်တွင်း၌ အနည်းငယ် အောင့်သက်သက်ဖြစ်သွားသော်လည်း အပြုံးအရယ်မပျက်ဘဲဆို၏။

'ဟုတ်ပါတယ် နယ်လီ၊ စိတ်ချပါ၊ နယ်လီ့ သေတ္တာထဲက ပစ္စည်းတွေတော့ များများမပါဘူး ထင်ပါရဲ့'

ကိုသိန်းဇံသည် နယ်လီ့ထံမှ အခန်းသော့ တောင်းပြီး ထွက်လာခဲ့စဉ် ကိုမင်းဆွေ၏ မေးသံနှင့် နယ်လီ၏ ဖြေသံကို ကြားလိုက်ရ၏။

'ဒါထက် နယ်လီ့ အစ်ကိုနာမည်က ဘယ်သူတဲ့လဲ'

'အက်ဒွတ်ဇင်တဲ့၊ မြန်မာ နာမည်ကတော့ မြဇင်လို့ ခေါ်ပါတယ်'

*    *    *

www.burmeseclassic.com

www.burmeseclassic.com

# ( ၇ )

## စိုးယံ ဝဝယ် လကိုမြင်

က

တန်ဆောင်းမုန်း၏ ပြည့်ဝန်းသော ငွေလရောင်ကြောင့် တစ်လောကလုံး ကြည်လင်တောက်ရှန်းနေ၏။

မဲဇာမြို့သည်လည်း ကြည်လင် တောက်ရှန်းနေ၏။ မဲဇာမြို့၏ ကေရီဖြစ်သော မလေးသန့်၏ မျက်နှာသည်လည်း အထူးကြည်လင် တောက်ရှန်းနေလေပါ၏။

ခံ့ညားသော အိမ်ကြီးမှာလည်း မီးပုံးရောင်စုံဖြင့် ထိန်လင်းကာ တင့်တယ်လှပနေ၏။ မဲဇာမြို့၏ စိမ်းလန်းသော ပင်ပျိုပင်ငယ်တို့ထက်၌လည်း လျှပ်စစ်မီးလုံးလေးများ သွယ်သွယ် ညီညီဝိစိခွေခွေဖြင့် ထွန်းလက်နေကြပါ၏။

မီးပုံးရောင်ပုံတို့က တောက်ပထိန်လင်းပါပေသည်။ မြူကင်း၍ သန့်စင်သော မိုးပြင်မှ ငွေလမင်းနှင့် ကြယ်တစ်သင်းတို့ကလည်း ဝင်းလက်ပါပေသည်။ သို့ရာတွင် အေးမြသော မလေးသန့်၏ မျက်လုံးပြာများက အရှန်းလဲ့ဆုံး ဖြစ်နေပါ၏။



တန်ဆောင်မုန်းလပြည့်နေ့သည် မလေးသန့်၏ မွေးနေ့ဖြစ်သည်။

ကိုမင်းဆွေက မလေးသန့်အတွက်မြကျောက်စီခြယ်သော ရင်ထိုးလေးတစ်ခုကို လက်ဆောင်ပေးသည်။ အစ်ကိုကြီးကမူ အိမ်၏သခင်မဖြစ်သော မလေးသန့် သီးခြားအသုံးပြုရန် မာစီဒီး ကားအသစ်တစ်စီး ဝယ်ပေးခဲ့သည်။

မလေးသန့်၏ ချစ်လှစွာသော မောင်ငယ်က တစ်မူထူးခြားသော လက်ဆောင်ကို ပေးခဲ့ပါ၏။

သူ့လက်ဆောင်မှာ သူ့ သုတေသနလုပ်ငန်း၏ အဆင့်တစ်ဆင့်အောင်မြင်သည်ဆိုသော သတင်းပင်ဖြစ်ပါသည်။

ယခင်က သစ်ပင်တို့၌သာ အောင်မြင်ခဲ့သော သူ့ စမ်းသပ်ချက်သည် ယခု တိရစ္ဆာန်၌ ပထမဦးဆုံးအဖြစ် အောင်မြင်ခဲ့ပြီတည်း။

သူ့ အောင်မြင်ချက်သည် သူ၏ လက်ထောက်လည်းဖြစ်၍ သူနာပြုလည်းဖြစ်သူ မလေးသန့်၏ အောင်မြင်ချက်လည်း မည်ပါ၏။

ထို့ထက်ထူးသော သူ့လက်ဆောင်ကား မလေးသန့် အကြိမ်ကြိမ် တိုက်တွန်းမှုကို လိုက်လျောနာယူခြင်း ဖြစ်သည်။

သူက သူ့ အစ်မ မွေးနေ့ကို ဂုဏ်ပြုသောအားဖြင့် သူ့လုပ်ငန်းမှ အနားယူသည်။ အနားယူရုံမက မော်တော်ကားသစ်ပေါ် သူ့ အစ်မကို သူ့ဘေးတွင်တင်ခေါ်၍ ကားကို သူကိုယ်တိုင်မောင်းကာ ရန်ကုန်မြို့တော်၏ မီးထွန်းပွဲကို လိုက်လံပြသည်။

www.burmeseclassic.com

www.burmeseclassic.com



လတကာအနက် တန်ဆောင်မုန်းလ သည် အလှပဆုံး ဖြစ်သည်။ ညတကာအနက် တန်ဆောင်တိုင် ရွှေတိုင်ညသည် အတင့်တယ်ဆုံး ဖြစ်သည်။ ဤနှစ်၏ တန်ဆောင် ရွှေတိုင်ညသည် မလေးသန့်၏ ဘဝတွင် ပျော်ရွှင်ဖွယ်အပြည့်ဆုံး ဖြစ်နေပါ၏။

ထို့ကြောင့် အေးမြသော မလေးသန့်၏ မျက်လုံးပြာများသည် မီးပုံးရောင်စုံ၊ ငွေလမင်းနှင့် ကြယ်တစ်သင်း တို့ကို လွန်၍ ဝင်းပ ရွှန်းလဲ့နေခြင်း ဖြစ်လေသည်။

*

ခ

မီးပုံးရောင်၊ ကြယ်ရောင်၊ လရောင်တို့ဖြင့် ထွန်းလဲ့ဝေစည်သော မဲဇာမြိုင်၏ အိမ်ရှေ့ဆီသို့ ငွေဖြူရောင် ကားသစ်ကလေး ပြန်လည်ဆိုက်ရောက်လာချိန်၌ ည ဆယ့်တစ်နာရီ ထိုးပေပြီ။

သူသည် သူ့အစ်မကို ပြုံးကြည့်၍ တံခါးကိုဖွင့်ကာ အရင်ဆင်းသည်။ ထို့နောက် ကားဦးမှကွေ့ကာ တစ်ဖက်သို့ကူး၍ သူ့အစ်မအတွက် တံခါးကို ဖွင့်ပေးသည်။

နွဲ့ဆိုး ဆိုးသော မောင်ငယ်သည် ဤသို့ အလိုက်သိသော ယုယမှုကို ပြုပြန်လေသော အခါ မလေးသန့်၏ ရင်ဝယ် တသိမ့်သိမ့်နှင့် တငြိမ့်ငြိမ့် ကြည်နူးသာယာ လေရပေသည် တကား။



သူက ဖြူဝင်းနူးညံ့သော မလေးသန့်၏ လက်ကလေးကို ဆွဲယူကာ ငွေပွင့်ဖြူဖြူတို့ဖြင့် တန်ဆာဆင်အပ်သည့် စံပယ်ရုံတို့ ဝိုင်းရံနေသော သံပန်းပင်ပျိုများဆီသို့ ခေါ်ဆောင်သွားသည်။

သူက မလေးသန့်ကို ခုံတန်းဖြူတစ်ခုထက် ထိုင်ခိုင်းသည်။

'မမသန့် ဒီမှာထိုင်နေဦးနော်၊ ကျွန်တော် အခု ပြန်လာခဲ့မယ်၊ ဟုတ်လား'

မလေးသန့်က ပြုံးပြုံးလေးဖြင့် ခေါင်းညိတ် ပြရ၏။ အစ်ကိုတစ်ယောက်၏အမိန့်ကို နာခံရသော နှမတစ်ယောက် ပမာလည်း ငြိမ်ငြိမ်သက်သက်လေး နေပြလိုက်၏။ ဤသည်ကိုပင် သူက ကျေနပ်စွာ ပြုံးပြီး အိမ်ဆီသို့ သွက်လက်စွာ ထွက်ခွာသွားသည်။

သူဘာလုပ်မည်ကို မလေးသန့်သိပါ၏။ သိသောကြောင့်ပင် သူ့အလိုကျ ပြုံးပြုံးလေးနှင့် ငြိမ်သက်စွာ နေခဲ့ခြင်း ဖြစ်သည်။

သူ ပြန်ထွက်လာသောအခါ လက်တွင်း၌ တယောလေး တစ်ခုကို ပွေ့လျက် ယူလာသည်၊ စည်းတစ်လက်ကိုလည်း မလေးသန့်အား လှမ်းပေးသည်။

သူသည် မလေးသန့်နှင့် မျက်နှာချင်းဆိုင်ရှိ မြေပြင်သို့ ညွတ်ကျနေသော သစ်ကိုင်း တစ်ကိုင်းထက် ထိုင်လိုက်၍ တယောကို ကြိုးညှိပြီး အသံစမ်းသည်။

အသံစမ်း၍အားရမှ မလေးသန့်ကို ပြုံးချိုကြည်လင်စွာ ကြည့်ရင်း မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကဲ…မမသန့် ဘာဆိုမလဲ'

'အို…မမသန့်က မောင်လေးဆိုခိုင်းတာကို ဆိုရမှာပေါ့'

သူသည် ကျေနပ်စွာ ပြုံးလိုက်ပြန်သည်။

'ဆောင်းအခါ ဆိုတော့ နွေရွက်ကြွေသံတွေ ပါနေလို့ တစ်နည်းအားဖြင့် မဆီလျော်လှဘူး၊ ဒါပေမယ့် တန်ဆောင်မုန်းညမှာ ကြယ့်တွေ လတွေ စုံတယ် မဟုတ်လား၊ ဒီတော့ ကြယ်တွေ လတွေအကြောင်းပါတဲ့ ပတ်ပျိုးကို ဆိုရအောင်၊ ဟုတ်လား နော်'

'လွမ်းတယ်လေ့ပတ်ပျိုး မဟုတ်လား'

သူက ခေါင်းညိတ်ပြသည်။

မလေးသန့် စည်းကိုကိုင်၍ အဆင်သင့် စောင့်သည်။

မကြာမီပင် အေးမြဝင်းလက်သော မဲဇာမြိုင်၏လေယဉ်ဝယ် နွဲ့နှောင်း ပြေပြစ်သော တယောသံနှင့်အတူ ကြည်လင်ချိုလွင်သော မလေးသန့်၏ သီချင်းသံသည် သာယာစွာ ပေါင်းဖွဲ့၍ ဝေပျံပေါ်ထွက်လာ၏။

'လွမ်းတယ်လေ့…မျှော်၍ငယ်စဉ်ပင်၊ မိုးယံ့ဝဝယ် လကိုမြင်၊ ကြယ်စင်ဟုတ်ဘူး၊ လွမ်းသူနောင်စော ယွယ်လူး….။

စိုင်ရှူးငယ် တန်ဆောင်၊ ကြယ်မောင်မင်းနှင့် ဟသ်ာဘောင် ညီနောင်ကြက်ကယ်၊ မောင်ရင်ခိုင်းနှင့် တိမ်လှိုင်းမြရောင်နှယ် အသွယ်သွယ်….။

ဘယ့်နှယ်နှင့် လွမ်းတယ် နိုင်းဆီပြေငယ် လေနှင့်သာ ဖန်ရေးရေး….'



မိုးပြင်ဝယ်၊ ကြယ်ရောင် လရောင်တို့ ဝင်းလက်နေသည်။ တေးလက်္ကာ၌လည်း ကြယ်ရောင် လရောင်တို့က ဝင်းလက်နေပါ၏။ တစ်လောကလုံး၌ အမှောင်မရှိဘဲ ဝင်းလက်ရွှန်းမြသန့်စင်နေ၏။

ဝင်းလက်ရွှန်းမြ သန့်စင်သော ညး၊ ဟိတ်ဆိတ်သော ည၊ အေးချမ်းသော ည။

မလေးသန့်၏ရင်တွင်း၌လည်း လွမ်းတသသနှင့် ချမ်းမြမြ ရှိနေ၏။

သီချင်းဆုံးသောအခါ သူက တယောလေးကို အနီးရှိ ခင်စည်တစ်ခု၌ထောင်လျက်ချထားပြီး သူ့အစ်မကိုလှမ်းကြည့်သည်။

ကြည်နူးမှုကပေးသောမျက်ရည်အပြည့်နှင့် မလေးသန့်ကလည်း သူ့မောင်ကို ကြင်နာစွာ ပြန်ကြည့်သည်။

သူက နေရာမှထလိုက်သည်၊ လေကိုအားရပါးရ ရှူရှိုက်လိုက်ပြီး ကောင်းကင်ကိုမော့ကြည့်သည်၊ ထို့နောက်ခပ်သွဲ့သွဲ့ ညင်သာသာ ရယ်မောသည်။

'မောင်လေး ဘာရယ်တာလဲ'

'ဟောဒီကမ္ဘာကြီးကို ချစ်လို့ရယ်တာ မမသန့်၊ ဟောဒီကမ္ဘာကြီးကို ကျေးဇူးတင်လို့လဲ ကျွန်တော် ရယ်တယ်၊ ပြီးတော့ မမသန့်…'

သူသည် မလေးသန့်၏အနီးသို့ ကပ်လာ၍ မလေးသန့်၏ ပခုံးကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်လျက် လှုပ်လှဲ၍ ဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



'ပြီးတော့ မမသန့်ကိုချစ်လို့ရယ်တယ်၊ မမသန့်ကို ကျေးဇူးတင်လို့လဲ ကျွန်တော် ရယ်ပါတယ်'

သူသည် သူ့လက်များကို သူ့အစ်မ၏ပခုံးမှ လွှတ်ခွာလိုက်ပြီး ဆက်လက်ရယ်မောသည်။ မလေးသန့်ကသာ ဘာမျှ မပြော၊ သူ့ကိုသာ ငေးကြည့်နေရ၏။

သူကသာ ဘောက်ရှုန်းနေသော တောတောင် ရေမြေ တို့ကိုကြည့်၍ ပြောသည်။

'ဘယ်လောက် လှပပြီး ချစ်စရာကောင်းတဲ့ ကမ္ဘာလော ကကြီး ဘာလဲ မမသန့်ရယ်၊ စားဖို့အစာကိုလဲ ပေးတယ်၊ နားနေတည်းခိုဖို့ နေရာကိုလဲပေးတယ်၊ ပြီးတော့ ချမ်းမြေ့ သာယာအောင် ကြယ်တွေ၊ လတွေ၊ နှင်းတွေ၊ သစ်ပင်တွေ တောတွေ၊ တောင်တွေ၊ ရေမြေတွေနဲ့လဲ တန်ဆာဆင်ပေး ထားသေးတယ်၊ ချစ်တဲ့ ဒီကမ္ဘာကို ကျွန်တော် သိပ်ကျေးဇူး တင်တယ် မမသန့်'

လက်ဟန်ခြေဟန်ဖြင့် တက်တက်ကြွကြွ အားရပါးရပြော နေရာမှ သူ့အမူအရာသည် ရုတ်တရက် လေးပင် ဆိုင်းငှ သွား၏။ ဆက်လက်ပြောသော သူ့အသံ၌ ကြေကွဲမှုပါ နေ၏။

'ကျွန်တော် အမေရိကားကပြန်လာစတုန်းကလေ ဖေဖေ နဲ့ မေမေ မရှိတော့လို့ လူ့ဘဝမှာ ရှေ့လျှောက် ဘယ်လို နေရမလဲလို့ ကြောက်ရွံ့ထိတ်လန့်ပြီး သိပ်စိတ်ထိခိုက်မိတယ် အထူးသဖြင့် ကျွန်တော် ဘယ်လောက်ဆိုးဆိုး ကျောကိုပွတ်



ပြီး ပါးကိုနမ်းလို့ချော့တတ်တဲ့ မေမေ့ကို သိပ်လွမ်းတာပဲ၊ မေမေက ကျွန်တော့်ကို သိပ်ချစ်တယ် မမသန့်ရယ်'

မလေးသန့်က သူ့စကားများကို ရင်ဝယ် ဆို့နင့်စွာဖြင့် နားထောင်နေရ၏။ တင်းဆည်မနိုင်သဖြင့် မျက်လုံးတို့မှ မျက်ရည်များလည်း စီးကျလာ၏။

သူကသာ ဆက်ပြောသည်။

'ဒါပေမယ့် ကျွန်တော် သိပ်ကံကောင်းတယ် မမသန့် ရယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဒီကမ္ဘာမှာ မမသန့်ဆိုတာက ရှိနေသေးတာကိုး၊ ကမ္ဘာကြီးဆိုတာက ကျယ်ဝန်းတယ် မမသန့်၊ တစ်နည်းအားဖြင့်တော့လဲ ကျဉ်းမြောင်းပါတယ်၊ တကယ်ဆိုတော့လဲ ကမ္ဘာတို့လောကတို့ ဆိုတာဟာ ချစ်ခင် တပ်မက်ပြီး ထင်မှတ်သွားတာပါပဲ၊ မမသန့်ဟာ ကျွန်တော့် ရဲ့ ကမ္ဘာပါပဲ၊ ဒါကြောင့် မမသန့်ကို ကျွန်တော် သိပ်ချစ် တယ်၊ သိပ်လဲကျေးဇူးတင်တယ်'

သူ့စကားကြောင့် စိတ်ထိခိုက်မှုကို ဆက်လက်မခံနိုင် တော့သော မလေးသန့်သည် နေရာမှထ၍ သူ့လက်မောင်း ကိုဆုပ်လျက် လှိုးလွဲကာ စကားဆိုသည်။

'မမသန့်ကိုချစ်ရင် ပြီးတော့...မမသန့်ကို ကျေးဇူးတင် ရင် မမသန့်စကားကို အမြဲနားထောင်ပါလား မောင်လေး ရယ်'

သူသည် ခေတ္တ ငိုင်ကျသွား၏။ ထို့နောက် အလွန် သဘောကျဟန် ဟက်ဟက်ပက်ပက် ရယ်မောသည်။ ရယ် မော၍ အားရမှပြော၏။

www.burmeseclassic.com

www.burmeseclassic.com

'ဘာလဲ မမသန့်၊ ထမင်းကို အချိန်မှန်မှန်စားပါ၊ ညကို စောစောအိပ်ပါ၊ အလုပ်ချည်း ဆက်မလုပ်ဘဲ အနားယူပါ၊ အဲဒါပြောမလို့ မဟုတ်လား'

မလေးသန့်ပြောမည့် စကားများကို သူက ဦးအောင်ပြောနှင့်သဖြင့် မလေးသန့် ဘာဆက်ဆိုရမည်မသိ။

ဤအကြိမ်တွင်မူ သူသည် မရယ်တော့ဘဲ ပြုံးရုံပြုံး၏။ အေးဇမ်းတည်ငြိမ်စွာဖြင့် သူ့အစ်မကို ကြည့်သည်။ သူပြောသော စကားများမှာလည်း ကြောင်းကျိုးဆက်သွယ် လက်ခံဖွယ် ဖြစ်နေ၏။

'မမသန့်ရယ်၊ စားဖို့နားဖို့ ပျော်ပါးဖို့ကို လူဘစ်ယောက်အနေနဲ့ ကျွန်တော်လဲ ခုံမင်ဘာပေါ့၊ ဒါပေမယ့် စားလိုက်နားလိုက် ပျော်ပါးလိုက်နဲ့ နေသွားရင် ဒုလ္လဘဆိုတဲ့ လူ့ဘဝကြီးဟာ ဘယ်အဓိပ္ပာယ် ရှိတော့မလဲ၊ ကျေးဇူးရှင်ကို ကျေးဇူးသိရသည်တဲ့ မမသန့်၊ ကျေးဇူးရှင်ဘကာ့အနက် ဒီကမ္ဘာကြီးထက် ပိုမိုမြင့်မြတ်တဲ့ ကျေးဇူးရှင်ဆိုတာဟာ မရှိဘူး....'

သူ့အသံသည် သဘာဝတ္တဗေဒ ပါမောက္ခတစ်ဦး၏အသံကဲ့သို့ တည်ငြိမ်လေးနက်နေ၏။

'မမသန့်နဲ့အတူ ဒီကမ္ဘာကြီးရဲ့ ကျေးဇူးကို ကျွန်တော်ဆပ်ပါရစေဦး၊ ကျွန်တော့်ရည်ရွယ်ချက် အောင်မြင်မှ လူတိုင်းထဲက လူတစ်ယောက်လို့ မမသန့် ကျေနပ်အောင်ကျွန်တော်နေပြမယ်'



ဤသို့ဆိုပြန်တော့ မလေးသန့်မှာ ပြုံးရင်း ခေါင်းညိတ်လျက်သာ နားထောင်နေရ၏။ သူကသာ ဆက်ပြောပြန်သည်။

'ဗိုလ်ချုပ်အောင်ဆန်းရဲ့ စကားတစ်ရပ်ကို ကျွန်တော်အသည်းစွဲအောင် မှတ်ထားတယ်၊ ဗိုလ်ချုပ်ကပြောတယ်၊ မြန်မာပြည်ကြီး လွတ်လပ်ရင် သူ နိုင်ငံရေးက ထာဝရအနားယူပြီး စာရေးဆရာကြီး လုပ်စားမယ်တဲ့၊ ကျွန်တော်လဲပဲ ကျွန်တော့် သူ့ တာဝနအောင်မြင်ရင် ထာဝရမဟုတ်တောင် ခဏဖြစ်ဖြစ် အင်မတန်ဆိတ်သုဉ်းတဲ့ ဟောဒီဓာတ်ခွဲခန်းထဲကထွက်ပြီး ဂီတနဲ့ ပျော်ချင်တယ်၊ တေးတွေ ဖွဲ့ချင်တယ်၊ ကဗျာတွေ သီချင်တယ်၊ ဒါပေမယ့် မမသန့် အဲဒီအခါမှာ ကျွန်တော့်တေးတွေ ကဗျာတွေကို နားထောင်ဖို့ မမသန့် ကျွန်တော့်အနားမှာ ရှိမှရှိပါတော့မလား'

ပြုံးရွှင်နေသော မမသန့်၏ မျက်နှာသည် ချက်ဘရက်ပြန်လည်တည်ကြည်သွားသည်။ ဒေါသသံ မပါတပါနှင့် သူ့မောင်ကို ဆိုသည်။

'မောင်လေး ဘာပြောတာလဲ'

သူက အသာရယ်ပြန်သည်။

'ဒီနေ့ မမသန့် အသက် ၃၁-နှစ်ပြည့်ပြီ'

'အဲဒီတော့....'

'အဲဒီတော့ မမသန့် တစ်သက်လုံး အပျိုကြီး လုပ်သွားမလို့လား'

www.burmeseclassic.com

www.burmeseclassic.com


မလေးသန့်သည် အသာအယာပြုံး၍ သူ့လက်မောင်းကို ထုသည်။

'မမသန့်ကို မမေးနဲ့၊ မင်းကကောဟင် နှင်းမောင်'

သူသည် ဟက်ဟက်ပက်ပက် ရယ်မောလိုက်ပြန်၏။

'ကျွန်တော်က တစ်သက်လုံး လူပျိုကြီး လုပ်သွားမယ်လို့ စိတ်ကူးတယ်၊ မိန်းမဆိုတာဟာ တော်တော်ကြောက်ဖို့ ကောင်းတယ် မမသန့်'

မချော်လင့်သော စကားကို ကြားရသဖြင့် မလေးသန့်သည် မျက်လုံးများပြူးသွား၏။

'ဘုရားရေ...မိန်းမဆိုတာ ကြောက်ဖို့ကောင်းတယ်'

'ဟုတ်တယ်၊ ကျွန်တော် ဆေးကောလိပ် တုန်းက လဲ ကောင်မလေးတွေ တွေ့ဖူးတာပဲ၊ အမေရိကားမှာတုန်းက လဲ ကောင်မလေးတွေ တွေ့ဖူးတာပဲ၊ သူတို့ အသည်းနှလုံးဟာ ဘာဖြစ်နေသလဲဆိုတာ ကျွန်တော်မသိဘူး၊ ပေးခြင်း ယူခြင်းမရှိတဲ့ မေတ္တာအစား ပိုင်ခြင်း နိုင်ခြင်းဆိုတဲ့ လောဘတရားတွေ စိုးမိုးနေတယ်၊ ဒါကြောင့်လဲ မိန်းမတွေဟာ ကြောက်စရာကောင်းတယ်လို့ ကျွန်တော်ပြောတာ'

မလေးသန့်သည် သူ့ကို အံ့သြစွာ ကြည့်မိသည်။ ကြားရသော စကားများကို မယုံနိုင်၊ ရယ်လည်း ရယ်ချင်မိသည်။ သုတေသန ခေတ်ခွဲခန်းအပြင်ထွက်၍ လောကကို ဟုတ်တိပတ်တိ မဆက်သွယ် မသိကျွမ်းဖူးသေးသော သူ့မောင်ငယ်သည် ကြီးကျယ်လှသော ဂုဏ္ဍိယသျှတ္တရကို ဖွင့်ဆိုနေပေသည်။

မလေးသန့်သည် သူ့နည်းတူစွာ လိုက်လိုက်လှဲလှဲ ရယ်မောလိုက်ပြီး မေး၏။

'မိန်းမတွေဟာ ကြောက်စရာကောင်းတယ်ဆိုတော့ မမသန့်ဟာလဲ မိန်းမပဲ၊ မမသန့်ကိုကော မကြောက်ဘူးလား'

ရယ်ရွှင်နေသော သူ့မျက်နှာသည် တင်းမာသွား၏။

'မမသန့် ဘာပြောဘာလဲ'

'သြော်....မောင်လေးရယ်၊ မင်းကပြောလို့ မမသန့်က မေးရတာပါ'

ထိုအခါမှ သူသည် ပြုံး၍ပြောသည်။

'မမသန့်ကလဲ ရောရောနှောနှောပြောလို့ ဘယ်ဖြစ်မလဲ၊ မီးဆိုတာ အရောင်ထွက်တယ်၊ ပြီးတော့ ပူတယ်၊ ဒါကြောင့် မို့ အရောင်ထွက်သောအရာသည် ပူတယ်လို့ဆိုရရင် ငွေသဝန်းကိုလဲ ပူတယ်လို့ပြောတော့ မှန်ပါမလား'

ဤအကြိမ်တွင်မူ မောင်နှမနှစ်ဦးသည် ပြိုင်တူရယ်မောမိလိုက်ကြသည်။

'မမသန့်ရယ် မီးနဲ့နှိုင်းဖို့မပြောနဲ့ ငွေလမင်းဆိုတာဟာ ကြယ်တွေနဲ့တောင် မယှဉ်ထိုက်ပါဘူး၊ မိုးယံဝေယံ လကို ခြင်ပြီးမှ ကြယ်စင်ဆိုတာကို ကျွန်တော်က ဘာဖြစ်လို့ လွမ်းရမှာလဲ'

မလေးသန့်သည် ကြည်နူးလှုပ်ရှားသောရင်ဖြင့် သူ့ကို စကားပြန်ရန် ကြိုးစားသည်။ စကားတို့က ထွက်မလာ။ မျက်ရည်များသာ စို့လာ၏။

ထိုစဉ် သူက တယောလေးကို ကောက်ကိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com

'မမသန့် ကျွန်တော်တို့ ခုနက သီချင်းကို ပြန်ဆိုကြရအောင်'

မလေးသန့်သည် သက်ပြင်းကို အသာချ၍ ဧည်းကို ကောက်ကိုင်လျက် တေးကိုပြန်ဆိုသည်။

'လွမ်းတယ်လေ–မျှော်၍ငယ်စဉ်ပင်၊ မိုးယံဝဝယ် လကိုမြင်၊ ကြယ်စင်ဟုတ်ဘူး၊ လွမ်းသူနောင် စောယွယ်လူး....'

*     *     *

(၈)

သဲလွန်စ

က

နောက်တစ်နေ့ နံနက်စောစောတွင် ဒေါက်တာ နှင်းမောင်သည် ဆေးသေတ္တာကိုယူလျက် မော်တော်ကားဖြင့် ခြံမှ ထွက်သွားသောအခါ မလေးသန့်သည် နှစ်သက်စွာ ပြုံးရင်း အိမ်ဝမှ လက်ပြကျန်ရစ်သည်။

ဒေါက်တာ နှင်းမောင်ကို ဆေးကုသော ဆရာဝန် အဆောင်အယောင်နှင့် တွေ့ရခဲ့သည်။ သူသည် ကုသရေးဆက် သုတေသနလုပ်ငန်း၌သာ အချိန်ရှိသမျှ နှစ်မြုပ်နေသူတစ်ဦး ဖြစ်၏။

ယနေ့နံနက်တွင် ထိုသို့တွေ့ရခဲ့သောအဆောင်အယောင် အသွင်သဏ္ဍာန်နှင့် ထွက်ခွာသွားလေသဖြင့် မလေးသန့်က သဘောကျ နှစ်သက်မိခြင်းဖြစ်၏။

သူ ဘယ်ဆီသွားမည်ကိုလည်း မလေးသန့်သိသည်။ သူမ်န် ဆရာဝန်တို့ ခြေပင်ချမည်မဟုတ်သော တစ်နေရာသို့

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်သည်။ ထိုနေရာမှာ သူ၏ချစ်လှစွာသော ကိုကံထူးတို့ စံရာ လူမှုအသိုက်အအုံ၏ အပြင်ပရှိ ရွာဆီသို့သာတည်း။

သူနှင့် ကိုကံထူးတို့၏ ထူးဆန်းသော သံယောဇဉ်ကို အောက်မေ့မိသောအခါ မလေးသန့်သည် ပြုံးမိပြန်၏။

သူသည် ဆေးကျောင်း၌ရှိစဉ်ကတည်းက ကိုကံထူးနှင့် အကျွမ်းဝင်ခင်မင်ခဲ့၏။

ဆေးကျောင်းသားဘဝ၌ လေ့လာရသော လူ့အရိုးစု၏ အစိတ်အပိုင်းမှန်သမျှကို ကိုကံထူးထံမှ သူရလေ့ရှိသည်။ နိုင်ငံခြားမှ မှာလျှင် ဈေးကြီးလှသော လူ့အရိုးစုကမ္ဗည်းနာ ရုပ် အပြည့်အဝတစ်စုံကို သူ့ ကိုကံထူး၏ အကူအညီဖြင့် သူသည် အဖိုးနှုန်းချိုသာစွာဖြင့် ရခဲ့ဖူးသည်။

ကိုကံထူးတို့ရွာအတွက် သူသည် သူစိမ်းတစ်ဦး မဟုတ်တော့။ သူခေါ်သွားသဖြင့် မလေးသန့်လည်း အကြိမ်ကြိမ် ရောက်ခဲ့ဖူးသည်။

သုဘရာဇာဟု အမည်တပ်ထားသော်လည်း သူတို့များမှာ လူတွေပင်ဖြစ်သည်။ တစ်နည်းအားဖြင့်လည်း အခြားမည်သူမျှမလုပ်ချင်သော အလုပ်ကို လုပ်နေကြသည့် အလုပ်သမား လူသားများပင်ဖြစ်ကြ၏။ အလွန်သနားစရာရှိသော လူသားများဖြစ်ကြောင်းကို မလေးသန့် အသိဆုံးဖြစ်ပါ၏။

အခြားသူများကို ဆေးမကုသော ဒေါက်တာနှင်းမောင်သည် ထိုသူတို့ကြား၌ အရေးပေါ်လျှင်မူ တာဝန်ကျေစွာ သွားရောက်ပြုစုတတ်သည်။



ယခုလည်း မိုးတွင်းကတည်းကစ၍ ယခုတိုင် မနိုင်နင်းသေးသည့် တုပ်ကွေးရောဂါဆိုးသည် ကိုကံထူးတို့၏ရွာဆီသို့ ကူးစက်လာကြောင်း သိရသဖြင့် ဒေါက်တာနှင်းမောင်မှာ ထွက်ခွာသွားခြင်းဖြစ်၏။

မလေးသန့်သည် အိမ်တွင်းသို့ပြန်လာခဲ့၏။ မဖတ်ရသေးသော နံနက်သတင်းစာများကို ယူ၍ လက်ဖက်ရည်စားပွဲတွင် ထိုင်ကာဖတ်သည်။ သတင်းစာကြီးတစ်စောင်၏ မျက်နှာဖုံး၌ စာလုံးမည်းကြီးများဖြင့်ဖော်ပြထားသော သတင်းတစ်ခုကို တွေ့လိုက်ရသည်နှင့် တစ်ပြိုင်နက် မလေးသန့်မှာ မျက်လုံးပြူးသွားသည်။

ပျောက်ဆုံးနေသော မြေမြှုပ်အလောင်း

အစွမ်းအရှိန်တော်ပုံနှင့် ဆက်စပ်နေသလော

ဦးလေးနှင့် တူမအရင်းတို့ အမွေကိစ္စ မရှင်းမလင်းဖြစ်ရာမှ ရာဇဝတ်မှုဟု မသင်္ကာဖွယ် အဖြစ်ဆန်း တစ်ရပ် ပေါ်ပေါက်ခဲ့ကြောင်း။

ဖြစ်ပွားပုံမှာ ရန်ကုန်မြို့၊ ပြည်လမ်း၊ အိမ်နံပါတ် (....)နေ ဦးထွန်းသော်သည် တူနှင့်တူမ၏ အမွေထိန်း ဖြစ်ခဲ့သည်ဆိုကြောင်း၊ တူဖြစ်သူ မောင်မြဇင်မှာ လွန်ခဲ့သောအပတ်က နှလုံးရောဂါဖြင့် ရုတ်တရက် သေဆုံးခဲ့သည်ဆိုကြောင်း။

ထူးဆန်းစွာ တိုက်ဆိုင်နေပုံမှာ မောင်မြဇင် သေဆုံးချိန်သည် ၎င်း၏နှမဖြစ်သူ နယ်လီ[illegible]ခေါ် နွဲ့နွဲ့

www.burmeseclassic.com

www.burmeseclassic.com



ဇင် အသက်နှစ်ဆယ် မပြည့်မီ ရက်ပိုင်းအလိုတွင် ဖြစ်ကြောင်း။

မောင်မြဇင်နှင့် နွဲ့နွဲ့ဇင်တို့၏ ဖခင်မှာ ကွယ်လွန်သူ အင်္ဂလိပ်လူမျိုး မိုင်းသူဌေးကြီး မစ္စတာမာတင် ဆိုသူဖြစ်ကြောင်း၊ မစ္စတာမာတင်၏ သေတမ်းစာကို သမီးအငယ် ဖြစ်သူ နွဲ့နွဲ့ဇင် အသက် နှစ်ဆယ်ပြည့်သောနေ့၌ ဖောက်ရမည်ဆိုကြောင်း။

နွဲ့နွဲ့ဇင်သည် အင်္ဂလန်ပြည် လန်ဒန်မြို့၌ စီးပွားရေးဗေဒပညာကို သွားရောက် ဆည်းပူးနေသည် ဆိုကြောင်း။

အစ်ကိုဖြစ်သူ မကွယ်လွန်မီက သူ့အား ဦးလေးဖြစ်သူက သေကြောင်း ကြံနေကြောင်း နွဲ့နွဲ့ဇင်ထံ စာများ ရေးသားခဲ့သည်ဆိုကြောင်း။

နွဲ့နွဲ့ဇင်သည် ရန်ကုန်မြို့သို့ လျှို့ဝှက်စွာပြန်ရောက်လာပြီး အသက် နှစ်ဆယ်ပြည့်သော နေ့တွင် နာမည်ကျော် ဝတ်လုံတော်ရကြီး ဦးမင်းဆွေကို ကိုယ်စားလှယ်လွှဲ၍ သေတမ်းစာကိုသက်သေစုံရာရှေ့၌ဖောက်စေခဲ့သည်ဆိုကြောင်း။

အဆိုပါ သေတမ်းစာအလိုအရ သိန်းနှစ်ဆယ်ခန့်ရှိသောအမွေကို သမီးဖြစ်သူ နွဲ့နွဲ့ဇင်အား တစ်ဝက်၊ ကျန်တစ်ဝက်၏ သုံးပုံနှစ်ပုံကို သားဖြစ်သူ မောင်မြဇင်ကလည်းကောင်း၊ သုံးပုံတစ်ပုံကို အမွေထိန်းပေးသူ မစ္စတာမာတင်၏ ယောက်ဖ ဦးထွန်းသော်ကလည်း



ကောင်း ရစေရမည်ဖြစ်သည်၊ အကယ်၍ သားသမီး တစ်ဦးဦး သေဆုံးသွားလျှင် ၎င်း၏အစုကို ကျန်ရစ်သူ သားသမီးနှင့် ဦးထွန်းသော်တို့ အညီအမျှ ခွဲဝေယူကြရမည် ဆိုကြောင်း။

ဤ သေတမ်းစာသဘောအရ မောင်မြဇင် ကွယ်လွန်ရသည်ကို နှမဖြစ်သူ နွဲ့နွဲ့ဇင်က ပိုမိုမသင်္ကာဖြစ်၍ သက်ဆိုင်ရာမှ တစ်ဆင့် မောင်မြဇင်၏ အလောင်းကို ပြန်ဖော်ကြည့်ခဲ့သည် ဆိုကြောင်း၊ ထိုသို့ဖော်ကြည့်ရာ၌ ကြံတော ခရစ်ယာန်သင်္ချိုင်း၌ မြှုပ်ထားသော မောင်မြဇင်၏အလောင်းကို မတွေ့ရဟုဆိုကြောင်း။

ယခုအခါ ဦးထွန်းသော်အား ဖမ်းဆီး စစ်ဆေးနေသည် ဆိုကြောင်း....'

မလေးသန့်သည် အထက်ပါသတင်းကိုဖတ်ရင်း ငိုင်နေမိသည်၊ စိုးရိမ်ပူပန်စိတ်များလည်း ရင်၌ပေါ်ပေါက်လာ၏။

ထိုအခိုက်တွင်ပင် အိမ်ရှေ့ရှိ လူခေါ်ခေါင်းလောင်းသည် ရုတ်တရက်မြည်လာသည်။

မလေးသန့်က သွက်လက်စွာဖြင့် ထွက်ကြည့်သော အခါ သံခေါက်တံခါး အပြင်၌ ရပ်နေသော ကိုကိုထူးကို တွေ့ရသည်။

မလေးသန့်က တံခါးကို အလျင်အမြန် ဖွင့်ပေးသည်။

'ဆရာလေးကော ဟင်....မမလေး'

'မောင်လေးရယ် မနက်အစောကြီးကတည်းက ကိုကိုထူးတို့ဆီ ထွက်သွားတာပဲ'

www.burmeseclassic.com

www.burmeseclassic.com



'ဟာ...ဒါဖြင့် လမ်းမှာလွဲနေပြီထင်တယ်၊ ကျွန်တော်လဲ အစောကြီးထွက်လာခဲ့တာ'

ကိုကံထူး၏ အမူအရာမှာ ထုံးစံအတိုင်း အေးဆေးတည်ငြိမ်သော်လည်း သတိထားကြည့်မည်ဆိုက သူ့မျက်လုံးများသည် အရေးတကြီး ပြဿနာ ပေါ်နေကြောင်းကို ဖော်ပြနေ၏။

'လာလေ ကိုကံထူး၊ အေးအေးဆွေးဆွေးထိုင်ပြီး ပြောစရာရှိတာ ပြောပေါ့'

မလေးသန့်က ဖိတ်ခေါ်သဖြင့် ကိုကံထူးသည် အခန်းတွင်းသို့ဝင်လိုက်ကာ စားပွဲ၌ထိုင်၏။

မလေးသန့်သည် စောစောက ဖတ်နေသော သတင်းစာကိုယူ၍ ကိုကံထူးအားပြသည်။

'ဟုတ်တယ် မမလေး၊ ကျွန်တော်လဲ ဒီကိစ္စကြောင့် ဆရာလေးဆီ ပြေးလာခဲ့တာပဲ'

'ဒီသတင်းထဲပါတဲ့ကိစ္စက ကိုကံထူးတို့နဲ့ လာပတ်သက်နေလို့လား'

ကိုကံထူးက ဖြည်းညင်းစွာ ခေါင်းညိတ်ပြ၏။

'တစ်နည်းအားဖြင့် ပတ်သက်နေတယ်ပေါ့လေ၊ သူတို့မနေ့က ညနေစောင်းလောက်မှာ လာဖော်ကြည့်ကြတယ်တဲ့၊ ကျွန်တော်လဲ အင်းစိန်ဘက်ကို ကိစ္စရှိတာနဲ့ သွားနေလို့ ညအတော်နက်မှ ပြန်ရောက်ပြီး သိရတာပဲ'

'ကိုကံထူးတို့ကို စစ်သားဆေးလား လုပ်သေးသလား'



'ကျွန်တော်တို့ဘက်ကိုတော့ မလုပ်ပါဘူး၊ ဖြစ်တာက ခရစ်ယာန်သချိုင်းဘက်မှာပါ၊ ကျွန်တော်တို့ စားရတဲ့ နေရာနဲ့ တခြားစီပါ၊ ပြီးတော့ ကျွန်တော်တို့ လုပ်သမျှကို သစ္စာဆိုထားတဲ့ တခြားနှစ်ဦးပဲ သိတယ်၊ အဲဒီ နှစ်ဦးကလဲ ကျွန်တော့်သားနဲ့ ညီအရင်းပဲ၊ အစစကိုလဲ ပိပိရိရိလုပ်ထားတာမို့ ကျွန်တော်တို့ လက်ရာကတော့ မပေါ်နိုင်ပါဘူး'

မလေးသန့်သည် စိတ်အေးသွားဟန် သက်ပြင်းလေးကို မှုတ်ထုတ်လိုက်၏။

'ဒို့ ဘာဖြစ်လို့ ပြေးလာခဲ့ရတာလဲ'

'ဒါကတော့ ဆရာလေးအနေနဲ့ကြိုတင်သိထားအပ်တယ် ထင်လို့ပါ'

'ရှင့်ဆရာလေးက ရှင်တို့ရွာမှာ တုပ်ကွေးတွေဖြစ်တာကြားလို့ ဆေးထိုးဖို့ သွားလေရဲ့'

ကိုကံထူးသည် နေရာမှ ထလိုက်သည်။

'ဒီလိုဆို ကျွန်တော်ပြန်တော့မယ် မမလေး၊ ဆရာလေးကို မြန်မြန်တွေ့မှ'

မလေးသန့်က ကိုကံထူးကို အိမ်ပေါက်ဝအထိ လိုက်ပို့သည်။ ထိုခဏတွင်ပင် မလေးသန့်၏ဉာဏ်၌ တစ်စုံ တစ်ခုက ထင်လာ၏။

'ခဏနေဦး ကိုကံထူး'

'ခင်ဗျာ၊ ဘာကိစ္စပါလဲ မမလေး'

မလေးသန့်သည် အတန်ကြာစဉ်းစားပြီး လေသံတိုးတိုးဖြင့် တစ်လုံးချင်း ရှင်းပြသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မပြောတာသေသေချာချာနားထောင်စမ်းပါကိုကံထူး၊ ဒီကိစ္စကို ရှင့်ဆရာလေး မသိပါစေနဲ့၊ ကြားလား'

ကိုကံထူးက နားမလည်ဟန် မလေးသန့်ကိုကြည့်နေသည်၊ မလေးသန့်ကသာ ဆက်လက်ရှင်းပြသည်။

'ဒီကိစ္စကို ရှင့်ဆရာလေး သိသွားရင် ဘယ်စုံထောက်မှ လိုက်ဖို့မလိုဘူး၊ ဘာဖြစ်လို့လဲ ဆိုတော့ ဒီအမှုကို သူကိုယ်တိုင် သွားဖော်မှာမို့ပဲ ကိုကံထူး'

ကိုကံထူးက ပါးစပ် အဟောင်းသားနှင့် နားထောင်နေရာမှ မယုံကြည်နိုင်စွာ ပြန်မေးသည်။

'ဒီအမှုကို ဆရာလေးကိုယ်တိုင် သွားဖော်မှာ ဟုတ်လား မမလေး၊ ဘာဖြစ်လို့လဲ'

'ကျွန်မ ရှင်းပြပါမယ်၊သတင်းစာထဲ ပါတဲ့အတိုင်းဆိုရင် ဦးထွန်းသော်ဆိုတဲ့ လူတစ်ယောက်တော့ အချုပ်ထဲ ရောက်နေပြီ၊ သူ့တူကို သူ တကယ်သတ်လား မသတ်လားတော့ မသိဘူး၊ အလောင်းကတော့ပျောက်နေပြီ၊ အခြေအနေအရ ဆိုရင် ဦးထွန်းသော်ရဲ့ လည်ပင်းကို ကြိုးကွင်းစွပ် တော့မယ့် အတိုင်း ဖြစ်နေပြီ၊ ရှင့်ဆရာလေးစိတ်လဲ ရှင် အသိသားပဲ ကိုကံထူး၊ လူတစ်ယောက် အသက်ဘေးနဲ့ ကြုံနေမှန်းသိရင် သူ လက်ပိုက် ကြည့်နေမှာမဟုတ်ဘူး၊ နားလည်သလား'

ကိုကံထူးမှာလည်း မျက်လုံးပြူးသွားသည်။ မလေးသန့် ပြောသကဲ့သို့ပင် သူ့ဆရာလေး၏ စိတ်ကို သူ ကောင်းကောင်း သိသဖြင့် မလေးသန့် ဆိုလိုရာကို ချက်ချင်း သဘောပေါက်မိသည်။



'ဟုတ်တယ် မမလေး မှတ်တယ်၊ ဘော်ပါသေးရဲ့၊ ...ရာလေးနဲ့ မတွေ့ခင် မမလေးနဲ့ တွေ့ပေလို့ပဲ၊ ဒါပေမယ့် ...လေး၊ ကျွန်တော်တို့ မပြောပေမယ့် ဆရာလေး သတင်း...ထဲကနေ မသိနိုင်ဘူးလား'

မလေးသန့်က အသာအယာ ပြုံး၍ ခေါင်းခါသည်။

'မောင်လေးက ဘယ်တော့မှ သတင်းစာဖတ်တာမဟုတ်...း၊ သူ့ အလုပ်နဲ့သူ ဖတ်ချိန်လဲမရဘူး၊ သတင်းထူးမှ ကျွန်မ...ားပေးမှဖတ်တာ၊ ပြီးတော့ အပြင်လောကနဲ့ တခြား ဆက်အသွယ်လဲ ရှိတာမှမဟုတ်ဘဲ'

ကိုကံထူးက နားလည်ဟန် ခေါင်းညိတ်သည်။

'ကိုကံထူးတို့ရွာက လူတွေကတော့ ဒီအကြောင်းကို သူ့ ...ပြောမိကြမယ် မထင်ပါဘူးနော်'

'ပြောမှာမဟုတ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ဒါမျိုးဟာ ...န်တော်တို့တစ်တွေ အတွက်တော့ ရိုးနေပြီ၊ သတင်းထူး ...တင်းဆန်းအဖြစ် ဘယ်သူကမှ အရေးတယူလုပ်ပြီး ပြော...ရလောက်အောင် စိတ်မဝင်စားကြပါဘူး'

မလေးသန့်သည် စိတ်ကျေနပ်ဟန် ငြိမ်နေသည်။ အတန်...ာမှ သက်ပြင်းလေး ရှိုက်လိုက်ပြီးဆိုသည်။

'အမှုပတ်နေတဲ့ ဦးထွန်းသော်ခမျာကိုတော့ သနားမိ...တယ် ကိုကံထူး၊ ဒါပေမယ့် အမှုက ရှည်ဦးမှာမို့ အချိန် ...ာ ရပါသေးတယ်၊ ဒီအလောင်းပျောက်မှု တစ်ခုတည်း ...သူ့ လည်ပင်း ကြိုးကွင်းစွပ်မယ်ဆိုရင်တော့ ကျွန်မတို့ တ... ...း ပြန်စဉ်းစားကြသေးတာပေါ့၊ လောလောဆယ်တော့

www.burmeseclassic.com

www.burmeseclassic.com



အုပ်ဆိုင်းထားကြရအောင်၊ ကျွန်မမောင်ရဲ့ ကိုယ်ကျိုး သ
သက် မဟုတ်ပါဘူး၊ သူ့လုပ်ငန်းဟာ အောင်မြင်ဘော့မ
ကိုကံထူး၊ ဒါအောင်ရင် လူသားတွေအားလုံးအတွက် ဘ
လောက် အကျိုးရှိမယ်ဆိုတာ ကိုကံထူးလဲ အသိသား
ဒီတော့ ဒီအတောအတွင်းမှာ ဘယ်အနှောင့်အယှက်မျိုး
ကျွန်မ အဖြစ်မခံနိုင်ဘူး ကိုကံထူး'

ကိုကံထူး၏ မျက်နှာသည်လည်း အထူးလေးနက် တ
ငြိမ်သွား၏။

'မမလေးရဲ့ စေတနာကို ကျွန်တော် နားသည်ပါတယ်
မမလေး ဆန္ဒအတိုင်းဖြစ်ဖို့ အစစအရာရာ ကျွန်တော့်တာ
ထားပါ၊ ပြီးတော့ မမလေး....'

ကိုကံထူးက အဓိပ္ပာယ် ပြည့်ဝန်းစွာနှင့် မလေးသန်
စိုက်ကြည့်သည်။

'ပြောလေ ကိုကံထူး'

ကိုကံထူးသည် သန္နိဋ္ဌာန်ပြတ်သားစွာ ချထားပြီးသော
လူတစ်ဦး၏ ခံ့ညားတည်ကြည်ခြင်းဖြင့် တစ်လုံးချင်းဆို၏၊

'အဖြစ်မဲ့သူ လူတစ်ယောက် ကျွန်တော်တို့ ပယော
မကင်းဘဲ သေရမယ့်အဖြစ်ကို ကျွန်တော်လဲ မလိုလား
တကယ်လို့ အဲဒီအဖြစ်ရောက်လာရင် ဖြစ်စေ၊ အခြားန
တစ်နည်းနည်းနဲ့ ကျွန်တော်တို့ကို သူတို့ခြေရာကောက်သ
နိုင်ရင် ဖြစ်စေ ကျွန်တော့် ကျေးဇူးရှင်ဆရာလေးနဲ့ မမ
တို့ အားလုံးကို မထိခိုက်အောင် ကာကွယ်ပေးဖို့ အစီအ
တွေ ကျွန်တော့်မှာ ရှိပါတယ်၊ ကျွန်တော်ဟာ သူဘ



စ်ဦးဝါ မမလေး၊ ကျွန်တော့်အတွက် ဒီလောကကြီးမှာ
ာမှလဲ မက်စရာမရှိဘူး၊ ဘာမှလဲ ကြောက်စရာမရှိဘူး၊
ြင့်မြတ်တဲ့ ဆရာလေးရဲ့ လုပ်ငန်းမှာ ကူညီခွင့်ရလို့ ကျွန်တော်
နပျော် သေပျော်ပါတယ်၊ အစစ စိတ်ချပါ မမလေး'

ကိုကံထူးသည် စကားဆုံးလျှင် ဆံ့ချင်း ချာခနဲလှည့်၍
ွက်ခွာသွားသည်။

မဲဇာမြိုင်၏ ကေရီဖြစ်သော ဒေါက်တာ မလေးသန့်က
ြသုဘရာဇာကြီး၏ကျောကို မျက်စိတစ်ဆုံးကြည့်ရင်း ငေး
ျန်ခဲ့သည်။

*

ခ

မြို့တော်ရန်ကုန်၏ လူမှုရေးရာတွင် မပါမဖြစ် နေ့စဉ်
ါဝင်နေရရိုး ဖြစ်သော်လည်း ဂုဏ်အငယ်ဆုံး ဌာနကြီးဖြစ်
နေရသည့် ကြံတောသုသာန်သည် ဆောင်း၏ နံနက်ခင်း နေ
ရောင်၌ပင် ပျက်ယွင်းညှိုးငယ်စွာ ရှိနေ၏။

သံချေးတက်သော သွပ်ခေါင်မိုး၊ ဆွေးမြည့်သော သစ်
ားတိုင်၊ ပပ်ကြားအက်လျက်ရှိသော အုတ်ခုံတို့ စုပေါင်း
ာန်ဆာဆင်ကြအပ်သော ဇရပ်အိုကြီး တစ်ခုပေါ်မှ သူ
တောင်းစားကြီး တစ်ဦးသည် ထိုင်ရင်း ငေးငိုင်နေသယော
ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



သူ့အဝတ်အစားများက စုတ်ပြတ် နွမ်းနယ်နေသည်။ သူ့အသားအရေတို့က တွန့်လိမ် ခြောက်ကပ်နေ၏။

သူ့ဈေးတွင် အညှိတက်၍ ပိန်ရှုံ့နေသော ဖန်ခွက် တစ်လုံးရှိသည်။ သူ့လက်တွင်း၌ ဝါးတောင်ဝှေး တစ်ချောင်း ကိုင်ထား၏။ သူ့ခြေတွင် ဆင်ထားသော ရွက်ထည်ဖိနပ်မှာ စုတ်ပြတ်နေ၍ ဖိနပ်ဦးတို့မှာ ခြေချောင်းများ ထိုးထွက် လျက် ရှိသည်။ ဘယ်ဘက်ခြေထောက်မှာ ဆင်ခြေထောက် ရောဂါကြောင့် ရောင်ကိုင်း ဖောင်းပွနေ၏။

သူတောင်းစားကြီးသည် သူ့ရှေ့မှရှုခင်းကို အံ့ဩဟ စူးစိုက်ကြည့်နေ၏။ သူအံ့ဩမည်ဆိုလျှင်လည်း အံ့ဩလောက် သည်။

သူလှမ်းကြည့်နေရာမှာ သုဘရာဇာတို့နေသော ရွာ ယင်ခုဖြစ်၏။ ထိုရွာစု၌ သုဘရာဇာတို့၏ ဂူဂျက်နှင့်လည်း မဟန်၊ စုတ်ပြတ်ဟောင်းနွမ်းသော သင်္ချိုင်းကုန်းတည်း သော နောက်ခံကားနှင့်လည်း မည်သို့မျှ လိုက်လျောပြေပြစ် ခြင်းမရှိသည့် ငွေဖြူရောင် မာစီဒီးအမျိုးအစား ကား တစ်စီးက ဆိုက်ထားသည်။

ပိုမို၍ အံ့ဩဖွယ်ကောင်းသည်မှာ ထိုကားပေါ်မှ ဆင်း လာသူသည် ချောမောသားနားသော ဆရာဝန်တစ်ဦး ဖြစ် နေခြင်းပင်။ အံ့ဩဖွယ် အကောင်းဆုံးကား ထိုဆရာဝန်က ရွာစား သုဘရာဇာ လူကြီးလူငယ် ကလေးတစ်သိုက်က ဝန်း သော လှိုက်လှဲ ရင်းနှီးခင်မင်စွာ ကြိုဆိုကြခြင်းဖြစ်သည်။

ဆရာဝန် လူရွယ်သည် သုဘရာဇာ ကလေးလူကြီး တစ် သိုက်ကို ဆေးထိုးပေးနေ၏။

သူတို့အသိုက်ဆီသို့ သူတောင်းစားကြီးသည် မယုံနိုင်စွာ အံ့ဩလျက် ငေးကြည့်နေ၏။

ဤသို့ သူငေးကြည့်နေသည်မှာ တစ်နာရီခန့်ပင် ရှိလေ ပြီ....။

ထိုအခိုက်တွင် အခြားသုဘရာဇာများထက် ပိုမိုမွန်ရည်၍ ပိုမိုသားနားစွာ ဝတ်ဆင်ထားသော အသက်(၄၀)ခန့် ရှိ လူတစ်ယောက် ရောက်လာ၏။

ဆရာဝန်နှင့်ထိုသူသည် ရင်းနှီးစွာ နှုတ်ဆက်စကားဆိုနေ ကြ၏။

အဝေးမှကြည့်မနေဘဲ အနီးကပ်သွား၍ သူတို့ ပြောဆို နေကြသော စကားများကိုကြားလျှင် သူတောင်းစားကြီး သည် ပိုမို၍ အံ့ဩရပေဦးမည်။

‘ဗျို့...ဆရာကြီး ကိုကံထူး၊ ခင်ဗျားဘယ်သွားနေတာလဲ’

ဒေါက်တာက ရင်းနှီးစွာ နှုတ်ဆက်သည်ကို ကိုကံထူး ကလည်း ရင်းနှီးလေးစားစွာ တုံ့ပြန်သည်။

‘ကျွန်တော် အခုပဲ ဆရာလေးတို့အိမ်က ပြန်လာတာ၊ ဆရာလေး ဒီနေ့လာမယ်မှန်းသိလို့ တမင် သွားကြိုတာ၊ ဆရာလေးက ဒီနေ့ ထူးထူးဆန်းဆန်း စောစောစီးစီး ထလာ တာကိုး’

သူက သဘောကျစွာ ရယ်မောသည်။

www.burmeseclassic.com

www.burmeseclassic.com


'စောစောထဆို ညက ကျွန်တော် အလုပ်မှ မလုပ်ဘဲ၊ မနေ့က မမလေးရဲ့ မွေးနေ့ဗျ၊ သိလား ကိုကံထူး၊ ဒါထက် ခင်ဗျား၊ ခင်ဗျား မမလေးနဲ့ တွေ့ခဲ့သေးလား'

'တွေ့ခဲ့ပါတယ် ဆရာလေး၊ မမလေးက ဆရာလေး ဒီ ထွက်လာပြီပြောလို့ ကျွန်တော် အမြန်ဆုံး လိုက်လာတာ'

ဒေါက်တာ နှင်းမောင်သည် ပြုံးရွှင်လျက်က မျက်မှောင် ကြုတ်ရင်း ကိုကံထူးကို စိုက်ကြည့်ပြီးမေးသည်။

'ခင်ဗျား မမလေးက သူ့ကိုယ်စား ကျွန်တော့်ကို ပြောပြ ပေးဖို့ ဘာတွေများသင့်လွှတ်လိုက်သေးလဲ ကိုကံထူး'

ကိုကံထူးကမဖြေဘဲ ပြုံးရုံပြုံးနေသည်။ သူကသာ ဆက် ပြော၏။

'ထမင်း မှန်မှန်စားပါ၊ ညစော စော အိပ်ရာဝင်ပါ၊ စီးကရက် လျှော့သောက်ပါ၊ အဲဒီလိုမှာလိုက်တယ် မဟုတ် လား၊ ပြောပါဦး မမလေးရဲ့ ကိုယ်စားလှယ်တော်ကြီးရဲ့'

သူက ရွှတ်နောက်နောက် အပြစ်တင်ဟန် ပြောသဖြင့် ကိုကံထူးက အေးချမ်းစွာ ရှင်းပြ၏။

'မမလေးက ဆရာလေးကိုသိပ်ချစ်လို့ ဒါတွေ ပြောခိုင်း တာပါ၊ တကယ်လို့ ကျွန်တော်ဟာ ဆရာလေး ပြောသလို မမလေးရဲ့ ကိုယ်စားလှယ်တော်ကြီး ဖြစ်နေရင် ကျွန်တော် လဲ ဆရာလေးကို သိပ်ချစ်လို့ပေါ့'

ဤတစ်ကြိမ်တွင် သူကမရယ်။ ကိုကံထူး၏စကားသည် သူ့ အသည်းနှလုံးကို ထိခိုက်သွားဟန် ခေတ္တ ငိုင်သွား၏။ ထို နောက်မှ အေးချမ်းစွာပြုံး၍ ညင်သာစွာဆိုသည်။

'ဒီစကားကြားရလို့ ကျေးဇူးတင်ပါတယ် ကိုကံထူးရယ်၊ ကျွန်တော်ကလဲ မမလေးကို သိပ်ချစ် ပါတယ်၊ ကိုကံထူးကို လဲ သိပ်ချစ်တာပါပဲ၊ ဒီတော့ ကိုကံထူး ခင်ဗျား ဆေးမထိုး ရသေးဘူး၊ တိုက်ဖွိုက်ဆေးပါ ထိုးရမယ်နော်၊ ခင်ဗျားတို့ ရွာမှာ တုပ်ကွေးတင်မကဘူး၊ တိုက်ဖွိုက်ပါ ဝင်နေပြီ'

နှစ်ဦးသား စကားကောင်းနေကြသဖြင့် စောစောက သူ ဘောင်းစားကြီးသည် သူတို့အနီးသို့ ရောက်လျက်ရှိမှန်းကို သတိမထားမိကြ။

ဆေးထိုးပြီး၍ လှည့်ကြည့်လိုက်သော ကို ကံ ထူး က သူတောင်းစားကြီးကို အရင်မြင်သည်။ ခဏတွင်ပင် ကိုကံထူး ၏ မျက်မှောင်သည် ကြုတ်သွားလျက် သူတောင်းစားကြီးထံ ချဉ်းကပ်သွားသည်။

'ဒီမှာ မိတ်ဆွေကြီး၊ ခင်ဗျားကို အရင်ဒီမှာမတွေ့ဖူးဘူး၊ ခင်ဗျား ဘယ်နယ်က လာတာလဲ'

သူတောင်းစားကြီးသည် ကိုကံထူး၏အမေးကို လက်ဟန် ခြေဟန်နှင့် ဖြေသည်။ ပါးစပ်မှလည်း ဝူးဝူးဝါးဝါး ဆို၏။ ထို့နောက် ဒေါက်တာကိုရှိခိုး၍ ခွက်ထိုးခံသည်။

ဒေါက်တာနှင်းမောင်သည် ဘောင်းဘီအိတ်တွင်းမှ ကျပ် တန်တစ်ရွက်ကိုထုတ်၍ သူတောင်းစားကြီး၏ ခွက်တွင်းသို့ ထည့်သည်။

သူတောင်းစားကြီးက ဆုပေးသည့်ဟန် ဝူးဝူးဝါးဝါး နှင့် ရွတ်နေ၏။

ဒေါက်တာနှင်းမောင်က ကိုကံထူးကို လှမ်းပြောသည်။

www.burmeseclassic.com

www.burmeseclassic.com

'ကြည့်စမ်းပါဦး ကိုကံထူးရယ်၊ နူရာဝဲစွဲ လဲရာ သူခိုးထောင်း ဆိုသလိုပဲ၊ စကားမပြောနိုင်လို့ တောင်းစားရတဲ့ကြားထဲ ဆင်ခြေထောက်ရောဂါပါဖြစ်နေပြီ၊ကျွတ်....ကျွတ်၊ ဒုက္ခပါပဲဗျာ'

ဒေါက်တာနှင်းမောင်သည် သူတောင်းစားကြီး၏ ခြေရင်းတွင် ဒူးထောက်ထိုင်လိုက်၍ ဆင်ခြေထောက်ကြီးကို စစ်ဆေးကြည့်ရှုမည်ပြင်သည်။

သူတောင်းစားကြီးက ငူးငူးဝါးဝါးအော်ရင်း ကိုးရိုးကားရား ဒယီးဒယိုင်နှင့် နောက်ဆုတ်ပြေးသည်။ သူ့ဆင်ခြေထောက်ကြီးကို လက်ညှိုးနှင့်လည်း ထိုးပြသည်။ မျက်နှာကိုလည်း ရှုံ့မဲ့ပြသည်။ လက်ဝါးနှင့်လည်း ကာပြ၏။

ဒေါက်တာနှင်းမောင်သည်ရှေ့ဆက်မလိုက်ဘဲသူတောင်းစားကြီးကိုသာ ကြင်နာစွာ လှမ်းပြော၏။

'မကိုင်စေချင်ရင် မကိုင်ပါဘူး ဦးကြီးရယ်၊ ကျွန်တော်မှာလဲ ဆင်ခြေထောက်ကိုကုဖို့ ဆေးမပါ့ပါဘူး၊ ဒါပေမယ့် လူတွေ အခု သိပ်ဖျားနာကြတယ်၊ ဦးကြီးဖျားမှာ မကြောက်ဘူးလား၊ အဖျားဆေး ကျွန်တော်ထိုးပေးမယ်၊ ဟုတ်လားနော်'

သူတောင်းစားကြီးသည် ပါးစပ်မှ ဂူးဂူးဝါးဝါး အော်ရင်း ခေါင်းခါခါ လက်ခါခါဖြင့် နောက်သို့ထပ်ဆုတ်သည်။

ဒေါက်တာနှင်းမောင်က ပြုံးရင်း အိတ်တွင်းမှ ငါးကျပ်တန်တစ်ရွက်ကို ထုတ်ကာထောင်ပြရင်း ပြောသည်။



'ဒီမှာ ဦးကြီး၊ လူကောင်းတွေတောင်ဖျားပြီး အများကြီး သေနေကြပြီ၊ ဦးကြီးကို မဖျားအောင် ဆေးထိုးပေးမယ်၊ ဆေးထိုးခံရင် ဟောဒီငွေငါးကျပ်ပေးမယ်'

သူတောင်းစားကြီးသည် ငြိမ်ကျသွား၏။ ငါးကျပ်တန်ကို တစ်လှည့်၊ ဒေါက်တာ နှင်းမောင်၏မျက်နှာကို တစ်လှည့် သနားဖွယ် အမူအရာဖြင့် ကြည့်နေသည်။ ခဏတွင်မူ ခြေထောက်ကို တရွတ်ဆွဲ၍ ရှေ့သို့တိုးလာခဲ့၏။

ဒေါက်တာ နှင်းမောင်က ကိုကံထူး၏ အကူ အညီဖြင့် သူတောင်းစားကြီး၏ လက်မောင်းတွင် ဆေးထိုးပေး၏။ ပြီးသောအခါ မှာကြားသည်။

'ဆေးထိုးထားလို့ တော်တော်ကြာရင် ဖျားချင်ဖျားမယ်၊ မပူနဲ့ဦးကြီး ဟုတ်လား၊ ဒီနေ့ လျှောက်လဲ တောင်းမနေနဲ့တော့၊ ခုနကပိုက်ဆံနဲ့ ထမင်းဝယ်စားပြီး မိုးလုံလေလုံတဲ့ နေရာမှာအိပ်ပြီး နားနေ၊ ကြားလား'

သူတောင်းစားကြီးသည် ခေါင်းတဆတ်ဆတ် ညိတ်၍ ဒေါက်တာအား ရှိခိုးပြီးနောက် ခြေထောက်ကို တရွတ်ဆွဲလျက် ထွက်ခွာပြေးသည်။

ဒေါက်တာနှင်းမောင်က ကိုကံထူး၏ ပခုံးကိုပုတ်၍ ဆိုသည်။

'ကဲ....ကိုကံထူး ကျွန်တော်ပြန်ဦးမယ်၊ ဆေးထိုးပြီးတော့ ခင်ဗျားလဲ ဖျားချင်ဖျားနေဦးမယ်၊ ဒီနေ့ နားလိုက်ပေါ့ဗျာ၊ ဪ....ဒါထက် ကိုကံထူး၊ ကျွန်တော်လိုချင်တာတစ်ဆင့်

www.burmeseclassic.com

www.burmeseclassic.com

တော့ အောင်မြင်လာပြီဗျာ၊ ရှေ့ဆက် ကြိုးစားရုံပဲ၊ အဲ့ချိန်တော့ သိပ်မကြာတော့ဘူး ထင်တယ်’

ဒေါက်တာ နှင်းမောင်သည် ကားလေးပေါ် တက်၍ မောင်းနှင်ထွက်ခွာသွားသည်။

ကိုကံထူးသည် ကားထွက်သွားရာဆီသို့ မျက်စိ တစ်ဆုံး ငေးကြည့်နေ၏။

သူ့မျက်စိရှေ့မှောက်မှ ဒေါက်တာနှင်းမောင်၏ကားလေး ပျောက်သွားသည်အထိ သူသည်နေရာမှမရွေ့ဘဲ မတုန်မလှုပ်နှင့် ရပ်ကြည့်နေသည်။

သူကြည့်နေရာရှေ့ဆီ၌ သုသာန်၏ မြေနီလမ်းပေါ်တွင် ခြေထောက်တစ်ဖက်တရွတ်ဆွဲ၍ စောစောကသူတောင်းစားကြီးသည် တရွေ့ရွေ့ တလှုပ်လှုပ် ထွက်သွားနေဆဲ ဖြစ်သည်။

*

၈

ထိုနေ့ညနေ၌ ဝတ်လုံတော်ရ ဦးမင်းဆွေ၏ ခြံတွင်းသို့ ဂျစ်ကားတစ်စီး ထိုးဆိုက် ဝင်ရောက်လာ၏။

ဂျစ်ကားပေါ်မှ ကိုသိန်းဇံသည် ဆင်းလာ၏။

အိမ်အပေါ်ထပ်မှ ကကြိုးကွက်မိသော အနောက်နိုင်ငံ တေးသံသည် ထွက်ပေါ်လာနေ၏။



ကိုသိန်းဇံသည် တစ်စုံတစ်ခုကို သဘောကျဟန် ပြုံးလိုက်ပြီး ခေါင်းညိတ်လျက် အိမ်ဆီသို့ လျှောက်သွားသည်။

အိမ်အခန်းဝ၌ တွေ့ရသော အိမ်ဖော်လုလင်ကို ဦးမင်းဆွေအား တွေ့လိုကြောင်း ပြောပြပြီး စာကြည့်ခန်း၌ ဝင်ထိုင်လျက် စီးကရက်သောက်ရင်း ထိုင်စောင့်နေ၏။

မကြာမီ ကိုမင်းဆွေ ဆင်းလာသည်။

သူက အပေါ်ဝတ် ကုတ်အင်္ကျီမပါသည်မှ လွဲ၍ ဥရောပဝတ်စုံကို ပြည့်ဝစွာ ဆင်ထားသည်။ လက်တစ်ဖက်၌လည်း ဝီစကီဖန်ခွက်ကို ကိုင်ထားသည်။

ကိုသိန်းဇံကို မြင်သောအခါ ကိုမင်းဆွေက လှိုက်လှဲစွာ နှုတ်ဆက်သည်။

‘ဟော့လူ ကိုသိန်းဇံကြီး၊ အချိန်မဟုတ်အခါမဟုတ် ဘယ့်နှယ် ပေါ်လာတာလဲ၊ ဒါထက် ဟော့....မောင်ညိုလှ၊ ဝီစကီ တစ်ခွက် သွားယူခဲ့စမ်းကွာ’

မောင်ညိုလှဟု အခေါ်ခံရသော အိမ်ဖော် လုလင်သည် ‘ဟုတ်ကဲ့ ဆရာ’ ဟုဆို၍ အိမ်တွင်းသို့ ဝင်သွားသည်။

‘ကဲ.... ဆိုစမ်းပါဦး ကိုသိန်းဇံ၊ ဘာသတင်း ထူးလာ့သလဲ’

‘သတင်းတော့ ထူးလာတယ်၊ ဒါပေမယ့် ကျွန်တော် နည်းနည်း ဖိန်းတိန်းတိန်း ရှိန်းတိန်းတိန်း ဖြစ်နေလို့၊ ဝီစကီ သောက်ပြီးမှ ပြောမယ်ဗျာ’

www.burmeseclassic.com

www.burmeseclassic.com



ကိုသိန်းဇံက စီးကရက်ကိုသာဆက်မှိန်းနေသည်၊ ကိုသိန်းဇံကို အလိုက်သိဟန် ကိုမင်းဆွေကလည်း ဘာမျှမပြောဘဲ သူ့ဖန်ခွက်ကိုသာ သူ စုပ်နေ၏။

မောင်ညိုလှယူလာသော ဝီစကီကို နှစ်ကျိုက်ခန့် ကိုသိန်းဇံဟာ ဆက်တိုက်မော့ချလိုက်သည်။

'ကိုယ့်လူ သိပ်ချမ်းလာတယ် ထင်တယ်'

'ချမ်းလာတာ မဟုတ်ဘူးဆရာ၊ ဖျားချင်သလိုလို ဖြစ်နေလို့'

'ဘာလဲ၊ ခင်ဗျား တုပ်ကွေးမိပြန်ပြီထင်တယ်'

'တုပ်ကွေးမိတာမဟုတ်ဘူး ဆရာရေ့၊ တိုက်ဖွိုက်ဆေး အထိုးခံရလို့'

ကိုသိန်းဇံက သူ့လက်မောင်းကို သူစမ်းရင်း ပြောသည်။

ကိုမင်းဆွေသည် ကိုသိန်းဇံ တိုက်ဖွိုက်ဆေး အထိုးခံခဲ့ရခြင်း၌ စိတ်ဝင်စားဟန်မတူ။ သူစိတ်ဝင်စားရာကိုသာ ဆက်မေးသည်။

'စောစောက သတင်းထူးလာတယ်လို့ ခင်ဗျား ပြောတယ်၊ ဘာသတင်း ထူးလာသလဲ'

ကိုသိန်းဇံသည် ရုတ်တရက်မဖြေသေးဘဲ ဝီစကီတစ်ကျိုက် ထပ်မော့လိုက်ပြီး စဉ်းစားနေသည်။ ဤသည်ကို အားမလို အားမရဖြစ်ဟန် ကိုမင်းဆွေက ထပ်မံတိုက်တွန်းသည်။

'ပြောလေဗျာ၊ ခင်ဗျားဟာကလဲ မဆတ်တငံကြီး'

'ပြောပါ့မယ်၊ ကျွန်တော်စဉ်းစားနေလို့ပါ၊ သတင်းထူးတာတော့ အမှန်ပဲ၊ ခက်တာက ကွင်းဆက်ပြတ်နေတယ်'



'ဘယ်လို ကွင်းဆက်ပြတ်နေတာလဲ'

ကိုသိန်းဇံသည် စားပွဲကို လက်ချောင်းများဖြင့် ခေါက်တာ စဉ်းစားရင်း တစ်လုံးချင်း ပြောသည်။

'သချိုင်းကုန်းက အလောင်း တစ်လောင်း ပျောက်ရင် သုဘရာဇာတွေမပါဘဲနဲ့ မဖြစ်နိုင်ဘူး၊ ရဲဘက်ကလဲ ဒီလောက်တော့ အကင်းပါးပါတယ်၊ ဒါပေမယ့် သူတို့က ခရစ်ယာန်သချိုင်းဘက်မှာသာ စစ်ကြတယ်၊ ပြီးတော့ ထုံးတမ်းစဉ်လာအတိုင်း သုဘရာဇာတွေကို မေးခွန်းထုတ် စုံစမ်းရုံ စုံစမ်းတယ်'

ကိုသိန်းဇံသည် တစ်စုံတစ်ခုကို သဘောကျဟန်ရယ်သည်။

'ခက်တာကဆရာ၊ လူနည်းစုအဖြစ်နဲ့ သီးခြားတည်နေတဲ့ လူတန်းစားတွေဟာ သိပ် ညီညွတ်တယ်၊ သိပ် စည်းရုံးတတ်တယ်၊ အချင်းချင်းလဲ သိပ်သစ္စာရှိတယ်၊ သုဘရာဇာဆိုတာတွေဟာ ဒီလို လူတန်းစားမျိုးပဲ၊ တကယ်လို့ သူတို့ထဲက တစ်ယောက်ယောက်လုပ်တာကို သိဦးတော့ ဘယ်သူမှ ဖော်မှာမဟုတ်ဘူး'

ကိုမင်းဆွေသည် ကိုသိန်းဇံ၏ စကားကို ထောက်ခံဟန် ခေါင်းညိတ်သည်။

'ဒါကြောင့်မို့ ကျွန်တော်က ကျွန်တော့်နည်းနဲ့ ကျွန်တော် လိုက်ယူတယ်၊ အဲဒီတော့ ထူးဆန်းတာတစ်ခုကို တွေ့ခဲ့ရတယ်၊ ခက်တာက ယုန်ထောင်တာ ကြောင်မိနေမှာလား မပြောတတ်ဘူး၊ ဒါမှမဟုတ် ယုန်ချော ကြောင်ချော မိနေဦးမှာလား မဆိုနိုင်ဘူး'

www.burmeseclassic.com

www.burmeseclassic.com



ကိုမင်းဆွေသည် ကိုသိန်းဇံ ပြောပြသည်ကို တစ်လုံးမျှ ဝင်မစွက်ဘဲ စိတ်ဝင်စားဟန် ငြိမ်နားထောင်နေသည်။

'ဟိုဘစ်နေ့က ဆရာ့အိမ်ကို ကျွန်တော်လာတုန်းက ကျွန်တော် တစ်ခါမှမသိသေးတဲ့ ဆရာဝန်မတစ်ဦးကို တွေ့ခဲ့ရတယ်၊ မနက်တုန်းက ကျွန်တော်တစ်ခါမှ မသိသေးတဲ့ ဆရာဝန် တစ်ဦးကို တွေ့ခဲ့ရတယ်'

'ဘယ်မှာတွေ့ခဲ့ရတာလဲ'

'ကြံတောသုသာန်က သုဘရာဇာရွာမှာ၊ အဲဒီ ဆရာဝန်က သုဘရာဇာတွေကို ဆေးထိုးပေးနေတယ်၊ ပြီးတော့ သုဘရာဇာတွေနဲ့လဲ မယုံကြည်နိုင်လောက်အောင် ရင်းနှီးခင်မင်နေတယ်'

'အဲဒီဆရာဝန် ဘယ်သူဆိုတာ ခင်ဗျားသိပြီလား'

ကိုသိန်းဇံက ခေါင်းခါသည်။

'ဟင့်အင်း....မသိသေးဘူး၊ ဒါပေမယ့် သူ့ကားနံပါတ်တော့ မှတ်မိလိုက်တယ်၊ ယာဉ်ထိန်းဌာနမှာ လိုက်ရင်တော့ အလွယ်နဲ့ ပေါ်မှာပဲ၊ အခုန ပြောသလို နည်းနည်း ဖိန်းတိန်းတိန်း ရှိန်းတိန်းတိန်းဖြစ်တာနဲ့ မလိုက်ရသေးဘူး'

'ကားနံပါတ်က ဘယ်လောက်လဲ'

'(-၁၀၄၉)မာစီဒီးအမျိုးအစား ကားအသစ်စက်စက်ပဲ'

ကိုမင်းဆွေ၏မျက်လုံးသည် မသိမသာ ပြူးသွားသည်။

'မာစီဒီးအမျိုးအစား အသစ်စက်စက်၊ အရောင်က ရွှေဖြူရောင် မဟုတ်လား'

ကိုသိန်းဇံက ကိုမင်းဆွေကို ဆတ်ခနဲ မော့ကြည့်သည်။



'ဟုတ်တယ် ဆရာ၊ ဆရာ ဘယ်လိုလုပ်သိသလဲ'

'ထားပါဦးလေ၊ ဆရာဝန်က အသက်သုံးဆယ် မကျော်သေးဘူး၊ အသား တော်တော်ဖြူတယ်၊ ရုပ်ကချောချော၊ အရပ်ရှည်ပြီး အတော်လေးပိန်တယ်၊ ဟုတ်သလား'

ကိုသိန်းဇံမှာ ပါးစပ်အဟောင်းသားနှင့် အံ့ဩသွား၏။

'ဟုတ်တယ်ဆရာ၊ ဒီအတိုင်းပဲ၊ သူ့ကို ဆရာသိလို့လား'

'အင်း.... ကောင်းကောင်းသိပါတယ်၊ သူ့ကို ခင်ဗျား မမြင်ဖူးတာ မဆန်းဘူး၊ သူက ဘယ်တုန်းကမှ ဆေးကုခဲ့တဲ့ ဆရာဝန်မှ မဟုတ်ဘဲ၊ အေးဗျ.... တော်တော်တော့ ဆန်းတာပဲ၊ ဘယ်တုန်းကမှ ဆေးမကုခဲ့တဲ့ ဆရာဝန်တစ်ယောက် အခုတော့လဲ သုဘရာဇာတွေကို ဆေးထိုးပေးနေတယ်၊ စဉ်းစားစရာပဲ'

'ဒါဖြင့်ရင် ဒီဆရာဝန်ကို ဆရာကောင်းကောင်းသိတယ်ပေါ့၊ သူ့နာမည် ဘယ်သူလဲ'

'ဒါက အရေးမကြီးပါဘူးလေ၊ ခင်ဗျား အယူအဆကို ပြောစမ်းပါဦး ကိုသိန်းဇံ'

ကိုသိန်းဇံသည် လေးနက်စွာ စဉ်းစားဟန် မျက်မှောင်ကြုတ်၍ ခေတ္တငြိမ်နေသည်။ အတန်ကြာမှ သူ့ထုံးစံအတိုင်း စားပွဲကို လက်ချောင်းများဖြင့် ခေါက်ရင်း ဆိုသည်။

'ရာဇဝတ်မှုတစ်ခုကို လိုက်ပြီဆိုရင် ဘယ်သဲလွန်စကိုမှ လွှင့်မပစ်နိုင်ဘူး၊ ဘယ်တွက်ကိန်းကိုမှလဲ မှားတယ်လို့ မပယ်နိုင်ဘူး၊ ဥပမာ မောင်မြဇင် သေတာမှာ ဆရာဝန် တစ်ဦးဦးရဲ့ ပယောဂကော မပါနိုင်ဘူးလား၊ ဦးထွန်း

www.burmeseclassic.com

www.burmeseclassic.com



သော်က ဆရာဝန်တစ်ဦးဦးရဲ့ အကူအညီမယူခဲ့ဘူးလို့ ဆိုနိုင်မလား’

ကိုသိန်းဇံ၏စကားကို ကိုမင်းဆွေက ပြုံးသည်။

‘ဆရာ ဘာပြုံးတာလဲ’

‘ခင်ဗျားပြောတာကို သဘောကျလို့ပါ၊ ခင်ဗျားအတွေးအခေါ်က မဆိုးလှဘူး၊ မောင်မြဇင်သေတာမှာ ဆရာဝန်တစ်ဦးဦး ပါကောင်း ပါနိုင်တယ်၊ ဒါပေမယ့် ကိုသိန်းဇံ၊ အဲဒီလို ပါခဲ့ရိုးမှန်ရင် မနက်က ခင်ဗျားတွေ့ခဲ့တဲ့ ဆရာဝန်ကတော့ မဖြစ်နိုင်ဆုံးသော လူတစ်ယောက်ပဲ’

‘ဘာပြုလို့လဲ ဆရာ’

‘ကျွန်တော် စောစောက ပြောခဲ့ပါရောလား၊ သူဟာ ဘယ်တုန်းကမှ ဆေးကုခဲ့တဲ့ ဆရာဝန်မဟုတ်ဘူးလို့၊ ပြီးတော့ ဘယ်သူနဲ့မှလဲ အဆက်အသွယ်လုပ်တဲ့လူ မဟုတ်ဘူး၊ ဒါကိုတော့ ကျွန်တော် တာဝန်ခံရဲတယ်၊ သူက ခေတ်ခွဲခန်းထဲက မထွက်တဲ့ သုတေသနသမားတစ်ဦးပဲ’

‘ဗျာ....သုတေသနသမားတစ်ဦး၊ ဟုတ်လား’

‘ဟုတ်တယ်’

ကိုသိန်းဇံက ကျေနပ်စွာ ပြုံးလိုက်သည်။

‘ဒီလိုဆိုရင် စောစောက ကျွန်တော်ပြောခဲ့တာ မှန်တာပေါ့၊ ယုန်ထောင်ကြောင်မိနေမလား မပြောတတ်ဘူး’

ကိုမင်းဆွေ၏မျက်နှာသည် တည်ကြည်သွားသည်။ သူ့မျက်လုံးများက စားပွဲဆီသို့ စူးစိုက်ကာကြည့်ရင်း အတွေးနက်နေဟန်ရှိသည်။



ကိုသိန်းဇံက ပမာမပြုဟန် စားပွဲပေါ်မှ လူခေါ်ခေါင်းလောင်းကို နှိပ်လိုက်သည်။ မောင်ညိုလှ ပေါ်လာ၏။

‘မောင်ညိုလှရေ....ဝီစကီ ထပ်ပေးပါဦးကွာ၊ ခပ်ပြင်းပြင်းလေး စပ်ပေးကွာ’

ကိုသိန်းဇံက စီးကရက်ဖွာရင်း စောင့်နေသည်။ ဝီစကီရောက်လာ၍ နှစ်ကျိုက်ခန့် သောက်မိသည်အထိ ကိုမင်းဆွေက စဉ်းစားခန်း မရပ်သေး။

အပေါ်ထပ်မှ မြူးကြွသောတေးသံစုံက အဆက်မပြတ်ပေါ်ထွက်နေ၏။

နှစ်မိနစ်ခန့်ကြာမှ ကိုမင်းဆွေသည် လှုပ်ရှားလာပြီး စကားဆိုသည်။

‘ဒီမှာကိုသိန်းဇံ.... ခင်ဗျားနဲ့ကျွန်တော် တွဲလုပ်လာတာ ကြာပြီနော်’

‘ဒါများ အဆန်းလုပ်လို့ ဆရာရယ်၊ ဘာများပြောမလို့လဲ....’

‘ကျွန်တော်ပြောတာကို နားထောင်ပါဦးလေ၊ ပြီးတော့ ခင်ဗျား ရဲအရာရှိဘဝတုန်းက ကြုံခဲ့တဲ့ဒုက္ခမှာ ကျွန်တော် ကယ်ခဲ့ဖူးတယ်နော်’

‘ဒီအကြောင်းကို ဘာကြောင့် ထပ်ပြောရတာလဲ ဆရာ၊ ကျွန်တော် ဆရာ့ကျေးဇူး တစ်သက်မမေ့ပါဘူး၊ ပြီးတော့ စားရန်မျှားတဲ့ အလွတ်စုံထောက်တစ်ဦးအနေနဲ့ ဆရာ့လို အတ်လုံတော်ရကြီးတစ်ဦးဟာ ကျွန်တော့်ရဲ့မှီခိုအားထားရာ ကျေးလ်ကြီးတစ်ဦး ဖြစ်ပါသေးတယ်’

www.burmeseclassic.com

www.burmeseclassic.com

ကိုမင်းဆွေသည် ကိုသိန်းဇံ၏စကားကို ကျေနပ်လက်ခံဟန် ခေါင်းညိတ်ပြီး ဆက်ပြောသည်။

'အခုနေအထိတော့ ခင်ဗျားရော ကျွန်တော်ဟာ နွဲ့နွဲ့ဇင် ငှားထားတဲ့ ဝတ်လုံတော်ရနဲ့ စုံထောက်ပဲ၊ နွဲ့နွဲ့ဇင် အမှုကို ဆက်လိုက်ပါလေ၊ ဒါပေမယ့် ခင်ဗျား တွေ့ခဲ့တယ်ဆိုတဲ့ ဆရာဝန်နဲ့ ပတ်သက်လာရင်တော့ ကိစ္စဟာ တမျိုးဖြစ်လာတယ်'

ကိုသိန်းဇံသည် နားမလည်ဟန် မျက်မှောင်တွန့်၍ ကိုမင်းဆွေကို ကြည့်သည်။ ထိုစဉ် ကိုမင်းဆွေက ကိုသိန်းဇံ အံ့ဩစေမည့် စကားကို ဆိုသည်။

'ကိစ္စတစ်မျိုး ဖြစ်လာပုံက ဒီလိုလေ၊ ခင်ဗျားကို ကျွန်တော်က အမှုကိစ္စတစ်ခုအတွက် ထပ်ငှားတယ် ဆိုပါတော့ဗျာ'

'ဘယ်လိုဆရာ၊ ဘာပြောလိုက်တယ်'

'ကျွန်တော်ပြောတာ ရှင်းတယ်၊ ခင်ဗျားဟာ ကျွန်တော်နဲ့ တွဲဖက်လုပ်ကိုင်နေတဲ့ စုံထောက်ဆိုတာကို ခေတ္တမေ့ထား၊ အခု ကျွန်တော်က ခင်ဗျား အမှုသည်၊ ခင်ဗျားက ကျွန်တော့်စုံထောက် ဟုတ်ပြီလား'

အံ့ဩခြင်းမပြေသေးသော ကိုသိန်းဇံက နားလည်ဟန် ခေါင်းညိတ်သည်။

'ဒီလိုရှိတယ် ကိုသိန်းဇံ၊ ဟိုတစ်နေ့က ခင်ဗျားတွေ့ခဲ့တဲ့ ဆရာဝန်မနဲ့ ဒီနေ့ ခင်ဗျားတွေ့ခဲ့တဲ့ ဆရာဝန်ဟာ ကိုယ်ရေးကိုယ်တာအရ ကျွန်တော်နဲ့ တိုက်ရိုက် ပတ်သက်နေတယ်၊ ဒါတော့ အဲဒီဆရာဝန်နဲ့ စပ်ဆိုင်လို့ ခင်ဗျား ဘာပဲတွေ့တွေ့ သိသိ ကျွန်တော်ကလွဲလို့ ဘယ်သူ့ဆီကိုမှ မပေါက်ကြားပါစေနဲ့'

ကိုသိန်းဇံသည် တစ်စုံတစ်ခုကို ပြောမည် ပြင်သဖြင့် ကိုမင်းဆွေက လက်ကာ၍ တားသည်။

'ခင်ဗျား ဘာပြောမယ်ဆိုတာ ကျွန်တော် နားလည်တယ် ကိုသိန်းဇံ၊ ဥပဒေကို စောင့်ထိန်းရတဲ့ စုံထောက် တစ်ယောက်ရဲ့ ကျင့်ဝတ်သိက္ခာအကြောင်း မဟုတ်လား'

ကိုသိန်းဇံက ခေါင်းညိတ်သည်။

'ဒီအတွက်စိတ်ချပါ ကိုသိန်းဇံ၊ ခင်ဗျားကို ဘယ်တရားဥပဒေကိုမှ မဖောက်ချိုးခိုင်းဘူး၊ ပြီးတော့ ဘယ်ရာဇဝတ်မှုကိုမှ ထိမ်ချန်ခိုင်းမှာ မဟုတ်ပါဘူး၊ ဆိုလိုတာက ကျွန်တော်နဲ့ မတိုင်မပင်ဘဲ ခင်ဗျားဘာမှ ခြေလွန်လက်လွန် မလုပ်စေချင်ဘူး၊ ကျွန်တာတော့ ခင်ဗျားသဘောရှိပဲ'

ကိုမင်းဆွေပြောသည်မှာ တရားနည်းလမ်း ကျသဖြင့် ကိုသိန်းဇံက သဘောတူ၏။

'ကောင်းပါပြီလေ၊ ဆရာ့ကို ကျွန်တော့်အမှုသည်အဖြစ် လက်ခံပါတယ်၊ ဒါပေမယ့် တစ်ခုမေးချင်တယ်၊ အဲဒီအတွက် ကျွန်တော်တို့ ဘာအကျိုးရှိမလဲ'

ကိုမင်းဆွေသည် ရုတ်တရက် အဖြေမပေးဘဲ ခေတ္တစဉ်းစားပြီးမှ ဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com


'ခင်ဗျားစကားနဲ့ပဲ ပြန်ဖြေရလိမ့်မယ်၊ ကျွန်တော်တို့ ယုန်ထောင်တဲ့ ကြောင်မိချင်မိလိမ့်မယ်၊ ဒါမှမဟုတ် ယုန်ရော ကြောင်ရော မိချင်မိလိမ့်မယ်၊ ဘယ်လိုပဲဖြစ်ဖြစ် ဒီကိစ္စ နှစ်ခုလုံးဟာ ကျွန်တော့်အတွက် သိပ်အရေးကြီးတယ်၊ တန်ဖိုးမဖြတ်နိုင်လောက်အောင် အရေးကြီးတယ်၊ ဒီလောက်သာ တော်ရောပေါ့ဗျာ'

'ကောင်းပါပြီဆရာ စိတ်ချပါ၊ ဒါဖြင့်ရင် စောစောက ဆရာဝန်ရဲ့လိပ်စာ ကျွန်တော် မသိရဘူးသာ'

ကိုမင်းဆွေသည် စာရွက်တစ်ရွက်ယူ၍ တစ်စုံတစ်ခုကို ရေးနေသည်။

ထိုအခိုက်တွင်ပင် အခန်းဝမှ ခြေသံကြားရသည်။

အခန်းဝ၌ နွဲ့နွဲ့ဇင်ကရပ်နေ၏။ နွဲ့နွဲ့ဇင်က ပါးလွှာသော နိုင်လွန်အင်္ကျီ၊ တင်းကျပ်သော ဘောင်းဘီရှည်တို့ကို ဝတ်ထားသဖြင့် ကြော့ရှင်းသွယ်ပျောင်းသော ခန္ဓာကိုယ်လေး၏ အဝိုက်အဝိုင်းအသီးသီးကို ရင်ဖိုဖွယ် မြင်နေရ၏။

စီးကရက်ကိုခဲ၍ မပြုံးလေသို့ပြုံးလေသို့နှင့် မျက်တောင်များကိုစင်းကာ ကြည့်ပုံကလည်း ကိုသိန်းဇံကို အသည်းယားစေသည်။

ကိုသိန်းဇံသည် ကိုမင်းဆွေလှမ်းပေးသော စာရွက်ကို လှမ်းယူကာ အိတ်တွင်းထည့်လိုက်ပြီး နေရာမှထ၍ ထွက်ခွာရန် ပြင်သည်။

'အို...အစ်ကိုသိန်းဇံကြီးက သွားတော့မလို့လား'

'ဟုတ်တယ် နယ်လီ၊ အစ်ကိုသိန်းဇံ လုပ်စရာတွေ အများကြီး ရှိသေးတယ်'

ကိုသိန်းဇံသည် ဤမျှသာ စကားကို တိုတိုနှင့်ဖြတ်၍ အိမ်ပြင်သို့ ထွက်လာခဲ့သည်။

ကားကိုစက်နှိုး၍မထွက်မီ မိမိသည် ယုန်နှင့် ကြောင်ကို မိမည် မမိမည် မသေချာ၊ ကိုမင်းဆွေမှာမူ အလွန်လှပသော ငါးရံ့တစ်ကောင်ကို မိထားလေမှန်း စဉ်းစားမိသဖြင့် ပြုံးလိုက်၏။

*

၁၁

ကိုသိန်းဇံ၏ ဂျစ်ကားသည် ကျယ်လောင်စွာ အသံပြု၍ ကိုမင်းဆွေ၏ အိမ်ရှေ့မှ ခြံ၏ အထွက်ပေါက်ဆီသို့ ဆောင်ထွက်ခွာစဉ်ပင် အဝင်ပေါက်မှ အနက်ရောင် အိုပယ်လ် အမျိုးအစား ကားကြီးတစ်စီးသည် ဝင်လာပြီး အိမ်ရှေ့တွင် ညင်သာစွာ ထိုးဆိုက်လာ၏။

ကားနောက်ပိုင်းမှ ခံ့ညားမွန်ရည်သော အသက် လေးဆယ်ခန့်ရှိ ပုဂ္ဂိုလ်တစ်ဦး ဆင်းလာသည်။

သူက ခြေလှမ်းကျဲများဖြင့် အိမ်တွင်းသို့ ဝင်ရောက်လာသည်။ သို့ရာတွင် အခန်းတွင်းမှ ရှခင်းကြောင့် သူ၏ခြေလှမ်းများ တုံ့ခနဲ ရပ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်းတွင်းမှ နှုတ်ခမ်းချင်းထပ် ရင်ချင်းအပ်၍ လောကကြီးကို မေ့နေဟန်ရှိသော လူနှစ်ဦးမှာလည်း သူ၏ ရှူးဖိနပ်သံကြောင့် ရုတ်တရက် ကိုယ်ချင်းခွာလိုက်ကြသည်။

'ဟာ...အစ်ကိုကြီး'

ကိုမင်းဆွေက ထိတ်လန့်တကြား ဆိုသည်။

နယ်လီဘာမူ ဝင်လာသူကို ကြောင်ကြည့် နေမိပြီးနောက် မျက်နှာတွင် ရှက်သွေးရဲလျက် အိမ်ပေါ်ထပ်သို့ တက်ပြေးသည်။

ကိုမင်းဆွေမှာသာ ခိုးထုပ်ခိုးထည်နှင့်မိသော သူခိုးတစ်ဦးကဲ့သို့ ရှေ့၌မားမားကြီးရပ်နေသော ခံ့ညားလှသည့် ဒေါက်တာဦးထွန်းအောင်၏မျက်နှာကို ပါးစပ်အဟောင်းသားဖြင့် ကြည့်ရင်း ဘာစကားမျှဆက်မပြောနိုင်၊ ဒေါက်တာဦးထွန်းအောင်ကသာ ပကတိတုန်လှုပ်မှုမရှိသော မျက်နှာထားဖြင့် ဆိုသည်။

'ဩော်...အစ်ကိုကြီး မင်းကိုများလာပြီးအနှောင့်အယှက်ပေးမိသလားကွာ'

တစ်ဖက်သူက တည်ငြိမ်သမျှ ကိုမင်းဆွေမှာ လှုပ်ရှားနေ၏။ မုန့်ခိုးစားသည်ကို လူကြီးတစ်ဦး အမိခံရသော ကလေးတစ်ဦးကဲ့သို့ သူ့တစ်ကိုယ်လုံးမှာ တုန်တုန်ယင်ယင် ဖြစ်နေသည်။ သူ့မျက်နှာမှာလည်း ရယ်လိုက်တည်လိုက်နှင့် မသက်မသာ ဖြစ်နေ၏။

အတန်ကြာမှ သူသည် ခြေမကိုင်မိ လက်မကိုင်မိနှင့် ပျာယာခတ်သွားပြီး ကုလားထိုင်တစ်လုံးကို ဆွဲမ နေရာချထား



ပေးလျက် 'ထိုင်ပါဦး အစ်ကိုကြီး' ဟု အနိုင်နိုင် ကြိုးစားပြောသည်။

ဦးထွန်းအောင်က ကုလားထိုင်တွင် ဝင်ထိုင်လိုက်၏။

အပေါ်ထပ်မှ မြူးမြူးကြွကြွ ထွက်ပေါ်လာနေသော တေးသံသည် ရပ်သွား၏။

ကိုမင်းဆွေမှာလည်း သူ့မျက်နှာချင်းဆိုင်၌ မလှုပ်မယှက် ထိုင်လျက် တည်ငြိမ်စူးရှသော မျက်လုံးများဖြင့် သူ့အား စိုက်ကြည့်နေသော ဒေါက်တာဦးထွန်းအောင်ကို ဆက်လက်၍ ဘာစကားမှ စပြောရမှန်းမသိ။

အောင်မြင်သော ဦးထွန်းအောင်၏ အသံကသာ ပေါ်လာသည်။

BURMESE CLASSIC .com

'မောင်မင်းဆွေ...အစ်ကိုကြီး မင်းကိုလာပြီး အနှောင့်အယှက် ပေးနေမိသလား'

ဒုတိယမိမေးခွန်းကြောင့် ကိုမင်းဆွေသည် လှုပ်ရှားလာကာ အသံကိုထိန်း၍ ပြောသည်။

'အနှောင့်အယှက် မဖြစ်ပါဘူး အစ်ကိုကြီး၊ အစ်ကိုကြီး ကျွန်တော့်ကို အထင်လွဲနေတယ် ထင်တယ်၊ စောစောက ကလေးမဟာ ကျွန်တော့်အမှုသည် တစ်ဦးပါ'

'အေးလေ၊ အစ်ကိုကြီးကလဲ အဲဒါပြောတာပေါ့၊ မင်းအမှုသည်နဲ့ မင်းလုပ်ငန်းကြားမှာ အစ်ကိုကြီးများ လာအနှောင့်အယှက် ပေးနေမိသလားလို့'

ဦးထွန်းအောင်၏စကားကြောင့် ကိုမင်းဆွေမှာ ခေါင်းငိုက်စိုက်ကျလျက် ငိုင်သွားသည်။ သို့ရာတွင် ခေါင်းကိုပြန်

www.burmeseclassic.com

www.burmeseclassic.com


မော့လိုက်သောအခါ၌ သူ့မျက်နှာသည် အပြစ်ကင်းသော လူတစ်ဦး၏ မျက်နှာပမာ ပြန်လည်ငြိမ်သက် တည်ကြည်နေသည်။

'အစ်ကိုကြီးကို ကျွန်တော် ရှင်းပြပါရစေ'

'ရှင်းပါလေ...ရှင်းပါ'

'ကျွန်တော်တို့လုပ်ငန်းဟာ အစ်ကိုကြီးတို့ လုပ်ငန်းနဲ့ မတူဘူး၊ ဆန်းတယ်၊ ရှုပ်တယ်၊ အမှုသည်ဆိုတာလဲ အမျိုးမျိုးပဲ၊ အမှုသည်အမျိုးမျိုးကို ကျွန်တော်တို့ကလဲ အမျိုးမျိုး ရင်ဆိုင်ရတာပဲ'

'အင်း...အင်း...'

'အခုန ကလေးမဟာ ထူးဆန်းတဲ့ အမှုသည် တစ်ဦးပဲ အစ်ကိုကြီး'

'အင်း...အင်း...'

'သူ့မှာ လျှို့ဝှက်နက်နဲတဲ့ အခက်အခဲတွေ ရှိပါတယ် အစ်ကိုကြီး၊ အသက်ထိခိုက်လောက်အောင် ရှိနေပါတယ်၊ ဒါကြောင့် ကျွန်တော့်အိမ်မှာပဲ ကျွန်တော် စောင့်ရှောက်ထားရတယ်'

'ဩော်...အင်း...အင်း...အင်း'

ကိုမင်းဆွေသည် တုန်လှုပ်မှုကင်းသော ဦးထွန်းအောင်၏ မျက်နှာကို တစ်ချက်လှမ်းကြည့်ပြီး ခေါင်းကိုခါ၏။ ထို့နောက် သက်ပြင်းရှိုက်ပြီး ပြောသည်။

'အစ်ကိုကြီးကို ကျွန်တော် ညာတော့မညာချင်ဘူး၊ ကျွန်တော် ကြုံရတာကို အစ်ကိုကြီး ကိုယ်ချင်းစာ နားလည်နိုင်ပါ့မလားမသိဘူး၊ ကျွန်တော်ဟာ ရဟန္တာတစ်ယောက်မဟုတ်ဘူး အစ်ကိုကြီး၊ အခုမမျှော်လင့်ဘဲ ကျွန်တော့် အမှုသည် ဖြစ်လာတဲ့ ဒီကလေးမနဲ့ ကျွန်တော်တာ အင်္ဂလန်တုန်းက နီးစပ်ခဲ့ကြဖူးတယ်၊ ဒါကတော့ လူ့သဘာဝပါပဲ အစ်ကိုကြီး'

ဦးထွန်းအောင်က ခေါင်းညိတ်ပြသည်။

'ဒါပေမယ့် ကျွန်တော့်မေတ္တာစစ်ဟာ ဘယ်မှာ တည်ရှိတယ်ဆိုတာ အစ်ကိုကြီး အသိဆုံးပါ'

ဦးထွန်းအောင်က ခေါင်းကိုဆက်ညိတ်၏။

'ကျွန်တော့်ဘက်ကလဲကြည့်ပြီး စဉ်းစားပေးစေချင်ပါတယ် အစ်ကိုကြီး၊ သစ္စာရှိရှိနဲ့ ကျွန်တော် စောင့်စားမျှော်လင့်ခဲ့တာဟာ နှစ်တွေ ကြာပါပြီ အစ်ကိုကြီး'

ဤအကြိမ်တွင်မူ ဦးထွန်းအောင်သည် မသိမသာ ငိုင်သွား၏။ ဤသည်ကို အကဲခတ်မိဟန်ဖြင့် ကိုမင်းဆွေက ဆက်လက်၍ ဆင်ခြေပေးသည်။

'ဒီနေ့ အစ်ကိုကြီး မြင်ခဲ့ရတာအတွက် ကျွန်တော် လှည့်စားပြီး ဘာမှ မပြောလိုပါဘူး၊ အစ်ကိုကြီးကို ကျွန်တော် တစ်ခုပဲ တောင်းပန်ချင်တယ်၊ ကျွန်တော့်ကို ခွင့်လွှတ်ပါ၊ ဒါပေမယ့် ကျွန်တော့်သစ္စာဟာ သန့်အပေါ်မှာပဲ အမြဲရှိပါတယ်'

ဦးထွန်းအောင်သည် နေရာမှ ဖြည်းညင်းစွာ ထသည်။ စကားကိုလည်း ဖြည်းညင်းစွာပင်ဆို၏။

www.burmeseclassic.com

www.burmeseclassic.com

'မင်း....ဟိုတစ်နေ့က ခေါင်းမှာ ဒဏ်ရာရသွားပြီး ကတည်းက မင်းအတွက် အစ်ကိုကြီး စိတ်ပူနေမိတယ်၊ မင်း အပေါ်မှာလဲ အစ်ကိုကြီးရဲ့ ကရုဏာဟာ အမြဲရှိခဲ့ပါတယ်၊ အစ်ကိုကြီး အခုလာခဲ့တာကတော့ မင်းနဲ့လဲ မတွေ့ရတာ ကြာလို့ လာကြည့်တာပဲ၊ မင်းပြောသလိုပဲ မင်းရဲ့ဘဝကို အစ်ကိုကြီး ကိုယ်ချင်းစာ နားလည်ပါတယ်၊ အေးကွယ်.... ဘာမှ စိတ်စနောင့်စနင်းမဖြစ်ပါနဲ့၊ စေတနာသာလျှင် ကံတဲ့ ကွယ့်၊ ကဲ....အစ်ကိုကြီး ပြန်ဦးမယ်'

သူက ဦးထွန်းအောင်ကို ကားဆီအထိ လိုက်ပို့ပေးသည်။

ဦးထွန်းအောင်က အေးချမ်းညင်သာစွာပင် ကားပေါ် တက်သွား၏။

ကားသည်လည်း အေးချမ်းညင်သာစွာပင် ထွက်ခွာသွား သည်။

*

င

အိမ်၌ စောင့်နေရသူ မလေးသန့်သည် ရင်မဖိုသည့်တိုင် အောင် စိုးရိမ်စိတ် အနည်းငယ် ကဲနေ၏။

နံနက်ခင်း ထမင်းစားအပြီး ဒေါက်တာ နှင်းမောင် ပြန် ရောက်လာသောအခါ၌ သူ့အသွင်သည် ကြည်ကြည်ရွှင်ရွှင် နှင့် အမူအရာက လန်းဆန်း သွက်လက် နေသောကြောင့် မလေးသန့်မှာ စိတ်သက်သာရာ ရသည်။ ကိုက်ထူးဘ်မှုလည်း ကောင်း၊ သုသာန်အရပ်မှ လည်းကောင်း နံနက်က သတင်း



စာပါ အကြောင်းများနှင့် ပတ်သက်၍ သူဘာမှ မသိခဲ့လေ ကြောင်း ထင်ရှားသည်။

မလေးသန့်သည် အစ်ကိုကြီးဖြစ်သူကိုသာ တစ်နေ့လုံး စောင့်မျှော်နေမိသည်။ မိမိအနေနှင့် ညာဏ်မီသမျှ ကြံဆ၍ စီစဉ်ထားချက်များကို အစ်ကိုကြီးက ဘာပြောမည်မသိ။

နံနက်က အရေးကြီးသောလူနာတစ်ဦးကြောင့် စောစီး စွာ ကတိုက်ကရိုက် ထွက်ခွာသွားသဖြင့် အစ်ကိုကြီးသည် သတင်းစာဖတ်မသွားအား၊ ဆေးတိုက်တွင် အလုပ်များနေ သဖြင့် နံနက်စာကို အိမ်ပြန်မစားနိုင်ကြောင်း တယ်လီဖုန်း ဆက်စဉ်ကလည်း အစ်ကိုကြီး၏အသံမှာ ခါတိုင်းလိုပင် တည် တည်ငြိမ်ငြိမ် အေးအေးဆေးဆေး ဖြစ်၏။ ဤသတင်းကို အစ်ကိုကြီး ယခုအထိ သိသေးပုံမရ။

ညနေ အတန်စောင်းမှ ဒေါက်တာ ဦးထွန်းအောင်၏ အိုပယ်လ် ကားအနက်ကြီးသည် အိမ်သို့ ပြန်ရောက်လာ သည်။

ဦးထွန်းအောင်က ခါတိုင်းကဲ့သို့ပင် ဖခင်တစ်ဦး၏ ကြင်နာသောအပြုံးနှင့် နှမကို နှုတ်ဆက်သည်။

'ညီမလေးကော သန့်'

'ခေတ်ခွဲခန်းထဲမှာပါပဲ အစ်ကိုကြီး'

ဒေါက်တာ ဦးထွန်းအောင်သည် ခေါင်းညိတ်လျက် ဘာမျှမပြောဘဲ သူ့အခန်းဆီသို့ တက်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



မလေးသန့်က အစ်ကိုကြီး၏ ဆေးအိတ်၊ ဦးထုပ်၊ ဖိနပ်စသည်တို့ကို သိမ်းဆည်းနေရာချထားရင်း အောက်ထပ်၌ ကျန်ရစ်သည်။

ဦးထွန်းအောင် ရေမိုးချိုးပြီးလောက်မှ မလေးသန့်သည် သတင်းစာကို ကိုင်လျက် အပေါ်ထပ်သို့ တက်လိုက်သွားသည်။

ဦးထွန်းအောင်ကို သူ့စာကြည့်ခန်း၌ တွေ့ရသည်။

'လာဟေ့ သန့်၊ အစ်ကိုကြီးကို ဘာပြောမလို့လဲ'

မလေးသန့်သည် သတင်းစာကိုကိုင်လျက် ကုလားထိုင်၌ ဝင်ထိုင်၏။

ဦးထွန်းအောင်သည် ပြုံးလျက် မလေးသန့်၏ လက်တွင်းမှ သတင်းစာကိုကြည့်သည်။

'ဘာလဲ....သန့်က အလောင်းပျောက်တဲ့ သတင်း ပြောမလို့လား'

မလေးသန့်သည် သူ့အစ်ကိုကြီးကို အံ့ဩဟန် မော့ကြည့်သည်။

'ဒါဖြင့် အစ်ကိုကြီးက သိပြီးပြီပေါ့'

ဒေါက်တာ ဦးထွန်းအောင်က ခေါင်းညိတ်ပြီး ပြန်မေးသည်။

'သိပြီးပြီသန့်၊ သန့်က သိပ်စိုးရိမ်နေသလား'

မလေးသန့်က အသာအယာပြုံး၍ ခေါင်းခါပြသည်။

'ဒါထက် နှင်းမောင်ကော သိပြီးပြီလား'



'မသိသေးပါဘူး အစ်ကိုကြီး၊ သန့်တော့ ဒီလိုစိုးစဉ်ထားတယ်'

မလေးသန့်သည် ကိုက်ကံထူးနှင့် သူစိုးစဉ်ထားသည် တို့ကို ဦးထွန်းအောင်အား ပြန်လည်ရှင်းပြသည်။

မလေးသန့် စကားဆုံးသောအခါ ဦးထွန်းအောင်က သဘောတူကြောင်း ခေါင်းညိတ်သည်။

'သန့်တွေးခေါ်တာဟာ မှန်တယ်သန့်၊ နှင်းမောင် ဘာမှ မသိစေနဲ့၊ သူ့အလုပ်ကိုသူ စိတ်ဖြောင့်ဖြောင့် ဆက်လုပ်ပါစေ၊ တကယ်လို့ အရေးအရာတစ်ခုခု ပေါ်ရင်လဲ အစ်ကိုကြီး ကြည့်စီစဉ်ပေးပါ့မယ်'

မလေးသန့်သည် သူ့အစ်ကိုကြီးကို ကျေးဇူးတင်စွာဖြင့် ကြည့်သည်။ အစ်ကိုကြီးသည် ဖခင်ပမာ ညီ၊ညီမတို့၏အရေးကို အစဉ် တာဝန်ယူတတ်သည်။

တည်ငြိမ်သော အစ်ကိုကြီး၏ အမူအရာကြောင့် မလေးသန့်၏ ရင်၌ရှိသော စိုးရိမ်မှုတို့သည် ပျောက်လွင့်ကုန်၏။

'ဒါထက်သန့်၊ ညနေက အစ်ကိုကြီး မောင်မင်းဆွေ အိမ်တောင် ရောက်သွားသေးတယ်'

'ဟုတ်လား အစ်ကိုကြီး၊ ဘာကိစ္စနဲ့လဲ'

'ဒီသတင်းမှာ သူ့နာမည်လဲ ပါနေတော့ အစ်ကိုကြီးက အခြေအနေ သွားအကဲခတ်တာပါ'

'ဒီအကြောင်းကို အစ်ကိုကြီးနဲ့သူ စပ်ပြောမိကြသေးသလား'

www.burmeseclassic.com

www.burmeseclassic.com



'ဟင့်အင်း၊ ပြောဖို့လဲ မလိုပါဘူး၊ နောင်ကိုလဲ ဒီကိစ္စနဲ့ ပတ်သက်ပြီး အစ်ကိုကြီးတို့က စိတ်ဝင်စားနေကြောင်း သိအောင် ဘယ်သူနဲ့မှ စကားစပ်ပြောဖို့ မလိုဘူး'

မလေးသန့်သည် 'သန့် နားလည်ပါတယ် အစ်ကိုကြီး' ဟု ပြော၍ နေရာမှထရန်ပြင်သည်။

မလေးသန့် နေရာမှမခွာခင် ဦးထွန်းအောင်က ပြော၏။

'ဩော်....ဒါထက်သန့်၊ မောင်မင်းဆွေနဲ့ သန့်ကိစ္စကို ပြောရဦးမယ်'

မလေးသန့်သည် မျက်လုံးလေးအဝိုင်းသားနှင့် ထိတ်လန့်တကြား ဦးထွန်းအောင်ကို ကြည့်မိသည်။

ဦးထွန်းအောင်သည် ညီ,ညီမတို့၏ လွတ်လပ်မှုကို မချုပ်ချယ်တတ်သဖြင့် မိမိနှင့် ကိုမင်းဆွေ၏ အရေးတွင် ဘာမှဝင်မပြောသော်လည်းသူ့စိတ်ရင်းမှာ မိဘများထားရှိခဲ့သည့် ဆန္ဒအတိုင်း ဖြစ်စေလိုမှန်း မလေးသန့်သိသည်။ ထို့ကြောင့်လည်း အစ်ကိုကြီးက မပြောစဖူး မိမိနှင့် ကိုမင်းဆွေတို့ အကြောင်းကို စကားစလာသောအခါ မလေးသန့်သည် မျက်လုံးလေးပြူး၍ ထိတ်လန့်မိခြင်းဖြစ်သည်။

ဦးထွန်းအောင်က နှမဖြစ်သူ၏ မျက်လုံးများကို အဓိပ္ပာယ်လေးနက်စွာဖြင့် စူးစိုက်ကြည့်၍ တစ်လုံးချင်းပြောလိုက်၏။

'သန့်နဲ့ မောင်မင်းဆွေကိစ္စမှာ အစ်ကိုကြီး ဘာမှ "ဝင်အဆုံးအဖြတ် မပေးချင်ဘူး၊ သန့်သဘောအတိုင်း သန့် လုပ်ပါ၊ အစ်ကိုကြီး သန့်ကိုခွင့်ပြုပါတယ်'

* * *

(၉)

## သူတစ်ကွက် ကိုယ်တစ်ကွက်

ဘ

အထက်ပါ ကိစ္စများ ပေါ်ပေါက်ပြီးနောက် နှစ်လကျော်ခန့်ကြာခဲ့သော တစ်နေ့လယ်ခင်းတွင် ရန်ကုန်ဆေးရုံကြီး၏ ရင်ခွဲရုံရှေ့၌ အသုဘပို့ ပရိသတ်များတို့ဖြင့် စည်ကား ပြည့်ကျပ်နေ၏။

ရင်ခွဲရုံအတွင်းမှ ခေါင်းတစ်လုံးကို အသုဘယာဉ်အလုပ်သမားများက ထမ်းယူထွက်လာစဉ်၌ မိန်းမကြီး တစ်ဦး၏ ရင်ကွဲပက်လက် အော်ဟစ်ငိုယိုသံသည် ကြေကွဲဆို့နင့်ဖွယ် ပေါ်လာ၏။

'အမယ်လေး သားရဲ့၊ လူမိုက်ကြီးရေ မေမေ့ကို ထားခဲ့ပြီပေါ့၊ ဟုတ်လား သားရဲ့'

အဒေါ်ကြီးသည် ချုပ်ကိုင်ထိန်းသိမ်းထားကြသော လူသုံးဦး၏ လက်တွင်းမှ ရုန်းရင်းကန်ရင်း ပဋ္ဌာမြေလူး အော်ဟစ် ငိုကြွေးနေသည်။ အပါးတွင် အသက် ၅၀-ခန့် ဖခင်နှင့် တူသော လူကြီးတစ်ဦးသည် အံကြိတ်ရင်းက ယောက်ျားတန်မဲ့ မျက်ရည်ကျသည်။

www.burmeseclassic.com

www.burmeseclassic.com


'ကျွန်မကို လွှတ်ကြစမ်းပါ၊ ကျွန်မသားနဲ့ ကျွန်မ တစ်ခါတည်း လိုက်သွားမယ်၊ လွှတ်ကြစမ်းပါ'

ဝိုရင်းဟစ်ရင်း မိန်းမကြီးက ရုန်းသည်။

ခေါင်းသည် အသုဘယာဉ်ပေါ်သို့ ရောက်သွား၏။ ထိုစဉ် ခပ်လှမ်းလှမ်းမှ ကြေးစည်သံသည် လွမ်းဆွတ်ဖွယ် တဝေဝေ ပေါ်ထွက်လာ၏။

'အမယ်လေး....ကျွန်မသားကို ခေါ်သွားကြတော့မယ်၊ ကျွန်မမှာ သားလေးတစ်ယောက်တည်းပါရှင်၊ ခေါ်မသွားကြပါနဲ့၊ ခေါ်ချင်ခေါ်ရင် ကျွန်မကို ခေါ်သွားကြပါ'

မိခင်ကြီးသည် အရှုးပမာ အော်ဟစ်ရင့်က ဆို့တက်နစ်မြောသွားသည်။

ပရိသတ်တွင်းဝယ် ရင်ထုမနာနှင့်ကြည့်နေလေသူ တစ်ဦးက ပြော၏။

'အေးဗျာ၊မအေကြီးတော့ ရင်ကွဲမယ်ဆိုလဲ ရင်ကွဲစရာပဲ၊ သားလေး တစ်ယောက်တည်း ရှိတာ၊ သို့ပ်အလိုလိုက်ရှာတာ'

အခြားတစ်ဦးက ခေါင်းညိတ်ရင်း မှတ်ချက်ချသည်။

'အင်းလေ....သားကလဲ တစ်ဦးတည်း၊ ချမ်းကလဲ ချမ်းသာတော့ အရမ်း အလိုလိုက်ထားတာကိုး၊ အလိုလိုက်လွန်းလို့လဲ အခုလို ကိုယ်ကျိုးနည်းရတာပေါ့၊ ချစ်ရာမရောက် နှစ်ရာရောက်တယ်ဆိုတာ ဒါမျိုးပေါ့'

သူတို့အနီးတွင် မျက်မှန်မည်း တပ်လျက် ရပ်နေသောကိုသိန်းဇံကလည်း စိတ်တွင်း၌ ထိခိုက်မိရင်း သူ့မျက်လုံးများက ခေါင်းပေါ်၌ ရေးထားသော စာတန်းဆီ ရောက်သွားသည်။

## ခေါင်းလှူငွေ
## အသက် (၁၆) နှစ်

ဆွေမျိုးမိတ်ဆွေများက သတိလစ်နေသော အဘွားကြီးကို ကားတစ်စီးပေါ်သို့ တင်ဆောင်ယူသွားကြ၏။

အသုဘ စချသည်။

မျက်နှာကြီးအသုဘဖြစ်သဖြင့် လူလည်းစည်သည်။ ကားလည်း များ၏။

ကိုသိန်းဇံသည် သူ့ဂျစ်ကားလေးကိုမောင်း၍ အသုဘပို့ကားတန်း၏ နောက်ပိုင်း မကျတကျမှ လိုက်လာခဲ့သည်။

အသုဘသည် တာမွေသုသာန်သို့ ရှေးရှုသွားသည်။

တစ်နာရီနီးပါးခန့်ကြာမှ သုသာန်သို့ ရောက်သည်။

ထိုအချိန်၌ မိခင်ဖြစ်သူ အဘွားကြီးမှာ သတိပြန်လည်လာပြီဖြစ်သဖြင့် သရဏဂုံတင်သောအခါ၌ အများနည်းတူ သီလဝင်ယူနိုင်ရှာ၏။

သရဏဂုံတင်ပြီးသောအခါ ခေါင်းကို ငွေပေးဝယ်ရသော သီးသန့်မြုပ်နှံရာမြေဆီသို့ သယ်သွားကြ၏။

အလောင်းမြေကျချိန်၌ အဘွားကြီးမှာ သတိလစ်သွားပြန်သဖြင့် ထမ်းယူခေါ်ဆောင် သွားရ၏။

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းကို အုတ်ဂူသွင်းသည်ဖြစ်ရာ ပန်းရန်ဆရာတို့က ချက်ချင်းပင် အုတ်စီပိတ်ဆို့ကာ ပန်းရန်စကိုင်သည်။

ကိုသိန်းဇံသည် ပတ်ဝန်းကျင်နှင့် မြေနေရာအမှတ်အသားတို့ကို မျက်လုံးဖြင့် လှည့်ပတ်ကြည့်ရှု၍ မှတ်သားသည်။

အသုဘရှုသူများ တဖြည်းဖြည်းနှင့် ပြန်ကုန်ကြသည်။

ဖခင်ဖြစ်သူအဘိုးကြီးနှင့်လူလေးငါးဦးသည်သာ ပန်းရန်ဆရာတို့နှင့် ကျန်ရစ်သည်။

သူတို့ကိုလှမ်းကြည့်ကာ ကိုသိန်းဇံသည် စိတ်တွင်းက မချမ်းသာလှသော်လည်း အမှတ်မထင်ပြုံးမိသွားပြီး မိမိ၏ ဂျစ်ကားဆီသို့ ပြန်လျှောက်လာခဲ့လေ၏။

*

ခ

ထိုနေ့ညဆယ်နာရီခန့်၌ ကြံတောသုသာန်လမ်းမှ စုတ်ချာ ဟောင်းနွမ်းသော ကားအိုတစ်စီးသည် ဟံသာဝတီ အဝိုင်းကြီးဆီသို့ ထွက်လာ၍ ပြည်လမ်းအတိုင်း မြောက်ဘက်သို့ အပြင်းမောင်းနှင် ထွက်ခွာသွားသည်။

မရှေးမနှောင်းပင် စပါယ်ရှယ်ကောလိပ်ထောင့်တွင် ရပ်ထားသော ဂျစ်ကားတစ်စီးသည်လည်း အောက်မီးမျှားသာ ဖွင့်၍ ရှေ့မှကားနောက်သို့ လိုက်သွား၏။

ပြည်လမ်းပေါ်၌ ကားနှစ်စီးသည် တစ်စီးနှင့် တစ်စီးကိုက်နှစ်ရာခန့်ကွာလျက် မောင်းနှင်နေကြသည်။



ရှေ့မှကားသည် အမြင် စုဘ်သမျှ စက်မှာမူ မခေလှ။ ကမာရွတ်အဝိုင်းကြီးကို ကျော်ကာ တက္ကသိုလ်ရိပ်သာလမ်းအတိုင်း အရှေ့ဘက်သို့ လျင်မြန်စွာ ဆက်မောင်းသွားလေသည်။

နောက်မှဂျစ်ကားလည်း ကွာခြားမပျက် မှန်မှန်လိုက်၏။

တက္ကသိုလ်ရိပ်သာလမ်းမှ ကုက္ကိုင်းလမ်း၊ ကုက္ကိုင်းလမ်းမှ ဂွတ္တလစ်၊ ဂွတ္တလစ်မှ မြင်းပြိုင်ကွင်းမြောက်ဘက်လမ်း၊ ထိုမှသည် အရှေ့မြင်းပြိုင်ကွင်းလမ်းသို့ ရောက်လာ၏။

ရှေ့မှ ကားသည် အရှေ့မြင်းပြိုင်ကွင်း လမ်းအတိုင်း တောင်ဘက်သို့ ဆက်မောင်းလာပြီးနောက် သင်္ဃန်းကျွန်းလမ်းမကြီးအတိုင်း အရှေ့ဘက်သို့ မောင်းကွေ့သွားပြန်သည်။

နောက်မှဂျစ်ကားသည်တောင်ဘက်သို့ ဆက်လက်မောင်းထွက်သွား၏။ သို့ရာတွင် တာမွေ အဝိုင်းကြီးဆီသို့ ရောက်သောအခါ ပတ်လျက် လာလမ်းအတိုင်း ဖြည်းဖြည်းမှန်မှန်နှင့် ပြန်မောင်းသည်။

သင်္ဃန်းကျွန်းလမ်းဆုံသို့ရောက်သောအခါ သင်္ဃန်းကျွန်းလမ်းမကြီးအတိုင်း ဆက်လက် မောင်းထွက်ခဲ့သည်။

တာမွေ သင်္ချိုင်းနယ်နိမိတ်ကိုကျော်၍ တာမွေလေး ရပ်ကွက်သို့ရောက်သောအခါ ပထမဆုံးတွေ့ရသောလမ်းကျဉ်းတစ်ခုတွင်းသို့ ဂျစ်ကားကို နောက်ပြန်ထိုးဝင်၍ မီးပိတ် စက်သတ်လိုက်သည်။

ဂျစ်ကားပေါ်မှ ကိုသိန်းဇံ ဆင်းလာသည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ပတ်ဝန်းကျင်ကို ခေတ္တ အကဲခတ်ကြည့်ရှုသည်။ ညဥ့်လည်းနက်၍ ခေါင်သော အရပ်လည်း ဖြစ်သဖြင့် လူရိပ်လူယောင်မမြင်၊ ကားအသွားအလာလည်း ကျဲနေ၏။

ကိုသိန်းဇံသည် လမ်းကိုဖြတ်ကူးကာ တာမွေသင်္ချိုင်းဆီသို့ ပြန်လျှောက်လာခဲ့သည်။

သင်္ချိုင်းထောင့် အရိပ်ကောင်းသော ကုက္ကိုပင်ကြီးအောက်၌ ဝင်ခိုရပ်လိုက်၏။

သူ့ရှေ့ နှစ်ဆယ့်ငါးကိုက်ခန့်၌ စောစောက ရှေ့မှသွားခဲ့သောကားသည် မှောင်ရိပ်ခိုလျက် ရပ်နေကြောင်းကို တွေ့ရသည်။

ကိုသိန်းဇံသည် အိတ်တွင်းမှ ခြောက်လုံးပြူးကို ထုတ်ယူစစ်ဆေးကြည့်ပြီးနောက် ကျင်လည်ပေါ့ပါးစွာဖြင့် သင်္ချိုင်းဝင်းစည်းရိုးကို ကျော်ဖြတ် ဝင်လိုက်သည်။

သင်္ချိုင်းတွင်း၌ လမဲ့သဖြင့် မှောင်မည်းနေသည်။ သင်္ချိုင်းဗဟိုကို ဖြတ်သွားသော လမ်းဆီတွင်မူ ဓာတ်မီးတိုင်တို့မှ အရောင်များ ခပ်မှိန်မှိန် ထွက်ပေါ်နေသည်။ ထိုမီးရောင်နောက်ခံကြောင့် သင်္ချိုင်း မြေပုံ အုတ်ဂူတို့ကို အသည်းယားဖွယ် မည်းမည်းကုတ်ကုတ် မြင်တော့မြင်နိုင်သည်။

မြူသိုလ၏ ဆောင်းလေချမ်းသည် တစ်ချီ တစ်ချီတွင် ရစ်သန်း တိုက်ခိုက်လာနေ၏။ ဇရပ်အိုတို့မှ သွပ်ပြားများ မြည်သံသည် ကျိုးကျိုးကျိကျိ ထွက်ပေါ်နေ၏။

သတ္တိကောင်းသော ကိုသိန်းဇံမှာ သုံး လေးချီမျှ ကြက်သီးတို့ ဖြန်းခနဲ ဖြန်းခနဲ ထသွားသည်။



ကိုသိန်းဇံသည် ခြောက်လုံးပြူးကို တင်းအောင် ဆုပ်၍ ကိုယ့်ကိုယ်ကို အားပေးလျက် အပုပ်နံ့တို့ကို ရှူရှိုက်ရရင်း မြေပုံဘို့ကိုဖြတ်ကာ ချော်မလဲအောင် သတိထားပြီးလျှောက်လာခဲ့သည်။

သီးသန့် ကိုယ်ပိုင်သင်္ချိုင်းမြေအနီးသို့ ရောက်သောအခါ ကိုသိန်းဇံသည် ရပ်လိုက်၍ ဂူကြီး တစ်ဂူဘေးတွင် ကပ်ကာ နားထောင်သည်။

ရုတ်တရက်သော် ဘာသံမျှ မကြား၊ ဇရပ်ဟောင်းကြီးမှ သွပ်ပြားတို့ ညည်းညူသံနှင့် ညောင်ပင်အိုမှ သစ်ရွက်တို့ တရှဲရှဲလှုပ်ရှားသံကိုသာ ကြားရ၏။

ကိုသိန်းဇံသည် မြေပြင်ကို နားနှင့်အပ်ကာ နားထောင်ကြည့်သည်။ ထိုအခါမှ တဒုတ်ဒုတ်တူးဆွသံကို ကြားရသည်။

ကိုသိန်းဇံသည် မြေမှတစ်ဆင့်ကြားရသော အသံလာရာဆီသို့ ခန့်မှန်းမျှော်ကြည့်သည်။

အသံသည် နေ့ခင်းက သူ သေချာစွာ မှတ်သားခဲ့သော မောင်လှငွေ၏ဂူဆီမှ လာသည်။

ကိုသိန်းဇံသည် အလင်းရောင်ကျပုံ အနေအထားကို လေ့လာလိုက်ပြီး ဂူရိပ်တို့ကိုကွယ်၍မတ်တတ်ရပ်လျက် လှမ်းမျှော်ကြည့်သည်။

သူ့မျက်လုံးများက အမှောင်ကို ကျင့်သားရခဲ့ပြီးဖြစ်၏။

သင်္ချိုင်းဗဟိုလမ်းဆီမှ နောက်ခံ မီးရောင်ကလည်း သူ့ကို အကူအညီပေးနေသည်။

www.burmeseclassic.com

www.burmeseclassic.com


မောင်လှငွေ၏ဂူဆီမှ မည်းမည်းလှုပ်လှုပ်နှင့် အလုပ်များနေသူများကို ခပ်ရေးရေး လှမ်းမြင်ရ၏။

ကိုသိန်းဇံသည် ရှေ့မတိုးတော့ဘဲ ထိုနေရာမှပင် စောင့်စား ကြည့်ရှုနေ၏။

နှင်းငွေ့တို့ရောသောလေသည်တိုးဝင်လာနေ၏၊ ညဥ့်နက်သဖြင့် အအေးဓာတ်ကလည်း ပိုကဲလာ၏။

ဤမျှ အေးချမ်းသည့်ကြားထဲက ကိုသိန်းဇံ၏ လက်များတွင် ချွေးစေးပြန်နေ၏။

တဒုတ်ဒုတ်နှင့် တူးသံရပ်သွား၏။ ထိုအခိုက်တွင်ပင် လေသည် ငြိမ်သွားသောကြောင့် သွပ်ပြားမြည်သံ၊ ညောင်ရွက်သံတို့လည်း ရပ်သွားသည်။

ကိုသိန်းဇံသည် သူ့နားကို အစွမ်းကုန် ဖွင့်လျက် နားထောင်၏။

အလွန်ရှင်သောနားမှ ကြားနိုင်သည့် အင်္ဂတေကိုင်သံကို သဲ့သဲ့ကြားရသည်။

ကိုသိန်းဇံသည် လာလမ်းအတိုင်း သတိကြီးစွာထား၍ ပြန်လာခဲ့သည်။

သင်္ချိုင်းအစပ်သို့ရောက်သောအခါ သူက ညကြည့် လက်ပတ်နာရီကို ငုံ့ကြည့်သည်။ ထိုအခါ ဤသုသာန်မြေ အတွင်းသို့ မိမိရောက်ခဲ့သည်မှာ လေးဆယ့်ငါး မိနစ်ပင် မပြည့်သေးကြောင်း သိရသည်။

သင်္ချိုင်းအဝမှ ကိုသိန်းဇံသည် နောက်ထပ် ဆယ့်ငါး မိနစ် ဆက်စောင့်သည်။

အနောက်ဘက် မီးရောင်နောက်ခံတွင်ရေးရေးမည်းမည်းနှင့် လှုပ်ရှားလျှောက်လာကြသူများကို တွေ့ရသည်။

လူသုံးယောက်ဟုခန့်မှန်းရသည်၊ ရှေ့မှတစ်ယောက်ဖြစ်၍ နောက်မှ နှစ်ယောက်ဖြစ်သည်။ သူတို့ပခုံးပေါ်၌ ရှည်ရှည်မျောမျောအရာတစ်ခုကို ထမ်းယူလာကြ၏။

ကိုသိန်းဇံသည် သင်္ချိုင်းအပြင်ထွက်၍ မှောင်ရိပ်ခိုကာ မိမိ၏ဂျစ်ကားဆီသို့ သွက်လက်စွာ ပြန်လာခဲ့၏။

ကြာကြာမဆိုင်းတော့ဘဲ ဂျစ်ကားကိုစက်နှိုး၍ မီးကုန်ဖွင့်ကာ အပြင်းမောင်းနှင် ထွက်လာခဲ့သည်။

စောစောက မှောင်ရိပ်တွင် ရပ်ထားသောကားကို ဖြတ်ကျော်လာစဉ်၌ ထိုကားသည်လည်း ရှေ့မီးဖွင့်၍ ထွက်စပြုနေကြောင်းကို ကိုသိန်းဇံ သတိထားမိသည်။

ကိုသိန်းဇံသည် ကားကိုလီဗာအဆုံးနင်း၍ အပြင်းမောင်းသည်။

တက္ကသိုလ် ရိပ်သာလမ်းသို့ ရောက်သောအခါ အတန် ရှေ့ဆက် မောင်းပြီး ဂျစ်ကားကို မှောင်ရိပ်ကျ၍ ချောင်ကောင်းသောနေရာ၌ ထိုးဆိုက်လိုက်သည်။

ကိုသိန်းဇံက အင်းလျားကန်ဘက်သို့ချိုးဝင်လျက်ရှိသော မြေနီလမ်းအတိုင်း ဆက်လျှောက်ခဲ့၏။

သရက်ပင်ကြီးတစ်ပင်၏ အရိပ်အောက်တွင် ခိုဝင်နေရာယူလိုက်၏။

လဆုတ်ည၏လရောင်သည် အတန် ထွန်းလင်းလာပြီ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မြေနီလမ်း၏အဆုံး၌ မဲဇာမြိုင်နှင့် အိမ်ကြီးသည် အိပ်မောကျသယောင် ဆိတ်ငြိမ်စွာရှိနေ၏။

ကိုသိန်းဇံသည် မိမိကိုယ်ကို မိမိ ယုံကြည်စိတ်ချလျက် ကျေနပ်စွာပြုံးကာ သရက်ပင်၏ အမှောင်ရိပ်၌ စိတ်ရှည်စွာ စောင့်မျှော်နေလေသတည်း။

*

၈

နောက်တစ်နေ့ ညနေစောင်း၌ ကိုသိန်းဇံ၏ ဂျစ်ကားလေးသည် ကိုမင်းဆွေ၏အိမ်ရှေ့၌ ထိုးဆိုက်လာသည်။

ထုံးစံအတိုင်း ကိုမင်းဆွေက ကိုသိန်းဇံကို ဝီစကီအရက်နှင့် ဧည့်ခံသည်။

ကိုသိန်းဇံ၏ မျက်လုံးများမှာ တောက်လျက် စကားစမပြောမီ အရင် သမ်းဝေသည်။ သူ့အမူအရာမှာ အိပ်ရေး ပျက်နေသူတစ်ဦးကဲ့သို့ ထုံထုံထိုင်းထိုင်း နွမ်းနွမ်းလျလျ ရှိသည်။ အဘေးမိ၍ ချောင်းတဟွပ်ဟွပ်လည်း ဆိုးနေသည်။

'ဘယ့်နှယ် ကိုသိန်းဇံ၊ ညက ဘယ်နေရာအကွက်ကောင်းတွေ့ပြီး လွန်ခဲ့လို့လဲ'

အလိုက်မသိသော ကိုမင်းဆွေ၏အမေးကြောင့် ကိုသိန်းဇံက မချိတချိပြုံးလိုက်သည်။



ကိုသိန်းဇံကမူ သူ့စကားကိုသဘောကျဟန်အားရပါးရ ရယ်လိုက်၏။

'ပဟေဠိဝှက်မနေနဲ့၊ ဟား....ဟား....ဒီစကားကို သိပ်ကြိုက်တာပဲ၊ အမှန်က ကျွန်တော်က ပဟေဠိဝှက်နေတာမဟုတ်ဘူး၊ ပဟေဠိအဝှက်ခံနေရတာ'

ကိုသိန်းဇံက ဆက်ရယ်နေ၏။ ကိုမင်းဆွေထံမှ မည်သည့်စကားမျှမလာမှ သူကရှင်းပြသည်။

'စိတ်မဆိုးပါနဲ့ဆရာ၊ ညကခံခဲ့ရတာကြောင့် ကျွန်တော်လဲ နည်းနည်းကျွံပြီးတိုနေတယ်'

'ညက ခင်ဗျား ဘယ်လိုခံခဲ့ရတာလဲ'

ကိုသိန်းဇံက မျက်နှာကို တည်ပစ်လိုက်ပြီး ပြောသည်။

'ကိုကံထူးကို ကျွန်တော်မျက်ခြည်မပြတ် စောင့်ကြည့်တယ်လေ'

'ကိုကံထူးဆိုတာ ဘယ်သူလဲ'

'ဆရာစိတ်ဝင်စားနေတဲ့ ဟိုဆရာဝန်လေးရဲ့မိတ်ကောင်းဆွေကောင်း သုဘရာဇာကြီးပေါ့'

ကိုမင်းဆွေက နားလည်ဟန် ခေါင်းညိတ်ပြသည်။

ကိုသိန်းဇံက သူ၏ သီအိုရီကို တင်ပြသည်။

'ဒီဆရာဝန်ဟာ သုတေသနသမားတစ်ဦးလို့ ဆရာပဲပြောခဲ့တယ်၊ သုတေသနသမားဆရာဝန်တစ်ဦးဟာ ဓာတ်တွေ ပျက်ချင်တိုင်းပျက်ပြီး ပုပ်ပွနေတဲ့ အလောင်းကောင်တွေကိုတော့ စိတ်ဝင်စားမှာ မဟုတ်ဘူး၊ လတ်လတ်ဆတ်ဆတ်

www.burmeseclassic.com

www.burmeseclassic.com



ရွှန်းသစ်ပြီး သန့်စင်နေတယ်၊ ဒီလောက် လှပတဲ့ ညအပေါ် သစ္စာဖောက် လျစ်လျူရှုပြီး အိပ်ပစ်လိုက်ရင် ကြယ်ပွင့်လေးတွေက မျက်ရည်ကျပြီး နှင်းမှုန်တွေက ကျိန်ဆဲကြလိမ့်မယ်၊ ဒီတော့ ရှင်သန်နိုးကြားနိုင်ဖို့အတွက် နားနေမှုလိုတဲ့ ကိုကံထူးအိမ်ပြန်ပြီး ခင်ဗျားဇနီးရဲ့ရင်ခွင်မှာ လျောင်းစက်ချေဦး၊ ကျွန်တော်တော့ ညကိုပဲချစ်ပြီး တယောထိုးနေလိုက်ဦးမယ်'

စကားအဆုံးတွင် သူကနေရာမှခွာသဖြင့် ကိုကံထူးလည်း လိုက်ပါသွား၏။

မလေးသန့်သည် ပြတင်းမှခွာ၍ ဖတ်လက်စ စာအုပ်ကို ဆက်မည်ဟု ကိုင်သည်။ သို့ရာတွင် စာဖတ်လိုစိတ် မရှိတော့သဖြင့် ခုတင်ထက် လှဲကာ နားမိသည်။

ထိုစဉ် ညဥ့်သုံးယံတေးကို မြွေးမြွေးနွဲ့နွဲ့ တီးလေသော တယောသံက လေဝယ်ခိုစီး လွင့်ပါလာ၏။

တိဘ်ဆိတ်ပြန့်ပြော၍ အေးချမ်းသော ဆောင်းညသည် နားနေမှုလိုသူတို့အား စက်ပျော်ရန် ဖမ်းညို့သကဲ့သို့ ရှိနေသည်၊ လေးတွဲ့ညည်းညူသော တယောသံကလည်း ချော့သိပ်သကဲ့သို့ ရှိနေ၏။

စင်းမေးသော မလေးသန့်၏ မျက်ဘောင်ကော့များသည် လေးပင်မှိတ်ကျသွား၏။

မေ့ခနဲသင်ရသော်လည်း မည်မျှကြာအောင် အိပ်ပျော်သွားမိသည်မသိ၊ မလေးသန့် လန့်နိုးလာချိန်၌ ပြတင်းမှ



ဆောင်းလေသည် ခိုက်ခိုက်တုန်အောင်ချမ်းစေလျက် တိုးဝင်လာနေသည်။

မလေးသန့်သည် သွက်လက်စွာထလျက် အခန်းတွင်းမှ ထွက်ကာ တစ်ဖက်ဆောင်သို့ ကူးလာခဲ့၏။

အစ်ကိုကြီး၏အခန်းမှာ မီးများပိတ်လျက် ဆိတ်ငြိမ်နေပေပြီ။

ဒေါက်တာနှင်းမောင်၏ အိပ်ခန်းဆီမှာမူ မီးလင်းလျက် ရှိသေးသည်။

မလေးသန့်က လက်ပတ်နာရီကိုငုံ့ကြည့်မိ၏။ ညတစ်ချက်တီး ကျော်ပေပြီ။

စေ့ထားသော တံခါးကိုတွန်းလျက် မလေးသန့်သည် အခန်းတွင်းသို့ ဝင်လိုက်သည်။

နောက်လှန် ဆုံလည်ကုလားထိုင်ထက်တွင် ထိုင်ရင်း ပက်လက်သားနှင့် ဒေါက်တာနှင်းမောင်သည် အိပ်ပျော်နေ၏။ ပေါင်ပေါ်တွင်မူ ဖတ်လက်စ ထူထဲသော ခန္ဓာ ဗေဒ စာအုပ်ကြီးတစ်အုပ်က စာမျက်နှာများ ပွင့်လျက်နှင့်ရှိနေ၏။

ပြတင်းမှ ဆောင်းလေတွင်မက နှင်းမှုန်တို့ပါတိုးဝင်လာနေသည်။ စားပွဲပေါ်မှ စာရွက်စာတမ်းများသည် လေကြောင့် တဖျပ်ဖျပ် လှုပ်ရှား အသံထွက်နေ၏။ မိုက်ကရိုစကုပ်တစ်လုံးသည်သာ ကုန်ခြောက်ကြီးစွာနှင့် တည်ငြိမ်ရပ်နေသည်။

မလေးသန့်က ပြတင်းတံခါးများကို အသံမမြည်အောင် ညင်သာစွာပိတ်သည်။ ထို့နောက် သူ့ပေါင်ပေါ်မှ စာအုပ်ကြီးကိုအသာအယာဆွဲဖယ်လိုက်သည်။ ဆုံလည်ကုလားထိုင်မှ

www.burmeseclassic.com

www.burmeseclassic.com


သုံးလို့ရသေးတဲ့ အလောင်းတွေကိုသာ လိုချင်မှာပဲ၊ အထူးသဖြင့် ရောဂါကြောင့်သေတဲ့ အလောင်းထက် အစိမ်းသေသေတဲ့ အလောင်းတွေကို ပိုမက်မောရမယ်၊ မှန်သလား ဆရာ'

ကိုမင်းဆွေက ခေါင်းညိတ်ပြ၏။

'ဒါကြောင့်မို့ ကျွန်တော် အစိမ်းသေ သေတဲ့ အမှုပေါ်တိုင်း အလောင်းစာရင်း လိုက်ကောက်ပြီး မှတ်တမ်းတင်နေတယ်၊ သချိုင်းဝန်ထောက်တစ်ပိုင်း ဖြစ်နေတာပေါ့'

ကိုသိန်းဇံက ရယ်သည်။ ဤအကြိမ်တွင် ကိုမင်းဆွေပါ လိုက်ရယ်သည်။

'ဟုတ်ပြီ၊ ဆက်ပါဦး'

'ဒါပေမယ့် မောင်မြဇင်အလောင်း ပျောက်ပြီးကတည်းက ဘယ်အလောင်းမှ ထပ်ပျောက်ပုံမရဘူး၊ ကြံတောမှာ ရဲတွေကလဲ ခြေချင်းလိမ်နေတယ် မဟုတ်လား၊ သူတို့က ဒီအလောင်းပျောက်မှုနဲ့ အမွှေမှုကိုသာ အာရုံစွဲနေကြတာကိုး၊ တခြားအကြံရှိတဲ့လူက ဒီအချိန်မျိုးမှာ ငြိမ်ကြည့်နေမှာပဲ၊ ဟုတ်ရဲ့လားဆရာ'

ကိုမင်းဆွေက ဟုတ်မှန်ကြောင်း ခေါင်းညိတ်၏။

'အဲဒီ တခြားအကြံရှိတဲ့ လူတွေဟာ မှဲ့သလောက်ရှိမ သူတို့အလုပ်ကို ဆက်လုပ်ရင်လဲ ကြံတောမှာတော့ လုပ်တော့မှာ မဟုတ်ဘူးဆရာ၊ တခြားတစ်နေရာကို ရှာတော့မှာပေါ့၊ ဘယ့်နှယ်လဲ'

ကိုမင်းဆွေက ခေါင်းညိတ်ရပြန်၏။

'အဲဒီ တခြားတစ်နေရာတွေကို ကျွန်တော်က လိုက်တယ်၊ ဘာမှ အကြောင်းမထူးလှပါဘူး၊ ဒါပေမယ့် တခြားသဲလွန်စတစ်ခုကို ကျွန်တော် ရခဲ့တယ်၊ အဲဒါကတော့ ခုနက ကျွန်တော်ပြောခဲ့တဲ့ ကိုကံထူးအကြောင်းပေါ့'

ကိုမင်းဆွေသည် စိတ်ဝင်စားလာဟန် ကိုယ်ကို ရှေ့သို့ ညွတ်၍ နားထောင်၏။

'ကိုကံထူးဟာ သာမန် သူဘရာဇာမဟုတ်ဘူးဆရာ၊ အဲ... ကြေးရတတ် သူဘရာဇာလို့ ပြောရမှာလားမသိဘူး'

'ဘာဗျ...ကြေးရတတ် သူဘရာဇာ ဟုတ်လား'

'ဟုတ်တယ်၊ ကြံတောသချိုင်းနားမှာ ခေါင်းရောင်းတဲ့ ဆိုင်တွေရှိတယ် မဟုတ်လား၊ ကိုကံထူးက အဲဒီဆိုင်မျိုး တစ်ဆိုင်ပိုင်တယ်၊ ပြီးတော့ သူ့ဆိုင်မှာ ခပ်စုတ်စုတ် ကားတစ်စီးလဲရှိတယ်၊ မသာရထားကားတော့ မဟုတ်ဘူး၊ ခေါင်းလုပ်ဖို့ ပျဉ်တို့၊ လုပ်ပြီးသားခေါင်းကို အော်ဒါပို့ဖို့ သုံးတဲ့ကားပဲ၊ အဲဒီကားကို စိတ်ဝင်စားတာနဲ့ ကျွန်တော် အမြဲစောင့်ကြည့်ခဲ့တယ်'

ကိုသိန်းဇံက စီးကရက်ကိုဖွာ၍ ဝိစကီတစ်ကျိုက် မော့ပြန်သည်။

ကိုမင်းဆွေမှာ အားမလိုအားမရ ဖြစ်ဟန်နှင့်ဆို၏။

'ခင်ဗျားကလဲ ဇာတ်လမ်းကောင်းတုန်း ဖြတ်ထားပြန်ပြီ၊ ဆက်ပါဦး'

www.burmeseclassic.com

www.burmeseclassic.com



'ဆက်ပါမယ်၊ ဟိုတစ်နေ့က မိဘ အလိုလိုက်ထားတဲ့ သူဌေးသားတစ်ဦး အရက်မူးပြီး ကားမှောက် သေတယ်၊ ဒီတော့ မနေ့က ကျွန်တော်လဲ ဖိတ်စာမရဘဲ ဟဲ....ဟဲ... မသာတစ်ခေါက် ကျောင်းဆယ်ခေါက်လို့ နှလုံးသွင်းပြီး အသုဘ လိုက်ပို့ခဲ့တယ်၊ အသုဘက တာမွေကိုချတော့ ကျွန်တော် ပိုဂိဘ်ဝင်စားသွားတာပေါ့၊ညကျတော့ ကြံတော နားက သွားစောင့်တယ်၊ ကျွန်တော် မျှော်လင့်တဲ့အတိုင်းပဲ ညဆယ်နာရီလောက်မှာ ကိုကိုထူးရဲ့ကား ထွက်လာတယ်၊ ကျွန်တော်လဲ မသိမသာ နောက်ယောင်ခံလိုက်တော့ ကျွန်တော် ထင်ထားတဲ့အတိုင်း အဲဒီကားဟာ တာမွေသင်္ချိုင်း မှာပဲ ခရီးဆုံးတယ်၊ တိုတိုပြောရရင် သူတို့ အလောင်းခိုး လုဘ်တာကို ညက ကျွန်တော့်မျက်စိနဲ့ မြင်တယ်၊ ဒီတော့ ကျွန်တော်လဲ ကြိုတင်တွက်ထားတဲ့အတိုင်း မှန်ပြီဆိုပြီး သူတို့ အရင် ကြိုတင်ပြီး မဲဇာမြိုင်အဝက သွားချောင်းတယ်'

ကိုမင်းဆွေသည် ပိုမိုဝိတ်ဝင်စားလာဟန် မျှော်လင့်ချက် ကြီးသော မူအရာဖြင့် နားထောင်နေရာမှ ဝင်မေးသည်။

'ဒီတော့....'

ကိုသိန်းဇံသည် ဝီစကီကို ရှုံ့ရှုံ့မဲ့မဲ့ဖြင့် သောက်လိုက် ပြန်၏။ သူရှုံ့မဲ့သည်မှာ ဝီစကီ၏အရသာကြောင့် မဟုတ်၊

'ဒီတော့ ဘာဖြစ်ရမလဲ၊ ကျွန်တော် သုဘရာဇာတွေရဲ့ တစ်ပတ်ရိုက်ကို ခံခဲ့ရတာပေါ့'

'ဗျာ....ဘယ်လိုဘစ်ပတ်ရိုက် ခံခဲ့ရတာလဲ'

www.burmeseclassic.com



'မိုးလင်းခါနီးအထိ ထိုင်စောင့်တယ်၊ အဲဒီကားက မဲဇာ မြိုင်ဆီ ပေါ်လို့ကို မလာဘူး၊ ဒါနဲ့ ကျွန်တော် ကြံတော ဘက်ဆီ ပြန်ကြည့်တယ်၊ ကိုရွှေကားက သူ့ဆိုင်မှာသူ အငြိမ့် သား ဆိုက်လျက်ခင်ဗျ'

ကိုသိန်းဇံသည် ဝီစကီကို တကျိုက်ကျိုက်ဖြင့် မော့ချ လိုက်သည်။ အလိုက်သိသော ကိုမင်းဆွေက မောင်ညိုလှကို ခေါ်ကာ နောက်ထပ် နှစ်ဖန်ခွက် မှာလိုက်သည်။

'ဒါနဲ့ ခင်ဗျားလဲ အတော် စိတ်ပျက်သွားသပေါ့ ဟုတ် လား ကိုသိန်းဇံ'

ကိုသိန်းဇံသည် ရှုတ်တရက် ခက်ထန်သော မျက်လုံး များဖြင့် ကိုမင်းဆွေအား လှမ်းကြည့်သည်။ ဘာမျှမပြောဘဲ ထပ်ရောက်လာသော ခွက်သစ်ကို မော့လျက် မချိတချိ ပြုံး ပြီး ဆို၏။

'ဆရာက ကျွန်တော့်ကို အထင်သေးတာကိုး၊ ဒါမျိုး တွေ့ရင် ကျွန်တော်က စိတ်ပျက်တတ်တဲ့ လူစားမျိုး မဟုတ် ဘူး၊ စိတ်သာပိုတက်လာတယ်'

ကိုမင်းဆွေက တောင်းပန်သောလေသံနှင့် ဆို၏။

'ဆောရီးဗျာ၊ ခင်ဗျားကို ကျွန်တော် အထင်မသေးပါ ဘူး၊ ကဲ....ဆက်ပြောပါဦး'

'ကျွန်တော် မဲဇာမြိုင်ကို ပြန်သွားပြီး အနေအထားကို လေ့လာတာပေါ့၊ ဒီတော့မှ ကျွန်တော့်ကိုယ်ကို အပြစ်တင် မိတယ်၊ မြို့ရဲ့အနောက်ပိုင်းက အင်းလျားကန် မဟုတ်လား'

'ဟုတ်တယ်လေ၊ အဲဒါ ဘာဖြစ်သလဲ'

www.burmeseclassic.com

www.burmeseclassic.com



'ဘာဖြစ်ရမှာလဲ၊ သိပ်ရှင်းတာပေါ့၊ သူတို့က ကားကို မြို့ထဲအထိ မမောင်းမလာဘူး၊ အင်းလျားကန် တစ်နေရာမှာ ရပ်ဘယ်၊ ပြီးတော့ အဲဒီနေရာကမှ သူတို့ပစ္စည်းကို ဖလှေနဲ့ တင်ပြီး ယူသွားရမယ်၊ တကယ်လို့ ကားကို မြို့ထဲမှာမိရင် ခက်မယ်မဟုတ်လား၊ လမ်းမှာမိတော့ ကိစ္စမရှိဘူး၊ ရှောင်သာ တိမ်းသာတယ်၊ ရေလယ်ရောက်မှ လိုက်ဖမ်းရင်လဲ သူတို့ ပစ္စည်းကို သူတို့ ရေထဲပစ်ချလိုက်ရင် လက်ပူးလက်ကြပ် အလွယ်တကူ စွပ်စွဲဖို့က မလွယ်ဘူးမဟုတ်လား၊ ဒါကြောင့် မို့ ကျွန်တော် ယုဘာရာဇာတွေရဲ့ တစ်ပတ်အရိုက်ခံရတယ်လို့ ပြောတာ'

ကိုမင်းဆွေသည် ကိုသိန်းဇံ၏ မခံချင်ဖြစ်မှုကို နားလည် ဟန် ဘာမျှ ဝင်မပြောဘဲ ငြိမ်နေ၏။ ကိုသိန်းဇံကသာ သူ့ ဘာသာသူ သဘောကျစွာ တဟားဟားရယ်လိုက်ပြီး ဆက် ပြော၏။

'သိပ် ချီးမွမ်းဖို့ကောင်းတဲ့ သုဘာရာဇာတွေပဲ ဆရာ....၊ တကယ်ပဲ ကျွန်တော်က မကျေနပ်တာနဲ့ ကန်စောင်းကိုလိုက် စစ်ဘော့ တစ်နေရာမှာ ခြေရာတွေ တွေ့တယ်၊ အဲ....ခြေရာ မဟုတ်ဘူး၊ ဖိနပ်ရာတွေ၊ ကင်းဘတ်ရှူး ဖိနပ်ရာတွေ၊ ကျွန် တော် အဲဒါတွေကိုသေသေချာချာ အတိုင်းအတာမှန်အောင် ဓာတ်ပုံရိုက်ယူပြီး တာမွေသချိုင်း ပြန်သွားတယ်၊ ခက်တာက ဟိုရောက်တော့ ပန်းရန်ဆရာတွေက ဂူကိုဆက်တည်နေကြပြီ၊ ဘာလက်ရာမှ ယူလို့မရတော့ဘူး၊ သူတို့လုပ်ငန်းပြီးမှ မနည်း



အလစ်ရှာပြီး ခြေရာလိုက်ကြည့်တော့ ကင်းဘတ်ရှူး အရာ တွေပဲတွေ့တယ်၊ အဲဒါတွေကိုလဲ ကျွန်တော် ဓာတ်ပုံရိုက်ယူခဲ့ တယ်၊ ဒါပေမယ့် တစ်ခုမှ အသုံးဝင်မှာတွေ မဟုတ်ပါဘူး'

ကိုသိန်းဇံက ညည်းညည်းညူညူ ဆိုသည်။

ကိုမင်းဆွေကမူ နက်နဲစွာ စဉ်းစား၍ ပြောသည်။

'ဒါဖြင့်ရင် တစ်ခုတော့ရှိတယ် ကိုသိန်းဇံ'

'ဟုတ်တယ်၊ တစ်ခုတော့ရှိတယ်၊ အဲဒါက အခုအချိန်ထိ ကျွန်တော် တစ်ရေးမှ မအိပ်ရသေးဘူး'

ကိုသိန်းဇံက စိတ်တိုစွာ ပြောသော်လည်း ကိုမင်းဆွေက အသာရယ်မောလိုက်သည်။

'ခင်ဗျား နည်းနည်းစိတ်တိုနေတယ်ထင်တယ် ကိုသိန်းဇံ၊ ကျွန်တော်ဆိုလိုတာက ဒီလိုပါ၊ ဘာပဲဖြစ်ဖြစ် အခုအချိန်မှာ အဲဒီအလောင်းဟာ မဲဇာမြိုင်က အိမ်ကြီးထဲ ရောက်နေပြီ ပေါ့၊ ဟုတ်တယ်မဟုတ်လား'

'မြေကြီးလက်ခတ်ရင်သာ လွဲမှာပေါ့'

'အဲဒါကို သက်သေသက်ကာယနဲ့ အမိဘယ်လိုဖမ်းမလဲ'

'လွယ်လွယ်လေးပေါ့ ဆရာ၊ ရဲကို အကြောင်းကြား၊ ဘရားသူကြီးဆီက ဝရမ်းထုတ်၊ အိမ်ထဲဖွင့်ဝင်ပြီး ရှာဖမ်းရုံ ပေါ့'

ကိုမင်းဆွေက ခေါင်းခါသည်။

'ခင်ဗျား ပြောတဲ့အတိုင်း မှန်ပါတယ်၊ လွယ်လွယ်လေး ပါ၊ ဒါပေမယ့် အဲဒါမျိုးကို မလုပ်ချင်လို့ ခင်ဗျားကိုတားမြန် ခဲ့တာပဲ ကိုသိန်းဇံ'

www.burmeseclassic.com

www.burmeseclassic.com



ကိုမင်းဆွေ၏ စကားကြောင့် ကိုသိန်းဇံ ငိုင်သွားသည်
အတန်ကြာမှ သက်ပြင်းရှိုက်ရင်း ပြောသည်။

'ကျွန်တော်လဲ ဒါကို တွက်မိပါတယ်၊ ညကတည်း
အသည်းကို ယားနေတာပဲ၊ ကျွန်တော့် လက်ထဲမှာ သေန
ရှိတယ်၊ တာမွေသချိုင်းမှာ သူတို့ကိုဖမ်းပြီး ရဲလက်အပ်လို
ရင် ကိစ္စက ငြိမ်းနေမှာပဲ၊ ဒါပေမယ့် ဆရာ့ အမှာစကာ
ကြောင့် ကျွန်တော်ချုပ်တည်းခဲ့ရတယ်'

'အဲဒီအတွက် ကျွန်တော် သိပ် ကျေးဇူး တင်ပါတ
ကိုသိန်းဇံ'

ကိုသိန်းဇံသည် ကိုမင်းဆွေအား နားမလည်ဟန် ကြ
သည်။

'ခင်ဗျား ဘာလို့ဒီလိုကြည့်တာလဲ ကိုသိန်းဇံ'

'ဆရာ့ကို နားမလည်လို့ဘဲ၊ စောစောတုန်းက ဆရာ
ကျွန်တော့်ကို ပဟေဠိ မဖွက်ပါနဲ့လို့ ဆိုတယ်၊ အခု ဆရာ
ပဟေဠိ ပြန်ဖွက်နေတယ်'

'ကျွန်တော်က ဘာများ ပဟေဠိဖွက်နေလို့လဲ'

'ပဟေဠိမဖွက်ရင် စကားထာ ဖွက်နေတာပဲ၊ ဒီမှာဆ
ဆရာနဲ့ကျွန်တော်ဟာ မောင်မြဇင်ကို သူ့ဦးလေးက သ
ကြောင်း ဖော်ပေးဖို့ နယ်လီ့ဆီမှာ တာဝန်ယူထားတဲ့
တွေ မဟုတ်လား'

'ဟုတ်ဘယ်လေ'

'ကျွန်တော်တို့ လိုက်နေတဲ့ လမ်းကြောင်းအတိုင်းဆို
မောင်မြဇင်အလောင်း ပျောက်တာဟာ ဦးထွန်းသေ



ဘာမှ မဆိုင်တော့ဘူး၊ ဒီတော့ အခု ကျွန်တော်၊ ပြီးတော့
ဆရာ၊ ဘာလုပ်နေကြတာလဲ၊ ဦးထွန်းသေ် လွတ်အောင်
ကိုက်လုပ်ပေးနေကြတာလား'

ကိုမင်းဆွေသည် အားရပါးရ ရယ်မောသည်။

'ဒီမှာ ကိုသိန်းဇံ၊ ခင်ဗျား အမှုနှစ်ခုရောကုန်ပြီ၊ တစ်မှု
မှာ နယ်လီက ခင်ဗျားကိုငှားတယ်၊ တခြားတစ်မှုမှာ ခင်ဗျား
ကို ကျွန်တော်က ငှားထားတယ်၊ ရှင်းရဲ့လား'

ကိုသိန်းဇံကလည်း မြုံးလိုက်သည်။

'ဆရာပြောတာ မှန်ပါတယ်၊ ခက်တာက အမှုနှစ်ခုက
ဆက်သွယ်နေတယ် ဆရာ'

'ဘယ်လို ဆက်သွယ်နေတာလဲ'

'အခု ကျွန်တော် လိုက်မိသမျှဆိုရရင် မောင်မြဇင်
အလောင်းပျောက်တာနဲ့ ဦးထွန်းသေ်နဲ့ ဘာမှမဆိုင်ဘူး၊
ဒါကိုသိလျက်နဲ့ ထိမ်ချန်ထားရင် ကျွန်တော်တို့က ဦးထွန်း
သေ်ရဲ့ လည်ပင်းကို ဝိုင်းကူပြီး ကြိုးကွင်းစွပ်ပေးသလို ဖြစ်
မနေဘူးလား'

ကိုမင်းဆွေက ဤစကားကို ပမာ ပြု လောက် သည် ဟု
မယူဆဟန် ဆို၏။

'ခင်ဗျားစကားနဲ့ ခင်ဗျားကို ပြန်ပြောရဦးမယ်၊ ခင်ဗျား
နဲ့ ကျွန်တော်က နွဲ့နွဲ့ဇင်ကိုသာ တာဝန်ခံထားတာနေ
ဟုတ်လား'

'ဟုတ်ပါတယ်'

www.burmeseclassic.com

www.burmeseclassic.com

'ဦးထွန်းသော်မှာ အပြစ်မရှိကြောင်း သက်သေပြဖို့က ခင်ဗျားနဲ့ ကျွန်တော့် အလုပ်မဟုတ်ဘူး၊ သူ့ဝတ်လုံရဲ့ တာဝန်၊ ပြီးတော့ ဦးထွန်းသော်မှာ အပြစ်ရှိကြောင်း သက်သေရှာဖွေပြဖို့က အစိုးရရှေ့နေကြီးနဲ့ ရဲဘက်ရဲ့ တာဝန်၊ ခင်ဗျားနဲ့ ကျွန်တော်တို့ရဲ့ အလုပ်မဟုတ်ဘူး'

ကိုသိန်းဇံ ငိုင်သွား၏။ အတန်ကြာမှ မကျေမနပ်နှင့် ပြန်မေးသည်။

'ဒီလိုဆိုရင် ကျွန်တော်တို့ တာဝန်က ဘာလဲ'

'ရှင်းပါတယ်၊ အဲ....ရှင်းတယ်ဆိုတာက ခင်ဗျား အမှုနှစ်ခုကို မရောရင်ပေါ့'

'ဟာ....ဆရာကလဲ လာပြန်ပြီဗျာ'

'ဟုတ်တယ်၊ အမှုနှစ်ခုကို မရောရဘူး၊ ခင်ဗျား စိုးရိမ်နေသလို ဦးထွန်းသော်ဟာ ကြိုးသော်လည်းကောင်း၊ ကျွန်းသော် လည်းကောင်း ကျဖို့ မလွယ်ပါဘူး'

'ဘာဖြစ်လို့'

'ဘာဖြစ်လို့လဲ ဆိုတော့ ဦးထွန်းသော် ဘက်ကရော ရဲဘက်ကရော ငါးဆယ်ရာခိုင်နှုန်းမှာ တစ်နေကြတယ်၊ ဦးထွန်းသော်ကို လူသတ်မှုပတ်သက်တဲ့ အချက်တွေကို ကြည့် မောင်မြဇင်ဟာ မသေမီက နှလုံးရောဂါရှိတဲ့ အကြောင်း အရိပ်နိမိတ် မပြခဲ့ဘူး၊ သေတော့လဲ ဆရာဝန်ကို ခေါ်မပြ ဘူး၊ သေတမ်းစာအရ ဦးထွန်းသော်က မောင်မြဇင်ကို သ ချင်မယ်ဆို သတ်ချင်ထိုက်သေးတယ်၊ ပြီးတော့ မောင်မြ



အလောင်း ပျောက်နေတယ်၊ ဒီအချက်တွေအရ ရဲဘက်က ဦးထွန်းသော်ဟာ မောင်မြဇင်ကို သတ်တယ်လို့ ယူဆနိုင်တယ်၊ ခက်တာက ဒီအချက်တွေကို ခိုင်ခိုင်လုံလုံ အထောက်အကူပြုစေမယ့် သက်သေကို အခုအထိ ရဲဘက်က မတင်ပြနိုင်သေးဘာ၊ ရှင်းရဲ့လား'

'ဆိုပါဦးဆရာ'

'ဦးထွန်းသော်ရဲ့ ဝတ်လုံကပေးတဲ့ ဆင်ခြေကိုလဲကြည့်၊ မောင်မြဇင်ဟာ နှလုံးရောဂါရဲ့ လက္ခဏာလို့ မှတ်ယူရမယ့် မူးခြင်း၊ မေ့ခြင်း၊ သတိလစ်ခြင်းတို့ရှိခဲ့တယ်၊ အဲဒါကို အိမ်သူအိမ်သားတွေနဲ့ အိမ်နီးနားချင်းတွေ သိခဲ့တယ်၊ ဒါပေမယ့် မောင်မြဇင်ဟာ အရက် အလွန်အကျွံ သောက်တတ်သူ ဖြစ်တာမို့ ဒီလက္ခဏာတွေကို ဂရုတစိုက် မပြုခဲ့မိဘူးလို့ ဆိုတယ်၊ သေဆုံးတော့လဲ ရုတ်တရက် သွေးအန်ပြီး အသက်ပျောက်သွားတာမို့ ဆေးရုံပို့ဖို့အချိန် မရဘူး၊ ကြားဖူးနားဝနဲ့ သူပြောပါ ပြာအရ နှလုံးရောဂါလို့ပဲ မှတ်ယူလိုက်တယ်၊ ဒါကြောင့်မို့ သွေးရိုးသားရိုး သေတဲ့လူတွေကို သဂြိုဟ်တဲ့ နည်းအတိုင်းပဲ ဆိုင်ရာကို သေစာရင်းတိုင်ပြီး လက်မှတ်ရလို့ မြေမြှုပ် သဂြိုဟ်ခဲ့ဘယ်၊ သေတမ်းစာအရ အခွင့်အရေး မျှော်ပြီး သတ်တယ်ဆိုရအောင်လဲ သေတမ်းစာထဲမှာ ဘာတွေပါတယ်ဆိုတာ သူမသိဘူး၊ သိလို့သတ်တယ်ဆိုရင်ဒီ ကလေးတွေကို ဒီအရွယ်ထိအောင် သူ ကျွေးမွေးစောင့် ရှောက်လာခဲ့မှာ မဟုတ်ဘူးတဲ့၊ အဲဒီအကြောင်းခြင်းချက်တွေ

www.burmeseclassic.com

www.burmeseclassic.com

ကလဲ့ ယုတ္တိရှိသင့်သမျှ ရှိနေတယ်၊ ဒါပေမယ့် ကွင်းလုံးကျွတ် လွတ်အောင် ရှင်းနိုင်တဲ့ အချက်တွေ မဟုတ်သေးဘူး၊ နားလည်ပြီလား'

'ဒါတော့ ကျွန်တော် နားလည်ပါတယ်၊ ဒါပေမယ့် မောင်မြဇင်က နွဲ့နွဲ့ဇင်ဆီ ကြိုတင်ရေးထားတဲ့ စာတွေက ကော'

'ရဲဘက်ကလဲ ဒီစာတွေအပေါ်မှာ တော်တော်လေး အားထားနေတယ်၊ အားထားမယ်ဆိုရင်လဲ အားထားလောက်တယ်၊ ဦးထွန်းသော်ရဲ့ ဝတ်လုံကလဲ ဒီအချက်ကို ဖြေရှင်းထားတယ်၊ မောင်မြဇင်ဟာ အရက် အလွန်အကျွံ သောက်တတ်သူဖြစ်တယ်၊ အရက်ကြောင့် ဦးနှောက် ထိခိုက်သူများဟာ (Persecutory Dellusion) ခေါ်တဲ့ သူတစ်ပါး အပေါ် အကြောင်းမဲ့ စွပ်စွဲပြီး မသင်္ကာစိတ်၊ ကြောက်ရွံ့စိတ်တွေ ပေါ်ပေါက်တတ်ကြောင်းကို ဆေးပညာနဲ့ စိတ်ပညာကို ကိုးကားပြီး ချေပချက် ပေးထားတယ်'

'ဒီတော့....'

'ကျွန်တော် ပြောခဲ့ပါရောလား၊ နှစ်ဖက်စလုံး ငါးဆယ်၊ ငါးဆယ်မှာ တစ်နေ့ကြပါတယ်လို့၊ တရားသူကြီး အနေနဲ့ဟာလဲ ဝေဖန်ဖို့ခက်မယ်၊ ဝေဖန်ဖို့ခက်ရင် ယေဘုယျအားဖြင့် တရားခံကို သက်ညှာရမယ်'

ကိုသိန်းဇံက ကောင်းစွာ သဘောပေါက် သွား ဟန် ခေါင်းတဆတ်ဆတ် ညိတ်သည်။



ကိုမင်းဆွေက ဆက်ပြောသည်။

'ဒါကြောင့်မို့ အမှုနှစ်ခုကို မရောပါနဲ့လို့ ကျွန်တော် ဟောင်းပန်တာ၊ ခင်ဗျားကို ကျွန်တော် အပ်ထားတဲ့ အမှုကိုသာ ဆက်လိုက်ပါ'

'ဒါပေမယ့် ဆရာ၊ နွဲ့နွဲ့ဇင်ကလဲ ကျွန်တော့်ကို အမှုအပ်ထားသေးတယ်လေ'

'ဟုတ်ပါတယ်၊ နွဲ့နွဲ့ဇင်က သူ့အစ်ကိုကို သူ့ဦးလေးက သတ်တယ်ယုံကြည်လို့ ရဲဘက်နဲ့တွင် အားမရဘဲ ခင်ဗျားကို ငှားခဲ့တာပေါ့၊ ခင်ဗျားတာဝန်က ဦးထွန်းသော်ဟာ မောင်မြဇင်ကို သတ်ပါတယ်ဆိုတဲ့ အထောက်အထားကိုသာရှာဖို့၊ မသတ်ပါဘူးဆိုတဲ့ အထောက်အထားကိုရှာဖို့ မဟုတ်ဘူး၊ အခု ခင်ဗျားက မသတ်ပါဘူးဆိုတဲ့ အထောက်အထားကို တွေ့နေတယ်၊ ဒီအခါမှာ နွဲ့နွဲ့ဇင်အတွက် ခင်ဗျား ဆောင်ရွက်ရမယ့် ကိစ္စက ပြီးနေပြီ'

'ဟုတ်ပါတယ် ပြီးနေပါပြီ၊ ဒါပေမယ့် ဥပဒေအရ အမှန်အတိုင်းဖြစ်ဖို့ ဆောင်ရွက်ရမယ့် ဝတ္တရားက ကျွန်တော့်မှာ ကျန်နေသေးတယ် ဆရာ'

'ဒါကို အခုနရှင်းပြပြီးပြီပဲ၊ အမှန်တရားအတိုင်း ဦးထွန်းသော်ဟာ လွတ်သွားမှာပါပဲဗျာ၊ ခင်ဗျားက ဘာမှ ဝင်ဖော်ဖို့ မလိုဘူး၊ ခင်ဗျားဝင်ဖော်လိုက်ရင် ပထမ အမှုဟာ ဘာမှ သိပ်အကြောင်းမထူးဘဲနဲ့ ခင်ဗျားကို ကျွန်တော် အပ်ထားတဲ့ ဒုတိယအမှုမှာ လာထိခိုက်နေလိမ့်မယ်'

www.burmeseclassic.com

www.burmeseclassic.com

ကိုသိန်းဇံမှာ ငိုင်သွားရပြန်၏။

ကိုမင်းဆွေကသာ တောင်းပန်ဆွဲဆောင် ချော့မော့သော လေသံနှင့်ဆို၏။

'အဲဒီအမှုဟာ ကျွန်တော့် ကိုယ်ရေးကိုယ်တာနဲ့ ပတ်သက်နေပါတယ်လို့ ခင်ဗျားကိုပြောခဲ့ပြီးပြီ၊ ကျွန်တော့်အတွက် သိပ်အရေးကြီးပါတယ်၊ ခင်ဗျားကို သာမန်အမှုအပ်တဲ့သူက သာမန် စုံထောက်တစ်ယောက်ကို ပြောနေသလို ပြောနေတာ မဟုတ်ပါဘူး၊ ခင်ဗျားအပေါ်မှာ ကျေးဇူးရှိဖူးတဲ့ လူတစ်ဦးက ခင်ဗျားဆီကပြန်ပြီး ကျေးဇူးပြုပေးဖို့ လူလူချင်း တောင်းပန်နေတာပါဗျာ'

ကိုသိန်းဇံသည် သက်ပြင်းရှည်ကြီးကို မှုတ်ထုတ်လိုက်ပြီး ဆို၏။

'ကောင်းပါပြီ ဆရာ၊ ကျွန်တော် နားလည်ပါပြီ၊ ဒီတော့ ဆရာ့ကို ကျွန်တော် ဘယ်လို ပြန်ကျေးဇူးဆပ်ရပါမလဲ'

'မခက်ပါဘူး ကိုသိန်းဇံ၊ ရဲအကူအညီမပါဘဲနဲ့ ဒီအိမ်ကြီးထဲမှာ ဘာလုပ်နေတယ်ဆိုတာကို အကြောင်းအထည်နဲ့ မိမိရရ ဖော်ပြနိုင်တဲ့ သက်သေခံပစ္စည်း ကျွန်တော် လိုချင်တယ်'

ကိုသိန်းဇံက ကိုမင်းဆွေကို တစ်ချက် လှမ်းကြည့်သည်။

'ဒါကို ကျွန်တော် ဘယ်လိုရအောင် လုပ်ရမလဲ'

'ဒါတော့ဗျာ....ခင်ဗျား ရဲ့အရာရှိ ဘဝတုန်းက ဘယ်သူမှ မဝင်နိုင်တဲ့ တရုတ်တန်းက ဘိန်းခန်းကြီးထဲတောင် ထိုး ဖောက် ဝင်နိုင်ခဲ့သေးတာပဲ၊ ပြီးတော့ တန်ခိုးအာဏာ ငွေ လက်နက် ခြံရံကာကွယ်ထားတဲ့ နိုင်ငံတော် ပြစ်မှုကြီးတွေ ကိုတောင် ဖော်နိုင်ခဲ့သေးတာပဲ၊ ခင်ဗျားအတွက် မခက်ခဲ ပါဘူး ကိုသိန်းဇံ'

ကိုသိန်းဇံသည် နှုတ်ဖြင့်မဖြေဘဲ ပခုံးကိုသာ တွန့်ပြလိုက် ၏။ ကိုမင်းဆွေက ဝီစကီနှစ်ခွက် ထပ်မှာသည်။ ရောက်လာ သောအခါ ကိုသိန်းဇံနှင့် ဖန်ခွက်ချင်းတေ့ဆိုင်ကာ တိုက် လိုက်ပြီး ဆိုလိုက်ပါ၏။

'ကဲ....ကံကောင်းထောက်မပြီး ခင်ဗျား အောင်မြင်ပါ စေ ကိုသိန်းဇံ၊ အောင်မြင်လိမ့်မယ်လို့လဲ ယုံကြည်ပါတယ်၊ အောင်မြင်ရင်တော့ ခင်ဗျား ကျွန်တော့်ပေါ် တင်ရှိနေတဲ့ ကျေးဇူးကြွေးကို အပြီးအပိုင် ဆပ်ပြီးပြီလို့ မှတ်ယူလိုက်ပေ တော့ဗျို့'

* * *



www.burmeseclassic.com

www.burmeseclassic.com

# (၁၀)

## မေတ္တာဟူသည်

ဘ

တပို့တွဲ၏ နောက်ပိုင်းရက် ညတစ်ညဖြစ်သဖြင့် ဆောင်းသည် နှုတ်ဆက်ပွဲအဖြစ် နှင်းမှုန်တို့ကို ဖွေးဖွေးမှုန်အောင် တဖွဲဖွဲ ကျဆင်းနေစေ၏။

လပြည့်ကျော် ရှစ်ရက်ည၏ ထွက်ပြူစ လသည် မှေးမှိန်စွာသာ အလင်းရောင် ပေးနေ၏။

အုပ်ကောင်းသောသစ်ရိပ်တို့ကြောင့် အင်းလျားတစ်ဝိုက်ဝယ် အမှောင်မာတ်သည် ပိုမိုကြီးစိုးနေ၏။

မဲဇာမြိုင်၏ အနောက်ဘက်ရေစပ် သစ်ပင်ကွယ် တစ်ခု၌ ပုန်းကွယ်ရပ်ရင်း ကိုသိန်းဇံသည် ထွက်ပြူလာစလကိုကြည့်၍ စိတ်တွင်းမှ ကျိန်ဆဲနေမိသည်။

တစ်ကိုယ်လုံး အနက်ရောင် ဆင်ထားသည့် ကိုသိန်းဇံသည် စုံထောက်စင်စစ်မှ မိုးနက်ဖြစ်လျက် ဤနေရာသို့ရောက်ခဲ့သည်မှာ နှစ်နာရီကျော် ကြာပေပြီး ဤညပါနှင့် ဆိုလျှင် ငါးညလည်း မြောက်ပေပြီ။



အချိန်ယူ လှေ့လာကြည့်ရှု ထားသဖြင့် အိမ်အတွင်းသို့ ဝင်ရန်မှာ ကန်ဘက်မှ အခွင့်အကောင်းဆုံး ဖြစ်ကြောင်းကို ကိုသိန်းဇံသိသည်။ ၎င်းပြင် သူစိတ်ဝင်စားသော မာတ်ခွဲခန်းမှာ ခြံနောက်ပိုင်း၌ပင်ရှိသည်။

လွန်ခဲ့သော ငါးညစလုံး၌ မာတ်ခွဲခန်းသည် မိုးစင်စင်လင်းသည်အထိ မီးများလင်းလျက် ရှိနေခဲ့သည်။ တစ်ညလုံးမအိပ်ဘဲ အလုပ် လုပ်နိုင်သည့် အတွင်းမှလူကို ကိုသိန်းဇံမှာ မိမိအလိုမကျသည့်ကြားမှ ချီးမွမ်းခဲ့မိသေးသည်။

ယခုလည်း ည ဆယ့်နှစ်နာရီရှိပြီ၊ မာတ်ခွဲခန်းဆီမှ မီးကမငြိမ်းသေး၊ ယခင် ညများတုန်းကကဲ့သို့ ကိုသိန်းဇံမှာ နောက်ကြောင်းပြန်ရဦးမည်လောဟု စိတ်မသက်မသာ ဖြစ်နေသည်။ ထိုစဉ် လကထွက်လာပြန်သဖြင့် စိတ်ပျက်ကာ ကျိန်ဆဲမိခြင်းဖြစ်သည်။

မာတ်ခွဲခန်း မီးလင်းနေသရွေ့တော့ ကိုသိန်းဇံသည် စွန့်စား၍မဝင်ရဲ၊ အပြင်ကသာ လှေ့လာထားရသဖြင့် အတွင်း၏ အခြေအနေကို ကိုသိန်းဇံ မခန့်မှန်းနိုင်၊ သူ့အတွက် ဇွဲကောင်းကောင်းနှင့် စောင့်ရန်မှ တစ်ပါး အခြားနည်းမရှိ။

လက မြင့်သည်ထက် မြင့်တက်လာသည်။ ကိုသိန်းဇံမှာလည်း ညောင်းညာလာ၏။ ညောင်းရသည့်အထဲ ဆောင်း၏ အအေးဓာတ်ကပါ ဆင့်ကဲ၍ သူ့ကိုနှိပ်စက်နေ၏။

ကိုသိန်းဇံသည် ညကြည့် လက်ပတ်နာရီကို ငုံ့ကြည့်လိုက်သည်။ တစ်ချက်ထိုးပေတော့မည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် မမျှော်လင့်ဘဲ မာတ်ခွဲခန်းဆီမှ မီးများပိတ်သွားသည်။

ကိုသိန်းဇံ၏ရင်မှ အလုံးကြီး ကျသွားသည်။ ကျေနပ်အားရစွာလည်း ပြုံးလိုက်မိသည်။

*

၁

မဲဇာမြိုင်အတွင်း၌မူ တစ်ခါတုန်းကကဲ့သို့ပင် ဒေါက်တာ နှင်းမောင်သည် ခြံတွင်းရှိ ခုံရှည်ထက်၌ ထိုင်လိုက်၍ စီးကရက်တစ်လိပ်ကို အားရပါးရ ဖွာရှိုက်နေသည်။ တစ်ခါတုန်းကကဲ့သို့ပင် ကိုကံထူးက သူ့ဆရာလေးကို ချစ်ခင်လေးစားစွာကြည့်ရင်း အေးချမ်းစွာ သတိပေးသည်။

'အလုပ် စောစောပြီးတဲ့ညမှာ စောစော အိပ်ပါလား ဆရာလေးရယ်၊ ဆရာလေး အိပ်ပျက်တဲ့ညတွေလဲ များပါပြီ'

ထုံးစံအတိုင်း သူက အသာအယာ ရယ်မောသည်။

'ဟုတ်ကဲ့ပါ ကိုကံထူး၊ စောစောအိပ်ပါမယ်တဲ့ဗျာ၊ ပြီးတော့ ဒီစီးကရက်တစ်လိပ်ကုန်ရင် နောက်ထပ်တစ်လိပ်ပဲ သောက်ပါမယ်တဲ့ဗျာ၊ ဟုတ်လား'

သူသည် သူ့စကားကို သူ သဘောကျ၍ ရယ်နေပြန်ပါသည်။



သူကပိတ်ပြောလိုက်သဖြင့် ကိုကံထူးမှာ စကားမဆက်သာ၊ ဆက်ပြန်လျှင်လည်း သူ့ကို မမလေးရဲ့ကိုယ်စားလှယ်တော်ကြီးဟု ဆိုပြန်ဦးမည်။

ကိုကံထူးက ဆိတ်ငြိမ်စွာ ရပ်နေသောအခါ သူက ဖိတ်ခေါ်၏။

'ထိုင်ပါဦးလေ.... ကိုကံထူး၊ စကားလေး ဘာလေး အေးအေးဆေးဆေး ပြောကြရအောင်'

ကိုကံထူးသည် တစ်ဖက်ခုံစွန်း၌ ဝင်ထိုင်လိုက်သည်။

'ဒီမှာ ကိုကံထူး.... မစားဘဲ မအိပ်ဘဲ ဈာန်ချမ်းသာနဲ့ အသက်အရှည်ကြီးနေတယ်ဆိုတဲ့ ရသေ့ကြီးတွေ အကြောင်း ကြားဖူးလား'

သူ၏ ထူးဆန်းသောစကားကြောင့် ကိုကံထူးမှာ ရုတ်တရက် မဖြေနိုင်ဘဲ သူ့အားပြန်ကြည့်မိသည်။

'ဖြေလေဗျာ ကိုကံထူး'

'ဟုတ်ကဲ့...ကြားဖူးပါတယ် ဆရာလေး'

'အဲဒီဈာန်ချမ်းသာဆိုတာ ဘာလဲ၊ ခင်ဗျား သိသလား ကိုကံထူး'

'ဟင့်အင်း....မသိဘူး ဆရာလေး၊ ဆရာလေးကော သိသလား'

'အဲ....ကျွန်တော်လဲ မသိဘူးဗျ၊ ဒါပေမယ့် တစ်ခုတော့ စဉ်းစားကြည့်မိတယ်'

'ဘယ်လိုလဲ ဆရာလေး'

www.burmeseclassic.com

www.burmeseclassic.com



'ဈာန်ချမ်းသာဟာ စိတ်ချမ်းသာမှုတစ်ခုပဲ ဖြစ်ရမယ်၊ စိတ်အာရုံတွေကို တစ်နေရာတည်းမှာပဲစုချုပ်ပြီး လှုပ်ရှားပျံ့လွင့်မှုမရှိစေဘဲ တည်ငြိမ်စွာထားခြင်းကြောင့် ရရှိတဲ့ ချမ်းသာခြင်းတစ်မျိုး ဖြစ်လိမ့်မယ်'

'အဲဒီတော့ ဘာဖြစ်သလဲ ဆရာလေး'

'ခြေဉ်....ဒီလိုလေ၊ ကျွန်တော်လဲ ဈာန်ချမ်းသာနဲ့ နေတာပဲ၊ ဒီတော့ ကျွန်တော်လဲ မသေနိုင်ပါဘူးဗျာ'

သူသည် သူ့စကားကို သူသဘောကျ၍ ရယ်နေပြန်သည်။

'ဆရာလေးက ဈာန်ချမ်းသာနဲ့နေတယ်၊ ဘာကို ဆိုလိုတာလဲ ဆရာလေး'

သူသည် စီးကရက်ကိုဖွာကာ ခေတ္တငြိမ်နေ၏။ ထို့နောက် အသာအယာပြုံးလျက် ဆိုသည်။

'ကျွန်တော်က စကားအဖြစ် တင်စားပြီးပြောတာပါ ကိုကံထူး၊ ကျွန်တော့်မှာ စိတ်ဝင်စားစရာတစ်ခုပဲရှိတယ်၊ အဲဒီ တစ်ခုအပေါ်မှာ ရှိသမျှစိတ်အားလုံးကို ပုံပြီး လုပ်နေရရင် ကျွန်တော့်အတွက် ချမ်းသာခြင်းပဲ၊ အဲဒီချမ်းသာခြင်းရှိသမျှ ကျွန်တော် အသက်ရှည်နေမှာပဲ၊ ပြီးတော့ ကိုကံထူး၊ ရသေ့ကြီးတွေနဲ့ ကျွန်တော်နဲ့ တူတာတစ်ချက်ရှိတယ်'

'ဘယ်လိုတူတာလဲ ဆရာလေး'

'သူတို့လိုပဲ ကျွန်တော်လဲ ဗြဟ္မစရိယာအကျင့်နဲ့ နေတာပေါ့လေ၊ ဟား....ဟား'



အတည်ပေါက်ပြောနေရာမှ သူက ဖောက်နောက်လိုက်သဖြင့် ကိုကံထူးမှာလည်း လိုက်လှဲ၍ ရယ်မောမိသည်။

'ခင်ဗျား သိပ်သဘောကျသွားသလား၊ ဟုတ်လား ကိုကံထူး'

'သိပ်သဘောကျပါတယ် ဆရာလေး၊ ဒါပေမယ့် တစ်ခုတော့ ကျွန်တော်ပြောချင်တယ်'

'တစ်ခုမဟုတ်ပါဘူးဗျာ၊ နှစ်ခု-သုံးခု ခင်ဗျားပြောချင်သလောက် ပြော'

'ဆရာလေးပြောတာ ကြားတော့ တစ်ခါက ရွှေမန်းတင်မောင် ဇာတ်ထဲမှာဆိုတဲ့ သီချင်းတစ်ပုဒ်ကို သွားသတိရမိတယ်'

'သီချင်းဟုတ်လား၊ သီချင်းတော့ ဝါသနာပါတယ်ဗျာ၊ လုပ်စမ်းပါဦး'

'ဇာတ်ဆရာ ရွှေမန်းတင်မောင်က တရားသဘောတွေနဲ့ နှောနှောပြီး မင်းသမီးတွေကို ဆုံးမလွန်းလို့ မင်းသမီးတွေက ပြန်ဆိုကြတယ်'

'ဟုတ်လား၊ ဘယ်လိုဆိုလဲ'

ကိုကံထူးက သူ့ဆရာလေး မြူးမြူးရွှင်ရွှင်ရှိနေသည်ကို မြင်ရသဖြင့် သူလည်း မြူးမြူးရွှင်ရွှင် ဖြစ်နေသည်။ ထို့ကြောင့်လည်း သီချင်းကို သံနေသံထားဖြင့် ဆိုပြသည်။

'ကိုတင်မောင် လွန်လွန်းသည်၊ ကျွန်မတို့ပြောချင်သည်၊ ရှင်ဇာတ်ဆရာ၊ ရှင်တစ်ခုသာ၊ ရှင်ပြုရာ ခံရမှာပါ၊ ရှင့်

www.burmeseclassic.com

www.burmeseclassic.com



လက်ခုပ်တွင်းက ရေလိုဟာပါ၊ အဘိဓမ္မာတတ်သူ ဇာတ်ဆရာကြီးရဲ့ ချန်လှော့တာတွေ ပြောကာပြဦးမှာ'

သူသည် ကိုကံထူး၏သီချင်းအဆုံး၌ အလွန်သဘောကျဟန် အတောမသတ်ဘဲ ရယ်သည်။ ရယ်၍အားရမှ စကားတုံ့ပြန်သည်။

'ကိုကံထူးက ဘယ်ခေလို့လဲ၊ အဆိုလဲ အဆိုကောင်း၊ ပြီးတော့ ကျွန်တော့်ကိုအုပ်ထည့်လိုက်တာလဲ မိသဗျို့....ဟဲ....ဟဲ....၊ ဒါပေမယ့် ကိုကံထူး၊ ကျွန်တော့်ကို ချန်လှော့အောင် ဖျက်မယ့် မင်းသမီးတွေလဲ မရှိပါဘူး၊ သူတို့နဲ့ တွေ့လဲ မတွေ့ချင်ဘူး'

ကိုကံထူးက သူ့ကို စူးစမ်းသယောင် အကဲခတ် ကြည့်လိုက်၏။

'ဆရာလေး တကယ်ပြောတာလား'

'ပူလောင်တဲ့မီးပုံတွင်းကို ခုန်မဆင်းချင်ပါဘူးလို့ ပြောနေတာကို တကယ်ပြောတာလားလို့ မေးနေရသေးလား ကိုကံထူးရယ်'

ကိုကံထူးသည် ဘာမျှမပြောနိုင်ဘဲ ပါးစပ် အဟောင်းသားနှင့် သူ့ကိုငေးကြည့်နေသည်။

'ကိုကံထူး'

'ခင်ဗျာ....ဆရာလေး'

'လောကကြီးမှာ မပူလောင်တဲ့အရာဟာ ဘာလဲ၊ ခင်ဗျား သိသလား'



'မေတ္တာတရားပေါ့ ဆရာလေးရယ်၊ ငါးရာနှစ်ဆယ့်ရှစ်သွယ်ဆိုတဲ့ မေတ္တာတရားပေါ့'

'ဒီလိုတော့လဲ ခင်ဗျားကသိသားပဲ၊ ခင်ဗျားပြောလိုက်တဲ့ ငါးရာ့နှစ်ဆယ့်ရှစ်သွယ်ဆိုတဲ့ မေတ္တာတရားကို သရုပ်ခွဲပြတတ်လား'

'ဟာ...ဒီလောက်တော့ ဘယ်သိပါ့မလဲ ဆရာလေးရယ်'

'မသိလို့ရှိရင် ကျွန်တော် သရုပ်ခွဲပြမယ်၊ ကျွန်တော် ငယ်ငယ်တုန်းက ခေမေသင်ပြခဲ့တဲ့ ဆရာတော်ဦးဗုဓ် ပေးသွားတဲ့ ရကန်ကိုမှီငြမ်းပြုပြီး ပြောပြမယ်'

သူသည် စဉ်းစားသယောင် ခေတ္တ ငြိမ်နေပြီးနောက် အေးချမ်းပြတ်သားစွာ ရှင်းပြသည်။

'ကျွန်တော်တို့ မေတ္တာပို့တဲ့အခါမှာ သဗ္ဗေသတ္တာ၊ သဗ္ဗေပါဏာ စသဖြင့် ရည်ညွှန်းတဲ့အခါမှာ အနောဓိသပုဂ္ဂိုလ်ငါးဦးရှိတယ်၊ ဩဓိသပုဂ္ဂိုလ်ခုနစ်ဦးရှိတယ်၊ ပေါင်းပုဂ္ဂိုလ်ဆယ့်နှစ်ပါးရှိတယ်၊ ပြီးတော့ အဝေရာအဗျာပဇ္ဇာ အစရှိပြီး ဘေးရန် ကင်းကြပါစေသတည်း၊ နှလုံး မသာမယာခြင်းကင်းကြပါစေသတည်းလို့ ပြဋ္ဌာန်း ပို့လိုက်တဲ့ စေတနာသဘောမျိုးက လေးပါးရှိတယ်၊ အဲဒီလေးပါးနဲ့ စောစောက ပုဂ္ဂိုလ်ဆယ့်နှစ်ပါးကို မြှောက်လိုက်တော့ မေတ္တာ လေးဆယ့်ရှစ်ပါး ရပါတယ်၊ ရှင်းရဲ့လား ကိုကံထူး'

'ရှင်းပါတယ် ဆရာလေးရယ်၊ ကျွန်တော် စိတ်ဝင်စားပါတယ်၊ ဆက်ပါဦး'

www.burmeseclassic.com

www.burmeseclassic.com



‘ကောင်းပါပြီ၊ မေတ္တာပို့တဲ့ အခါမှာ ပုရတ္ထိမာယ ဒိသာယ စသဖြင့် အရပ်ဆယ်ပါးကိုလဲ အာရုံပြုပြန်တယ်၊ စောစောက မေတ္တာ လေးဆယ့်ရှစ်ပါးကို အရပ်ဆယ်ပါးနဲ့ မြှောက်ပြန်တော့ မေတ္တာအပြား လေးရာ့ရှစ်ဆယ် ရတယ်၊ တစ်နည်းအားဖြင့်ဆိုရရင် အရပ်ဒေသမပါဘဲပို့သတဲ့မေတ္တာက လေးဆယ့်ရှစ်ပါး ရှိတယ်၊ အရပ်ဒေသကိုပါ အာရုံပြုပြီး ပို့သတဲ့မေတ္တာက လေးရာ့ရှစ်ဆယ် ရှိတယ်၊ နှစ်ခုပေါင်းတော့ ၅၂၈ သွယ်တိတိ ရှိပါတယ် ကိုကံထူး’

ကိုကံထူးသည် သူ့ဆရာလေးအား ကြည်ညိုလေးစားစွာ ကြည့်မိသည်။

သူကသာ ဆက်ပြောသည်။

‘အဲဒီသဘောရှိတဲ့ ၅၂၈ သွယ် မေတ္တာဟာသာ အေးချမ်းပါတယ် ကိုကံထူး၊ ဆန့်ကျင်ဘက်လိင်ဖြစ်တဲ့ ဖိုမအချင်းချင်း ချစ်ကြတဲ့ ကိလေသာရာဂမပြောနဲ့ ငါ့အမေ၊ ငါ့အဖေ၊ ငါ့သမီး၊ ငါ့သား၊ ငါ့အစ်ကို၊ ငါ့အစ်မရယ်လို့ သက္ကာယဒိဋ္ဌိဆိုတဲ့ ငါစွဲရှေ့ကခံပြီး သံယောဇဉ်တွယ်လေတဲ့ မောင်နှမ သားနဲ့ အမိ အချစ်မျိုးဟာတောင်မှ ၅၂၈ သွယ်သော မေတ္တာသဘော စင်စစ်မမည်ဘူး၊ ဒီသံယောဇဉ်မျိုးကို အိမ်ကျိုးဖြစ်တဲ့ သမုဒယတရား၊ သို့မဟုတ် ဂေဟာဿိတပေမလို့ ခေါ်တယ်၊ ဂေဟာဿိတပေမဟာလဲ မအေးချမ်းပါဘူး ကိုကံထူး၊ အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော၊ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော ဆိုတဲ့ သစ္စာတရားနဲ့ကြုံတော့ ငိုကြွေးပူကြရတာပါပဲ’



သူသည် စကားအဆုံး၌ လရောင်ကြောင့် ဖြာဖြာလင်းခဲ့ပြီဖြစ်သော မိုးပြင်ကိုငေးကြည့်ရင်း ပင့်သက်ရှူသည်။ သူပြောသော တရားသဘောကို ဆင်ခြင်လျက် ကိုကံထူးကလည်း ငြိမ်နေ၏။

ခဏ၌မူ သူ့မျက်နှာက ပြုံးလာသည်။ ကြည်လင်သော အသံနှင့်လည်း ပြော၏။

‘မေတ္တာကို ရှေးရှုပြီး ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ တရားတွေနဲ့ နေတာကို ဗြဟ္မာနေခြင်းလို့ ခေါ်တယ် ကိုကံထူး၊ အသက်ရှည်သော နေခြင်းမျိုးပေါ့၊ ဒီတော့ ဒီနေ့ နည်းမျိုးနဲ့ပဲ ကျွန်တော် နေပါ့မယ်၊ အဲဒီတော့ ခင်ဗျား အိပ်ချင်ရင် သွားအိပ်တော့လေ၊ ကျွန်တော်တော့ ကျွန်တော့် ချမ်းသာခြင်းနဲ့ ကျွန်တော်နေပါရစေဦး၊ ဟုတ်လား’

စကားအဆုံး၌ သူက အားရပါးရ ရယ်မောလိုက်၏။

*

## ၈

ထိုအချိန်တွင်....

ထိုအချိန်တွင် အမှောင်ရိပ်ကျသော အိမ်ကြီး၏အနောက်ဘက်စွယ်ဆီ၌ ဂိုသိန်းဇံသည် သွက်လက်စွာ အလုပ်များနေသည်။

www.burmeseclassic.com

www.burmeseclassic.com



အိမ်ကြီး၏နောက်ပိုင်း၌ မာတ်ခွဲခန်းကြီးနှင့် ဆက်လျက် လူတစ်ရပ်ဝင်သာရုံမြင့်သော အုတ်တိုက်အစွယ်တစ်ခု ရှိလေသည်။

အုတ်တိုက်၏အခန်းကို ကိုသိန်းဇံက သော့ဝိဇ္ဇာနှင့် ဖွင့်ကြည့်၏။ အလွယ်တကူဖွင့်မရ။ ဆယ်မိနစ်ခန့် ကြာသွားလေသည်။

ကိုသိန်းဇံ၏နဖူး၌ ချွေးစို့လာသည်။

ကိုသိန်းဇံသည် သော့ဝိဇ္ဇာ ခါစ်မျိုးပြီးတစ်မျိုးပြောင်း၍ စမ်းသည်။

ကံအားလျော်စွာ ငါးခုမြောက်၌ တံခါးသော့သည် ချောက်ခနဲ အသံမြည်၍ ပွင့်သွားသည်။

ကိုသိန်းဇံသည် တံခါးကို အသံမမြည်အောင်တွန်းဖွင့်၍ အတွင်းသို့ဝင်လိုက်သည်။ တံခါးကိုလည်း အသာယာ ပြန်ပိတ်ထားလိုက်သည်။

အခန်းတွင်း၌ ဘာမျှကိုမတွေ့၊ အောက်သို့တစ်ထစ်စီ နိမ့်ဆင်းသွားသော အုတ်လှေကားထစ်များကိုသာ တွေ့သည်။

ကိုသိန်းဇံသည် အုတ်လှေကားထစ်များအတိုင်း အောက်သို့ ဆင်းခဲ့သည်။

စိုထိုင်းထိုင်း စိမ့်ချမ်းချမ်း ရှိလာသဖြင့် မြေတိုက်တစ်ခု အတွင်းသို့ ရောက်လာလေမှန်း ကိုသိန်းဇံ သတိထားမိသည်။



အခန်းတွင်းမှာ ပိန်းပိတ်အောင် မည်းမှောင်နေ၏။

ကိုသိန်းဇံသည် မျှင်သွယ်သေးငယ်သော ရောင်ခြည်ကို ပေးသည့် လက်နှိပ်ဓာတ်မီးလေးကို ဖွင့်၍ ရှေ့ဆက်သွားသည်။

လေးလှမ်းခန့် သွားမိလျှင်မူ သူဆင်းလာခဲ့သော လှေကားထစ်များလောက် အဆင့်မများသော ဒုတိယလှေကားထစ်များကို တွေ့ရလေသည်။ ဤလှေကားများကမူ အပေါ်သို့ ပြန်တက်နေသည်။

၎င်းလှေကားထစ်များအတိုင်း တက်လိုက်ခဲ့သော် ကိုသိန်းဇံသည် မကြာမီပင် အုတ်နံရံတစ်ခုနှင့် ဝင်တိုးမိသည်။

ကိုသိန်းဇံက သူ့လက်နှိပ်ဓာတ်မီးဖြင့် ထိုးလျက် နံရံကို စစ်ဆေးသည်။

မျက်နှာချင်းဆိုင်လျက်ရှိသော နံရံ၌ တံခါးတစ်ခုကိုတွေ့ရသဖြင့် ကိုသိန်းဇံမှာ ဝမ်းသာသွားသည်။ သို့ရာတွင် သူ၏ ဝမ်းသာခြင်းမှာ ခေတ္တသာဖြစ်သည်။

တံခါးသည် ခိုင်ခံ့လှသော သံမဏိ တံခါးဖြစ်နေ၏။ ပို၍ဆိုးသည်မှာ ထိုတံခါး၌ သော့ပေါက်မရှိ၊ အတွင်းမှသာ ဖွင့်ပိတ်နိုင်သော တံခါးမျိုးဖြစ်သည်။

စိတ်ပျက်စွာနှင့် ကိုသိန်းဇံသည် လက်ဝဲဘက်ရှိ နံရံကို စစ်ဆေးကြည့်ရှုသည်။ ဤအကြိမ်၌ ကိုသိန်းဇံ ကံကောင်းပြန်သေးသည်။ ထိုနံရံ၌ သော့ပေါက်ရှိသော တံခါးတစ်ခုကို တွေ့ရသောကြောင့်တည်း။

www.burmeseclassic.com

www.burmeseclassic.com


တံခါးမှာ လူတစ်ယောက် ငုံ့ဝင်သာရုံမြင့်သည်။ ခိုင်ခံ့သော သံတံခါးမှုဖြစ်၏။

ကိုသိန်းဇံက သော့ဝိဇ္ဇာဖြင့် ၎င်းတံခါးကို ဖွင့်သည်။ အပြင်ဘက်မှ တံခါးလောက် ခဲယဉ်းမှုမရှိဘဲ ပွင့်သွားသည်။

တံခါးပွင့်လျှင်ပွင့်ချင်း အတွင်းမှ ညှီစို့စို့ အောက်သိုးသိုး အနံ့တစ်မျိုးက စူးရှစွာ ထိုးထွက်လာ၏။

ကိုသိန်းဇံသည် သူ့ဓာတ်မီးနှင့် အခန်းတွင်းသို့ ထိုးကြည့်သည်။ အခန်းမှာ အတန်ကျယ်ဝန်းပုံရသည်။ နေရာကွက်ကွက်ကိုသာ လင်းနိုင်စွမ်းသော ကိုသိန်းဇံ၏ ဓာတ်မီးသည် တစ်ခန်းလုံးကို မမြင်စေနိုင်။

လိုရမည်ရ ကိုသိန်းဇံသည် ခြောက်လုံးပြူးကို ထုတ်ယူကိုင်လိုက်ပြီး သတိကြီးစွာထား၍ အခန်းတွင်းသို့ ငုံ့ဝင်လိုက်၏။

ကိုသိန်းဇံသည် ရှေ့မတိုးသေးဘဲ အခြေအနေကို အကဲခတ်ကြည့်သည်။

တစ်ခန်းလုံးမှာ တိတ်ဆိတ်နေ၏။ ဘာသံမျှမကြားရ။

ကိုသိန်းဇံသည် ရဲတင်းသွားကာ ဓာတ်မီးကို မှိတ်၍ တစ်လှမ်းချင်း စမ်းလျှက် ရှေ့သို့တိုးလျှောက်သွားသည်။

ကြာကြာမလျှောက်လိုက်ရ၊ ရှေ့မှ မြင်လိုက်ရသောအရာကြောင့် ကိုသိန်းဇံသည် ခြေလှမ်း တုံ့ခနဲရပ်သွား၏။

ကိုသိန်းဇံ မြင်လိုက်ရသောအရာမှာ အခန်း အစွန်းတစ်ဖက်ဆီမှ ဖြူဖြူကွက်ကွက်အရာတစ်ခုဖြစ်၏။

အမှောင်ထဲတွင်ထွင်း၍ ဖြာနေသောမျက်လုံးတို့ ကြည့်လာကာမှ ကိုသိန်းဇံ သည် ထိုဖြူဖြူအကွက်သည် အလွန်မှေးမှိန်သော အလင်းရောင် ဝင်လာနေသည့်ပြတင်းတစ်ပေါက် ဖြစ်မှန်း သတိထားမိသည်။

ကိုသိန်းဇံသည် သတိကို အထူးထား၍ ပြတင်းဆီသို့ တဖြည်းဖြည်း ချဉ်းကပ်သွားသည်။

ညှီစို့စို့ အောက်သိုးသိုးအနံ့တို့မှာလည်း ပိုမိုစူးရှလာသည်။

အလင်းရောင်ဝင်နေသော ပြတင်းဝဆီ ရောက်သောအခါ ကိုသိန်းဇံမှာ ပို၍အံ့ဩမိသွားသည်။

ပြတင်း၌ တံခါးမရှိ၊ ခိုင်ခံ့သော သံလုံးတိုင်များသာ စိုက်ထားသလျက်ရှိ၏။ ထိုနေရာရောက်မှ ဤကဲ့သို့ အခြား ပြတင်း သုံးလေးခုရှိမှန်း တွေ့ရသည်။

ပြတင်းတို့မှ ခြံတွင်းသို့ ကောင်းစွာလှမ်းမြင်နိုင်သည်။

အရိပ်ကျရာဖြစ်သဖြင့် ပြတင်းတို့ဆီသို့ အပြင်မှ လရောင်သည် တိုက်ရိုက်တိုးမလာနိုင်၊ ရှိသမျှအလင်းရောင်မှာ အပြင်ပမှ ပက်စဉ်လာသော ရောင်ပြန် မှိန်မှိန်သာဖြစ်၏။

ရည်မှန်းချက် လွဲသွားပြန်မှန်းသိသော ကိုသိန်းဇံသည် ခေတ္တငိုင်သွားမိ၏။

ထိုအခိုက်တွင်ပင် ကိုသိန်းဇံ၏ ကျောဘက်မှ 'ခွီး' ခနဲ ဒေါသတကြီး အော်လိုက်သံကို ကြားရသည်။

ကိုသိန်းဇံသည် လူရောသေနတ်ရော နောက်သို့ လျင်မြန်စွာ လှည့်လိုက်၏။ သို့ရာတွင် နောက်ကျသွားလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



လေးလံသော အရာကြီးတစ်ခုသည် သူ့ကျောပေါ်၌ စီးမိလျက်သား ရှိနေ၏။ လည်ကုပ်ဆီ၌လည်း စူးရှနာကျင်သော ဝေဒနာတစ်ရပ်ကို ခံစားလိုက်ရသည်။

ကိုသိန်းဇံသည် ကျောပေါ်မှ အရာကြီးကို သွေးရူးသွေးတန်းဖြင့် တွန်းဖယ်ရင်း သေနတ်ကို အသုံးပြုရန် ကြိုးစားသည်။

ထိုခဏမှာပင် သေနတ်ကိုင်ထားသော လက်ကောက်ဝတ်ကို သတ္တဝါတစ်ကောင်၏ ကိုက်ခဲခြင်းခံလိုက်ရသည်။ သေနတ်လည်း လွတ်ကျသွားသည်။

တခွီးခွီးအသံများလည်း ဆူညံနေ၏။

ကိုသိန်းဇံမှာ မှုန်ဝါးသော အလင်းရောင်ကြောင့် မိမိအား အမျိုးအမည်မသိသော သတ္တဝါကြီး သုံးကောင်က ကြောက်မက်ဖွယ် ဝင်ရောက် တိုက်ခိုက်နေကြောင်း သတိထားလိုက်မိ၏။

ကြိုးစား၍ ပြန်လည်သတ်ပုတ်နေရာမှ မတတ်နိုင်သည့်အဆုံးတွင် ကိုသိန်းဇံသည် အသက်ဘေးကြောင့် ထိတ်လန့်တကြား အသံကုန်ဟစ်အော်လိုက်၏။ မည်သည့်အကူအညီမှ ရုတ်တရက်ပေါ်မလာ။

အကိုက်အခဲခံရသော ဒဏ်တို့က ပြင်းသည်။ စူးစူးရှရှ ကုတ်ခြစ်မှုတို့ကလည်း အသည်းနှင့်အောင် နာကျင်စေသည်။ လုံးရင်းထွေးရင်း ကိုသိန်းဇံသည် သတ္တဝါကြီးတို့၏ ကြမ်းတမ်းသော အမွေးအမျှင်များကို စမ်းမိသည်။



ဤသို့ တွေ့သိ စမ်းမိရသည်မှာလည်း စက္ကန့်ပိုင်းမျှသာဖြစ်သည်။ အကြောင်းမှာ မချိမဆံ့ နာကျင်လှသော ဝေဒနာဒဏ်ကြောင့် ကိုသိန်းဇံ၏ မျက်လုံးများမှာ ပြာသွားသည်။ နောက်တစ်ခဏတွင်မူ တစ်လောကလုံး မှောင်မည်းသွား၏။

*

ဆ

ကိုသိန်းဇံ ပြန်လည် သတိရသောအချိန်၌ ပထမဆုံး မြင်တွေ့ရသည်မှာ မိမိ၏ မျက်နှာပေါ်သို့ မိုးလျက် စိုးရိမ်ကြီးစွာနှင့် ကြည့်နေသော ဖြူဝင်းသည့် မျက်နှာလေး တစ်ခုဖြစ်၏။

ဖြူဝင်းသော မျက်နှာလေးကို ပြတ်သားကြည်လင်စွာ မြင်နိုင်သောအခါ၌ နောက်တစ်ဆင့် သတိပြုမိသည်ကား နက်မှောင်ရှည်သွယ် ကော့ပျံသော မျက်တောင်ကြီးများနှင့် အေးချမ်းသိမ်မွေ့သည့် မျက်လုံးပြာများတည်း။

ကိုသိန်းဇံသည် ရုတ်တရက် ခေါင်းကိုထူ၍ထလိုက်သည်။ သို့ရာတွင် လည်ပင်းဆီမှ မချိမဆံ့ နာကျင်သောကြောင့် ညည်းညူကာ ပြန်လဲကျသွား၏။ ထိုစဉ် ချိုသာ ကြည်လင်သော စကားသံကို ကြားရသည်။

'အရမ်းမထနဲ့ဦးလေ၊ ဒဏ်ရာက နည်းနည်းပြင်းတယ်၊ သွေးထွက်များလို့ ရှင် အားလဲနည်းနေတယ်၊ [illegible]အိမ့်နှမ်းပြီး

www.burmeseclassic.com

www.burmeseclassic.com

နားနေလိုက်တာပေါ့၊ ပြီးတော့လဲ ဘာမှမပူပါနဲ့၊ ရှင့်ကို ရန်ပြုမယ့်လူ တစ်ယောက်မှမရှိပါဘူး’

အသံသည် ချိုသာကြည်လင်ရုံမက ကရုဏာနှင့်လည်း ပြည့်နေသည်ဟု ကိုသိန်းဇံက ထင်သည်။

အသံရှင်၏စကားကို နားထောင်၍ ကိုသိန်းဇံသည် မျက်လုံးကို မှိတ်ကာ ခေတ္တနားနေသည်။

ဤသို့ ခေတ္တနားနေလိုက်သဖြင့် ရီရီဝေဝေဖြစ်နေသော ဦးနှောက်တို့မှာ ပြန်လည် ကြည်လင်လာ၏။ အသိအာရုံတရားတို့ကလည်း နိုးကြားလာ၏။ ထိုအခါ လည်ပင်းမှာတွင်မက သက်မျှားနှင့်ရင်ဘတ်မှလည်း နာကျင်နေကြောင်းကို ခံစားရမိသည်။

အားရှအောင်မှိန်းလျက် အနားယူလိုက်ပြီးနောက် ကိုသိန်းဇံသည် မျက်လုံးများကို ပြန်ဖွင့်လိုက်၏။

မစောစောက အသံရှင်က သူ့ဘေးတွင်ရပ်လျက် ပင်ကိုသဘာဝပြုံးသော မျက်နှာလေးနှင့် သူ့ကို စိုက်ကြည့်နေဆဲဖြစ်၏။

‘ကျေးဇူးတင်ပါတယ် ဆရာမရယ်၊ ကျွန်တော် ကောင်းကောင်း သတိရပါပြီ၊ ကျွန်တော် ထိုင်ချင်ပါတယ်’

မလေးသန့်က သူ့ကို ထိုင်ခွင့်ပေးသင့်မပေးသင့် စဉ်းစားသယောင် ငြိမ်ကြည့်နေခိုက် အောင်မြင်သော အသံတစ်ခု ကြားရသည်။

‘ထိုင်ပါစေလေ သန့်၊ သူထိုင်နိုင်ပါပြီ၊ ပြီးတော့ စကားလဲ ပြောချင်လိမ့်မယ် ထင်ပါတယ်’



မလေးသန့်နှင့်အတူ သူ့ကို ဒေါက်တာနှင်းမောင်က ပွေ့ထူ၍ ထိုင်ပေးသည်။

ခေါင်းအုံးကိုနောက်မှီ၍ ထိုင်မိသောအခါ ကိုသိန်းဇံသည် သူရောက်ရှိနေသောအခန်းကို အကဲခတ် ကြည့်ရှုမိသည်။

အခန်းမှာ အတန်ကျယ်ဝန်း၍ သားနား သပ်ရပ်သည်။ အခန်းအဝင်ဝ၌ မျက်နှာကြက်ကို တွေ့ရသဖြင့် ကိုသိန်းဇံသည် အိမ်ကြီး၏အပေါ်ထပ်ကို မိမိရောက်နေကြောင်း ခန့်မှန်းမိ၏။

မိမိ၏ ခုတင်ခေါင်းရင်း တစ်ဖက်စီ၌ မလေးသန့်နှင့် ဒေါက်တာနှင်းမောင်တို့က ရပ်နေ၏။ ခုတင်၏ဘေး ခြေရင်း မကျတကျ၌ ဒေါက်တာဦးထွန်းအောင်က ပကတိ တည်ငြိမ်ခြင်းဖြင့် ရပ်လျက်ရှိ၏။

ဤသုံးဦးကို သူက စုံစမ်းထောက်လှမ်း၍ မည်သူသည် မည်သူမှန်း သိခဲ့ပြီးဖြစ်ပါ၏။

သို့ရာတွင် သူအသိဆုံးလူတစ်ယောက်ကား ခုတင် ခြေရင်း တည့်တည့် မလှမ်းမကမ်းရှိပြတင်းပေါင်ကို ကျောခိုင်းလျက် စူးရှတင်းမာသော မျက်လုံးများဖြင့် သူ့အား စိုက်ကြည့်နေသည်။

သူ့မိတ်ဆွေကြီး ကိုကံထူးပေတည်း။

ကိုကံထူး၏လက်ထဲ၌ ခြောက်လုံးပြူးတစ်လက်ကို ကိုင်ထား၏။ သူ့အနီးရှိ စားပွဲတစ်လုံးပေါ်၌လည်း ညရိုက်မီးချက် တပ်လျက်ရှိသော ကင်မရာတစ်လုံးရှိနေ၏။

www.burmeseclassic.com

www.burmeseclassic.com



ခြောက်လုံးပြူးနှင့် တကွ ဤပစ္စည်းများသည် မိမိ၏ ပစ္စည်းများဖြစ်ကြောင်း ကိုသိန်းဇံ ကောင်းစွာမှတ်မိသည်။ တစ်ချိန်တည်းမှာပင် မိမိသည် ဤအိမ်ကြီးပေါ်၌ လူနာလည်း ဖြစ်၍ အကျဉ်းသမားလည်း ဖြစ်နေပြီ ဆိုသည့် အကြောင်းကို သတိထားလိုက်မိသည်။

ကိုသိန်းဇံသည် မိမိကိုယ်ကိုလည်း မိမိပြန်ကြည့်မိသည်။

ညာဘက်လက်ကောက်ဝတ်၌ ပတ်တီးစည်းလျက်သား ရှိ၏။ ထိုနည်းတူစွာ လည်ပင်းနှင့် ဘယ်ဘက်လက်မောင်းတို့၌လည်း ပတ်တီးတို့ရှိနေ၏။ ကိုယ်ပေါ်၌လည်း ဤအိမ်ကြီးအတွင်းသို့ ဝင်လာစဉ်က မိမိဆင်ထားသော အဝတ်အစားများအစား ဖြူစင်သော လူနာဝတ်စုံ ရောက်ရှိနေကြောင်း တွေ့ရ၏။ ညာဘက်ရင်ဘတ်ဆီမှ အနည်းငယ်တင်းဘင်းကျပ်ကျပ်ရှိသဖြင့် ထိုဆီ၌လည်း ပတ်တီးစည်းလျက် ရှိနေသည်ကို ကိုသိန်းဇံ နားလည်နေ၏။

ကိုသိန်းဇံသည် အားယူ၍ပြုံးရင်း မေးသည်။

'ကျွန်တော် ဘာဖြစ်ခဲ့ပါသလဲဟင်'

ဒေါက်တာနှင်းမောင်သည် သူ့ကိုပြုံး၍ကြည့်ရင်း အေးချမ်းစွာ ရှင်းပြ၏။

'ခင်ဗျားဟာ မြေတိုက်ခန်းထဲကနေ မျောက်ဝံတွေလှောင်ထားတဲ့ အခန်းထဲရောက်သွားခဲ့တယ် ကိုသိန်းဇံ'

ကိုသိန်းဇံသည် ဒေါက်တာနှင်းမောင်၏ မျက်နှာကို လှမ်းကြည့်လိုက်သည်။



'ခင်ဗျား သိပ်အံ့ဩသွားသလား ကိုသိန်းဇံ၊ ခင်ဗျား ဘယ်သူဆိုတာ ခင်ဗျားအိတ်ထဲက စုံထောက်လိုင်စင်စာအုပ်က ကျွန်တော်တို့ အားလုံး သိပြီးပါပြီ'

ကိုသိန်းဇံ မည်သို့မျှ စကားမပြန်နိုင်၊ ဒေါက်တာ နှင်းမောင် ရှင်းပြသည်ကိုသာ နားထောင်နေရသည်။

'ခင်ဗျားကို မျောက်ဝံကြီးသုံးကောင်က တိုက်ခိုက်တာပဲ ကိုသိန်းဇံ၊ ခင်ဗျား အတော်ကံကောင်းတယ်၊ အဲဒီအချိန်မှာ ကျွန်တော်နဲ့ ကိုကံထူး မအိပ်ကြသေးသို့ပေါ့၊ မျောက်ဝံတွေ အော်သံနဲ့ ခင်ဗျားအော်သံကို ကြားလို့ ကျွန်တော်တို့ နှစ်ယောက် ပြေးဝင်လာခဲ့ကြတာ အချိန်မီပဲ၊ နို့မို့ဖြင့် ခင်ဗျားရဲ့ ကံကြမ္မာ ကျွန်တော်တို့မတွေးရဲဘူး'

ကိုသိန်းဇံသည် ပျော့ပျောင်းနူးညံ့သော ဒေါက်တာနှင်းမောင်၏မျက်နှာကို ကျေးဇူးတင်စွာဖြင့် ကြည့်လိုက်ပြီး မျက်လုံးများကို ခြေရင်းမှ ကိုကံထူးဆီသို့ပို့လိုက်သည်။

ကိုကံထူးသည် မပြုံးမရယ်ဖြင့် တည်တည်ကြီး ရပ်နေသည်။ သူ့လက်မှ ခြောက်လုံးပြူးကို မချ။ ဤသည်ကို ဒေါက်တာနှင်းမောင်က လှမ်းပြောသည်။

'ခင်ဗျား ခြောက်လုံးပြူးကြီးကို ချထားလိုက်စမ်းပါ ကိုကံထူးရယ်၊ သူဟာ ဘယ်လိုမှအန္တရာယ်မပြုနိုင်တော့တဲ့ လူနာ တစ်ဦးပါ'

ကိုကံထူးက ခေါင်းခါ၍ ငြင်းသည်။

'ကျားဆိုတာဟာ ကြောက်ဖို့ကောင်းတယ် ဆရာလေး၊ ကျားနာကျ ပိုပြီးတော့ ကြောက်ဖို့ကောင်းတယ်၊ ဒီတော့

www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ကျွန်တော်စိတ်မချဘူး၊ ဆရာလေးမေတနာနဲ့ ဆရာလေး သူ့ကို ကြိုက်သလိုပြုစုပါ၊ ဒါပေမယ့် ကျွန်တော့် တာဝန်ကို ကျွန်တော်ထမ်းပါရစေ'

သူက ကိုကံထူးကို ဘာမျှဆက်မပြောတော့ဘဲ ကိုသိန်းဇံကိုကြည့်သည်။ သူ့မျက်လုံးများကို ရင်မဆိုင်ရဲသူ ကိုသိန်းဇံက ခေါင်းငုံ့ထားလိုက်၏။

ငြိမ်နေရာမှ ဒေါက်တာဦးထွန်းအောင်က မေးသည်။

'မောင်ရင်ဟာ အလွတ်စုံထောက်တစ်ဦးဆိုတော့ ရဲဘက်နဲ့ တိုက်ရိုက်ဆိုင်လှမယ် မထင်ဘူး၊ ဒီတော့ ဖြေစမ်းပါ၊ ဘာရည်ရွယ်ချက်နဲ့ ဒီအိမ်ထဲဝင်လာခဲ့တာလဲ'

ကိုသိန်းဇံသည် ရုတ်တရက် မဖြေနိုင်၊ သူ့မျက်လုံးများသည် မလေးသန့်ဆီသို့ ရောက်သွား၏။ ကျက်သရေရှိသော ဆရာဝန်မသည် သူ့အား မြုံးချိုကြင်နာစွာနှင့်ပင် ကြည့်နေသည်။

မလေးသန့်၏ မျက်နှာမှသည် သူ့မျက်လုံးများက ဒေါက်တာ နှင်းမောင်ထံသို့ ရောက်သွားပြန်၏။ ဒေါက်တာ နှင်းမောင်ကလည်း သူ့အား မုန်းတီးမှုကင်းသော မျက်လုံးများဖြင့် ကြည့်နေ၏။

ကိုသိန်းဇံ၏ ရင်မှာ အနည်းငယ် ထိခိုက်သွား၏။ ဤအိမ်တွင်း ချင်းနင်းကျူးကျော် ဝင်ရောက်ခဲ့သော မိမိကဲ့သို့သော လူဟာစ်ယောက်အပေါ် ဤဆရာဝန် မောင်နှမတို့သည် အဘယ်ကြောင့် ကြင်နာစွာ ဆက်ဆံနိုင်ကြပါသနည်း။



ကိုသိန်းဇံသည် ကွယ်ဝှက်လှည့်စားရန် မကြိုးစားတော့၊ ကြိုးစား၍လည်း မထူးပြီ၊ ကြိုးစားချင်စိတ်လည်းမရှိတော့၊ ထို့ကြောင့် အမှန်အတိုင်းဖြေသည်။

'ကျွန်တော် ဒီအိမ်ထဲကို ဓာတ်ပုံရိုက်ယူဖို့ ဝင်လာတာပါ ဆရာကြီး'

'ဓာတ်ပုံရိုက်ချင်လို့၊ မောင်ရင်က ဘာကို ဓာတ်ပုံရိုက်ချင်တာလဲ'

'ကျွန်တော် ဘာကို ဓာတ်ပုံရိုက်ချင်တယ်ဆိုတာ အားလုံး ရိပ်မိပါလိမ့်မယ်'

ကိုသိန်းဇံသည် အခန်းတွင်းရှိ လူကုန်ကို တစ်ဦးစီ အကဲခတ်ကြည့်ရင်း ဖြေလိုက်၏။ အားလုံးက မတုန်မလှုပ်ဘဲ သူ့ကို စိုက်ကြည့်နေကြသည်။

အတန်ကြာမှ ဒေါက်တာဦးထွန်းအောင်က ပြောသည်။

'ဆိုပါဦးလေ'

'ကျွန်တော် ဓာတ်ပုံရိုက်ချင်တာကတော့ အလောင်းတွေပဲ၊ ဥပမာဆိုရင် ဟိုတလောက တာမွေသုသာန်က ဟောဒီ ကိုကံထူး သူ့ခေါင်းဆိုင်က ကားကြီးနဲ့ ထုတ်ယူသွားတဲ့ မောင်လှငွေရဲ့ အလောင်းဆိုပါစို့လေ'

ကိုကံထူးသည် သိသိသာသာ လှုပ်ရှားသွား၏။ သူသည် အေးစက်မာကျောသော မျက်လုံးများဖြင့်ဆိုသည်။

'ဆရာလေး၊ ဒီလူဟာ ကျွန်တော်တို့အကြောင်းကို တော်တော်သိနေပြီနဲ့တူတယ်၊ ဒီတော့ မေးမနေပါနဲ့တော့၊ သူ့ကို ကျွန်တော်တို့လက်သာ လွှဲလိုက်ပါတော့'

www.burmeseclassic.com

www.burmeseclassic.com



ကိုကံထူး၏ မျက်လုံးများက အေးစက် မာကျောသကဲ့သို့ အသံကလည်း အေးစက်မာကျောနေသည်။ ကူချွေဆောင်ထားရသော်လည်း သူ့ဟန်သူ့အသံကြောင့် ကိုသိန်းဇံက ကျောရိုးမှ စိမ့်နေ၏။

ဒေါက်ဘာနှင်းမောင်၏ ပျော့ပျောင်းသော ဘားမြစ်သံ ပေါ်လာ၏။

'သိပ် ဒေါသမကြီးပါနဲ့ ကိုကံထူးရယ်၊ ဘာကြောင့် လူတစ်ယောက်ရဲ့ အသက်ကို သတ်ရမှာလဲ၊ ကျွန်တော်တို့ဟာ လူသတ်သမားတွေ မဟုတ်ဘူး၊ ပြီးတော့ ရာဇဝတ်ကောင်တွေလဲ မဟုတ်ပါဘူး၊ ပြောပါစေလေ၊ သူပြောချင်တာ ပြောပါစေ'

ကိုကံထူးသည် ကျေနပ်ပုံမရ။ ခြောက်လုံးပြူးကို ငုံ့ကြည့်နေ၏။

မလေးသန့်ကလည်း အသာအယာ ဝင်ပြောသည်။

'ဟုတ်ပါတယ် ကိုကံထူးရယ်၊ ရှင့်ခြောက်လုံးပြူးကြီး ချထားလိုက်ပါဦး'

ကိုကံထူးသည် မလေးသန့်ကို တစ်ချက် ပြန်ကြည့်ပြီး ခြောက်လုံးပြူးကို စားပွဲပေါ်၌ တင်ထားလိုက်သည်။

မလေးသန့်က ကိုသိန်းဇံဘက်သို့လှည့်၍ ဆိုသည်။

'ကိုကံထူးပြောသလိုပဲ ရှင်ဟာ ကျွန်မတို့အကြောင်းကို တော်တော်သိနေတဲ့လူတစ်ယောက် ဖြစ်မှာပဲ ကိုသိန်းဇံ၊ ဒါပေမယ့် ကျွန်မ တစ်ခုပဲမေးချင်တယ်၊ ရှင်ဟာ ဒီအိမ်ထဲမှာ



အလောင်းတွေရှိနေမှန်းသိလျက်နဲ့ ဘာကြောင့် ဝရမ်းယူပြီး ရဲနဲ့ ဝိုင်းမဖမ်းသလဲ'

ကိုသိန်းဇံက အသာအယာ ပြုံးလိုက်သည်။

'ဒါကတော့ ဆရာမ အချိန်လိုသေးလို့ပေါ့'

ကိုသိန်းဇံသည် မိမိ၏လွတ်မြောက်ရေးကို မျှော်မှန်းကာ ပရိယာယ်ဆင်၍ ပြောလိုက်သည်။

မလေးသန့်ထံမှ ကြည်လင်သာယာသော ရယ်မောသံကို ကြားရ၏။

ကိုသိန်းဇံသည် မလေးသန့်ကို အထူးအဆန်းသဖွယ် မော့ကြည့်မိသည်။

'ကျွန်တော့်စကားမှာ ဟာသမပါဘူး ဆရာမ၊ ဘာလို့ ရယ်တာလဲ'

မလေးသန့်သည် အသာအယာ ဆက်ရယ်မောသည်။ ထို့နောက် မျက်နှာက အပြုံးမပျက်သော်လည်း စူးရှတောက်ပသော မျက်လုံးများဖြင့် ကိုသိန်းဇံကိုကြည့်၍ မေးသည်။

'အချိန်မတန်သေးလို့ မဖမ်းဘူးဆိုတော့ အချိန်တန်မှ ဖမ်းမယ်ပေါ့နော်၊ ဟုတ်သလားရှင်'

ကိုသိန်းဇံက ခေါင်းညိတ်၏။

'အချိန်တန်တော့ ဖမ်းမယ်ဆိုတော့ ဖမ်းဖို့အစီအစဉ်တွေကို လုပ်ပြီးပြီပေါ့၊ ဟုတ်စရှင်'

'ဟုတ်ပါတယ်'

'အစီအစဉ်တွေကို လုပ်ပြီးပြီဆိုကတည်းက ရဲဘက်နဲ့ ရှင် ည်းဝါး ရိုက်ထားပြီးပြီပေါ့၊ ဒီလို ဆိုလိုပါသလားရှင်'

www.burmeseclassic.com

www.burmeseclassic.com



ကိုသိန်းဇံဘ ပိုင်နိုင်သူတစ်ဦးကဲ့သို့ ပြုံးလိုက်၏။

'ဆရာမ တွေးခေါ်တဲ့အတိုင်း အမှန်ပါပဲ'

ဤစကားကိုကြားသော မလေးသန့်သည် ရယ်ပြန်၏။ ဒေါက်တာနှင်းမောင်ကမူ သူ့အစ်မကို နားမလည်ဟန် ကြည့်နေသည်။ ကိုသိန်းဇံကိုယ်နှိုက်လည်း မလေးသန့်၏ရယ် သံကြောင့် စိတ်တွင်း၌မလုံမခြုံ ကသိကအောက်ဖြစ်မိသည်။

မလေးသန့်သည် အရယ်ရပ်ပြီး သူ့လက်ကလေးကို ကို သိန်းဇံ၏ပခုံးပေါ် တင်လိုက်၍ မေးသည်။

'ဘာကြောင့် လှည့်ဖြားပြီး ခြောက်လှန့်ချင်ရတာလဲ စုံထောက်ကြီးရယ်၊ ရှင့်စကားနဲ့ ရှင့်လုပ်ရပ်တွေက ရှေ့ နောက် မညီညွတ်ဘူး'

'ဆရာမ ဘာဆိုလိုတာလဲ'

'ကျွန်မ ဆိုလိုတာက ရှင်းပါတယ်၊ ဘယ်အလောင်းတွေ ကို ဘယ်လိုထုတ်တယ် ဆိုတာကိုလဲ သိနေတယ်၊ ပြီးတော့ ဒီအလောင်းတွေဟာ ဒီအိမ်ထဲမှာ ရှိနေတယ်ဆိုတာကို အတိအကျသိနေတယ်၊ အဲဒီစုံထောက်တစ်ဦးဟာ ဖမ်းချ ရင် ဖမ်းဖို့အကြောင်း လုံလောက်နေပြီ၊ ဒါပေမယ့် ဒီလောက်လွယ်တဲ့လမ်းကိုမလိုက်ဘဲ ဘာကြောင့် ကင်မ တစ်လုံးနဲ့ အသက်စွန့်ပြီး ဒီအိမ်ထဲဝင်ခဲ့တာလဲ'

ကိုသိန်းဇံဘ ငိုင်ကျသွား၏။ မလေးသန့်၏ ဇဝနဉာဏ် ကိုလည်း ချီးမွမ်းမိသည်။ မိမိကိုယ်ကိုမိမိ မလှုပ်သာအော အမိခံလိုက်ရပြီ ဖြစ်ကြောင်းကိုလည်း နားလည်လိုက်သည်

မလေးသန့်ကသာ ရယ်မောလိုက်ပြန်ပြီး ဆို၏။



'ဘာကြောင့် လိမ်ချင်ရတာလဲ စုံထောက်ကြီးရယ်၊ မှန် မှန် ပြောစမ်းပါ၊ ရှင်နဲ့ ရဲဘက်နဲ့ ဘာမှမဆိုင်ဘူး၊ ဒီအိမ် ထဲမှာ ဘာတွေရှိတယ်ဆိုတာကို သိလျက်နဲ့ တုံးတမ်းစဉ်လာ နည်းနဲ့ အရေးမယူဘဲ ကင်မရာတစ်လုံးလွယ်ပြီး စွန့်စားဝင် လာကတည်းက ရှင်ဟာ ရဲအတွက် အလုပ်လုပ်နေတဲ့လူ မဟုတ်ဘူး၊ ခေတ်ပုံသက်သေခံနဲ့ ကျွန်မတို့အပေါ် တစ်စုံ တစ်ခု လုပ်ချင်တဲ့ လူတစ်ယောက်ရဲ့ တာဝန်ကိုထမ်းဆောင် နေတဲ့ အလွတ်စုံထောက်တစ်ယောက် မဟုတ်လား'

ကိုသိန်းဇံမှာ မဖြေနိုင်။

'ဒါမှမဟုတ် ရှင့်ဘာသာရှင် လိုက်ရင်းက ကျွန်မတို့ အပေါ် ငွေညှစ်မယ်လို့များ ကြံစည်ထားသလား ကိုသိန်းဇံ'

ဤစကားရပ်သည် သူ၏ဂုဏ်သိက္ခာကို အထင်သေးစွာ ထိခိုက်လာနေသဖြင့် ကိုသိန်းဇံမှာ မခံနိုင်။ အထူးသဖြင့် မိန်းမသားတစ်ဦးက စွပ်စွဲလေသောအခါ ရှက်စိတ်ဝင်လာမိ သည်။ ထို့ကြောင့်လည်း မခံချင်မှုကို မဖုံးကွယ်နိုင်ဘဲ ပြန် ပြောမိသည်။

'ဆရာမမျက်လုံးတွေထဲမှာ ကြင်နာမှုနဲ့ ကရုဏာတရား တွေကို တွေ့ရပါတယ်၊ ဒါပေမယ့် ဘာကြောင့် လူ တစ် ယောက်အပေါ် အလွယ်တကူအထင်သေးရတာလဲ ဆရာမ ရယ်'

မလေးသန့်သည် သိမ်မွေ့စွာပင် ပြုံးလိုက်၏။

'ကျွန်မ လူတစ်ယောက်အပေါ် အလွယ်တကူ အထင် မသေးတတ်ပါဘူး၊ ဒါပေမယ့် ဒီနည်းကလွဲပြီး ရှင့်အပြု

www.burmeseclassic.com

www.burmeseclassic.com


အမှုတွေကို ကျွန်မတို့ ဘယ်သို့အဓိပ္ပာယ်ကောက်ယူရမှာလဲ'

ကိုသိန်းဇံ အဖြေမပေးနိုင်ပြန်ပါလေ။ ရှက်စိတ် မခံချင်စိတ်တို့နှင့်အတူ မိမိကိုယ်ကိုမိမိ အထင်ကြီးလွန်းခဲ့သည့်အမှားကြောင့် မကျေနပ်စိတ်တို့က တစ်ကိုယ်လုံး လွှမ်းမိုးလာသည်။

ဒဏ်ရာများကလည်း နာလာသည်။ ယခင်ညများက အိပ်ပျက်ခဲ့ခြင်းနှင့် ယခုည၌ယုတ်လျော့ခဲ့သောသွေးအားကြောင့်လောမသိ ကိုသိန်းဇံ၌ ယခင်ကရှိခဲ့ဖူးသော မာန်နှင့်သတ္တိတို့ ကင်းမဲ့နေ၏။

ကိုသိန်းဇံ၏မျက်နှာကို ငြိမ်သက်စွာ အကဲခတ်ကြည့်ရှုနေသော ဒေါက်တာဦးထွန်းအောင်သည် လှုပ်ရှားလာ၍ စင်ပြောသည်။

'ကဲ...ညဉ့်လဲနက်ပြီ၊ အားလုံး အိပ်ချိန်တန်ပြီ ထင်တယ်၊ လူနာလဲနားပါစေ၊ အိပ်ပေဦးတော့ မောင်သိန်းဇံ၊ ဘာမှလဲ စိတ်မပူနဲ့၊ မနက်ဖြန်ကျတော့ မောင်ရင် သက်သာလာရင် မောင် အင်မတန် တွေ့ချင်လွန်းလို့ စွန့်စား ဝင်လာနေတဲ့ နေရာကို ဆရာကြီးတို့ ပြပါမယ်၊ အဲဒီအခါကျတော့ မောင် ထပ်စဉ်းစားပေါ့၊ ဘာကြောင့် အဲဒီနေရာကို ဖြရဲတယ် ဆိုတာလဲ မောင်သိလိမ့်မယ်၊ တစ်ခုတော့ ဝမ်းနည်းပါတယ်၊ မောင့်အင်မရာကိုတော့ မောင် အသုံးချခွင့် မရှိတော့ဘူးလေ'

မလေးသန့်နှင့် ဒေါက်တာနှင်းမောင်က ကိုသိန်းဇံကို ပိုက်ပွေ့ကာ ခုတင်ပေါ်၌ ပြန်လှဲပေး၏။

သူတို့လက်တွင်း၌ သူတို့ပြုသမျှ နူရမည့်ဘဝဖြစ်သဖြင့် ကိုသိန်းဇံသည် ဘာဆင်ခြေမျှမပေးဘဲ ငြိမ်နေလိုက်ရသည်။

ဒေါက်တာ ဦးထွန်းအောင်သည် အဆင်သင့်ရှိနေသော ဆေးအိတ်အတွင်းမှ ဆေးပစ္စည်းများကိုထုတ်ယူပြီး ဆေးစပ်သည်။ စပ်ပြီးသောဆေးကို ဆေးထိုးပြွန်နှင့် စုပ်ယူ၏။

ဒေါက်တာ ဦးထွန်းအောင်က ဆေးထိုးပြွန်နှင့် သူ့အနီးကပ်လာသောအခါ ကိုသိန်းဇံသည် ထိတ်လန့်သော မျက်လုံးများဖြင့် သူ့ကိုမော့ကြည့်သည်။

ဦးထွန်းအောင်က သူ့မျက်နှာကို အပေါ်မှ စိုးမိုး၍ကြည့်သည်။

တည်ငြိမ်သမျှ ခံ့ညားသော ထိုမျက်နှာ၌ ဆရာဝန်တစ်ဦး၏ သိက္ခာသမာဓိနှင့် ကြင်နာမှုတို့ အပြည့်ရှိနေသည်။

'မစိုးရိမ်ပါနဲ့ မောင်သိန်းဇံ၊ ဒီဆေးဟာ အိပ်ဆေးပါ၊ အိပ်ဆေးမထိုးဘဲ ဘယ်နည်းနဲ့မှ မောင် အိပ်နိုင်မှာမဟုတ်ဘူး'

ဒေါက်တာ ဦးထွန်းအောင်သည် ကိုသိန်းဇံ၏ လက်မောင်း၌ ဆေးထိုးလိုက်၏။

မလေးသန့်က သူ့ကိုယ်ပေါ်သို့ သူနာပြု ဆရာမတစ်ယောက်၏ သိမ်မွေ့ညင်သာခြင်းဖြင့် စောင်ကိုခြုံပေးသည်။

ဖြစ်သမျှအကြောင်း အကောင်းတု အောက်မေ့ကာ ကိုသိန်းဇံသည် မျက်လုံးကို မှိတ်ပင်လိုက်သည်။ မကြာခင် ခေါင်းတွင်း၌ မှိုင်းမှိုင်းရီရီဖြစ်လာကာ အိပ်ချင်စိတ် စိုးမိုးလာသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်းတွင်းမှထွက်သွားကြသော ခြေသံများကို ကြားရသည်။

သူ နောက်ဆုံးကြားလိုက်ရသော အသံမှာ ဒေါက်တာဦးထွန်းအောင်၏ စကားသံဖြစ်သည်။

'တဲ….ကိုကံထူးလဲ သွားအိပ်ပေတော့၊ ဒီသေနတ်နဲ့ ကင်မရာကို ကျွန်တော် သိမ်းထားလိုက်တော့မယ်၊ လူနာကောင်းကောင်းအိပ်ပါစေဗျာ'

ခဏာ၌မူ တစ်ခန်းလုံးသည် တိတ်ဆိတ်သွား၏။ ကိုသိန်းဇံမှာလည်း စိတ်ကိုလျှော့၍ချလိုက်သည်။ စိတ်ကို လျှော့ချလိုက်သည်နှင့် တစ်ပြိုင်နက် သူသည် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားလေ၏။

*　　*　　*

## (၁၁)

ဥပဒေနှစ်မျိုး

က

နောက်တစ်နေ့နံနက်၌ နေအတော်မြင့်မှ ကိုသိန်းဇံ နိုးလာခဲ့လေသည်။ ညက နှစ်ခြိုက်စွာအိပ်ခဲ့ရသဖြင့် ကိုသိန်းဇံသည် အားပြည့်လန်းဆန်းနေ၏။

သူနိုး၍ မကြာမီ မလေးသန့်သည် ရေနွေးဇလုံ၊ မျက်နှာသုတ်ပဝါ၊ ဆပ်ပြာတို့ကိုယူဆောင် ရောက်လာပြီး သူနာပြုဆရာမ တစ်ဦးပမာ သူ့ကို မျက်နှာသစ် သန့်စင်ပေးသည်။

မလေးသန့် ပြန်ထွက်သွားသောအခါ ဒေါက်တာဦးထွန်းအောင်နှင့် ဒေါက်တာ နှင်းမောင်တို့ ဝင်လာကြသည်။

ညီအစ်ကိုနှစ်ဦးက သူ့ဒဏ်ရာများကို စမ်းဆေးကြည့်ရှု၍ ဆေးသစ် ထပ်မံထည့်ကာ ပြုစုပေးကြ၏။

အားလုံး ပြီးစီးသောအခါ မလေးသန့်က စားသောက်ဖွယ်ရာများကို ယူဆောင်၍ ပြန်ရောက်လာသည်။

'မောင့်မှာ အနာရှိန်ကြောင့် အဖျားသွေးတော့ နည်းနည်းရှိတယ်၊ ဒါပေမယ့် စိုးရိမ်စရာတော့ မရှိပါဘူး၊ အားရ

www.burmeseclassic.com

www.burmeseclassic.com

အောင် စားသောက်လိုက်ဦး၊ ပြီးတော့ ညက ပြောခဲ့တဲ့အတိုင်း မောင်ကြည့်ချင့်တဲ့နေရာကို ဆရာကြီးတို့ လိုက်ပြပေးမယ်’

ဦးထွန်းအောင်က ပြဒါးတိုင်ကို စစ်ဆေးကြည့်ရှုပြီး ပြောသည်။

ဟောလစ်၊ ကြက်ဥ၊ ပေါင်မုန့်မီးကင် ထောပတ်သုတ်၊ အင်္ဂလိပ်ဝက်အူချောင်းကြော်၊ သပျစ်သီး၊ ပန်းသီးများကို မြင်သောအခါ ကိုသိန်းဇံ၏ ဟာနေသောဝမ်းမှာ ပို၍ဆာလာသည်။

ကိုသိန်းဇံသည် ဘယ်လက်တစ်ဖက်တည်းကိုသာ အသုံးပြုနိုင်သဖြင့် စားသောက်သောအခါ မလေးသန့်က ကူညီကျွေးမွေးသည်။

ကိုသိန်းဇံမှာ မိမိ လက်တွေ့ ရောက်ရှိနေသော ဘဝကို မေ့၍ ဆေးရုံကြီး၌ ပထမတန်းခန်းတွင် တက်ရောက်ကုသနေသော လူနာတစ်ဦးကဲ့သို့ ခံစားနေရ၏။

စားသောက်မှုပြီးစီးသောအခါ မလေးသန့်နှင့် ဒေါက်တာ နှင်းမောင်တို့ ထွက်သွားကြ၏။ ဒေါက်တာ ဦးထွန်းအောင်သည် တွဲဖက်လျက်ရှိသော ရေချိုးခန်းဆီသို့ ကိုသိန်းဇံကို ကူညီတွဲခေါ်ယူလျက် ကိုယ်လက် သုတ်သင်စေသည်။

ကိစ္စပြီးစီးသောအခါ ဒေါက်တာ ဦးထွန်းအောင်က မေးသည်။

‘ကောင်းကောင်း နေကောင်းပါတယ်နော် မောင်သိန်းဇံ’



‘ကျေးဇူးတင်ပါတယ် ဆရာကြီးရယ်၊ ကျွန်တော် နေကောင်းပါတယ်၊ လည်ပင်းကဒဏ်ရာက နည်းနည်းလေး ကိုက်တာပဲ ရှိတယ်’

‘ကဲ….ဒါဖြင့် သွားကြရအောင်’

ဒေါက်တာ ဦးထွန်းအောင်သည် ကိုသိန်းဇံကို တွဲခေါ်ယူလျက် အခန်းတွင်းမှ ခေါ်ဆောင်ခဲ့သည်။

ပထမ ကျယ်ဝန်း ခမ်းနားသော ဓာတ်ခွဲခန်းကြီးဆီရောက်လာ၏။ တက္ကသိုလ်၏ ဓာတ်ခွဲခန်းကြီးတစ်ခုပမာ ခေတ်မီ ကိရိယာ တန်ဆာပလာတို့ဖြင့် ပြည့်စုံသော ဓာတ်ခွဲခန်းကြီးကို ကိုသိန်းဇံမှာ တအံ့တသြ ကြည့်မိသည်။

ဓာတ်ခွဲခန်းတွင်း၌ အသင့်စောင့်နေသော ကိုကံထူးကို တွေ့ရ၏။

ဦးထွန်းအောင်သည် ကိုသိန်းဇံအား ပြုံးကြည့်၍ဆိုသည်။

‘ဆောရီးပဲ မောင်သိန်းဇံ၊ ဒီနေရာမှာတော့ မောင့်မျက်လုံးတွေကို အဝတ်စည်းရလိမ့်မယ်’

ကိုသိန်းဇံက ခေါင်းညိတ်ပြ၏။

ကိုကံထူးသည် အဝတ်နက်တစ်ခုနှင့် ကိုသိန်းဇံ၏ မျက်လုံးများကို အုပ်အောင်ဖုံး၍ တင်းကျပ်စွာ စည်းလိုက်သည်။

ဘာကိုမျှ မမြင်ရတော့သော ကိုသိန်းဇံသည် နားကိုစွင့်၍ ဆောင်ကြည့်သည်။

အခန်းတစ်နေရာဆီမှ တစ်စုံတစ်ရာ ညင်သာ ချောမွေ့စွာ ရွေ့လျားသံကို ကြားလိုက်ရသဖြင့် လျှို့ဝှက်တံခါးတစ်ခု ပွင့်သွားမှန်း ကိုသိန်းဇံ ရိပ်မိသည်။

www.burmeseclassic.com

www.burmeseclassic.com

ဒေါက်တာ ဦးထွန်းအောင်က သူ့လက်ကိုဆွဲလျက်ခေါ်ခဲ့သည်။

ခြေလှမ်း ဆယ်လှမ်းခန့် လျှောက်မိသောအခါ အခြားတံခါးတစ်ခုကို ဖွင့်သံပေါ်လာပြန်၏။

'သတိထားလျှောက် ကိုသိန်းဇံ၊ ကျွန်တော်တို့ အောက်ကို ဆင်းမယ်၊ လှေကားက နည်းနည်းကျဉ်းတယ်'

ဦးထွန်းအောင်သည် သတိပေးလိုက်ပြီး ကိုသိန်းဇံကို တွဲဆင်းသည်။

လှေကားထစ်များသည် အတန်စောက်၍ ကိုးထစ်မျှရှိကြောင်းကို ကိုသိန်းဇံ မှတ်သားထားလိုက်သည်။

လှေကားအဆုံး၌ နောက်ထပ် ငါးလှမ်းမျှ လျှောက်ပြီးသောအခါ နောက်ထပ် တံခါးတစ်ခုကို ဖွင့်သံ ကြားရပြန်သည်။ တံခါးဖွင့်သံနှင့်အတူ ထူးဆန်းသော ဆေးနံ့တစ်မျိုးကို ကိုသိန်းဇံ ရှူလိုက်ရ၏။

ဒေါက်တာ ဦးထွန်းအောင်၏အသံ ပေါ်လာသည်။

'ကဲ...ကိုကံထူး၊ အဝတ်ဖြေပေးလိုက်ပါတော့'

ကိုသိန်းဇံ၏ မျက်လုံးများပေါ်၌ စည်းထားသောအဝတ်ကွာသွားပြီးနောက် အဘန် ကြာသည်အထိ မျက်လုံးများက ပြာနေသောကြောင့် ရုတ်တရက် ဘာမျှ သဲသဲကွဲကွဲ မမြင်ရပေ။ သဲသဲကွဲကွဲမြင်နိုင်သောအခါ၌မူ ကိုသိန်းဇံမှာ အံ့သြရပြန်သည်။

အခန်းမှာ အသံလုံလှသော မြေတိုက်ခန်းတစ်ခု ဖြစ်၏။ အခန်းလယ်၌ ကျောက်စားပွဲခုံကြီးတစ်ခုရှိ၏။



အခန်းတွင်း၌ ဒေါက်တာနှင်းမောင်နှင့် မလေးသန့်တို့အပြင် ကိုသိန်းဇံ မသိသေးသော လူနှစ်ဦး၏။

'ကဲ...ညီလေးရေ ပြပေတော့၊ မောင်သိန်းဇံ၊ မောင်မြင်ချင်တာတွေ မြင်ရပါတော့မယ်'

ဦးထွန်းအောင်၏ စကားအဆုံး၌ ဒေါက်တာ နှင်းမောင်သည် နံရံတစ်ခုသို့ကပ်သွား၏။ ခလုတ်ကို နှိပ်လိုက်သောအခါ နံရံအတွင်းမှ အံဆွဲသေတ္တာကြီးတစ်ခု ထွက်လာ၏။

ကိုကံထူးနှင့် လူနှစ်ယောက်သည် ထိုအံဆွဲသေတ္တာကြီးကို ကျောက်စားပွဲခုံပေါ်သို့ သယ်ယူချထားလိုက်၏။

ဒေါက်တာနှင်းမောင်သည် ကိုသိန်းဇံ၏အနီးသို့ ချဉ်းကပ်လာပြီး ပြုံး၍ဆို၏။

'အဲဒီထဲမှာကြည့်ပေါ့ ကိုသိန်းဇံ၊ ခင်ဗျားပြောတဲ့ မောင်လှငွေရဲ့အလောင်း ရှိနေတယ်၊ ပြက်တောက်ခွဲစိတ်ထားလို့တော့ အင်္ဂါအစိတ်အပိုင်းတွေ မစုံတော့ဘူး'

ကိုသိန်းဇံသည် ကျောက်ခုံဆီသို့ လျှောက်သွားသည်။ အံဆွဲသေတ္တာကြီးဆီမှ အအေးဓာတ်များ ထွက်လာလျက်ရှိသည်ကို သတိထားမိသည်။

သေတ္တာတွင်းသို့ ငုံ့ကြည့်လိုက်သောအခါ အတွင်းရှိအလောင်းမှာ ဒေါက်တာနှင်းမောင်ပြောသကဲ့သို့ပင် အင်္ဂါမစုံတော့။ သို့ရာတွင် မျက်နှာလေးမှာမူ ငယ်ရွယ်သူတစ်ဦး၏မျက်နှာလေးပင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာနှင်းမောင်က အချက်ပြလိုက်သောအခါ ကိုကံထူးတို့က အံဆွဲသေတ္တာကြီးကို မ,ယူ၍ နေရာဟောင်း၌ ပြန်ထည့်ထားလိုက်သည်။

ဒေါက်တာနှင်းမောင်က ခလုတ်ကို နှိပ်လိုက်သောအခါ အံဆွဲသေတ္တာကြီးမှာ ပြန်ဝင်သွားသည်။ နံရံသာ ပကတိအတိုင်း ကျန်ရစ်သည်။

ဒေါက်တာနှင်းမောင်က အခြားခလုတ်တစ်ခုကို နှိပ်လိုက်ပြန်သော် နံရံ၏အခြားတစ်နေရာမှ အံဆွဲသေတ္တာတစ်ခု ထွက်လာပြန်၏။

'အဲဒီထဲမှာတော့ ခွဲစိတ်ပြီးလို့ စွန့်ပစ်ရမယ့်အစိတ်အပိုင်းတွေ ရှိတယ်၊ သွားကြည့်လိုက်ပါဦး ကိုသိန်းဇံ'

ကိုသိန်းဇံသည် ဒေါက်တာနှင်းမောင်ပြောသည့်အတိုင်း ပြုလုပ်၏။

'ဟုတ်တယ်မဟုတ်လား ကိုသိန်းဇံ'

ဟုတ်မှန်ကြောင်း ကိုသိန်းဇံကခေါင်းညိတ်လျက် အဖြေပေး၏။

ဒေါက်တာနှင်းမောင်က အချက်ပြလိုက်သောအခါ ကိုကံထူးတို့က သေတ္တာတွင်းမှ အစိတ်အပိုင်းများကို မီးဖိုတွင်းသို့ ထည့်လိုက်ကြသည်။

မီးဖိုအနီးရှိခလုတ်ကို ဒေါက်တာနှင်းမောင်က အသုံးပြုလိုက်သောအခါ မီးဖိုတံခါးပိတ်သွား၍ အတွင်းမှအသံသဲ့သဲ့ကိုသာ ကိုသိန်းဇံ ကြားရ၏။



အတန်ကြာမှ ဒေါက်တာနှင်းမောင်က ခလုတ်နှိပ်၍ ဖွင့်လိုက်သောအခါ မီးဖိုတံခါး ပြန်ပွင့်သွားသည်။

'ကဲ....သွားစစ်ကြည့်ပါဦး ကိုသိန်းဇံ'

ကိုသိန်းဇံသည် မီးဖိုကိုအနီးကပ်၍ စစ်ဆေးကြည့်သည်။

ဟပ်လာသော အရှိန်ကြောင့် စောစောက အတွင်း၌ ပြင်းထန်သောအပူရှိန်နှင့် လောင်ကျွမ်းနေခဲ့မှန်း ကိုသိန်းဇံ ခန့်မှန်းမိသည်။

ထူးဆန်းသည်မှာ မီးဖိုတွင်း၌ ဘာမျှမရှိတော့ခြင်းပင် ဖြစ်၏။ပြာမှုန်အနည်းငယ်မျှသာ ရှိသည်။ ဖို့မို၍ထူးဆန်းသည်မှာ အသားတို့လောင်ကျွမ်းသော အနံ့မရ။ ဓာတ်ငွေ့တစ်မျိုး၏ အနံ့သာ ထွက်နေခြင်းပေတည်း။

ကိုသိန်းဇံသည် ထူးဆန်းသောမျက်လှည့်တစ်ခုကို ကြည့်နေရသော ကလေးတစ်ဦးကဲ့သို့ အံ့ဩနေခိုက် ကိုကံထူးတို့က အံဆွဲသေတ္တာကို အခန်းတွင်းရှိရေကန်၌ ဆေးကြောပြီး နံရံအတွင်းသို့ ပြန်သွင်းလိုက်သည်။

ဒေါက်တာနှင်းမောင်သည် နောက်ဆုံးခလုတ်ကို နှိပ်လိုက်ပြီး ကိုသိန်းဇံထံသို့ ချဉ်းကပ်လာသည်။

ကိုသိန်းဇံသည် ဆရာဝန်မောင်နှမသုံးဦး၏ မျက်နှာများကို တစ်လှည့်စီ စူးစမ်းကြည့်လိုက်ပြီး မေး၏။

'ဆရာတို့ ဘာရည်ရွယ်ချက်နဲ့ ကျွန်တော့်ကို ဒါတွေပြရသလဲ'

ဒေါက်တာနှင်းမောင်သည် ပြုံးလိုက်ပြီး သူ့အစ်ကိုကြီးကို လှမ်းကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးထွန်းအောင်က အေးဆေးသောအမူအရာ၊ တည်ငြိမ်သော လေသံဖြင့် ရှင်းပြ၏။

'ဆရာကြီးတို့လုပ်နေတဲ့အလုပ်ဟာ ဥပဒေနဲ့မလွတ်ကင်းမှန်း သိလို့ ကြိုတင်ကာကွယ်ထားတဲ့အစီအစဉ်ကို လက်တွေ့ပြတာပဲ မောင်သိန်းဇံ၊ ဒီအိမ်ထဲမှာ အလောင်းတွေရှိမှန်း သိလို့ ရဲအဖွဲ့က လာဝိုင်းတယ်ဆိုကြပါစို့၊ ဒီအခန်းထဲကို ဇွတ်အဘင်းဝင်တောင်မှ နာရီပေါင်းအတော်ကြာမှ ဝင်နိုင်လိမ့်မယ်၊ ဒါပေမယ့် ဘာသက်သေခံ အထောက်အထားကိုမှ သူတို့ လက်ပူးသက်ကြပ် မမိနိုင်ဘူး၊ မောင်သိန်းဇံမြင်တဲ့အတိုင်းပဲ၊ ဒီထဲမှာရှိတဲ့အလောင်းကို မိနစ်ပိုင်းအတွင်း ပြာချပြီး ဖျောက်ဖျက်ပစ်လိုက်နိုင်တယ်၊ ပြာတွေဟာလဲ အင်းလျားရေပြင်ရဲ့ အောက်ခြေကိုရောက်သွားပြီ၊ မီးဖိုထဲမှာ ကြွင်းကျန်တဲ့ပြာတွေကိုစစ်ကြည့်ရင်လဲ လူသားရဲ့ပြာလို့ ဘယ်ဓာတုဗေဒနည်းနဲ့မှ စစ်ကြည့်လို့မရဘူး၊ အဲဒီလို စစ်ကြည့်လို့မရအောင် အထူးတီထွင်ထားတဲ့ ဓာတ်ငွေ့လောင်စာနဲ့ ရှို့ပစ်ခဲ့တာပဲ၊ အလွန်ဆုံးသိရင် အသားတစ်စုံတစ်ခုကို လောင်ကျွမ်းရာက ဖြစ်လာတဲ့ ပြာဆိုတာလောက်ကိုသာ စမ်းသပ်ကြည့်ရှုလို့ ရနိုင်မယ်၊ အဲဒီအတွက် ဖြေရှင်းစရာ လွယ်လွယ်လေးပဲ၊ ဒီဓာတ်ခွဲခန်းထဲမှာ သတ္တဝါအကောင် မျိုးစုံကို တကယ်ပဲ ခွဲစိတ်လေ့လာတယ်၊ ပုးတွေ၊ ယုန်တွေ၊ ကြွက်တွေ၊ ငှက်တွေကအစ ညက မောင်သိန်းဇံ တွေ့ခဲ့တဲ့ မျောက်ဝံကြီးတွေအထိပဲ၊ အဲဒီသတ္တဝါတွေရဲ့ ပြာနဲ့



မျက်လုံးပေါ်မှအဝတ်ကို ကိုကံထူးက ပြန်လည်ဖယ်ရှားပေးသောအခါ၌ ကိုသိန်းဇံသည် မိမိကိုယ်ကိုမိမိ ဓာတ်ခွဲခန်းကြီး၏ အပြင်ဘက်သို့ရောက်နေမှန်း သိရ၏။

မိမိအနီး၌ ကိုကံထူးအပြင် မလေးသန့်တစ်ယောက်သာ ရှိနေမှန်းကို ကိုသိန်းဇံတွေ့ရ၏။

ကိုသိန်းဇံသည် ရုတ်ဘရက် ထွက်ပြေး လွတ်မြောက်ရန် အရေးကို ကြံတွေးမိသည်။

သို့ရာတွင် ဤသို့ထွက်ပြေးနိုင်ရန်မှာ သန်မာထွားကျိုင်းသော ဤသူဘရာဇာကြီးကို မလှုပ်နိုင်အောင် အရင်တွယ်ခဲ့နိုင်မှဖြစ်မည်။ ခက်သည်မှာ ယခင်က လူတစ်ဦးကို တစ်ချက်ထိုးရုံနှင့် သတိလစ်သွားအောင် စွမ်းနိုင်သော မိမိ၏လက်နှစ်ဖက်စလုံးမှာ အသုံးချ၍မရတော့။

ကိုသိန်းဇံသည် အကြံကိုလျှော့၍ ကုဒြေမပျက် ငြိမ်၍ရပ်နေသည်။

ဓာတ်ခွဲခန်းကြီး၏ ပြင်ပရှိ စတိုခန်းအတွင်းမှ အဖြူရောင် အင်္ကျီရှည်တစ်ထည်ကိုယူ၍ မလေးသန့်သည် ကိုသိန်းဇံကို ဝတ်ပေး၏။ နှာခေါင်းစည်းအဖြူတစ်ခုကိုလည်း တပ်ပေးလိုက်၏။ လက်အိတ် တစ်စုံကိုလည်း စွပ်ပေးပြန်သည်။

သူ့ကိုဆင်ယင်ပေးသော အရာဝတ္ထုတို့မှရသော အနံ့အသက်တို့ကို ထောက်ရှုလျက် ထိုအရာဝတ္ထုတို့မှာ ပိုးမွှားမကူးစက်နိုင်အောင် ဆေးနှင့်စိရင်ထားမှန်း ကိုသိန်းဇံရိပ်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဇင် အသက်နှစ်ဆယ် မပြည့်မီ ရက်ပိုင်းအလိုတွင် ဖြစ်ကြောင်း။

မောင်မြဇင်နှင့် နွဲ့နွဲ့ဇင်တို့၏ ဖခင်မှာ ကွယ်လွန်သူ အင်္ဂလိပ်လူမျိုး မိုင်းသူဌေးကြီး မစ္စတာမာတင် ဆိုသူဖြစ်ကြောင်း၊ မစ္စတာမာတင်၏ သေတမ်းစာကို သမီးအငယ် ဖြစ်သူ နွဲ့နွဲ့ဇင် အသက် နှစ်ဆယ်ပြည့်သောနေ့၌ ဖောက်ရမည်ဆိုကြောင်း။

နွဲ့နွဲ့ဇင်သည် အင်္ဂလန်ပြည် လန်ဒန်မြို့၌ စီးပွားရေးဗေဒပညာကို သွားရောက် ဆည်းပူးနေသည် ဆိုကြောင်း။

အစ်ကိုဖြစ်သူ မကွယ်လွန်မီက သူ့အား ဦးလေးဖြစ်သူက သေကြောင်း ကြံနေကြောင်း နွဲ့နွဲ့ဇင်ထံ စာများ ရေးသားခဲ့သည်ဆိုကြောင်း။

နွဲ့နွဲ့ဇင်သည် ရန်ကုန်မြို့သို့ လျှို့ဝှက်စွာပြန်ရောက်လာပြီး အသက် နှစ်ဆယ်ပြည့်သော နေ့တွင် နာမည်ကျော် ဝတ်လုံတော်ရကြီး ဦးမင်းဆွေကို ကိုယ်စားလှယ်လွှဲ၍ သေတမ်းစာကိုသက်သေစုံရာ၌ဖောက်စေခဲ့သည်ဆိုကြောင်း။

အဆိုပါ သေတမ်းစာအလိုအရ သိန်းနှစ်ဆယ်ခန့်ရှိသောအမွေကို သမီးဖြစ်သူ နွဲ့နွဲ့ဇင်အား တစ်ဝက်၊ ကျန်တစ်ဝက်၏ သုံးပုံနှစ်ပုံကို သားဖြစ်သူ မောင်မြဇင်ကလည်းကောင်း၊ သုံးပုံတစ်ပုံကို အမွေထိန်းပေးသူ မစ္စတာမာတင်၏ ယောက်ဖ ဦးထွန်းသော်ကလည်း



ကောင်း ရစေရမည်ဖြစ်သည်၊ အကယ်၍ သားသမီး တစ်ဦးဦး သေဆုံးသွားလျှင် ၎င်း၏အစုကို ကျန်ရစ်သူ သားသမီးနှင့် ဦးထွန်းသော်တို့ အညီအမျှ ခွဲဝေယူကြရမည် ဆိုကြောင်း။

ဤသေတမ်းစာသဘောအရ မောင်မြဇင် ကွယ်လွန်ရသည်ကို နှမဖြစ်သူ နွဲ့နွဲ့ဇင်က ပိုမိုမသင်္ကာဖြစ်၍ သက်ဆိုင်ရာမှ တစ်ဆင့် မောင်မြဇင်၏ အလောင်းကို ပြန်ဖော်ကြည့်ခဲ့သည် ဆိုကြောင်း၊ ထိုသို့ဖော်ကြည့်ရာ၌ ကြံတော ခရစ်ယာန်သင်္ချိုင်း၌ မြှုပ်ထားသော မောင်မြဇင်၏အလောင်းကို မတွေ့ရဟုဆိုကြောင်း။

ယခုအခါ ဦးထွန်းသော်အား ဖမ်းဆီး စစ်ဆေးနေသည် ဆိုကြောင်း....'

မလေးသန့်သည် အဆက်ပါသတင်းကိုဖတ်ရင်း ငိုင်နေမိသည်၊ စိုးရိမ်ပူပန်စိတ်များလည်း ရင်၌ပေါ်ပေါက်လာ၏။

ထိုအခိုက်တွင်ပင် အိမ်ရှေ့ရှိ လူခေါ်ခေါင်းလောင်းသည် ရုတ်တရက်မြည်လာသည်။

မလေးသန့်က သွက်လက်စွာဖြင့် ထွက်ကြည့်သော အခါ သံခေါက်တံခါး အပြင်၌ ရပ်နေသော ကိုကံထူးကို တွေ့ရသည်။

မလေးသန့်က တံခါးကို အလျှင်အမြန် ဖွင့်ပေးသည်။

'ဆရာလေးကော ဟင်....မမလေး'

'မောင်လေးရယ် မနက်အစောကြီးကတည်းက ကိုကံထူးတို့ဆီ ထွက်သွားတာပဲ'

www.burmeseclassic.com

www.burmeseclassic.com



ကိုသိန်းဇံသည် နောင်ခါမှ ဖြစ်ချင်ရာဖြစ်၊ လက်တွေ့မှု စိတ်ဝင်စားဖွယ် ကောင်းနေသောကြောင့် မလေးသန့် ပြုပေးသမျှကို ငြိမ်သက်စွာ ခံနေလိုက်၏။

မလေးသန့်နှင့်ကိုကံထူးတို့ကလည်း သူ့နည်းတူစွာ ဝတ်ဆင်လိုက်ကြ၏။

မလေးသန့်က အသာအယာ ဆိုသည်။

'ခွဲစိတ်ခွဲခန်းထဲကို သာမန်ဝင်ရင် အခုလို ပြင်ဆင်ဖို့မလိုပါဘူး၊ ဒါပေမယ့် အခု ရှင့်ကိုပြစရာတွေရှိတယ်၊ အဲဒါတွေကို ကြည့်ဖို့တော့ မလိုအပ်တဲ့ပိုးမွှားတွေ မပြန့်ပွားအောင် အခုလိုပဲ တတ်နိုင်သမျှ ကြိုတင်ကာကွယ်မှုယူရတယ်၊ ကဲ.... အခန်းထဲကို ဝင်ပေတော့'

အခန်းတွင်းသို့ ရောက်လာကြသောအခါ မိမိတို့နည်းတူ ဆင်ယင်ပြီးဖြစ်နေသော ဆရာဝန်ညီအစ်ကိုကို ကိုသိန်းဇံက တွေ့ရ၏။

ကိုသိန်းဇံမှာ ပိုမို စိတ်ဝင်စားသည်ထက် ဝင်စားလာသည်။

အခန်းတွင်း၌ လူစုံလေသောအခါ ဒေါက်တာ ဦးထွန်းအောင်က ဆိုသည်။

'စောစောတုန်းက အပိုင်းကို ဆရာကြီး ရှင်းပြခဲ့တယ်၊ အခုအပိုင်းကိုတော့ ပိုမိုတတ်ကျွမ်းနားလည်တဲ့ ဒေါက်တာနှင်းမောင်က ရှင်းပြလိမ့်မယ်၊ ကဲ....ညီလေး ပြပေတော့'

ဒေါက်တာနှင်းမောင်သည် အေးချမ်းပျော့ပျောင်းသော မျက်လုံးများနှင့် ကိုသိန်းဇံကိုကြည့်၍ မေးသည်။



'ခင်ဗျားဟာ 'စုံထောက်တစ်ဦးဆိုတော့ သိပ္ပံပညာကို တော်တော် နားလည်လိမ့်မယ် ထင်ပါတယ်၊ ဟုတ်လား ကိုသိန်းဇံ'

'နားလည်ပါတယ် ဆရာ၊ စုံထောက်ဘဝမှာလဲ သိပ္ပံပညာကို လေ့လာခဲ့ရပါတယ်၊ တက္ကသိုလ်တုန်းကလဲ သိပ္ပံပညာကို လေ့လာခဲ့ပါတယ်'

'ခင်ဗျား ဘယ်အဆင့်အထိ အောင်ခဲ့သလဲ ကိုသိန်းဇံ'

'ဘီအက်(စ်)စီဘွဲ့ ရခဲ့ပါတယ်ဆရာ'

'ဘယ်ဘာသာတွေ ယူခဲ့သလဲ'

'ဘီအက်(စ်)စီ-ဘိုင်အိုလိုဂျီပါဆရာ၊ သတ္တဗေဒနဲ့အောင်ခဲ့ပါတယ်'

ဒေါက်တာနှင်းမောင်သည် ကျေနပ်စွာ ပြုံးလိုက်သည်။

'ကောင်းပါလေ့ဗျာ၊ ဒီလိုဆိုရင် ခင်ဗျားကို ကျွန်တော် ရှင်းပြဖို့ အခက်အခဲနည်းသွားတာပေါ့၊ ဒီတော့ ကိုသိန်းဇံ ကျွန်တော်မေးမယ်၊ ဖြေပါ'

'မေးပါ ဆရာ'

'တစ်ရှူး ကား(လ်) ချား (Tissue Culture) ဆိုတဲ့ သတ္တဗေဒ ဝေါဟာရရဲ့အဓိပ္ပာယ်ကို ခင်ဗျားနားလည်သလား'

'နားလည်ပါတယ်ဆရာ၊ တစ်ရှူးကား(လ်)ချားဆိုတာဟာ သက်ရှိအပင်တွေနဲ့ သတ္တဝါတွေရဲ့ အခြေခံ ကလာပ်စည်းတွေကို သဘာဝနည်းထက်လွန်ပြီး သိပ္ပံပညာနည်းနဲ့ ရှင်သန် ကြီးထွားအောင်လုပ်တဲ့ အတတ်ပညာပါ'

www.burmeseclassic.com

www.burmeseclassic.com



‘အတိအကျတော့မမှန်ဘူး၊ ဒါပေမယ့် ယေဘုယျသဘောတော့ မှန်ပါတယ်၊ အခု ခင်ဗျားကို ကျွန်တော် ခင်ဗျားပြောသလို သိပ္ပံပညာစနစ်နဲ့ ရှင်သန်ကြီးထွားအောင် လုပ်ထားတဲ့ ကလာပ်စည်းတွေကို ပြမယ်’

ဒေါက်တာနှင်းမောင်သည် ဖန်ဗီရိုကြီးဆီသို့ လျှောက်သွားသည်။ အတွင်းရှိ အရာဝတ္ထုတို့ကို ကော်ခပ်ယူ၍ ဖန်ပြားလေးတစ်ခုပေါ်၌တင်၏။ ထိုဖန်ပြားလေးတို့ အပေါ်၌ အခြားဖန်ပြားလေးကိုအပ်လျက် အုပ်လိုက်၏။ ၎င်းတို့ကို ကြီးမားသော မှန်ဘီလူးကြီး တစ်ခုဆီသို့ ယူလာခဲ့သည်။

ဖန်ပြားနှစ်ခုကို မှန်ဘီလူးအောက်၌ထား၍ ဒေါက်တာနှင်းမောင်သည် မှန်ဘီလူးပြောင်း၏ အနိမ့်အမြင့်ကို ရှုကြည့်ချိန်ဆပေးသည်။

‘ခင်ဗျား အခု သစ်ပင်တစ်ပင်တည်းက ထုတ်ယူထားတဲ့ ကလာပ်စည်းနှစ်ခုကို ယှဉ်ကြည့်ရလိမ့်မယ်၊ ခြားနားတာကိုလဲ သိရလိမ့်မယ်၊ ကဲ....လာကြည့်ပေတော့’

ကိုသိန်းဇံသည် မှန်ဘီလူးကို ငုံ့ကြည့်၏။

ဒေါက်တာနှင်းမောင် ပြောသည့်အတိုင်း မှန်ဘီလူးအောက်၌ သစ်ပင်ကလာပ်စည်းနှစ်မျိုးကို တွေ့ရသည်။ သွင်ပြင်လက္ခဏာအရ ကလာပ်စည်းတစ်မျိုးနှင့်တစ်မျိုးမှာ တူညီနေသည်။ သို့ရာတွင် တစ်မျိုးမှာ တည်ငြိမ်နေလျက် အခြားတစ်မျိုးမှာ ပြန့်ပွားလှုပ်ရှား တိုးတက်နေ၏။

ကိုသိန်းဇံသည် ဒေါက်တာနှင်းမောင်ကို မော့ကြည့်ကာ ခေါင်းညိတ်ပြ၏။



ဒေါက်တာ နှင်းမောင်က မှန်ဘီလူးအောက်မှ ဖန်ချပ်ကလေးများကိုထုတ်ယူလိုက်၏။ ၎င်းတို့နေရာ၌ အခြားဖန်ချပ်နှစ်ခုကို ထိုးသွင်းလိုက်၏။

‘ခု ခင်ဗျားကြည့်ရမှာကတော့ တိရစ္ဆာန် တစ်ကောင်တည်းရဲ့ ကလာပ်စည်းနှစ်မျိုးပဲ’

ကိုသိန်းဇံသည် ပါမောက္ခတစ်ဦး ရှေ့သို့ ရောက်ရှိနေသော သိပ္ပံပညာသင် ကျောင်းသားတစ်ဦးပမာ ရိုသေစွာ ခေါင်းညိတ်ပြီး မှန်ဘီလူးကို ငုံ့ကြည့်သည်။

စောစောက တွေ့မြင်ခဲ့ရသည့်အတိုင်းပင် ကလာပ်စည်းတစ်မျိုးမှာ တည်ငြိမ်နေလျက် အခြားတစ်မျိုးမှာ ပြန့်ပွားလှုပ်ရှားလျက် ရှိနေ၏။

မှန်ဘီလူးမှ ကိုသိန်းဇံသည် မျက်လုံးကို ခွာလိုက်သောအခါ ဒေါက်တာ နှင်းမောင်က ဖန်ချပ်ကလေးနှစ်ခုကို ဖယ်လိုက်ပြန်၍ နောက်ထပ် ဖန်ချပ်အသစ်နှစ်ခုကို ထည့်လိုက်ပြန်သည်။

‘ဒီနှစ်ခုကို သေသေချာချာ ကြည့်ပါ ကိုသိန်းဇံ၊ အဲဒီကလာပ်စည်းတွေကတော့ လူ့ အလောင်း တစ်လောင်းထဲက ကလာပ်စည်းတွေကို ယှဉ်ပြထားတာပဲ’

မဆိုင်းမတွတော့ဘဲ ကိုသိန်းဇံသည် ငုံ့ကြည့်၏။

ကလာပ်စည်းတစ်မျိုးမှာ ငြိမ်သက်နေရုံမက အသွင်သဏ္ဍာန် ဖရိုဖရဲနှင့် ပျက်ပြားနေသည်။ အခြားတစ်မျိုးမှာကား ပထမ အမျိုးထက်စာလျှင် တိုးတက် ပြန့်ပွားနေသယောင်ရှိသည်။ သို့ရာတွင် တိုးတက်ပြန့်ပွားမှုမှာ စော

www.burmeseclassic.com

www.burmeseclassic.com

နစာကတွေ့ရှိခဲ့သော သစ်ပင်၏ ကလာပ်စည်းတို့နှင့် တိရစ္ဆာန်၏ ကလာပ်စည်းတို့၏ တိုးတက်ပြန့်ပွားမှုလောက် မထင်ရှား မပြတ်သား။

ကိုသိန်းဇံ၏ အသိဉာဏ်၌ လင်းရောင်ခြည် တစ်ခုသည် ဝိုးဝိုးဝါးဝါး ထွန်းလက်လာ၏။ ဘာဟူ၍မူ အတိအကျမသိ။

သူက ထွေပြားအံ့ဩသော စိတ်သဘောထားကို မဖုံးလွှမ်းနိုင်သော မျက်နှာထားဖြင့် ဒေါက်တာနှင်းမောင်ကို မော့ကြည့်သည်။

'ဆရာ ဘာလုပ်နေကြောင်း သိသလိုလိုတော့ ရှိတယ် ဆရာ၊ ဒါပေမယ့် အတိအကျတော့လဲ ဘာရယ်လို့ ကျွန်တော် နားမလည်ဘူး'

ဒေါက်တာနှင်းမောင်သည် ဘာမျှပြန်မဖြေဘဲ ခေါင်း တညိတ်ညိတ်နှင့် သူ့ပစ္စည်းများကို သူပြန်သိမ်းနေ၏။

သိမ်းပြီးသောအခါ သူက ကိုသိန်းဇံကို ကုလားထိုင် တစ်လုံးထက်၌ ထိုင်စေသည်။ ကိုသိန်းဇံနှင့် မျက်နှာချင်း ဆိုင်လျက် သူကလည်း ထိုင်သည်။ သူ့ဘေး တစ်ဖက် တစ်ချက်၌ မလေးသန့်နှင့် ဒေါက်တာ ဦးထွန်းအောင်တို့လည်း ဝင်ထိုင်၏။

ဒေါက်တာနှင်းမောင်သည် တပည့်တစ်ဦးအား နှုတ်တိုက် စာမေးပွဲမေးသော ပါမောက္ခတစ်ဦး၏ဟန်နှင့် မေးသည်။

'ပါဝါးအော့(ဖ်) ရီဂျင်နရေးရှင်း (Power of Regeneration) ဆိုတဲ့သဘောကို ကိုသိန်းဇံ မှတ်မိသေးရဲ့လား'



'မှတ်မိပါတယ် ဆရာ၊ တစ်စုံတစ်ရာအကြောင်းကြောင့် ပျက်စီးသွားတဲ့ ကလာပ်စည်းတွေအစား ကလာပ်စည်းအသစ်တွေကို အစားသိုး ဖန်တီးဖြည့်စွက်ပေးတဲ့ အာနိသင်ပါ'

'မှန်တယ် ကိုသိန်းဇံ၊ ဒီ အာနိသင်(အစွမ်း)ကို ရှင်ပြန်ဖန်တီးမှု အာနိသင်လို့ ခေါ်ကြရအောင်၊ ဟုတ်လား'

'ဟုတ်ကဲ့ ဆရာ'

'ကောင်းပါပြီ၊ ဒီ ရှင်ပြန်ဖန်တီးမှု အာနိသင်ဟာ လူအပါအဝင် သတ္တဝါတိုင်းမှာ ရှိနေတယ်၊ သတ္တဗေဒဘုံစဉ် အနိမ့်ဆုံးမှာရှိတဲ့ သတ္တဝါတွေမှာ အားအကြီးဆုံးအဖြစ်နဲ့ ရှိနေတယ်၊ ဥပမာ...တီကောင်တစ်ကောင်ကို အမြီးဖျားက ကပ်ဖြတ်လိုက်၊ ဘယ်ဆေးဘယ်ဝါးမှမလိုဘဲ ကျန်ရှိတဲ့ခန္ဓာကိုယ် အပိုင်းကနေပြီး ကလာပ်စည်းတွေဟာ တိုးတက် ပြန့်ပွားလာပြီး အမြီးသစ်တစ်ခု ပြန်လည်ဆက်လက်ပေါ်ပေါက်လာစေနိုင်တယ်'

'ကျွန်တော် လေ့လာဖူးပါတယ် ဆရာ'

'ဟုတ်ပြီ၊ အဲဒီလို ဖြစ်လာနိုင်တာဟာ ရှင်ပြန်ဖန်တီးမှု အာနိသင်ရဲ့ လုပ်ဆောင်ချက်ကြောင့်ပဲ ဖြစ်တယ်၊ သတ္တဝါတွေဟာ သတ္တဗေဒဘုံစဉ်မှာ မြင့်မြင့်လာတိုင်း တိုးတက်မှု ရှိလာသလို ဆုတ်ယုတ်မှုတွေက လိုက်ပါလာတယ်၊ ဥပမာ တီကောင်နဲ့ လူကို ယှဉ်ကြည့်၊ လူမှာ တီကောင်ထက် သာလွန်တဲ့ သတ္တဗေဒ စွမ်းအင်တွေဟာ မိုးနဲ့မြေလို ကွာခြားပြီး ရှိနေတယ်၊ ဒါပေမယ့် ရှင်ပြန်ဖန်တီးမှု အာနိသင်

www.burmeseclassic.com

www.burmeseclassic.com



အရာမှာ လူဟာ ဆုတ်ယုတ်လာခဲ့တယ်၊ လူ့ရဲ့အင်္ဂါ အစိတ်အပိုင်း တစ်ခုခု ဥပမာ လက်တစ်ဖက်ပြတ်သွားတယ်ဆိုပါတော့၊ ကျန်ရစ်ခဲ့တဲ့ အငုတ်ကနေ လက်အသစ် ထပ်ပြီး မပေါက်လာနိုင်တော့ဘူး၊ မှန်ရဲ့လား'

'မှန်ပါတယ် ဆရာ'

'လက်အသစ်တစ်ဖက် ပြန်မပေါက်နိုင်တော့ပေမယ့် ဒဏ်ရာ ကျက်အောင် အနာဖေးတက်နေတဲ့ သဘောတော့ရှိနေတယ်၊ ဒဏ်ရာကျက်အောင် အနာဖေးတက်နေတဲ့ သဘောဟာ တခြား မဟုတ်ဘူး၊ လူမှာ ကြွင်းကျန်ရှိနေသေးတဲ့ ရှင်ပြန်ဖန်တီးမှု အာနိသင်ပဲ ဖြစ်တယ်၊ တစ်နည်းဆိုရရင် လူမှာ ရှင်ပြန်ဖန်တီးမှုအာနိသင်တာ ရှိနေသေးတယ်၊ ဗီဇမျိုး (ဂျင်း)အရ အားမကြီးတော့တာသာ ဖြစ်တယ်'

ကိုသိန်းဇံမှာ ပို၍ စိတ်ဝင်စားလာသည်။ ဒေါက်တာနှင်းမောင်ကလည်း စိတ်ရှည်စွာ ဆက်လက်ရှင်းပြ၏။

'ပြီးတော့ မက်တာဘိုလစ်ဇင်း (Meta bolism) ဆိုတဲ့ ဥပါဒ်ဌီဘင်သဘောကို ကိုသိန်းဇံ သိမှာပေါ့၊ ရုပ်ခန္ဓာမှာရှိတဲ့ ကလာပ်စည်းတွေဟာ ဖြစ်ကည်ပျက် အစဉ်မပြတ်အောင် ပြောင်းလဲနေတယ်၊ ပျက်ရာက အသစ်ပြန်ပြန်ဖြစ်လာတာဟာလဲ ရှင်ပြန်ဖန်တီးမှု အာနိသင်ကြောင့်ပဲ ဖြစ်တယ်၊ အချုပ်ပြောရရင် လူအပါအဝင် သတ္တဝါအသီးသီးမှာ ရှင်ပြန်ဖန်တီးမှု အာနိသင်ဟာ ရှိနေတယ်၊ ဒီရှင်ပြန်ဖန်တီးမှု အာနိသင်ကို ထုတ်လုပ်ပေးနေတာကတော့ ဗီဇမျိုးဖြစ်တဲ့ (ဂျင်း....Gene) ထဲမှာရှိတဲ့ ဓာတ်ဝတ္ထုအစုကပဲ



အဲဒီဓာတ်ဝတ္ထုအစုတွေကို လွှယ်အောင်လို့ သိပ္ပံပညာရှင်တွေက (Seulptor of Life) ဘဝပန်းပုသည် လို့ တင်စားခေါ်ဆိုကြတယ်'

ကိုသိန်းဇံက ပြုံးရင်း ခေါင်းညိတ်သည်။ သိပ္ပံပညာမှ ကဗျာဆန်သော ဝေါဟာရကို သဘောကျသောကြောင့် ဖြစ်၏။

'လူရဲ့ဘဝပန်းပုသည် ဓာတ်ဝတ္ထုအစုကို ဆေးသိပ္ပံပညာနဲ့ ပြုပြင်ပေးခြင်းအားဖြင့် လူမှာ ရှင်ပြန်ဖန်တီးမှု အာနိသင်ဟာ ပြန်လည် အားကြီးလာစေနိုင်တယ်၊ အဲဒီလို အားကြီးလာရင် လက်ပြတ်ငုတ်တိုက လက်အသစ် ပြန်ပေါက်လာစေနိုင်တယ်၊ မျက်လုံးပျက်ကနေ မျက်လုံး ကောင်းအသစ် ထပ်ဖြစ်လာနိုင်တယ်၊ ကုန် ကုန် ပြော မယ် ဗျာ၊ တစ်နေ့မှာ သေခြင်းတရားကိုတောင် လွှန်ဆန်ပစ်နိုင်တယ်'

ကိုသိန်းဇံသည် ဒေါက်တာနှင်းမောင်အား အံ့သြစွာနှင့် ကြည့်မိ၏။

'ဆရာပြောတာတွေဟာ တက္ကဗေဒနည်းအရတော့ အားလုံး ဖြစ်နိုင်ပါတယ်၊ ဒါပေမယ့် လက်တွေ့မှာ အောင်မြင်နိုင်ပါ့မလား'

ဒေါက်တာနှင်းမောင်က ပြုံး၏။

'လက်တွေ့မှာ အခြေခံအားဖြင့် အောင်မြင်နေတာကို စောစောက ခင်ဗျား တွေ့ပြီးပါရောလား ကိုသိန်းဇံ၊ ခင်ဗျားကြည့်ခဲ့တဲ့ ကလာပ်စည်းအစ်ခုစီမှာ တစ်ခုက သဘာဝအတိုင်း မွေးမြူထားတဲ့ ကလာပ်စည်း၊ တစ်ခုက ဘဝပန်းပု

www.burmeseclassic.com

www.burmeseclassic.com

သည့် မောတ်အစုကို ပြုပြင်ထားတဲ့ ကလာပ်စည်း၊ ပြုပြင်ထားတဲ့ ကလာပ်စည်းတိုင်းဟာ ပြန့်ပွားလှုပ်ရှားနေတယ် မဟုတ်လား၊ အဲ….လူရဲ့ကလာပ်စည်းမှာတော့ သိပ်မအောင်မြင်သေးဘူးလေ၊ တစ်နေ့တော့ အောင်မြင်လာရမှာပေါ့'

'တစ်နေ့ အောင်မြင်လာရင် ဆရာပြောသလို လက်ပြတ် ငုတ်တိုကနေ လက်အသစ်ဖြစ်လာမယ်၊ နောက်ဆုံး သေခြင်းကိုတောင် လွန်ဆန်နိုင်မယ်၊ ဟုတ်လားဆရာ'

'အဲဒီအဆင့်တွေ ရောက်ဖို့က နှစ်တွေအများကြီး လိုဦးမှာပါပဲ၊ ဒါပေမယ့် အခြေခံအဆင့်လောက် အောင်မြင်ရင်ပဲ လူသားတွေအတွက် အကျိုးရှိလှပါပြီ၊ ဥပမာ….ကလာပ် စည်းမျိုးစုံ ပါဝင်ဖွဲ့စည်းထားတဲ့ လက်ပြတ်တို့၊ ခြေပြတ်တို့ ကနေ လက်အသစ်၊ ခြေအသစ် ပြန်ပေါက်လာအောင် မလုပ် နိုင်ဘူးထား၊ ကလာပ်ဖွဲ့ပုံရိုးတဲ့ အင်္ဂါရပ်တွေ၊ ဥပမာ.... အဆုတ်၊ အသည်း၊ ကျောက်ကပ်စတဲ့ဟာတွေကို ပြုပြင်နိုင် ရင်ပဲ လူ့အသက်ပေါင်းများစွာကို ကယ်တင်နိုင်ပြီ'

'ဘယ်လို ကယ်တင်နိုင်မှာလဲ ဆရာ'

'အသည်းကင်ဆာကို နမူနာယူကြည့်ရအောင်၊ အသည်း တစ်ခုလုံးကို ကင်ဆာမပြန့်ပွားအောင် ကင်ဆာဖြစ်နေတဲ့ အပိုင်းကို လှီးထုတ်ပစ်မယ်၊ ခက်တာက ကြွင်းကျန်တဲ့ အသည်းဟာ မပြည့်မစုံမို့ အလုပ်မလုပ်နိုင်ရင် လူဟာ သေ ဦးမှာပဲ၊ တကယ်လို့ ကြွင်းကျန်ရစ်တဲ့ အသည်းရဲ့ ကလာပ် စည်းတွေက ရှင်ပြန်ဖနဲ့တီးမှု အာနိသင်ကို ထက်စေမယ့် ဆေးကို ထိုးလိုက်ရင် အသည်းတစ်ခုဟာ ပြည့်ပြည့်ဝဝ ပြန်



ဖြစ်လာမယ်၊ ကျန်တဲ့အင်္ဂါတွေနဲ့ ပတ်သက်ပြီး ဒီနမူနာ အတိုင်း တွေးကြည့်ပေါ့၊ အဲဒီလောက် အောင်မြင်ရင်ပဲ သေခြင်းတရားကို အတော် ဟန့်တားနိုင်ပြီ ကိုသိန်းဇံ၊ ကျွန်တော်တို့ အခုလုပ်နေတဲ့ သုတေသနမှာ အဲဒီလောက် အောင်မြင်ချက်ကိုပဲ ပထမအဆင့်အဖြစ်နဲ့ ချည်ရွယ်ထား တယ်'

စကားအဆုံး၌ ဒေါက်တာ နှင်းမောင်သည် ကိုသိန်းဇံ၏ မျက်လုံးများကို စိုက်ကြည့်သည်။ ဦးထွန်းအောင်နှင့် မလေး သန့်တို့၏ မျက်လုံးများကလည်း ကိုသိန်းဇံ၏ မျက်နှာကိုပင် ကြည့်နေကြသည်။

ကိုသိန်းဇံသည် သက်ပြင်းရှိုက်လိုက်ပြီး မေးခွန်းထုတ် သည်။

'ဒီလောက် ကြီးကျယ်မြင့်မြတ်တဲ့ သုတေသန လုပ်ငန်း ကြီးကို ဘာလို့ လျှို့လျှို့ဝှက်ဝှက်နဲ့ လုပ်နေရတာလဲဆရာ'

ဒေါက်တာ နှင်းမောင်သည် ခေါင်းကို တညိတ်ညိတ် ညိတ်လိုက်ပြီး ပြုံး၍ဆိုသည်။

'အင်မတန် မေးထိုက်တဲ့မေးခွန်းပဲ ကိုသိန်းဇံ၊ အဖြေက တော့ ရှင်းပါတယ်၊ မလျှို့ဝှက်ရင်မဖြစ်လို့ လျှို့ဝှက်ရတာပဲ၊ ဥပမာ ကျွန်တော့် သုတေသနအတွက် စမ်းသပ်ဖို့ လူသေ အလောင်းတွေလိုတယ်၊ အဲဒါတွေကို ခုလုပ်နေတဲ့ နည်းက လွဲပြီး ကျွန်တော် ဘယ်လိုလုပ်ရမလဲ၊ တရားဝင်ရဖို့က ပုဂ္ဂလိ က သုတေသနလုပ်ငန်းအတွက် မပြောနဲ့၊ နိုင်ငံတော်မှာ မရှိ မဖြစ်တဲ့ ဆရာဝန်တွေ မွေးထုတ်ပေးတဲ့ ဆေးကောလိပ်ကြီး

www.burmeseclassic.com

www.burmeseclassic.com



အတွက်တော့င် လေ့လာစရာ လူသေအလောင်း လုံလုံလောက်လောက်မရဘူး၊ ကျွန်တော် နားမလည်ဘူး ကိုသိန်းဇံ၊ အလောင်းဆိုတာဟာ မြေကြီးထဲရောက်သွားရင် ဘာမှ အသုံးမကျတော့တဲ့နည်းနဲ့ ဆွေးမြည့်ပျက်စီးသွားတော့မှာပဲ၊ သရာဝန်တွေ၊ ဆေးကောလိပ်ကျောင်းသူ ကျောင်းသားတွေ လက်ထဲရောက်ရင်တော့ အင်မတန်မှ အသုံးကျပြီး တန်ဖိုးရှိတယ်၊ ဘာကြောင့် လူတွေဟာ သေပြီးသား ရုပ်ခန္ဓာကို တန်ဖိုးထားပြီး မြေမြှုပ်ဂူသွင်းချင်ကြတာလဲ၊ မသေသေးတဲ့ ရှင်နေတဲ့လူတွေကို တန်ဖိုးမထားကြဘူးလား၊ သေပြီးသား ရုပ်အလောင်းတွေဟာ မသေသေးတဲ့ လူတွေရဲ့ အသက်ရှည်ရေးနဲ့ စပ်ဆိုင်တဲ့ ဆေးပညာအတွက် အများကြီး တန်ဖိုးရှိပါတယ် ကိုသိန်းဇံရယ်'

ကိုသိန်းဇံသည် မဖြေနိုင်ဘဲ ငိုင်နေ၏။ ဒေါက်တာနှင်းမောင်က ဆက်လက်ရှင်းပြသည်။

'တခြား လျှို့ဝှက်စရာအကြောင်းကလဲ ရှိသေးတယ်၊ ကျွန်တော် ဘာသုတေသန လုပ်ငန်းကို လုပ်နေတယ်ဆိုတာ ပြောပြီး နိုင်ငံခြားတိုင်းပြည်ကြီး တစ်ခုခုက အဖွဲ့အစည်းတစ်ခုရဲ့ အထောက်အပံ့ အကူအညီကိုယူပြီး လုပ်မယ်ဆိုလုပ်နိုင်တယ်၊ ဒါပေမယ့် အဲဒီလိုဆိုရင် ကျွန်တော့် ကြိုးစားရှာဖွေချက်ကို သူတို့လက် အပ်လိုက်ရမှာပဲ၊ ကျွန်တော် မအပ်ချင်ဘူး၊ ကျွန်တော်က ကျဉ်းမြောင်းတဲ့ မျိုးချစ်စိတ် အမြင်နဲ့ ပြောနေတာ မဟုတ်ဘူး၊ ကမ္ဘာကိုချစ်လို့ ပြောနေတာ ဒီမှာ ကိုသိန်းဇံ၊ ကမ္ဘာ့ကျေးဇူးရှင် သုတေသန သမားကြီးတွေရဲ့ ရှာဖွေတွေ့ရှိချက်က ဘယ်သူတွေလက်ထဲ ရောက်သွားတတ်တယ် ထင်သလဲ'



ကိုသိန်းဇံသည် အဖြေမပေးဘဲ မော့ကြည့်သည်။ ဒေါက်တာ နှင်းမောင်ကသာ သူ့အမေးကိုသူ ပြန်ဖြေသည်။

'ဘယ်သူတွေလက်ထဲ ရောက်သွားသလဲဆိုတော့ ဆေးဝါးထုတ်လုပ်ရေးကို ဆုပ်ထားတဲ့ အရင်းရှင်ကြီးတွေလက်ထဲပဲ ရောက်သွားရတာပဲ၊ ဒီနေ့ အသက်ကိုကယ်နိုင်တဲ့ ဆေးစွမ်းကောင်းတွေကို ကမ္ဘာ့လူများစုဖြစ်တဲ့ ဆင်းရဲသားချမ်းတွေဟာ သုံးနိုင်ကြရှာလို့လား'

ဒေါက်တာ နှင်းမောင်၏စကားမှာ သွေးထွက်အောင် မှန်လှသဖြင့် ကိုသိန်းဇံမှာ ဘာမျှဝင်မပြောနိုင်။

'ဒါကြောင့်ပဲ လျှို့ဝှက်ရတာပဲ ကိုသိန်းဇံ၊ ကျွန်တော့် ရည်ရွယ်ချက် ပထမအဆင့်ကို အောင်အောင်မြင်မြင်မရောက်သေးခင် ကျွန်တော်လုပ်ကိုင်နေတဲ့ နည်းစနစ်တွေကို ဘယ်သူ့ကိုမှ အသိမပေးနိုင်ဘူး'

ကိုသိန်းဇံက ပြုံးလိုက်ပြီးဆို၏။

'နို့...ဘာကြောင့် ကျွန်တော့်ကိုတော့ အသိပေးနေရတာလဲ ဆရာ'

ကိုသိန်းဇံ၏ စကားကြောင့် ဒေါက်တာနှင်းမောင်သည် ညင်သာစွာ ရယ်မော၏။

'ခင်ဗျားကို ကျွန်တော် နည်းစနစ်တွေအကြောင်း ဘာမှ မပြောရသေးဘူး၊ ခင်ဗျားကို ကျွန်တော် ပြောခဲ့တာတွေက ရည်ရွယ်ချက်တစ်ခုနဲ့ အဲဒီရည်ရွယ်ချက် အောင်မြင်မှုအတွက်

www.burmeseclassic.com

www.burmeseclassic.com



အခြေခံတဲ့ သိပ္ပံပညာသဘောတရားရေးရာပဲ ဖြစ်တယ်၊ အဲဒါလောက်တော့ ကမ္ဘာပေါ်မှာရှိတဲ့ ဆေးသိပ္ပံပညာရှင်တိုင်း သိတယ်၊ မသိကြသေးတာက အဲဒီ ရည်ရွယ်ချက် ပြည့်ဖို့ သဘောတရားရေးရာကို အကောင်အထည်ဖော်ဖို့ နည်းစနစ်ပဲ၊ ဒီနည်းစနစ်ကို ဘယ်သူမှမသိကြသေးပါဘူး၊ ဒါကြောင့်လဲ ကျွန်တော်လျှို့ဝှက်ထားတာပဲ၊ အဲ....အခုနပြောခဲ့တဲ့အတိုင်းပဲ ကျွန်တော့် ရည်ရွယ်ချက် ပထမအဆင့်အောင်ရင် ကျွန်တော့်နည်းစနစ်တွေကို ကုလသမဂ္ဂ ကျန်းမာရေး အဖွဲ့ကြီးရဲ့ လက်ထဲကို အပ်လိုက်မယ်၊ ကျွန်တော့်အတွက် ဘာအကျိုးအမြတ်မှ မလိုချင်ဘူး၊ ကျွန်တော်တောင်းဆိုမှာ တစ်ချက်ပဲရှိတယ်၊ အဲဒါကတော့ ကျွန်တော် တွေ့ရှိဖော်စပ်ခဲ့တဲ့ ဆေးဝါးဟာ ကုလသမဂ္ဂရဲ့ မူပိုင်သာဖြစ်ပြီး ကမ္ဘာသူ ကမ္ဘာသားတိုင်း ဆင်းရဲချမ်းသာ အယုတ်အလတ် အမြတ်မရွေး အခက်အခဲမရှိဘဲ သုံးစွဲနိုင်ရေးပဲဖြစ်တယ်'

ကိုသိန်းဇံ၏ ခေါင်းသည် ငိုက်စိုက်ကျသွားသည်။ ပြန်မော့လိုက်သောအခါ၌ သူ့မျက်နှာသည် ပြင်းထန်စွာ စိတ်ထိခိုက်နေဟန်ပြ၍ မျက်လုံးတို့၌ မျက်ရည်ဝဲရင်း ဆိုသည်။

'ဆရာတို့ရဲ့ မြင့်မြတ်ကြီးကျယ်တဲ့ ရည်ရွယ်ချက်ကို သိရလို့ ဖြစ်ခဲ့သမျှ ကျွန်တော်စိတ်မကောင်းပါဘူး ဆရာ၊ ကျွန်တော်က ဥပဒေရှုထောင့်ကသာ ကြည့်တယ်၊ ဆရာတို့က ဗြဟ္မစိုရ်တရားရဲ့ ရှုထောင့်ကကြည့်တယ်၊ ခက်တာက ဗြဟ္မစိုရ်တရားဆိုတာကို ဥပဒေရယ်လို့ ဒီလူ့လောကကြီးက လက်မခံသေးတာဘဲ၊ ဗြဟ္မစိုရ်တရားအရ ဆရာတို့မှာ အပြစ်



ကင်းပါတယ်၊ ဒါပေမယ့် လူ့ဥပဒေတွေအရ ဆရာတို့မှာ အပြစ်ရှိနေတယ်၊ ကျွန်တော်ဟာ ဥပဒေကို ပြုနိုင်ပြင်နိုင်တဲ့ လူတစ်ယောက် မဟုတ်ပါဘူး၊ တည်ဆဲ ရှိဆဲ ဥပဒေကိုသာ ထိန်းသိမ်းပေးနေရတဲ့ စုံထောက်တစ်ဦးသာ ဖြစ်ပါတယ်၊ ကျွန်တော့်အတွက် ဒီတာဝန်ကို မရှောင်လွှဲနိုင်ပါဘူး'

ငြိမ်နေရာမှ ဦးထွန်းအောင်သည် ဝင်ပြော၏။

'ဥပဒေကိုလေးစားတဲ့ မောင်သိန်းဇံရဲ့ ဂုဏ်သိက္ခာကို ဆရာကြီးတို့ လေးစားပါတယ်၊ ဒါပေမယ့် အခု မောင်သိန်းဇံ သိတဲ့အတိုင်း ဒီကိစ္စဟာ ဆိုးရွားတဲ့စေတနာပေါ် မူတည်ပြီး ဖြစ်လာတဲ့ ရာဇဝတ်မှုကြီးမဟုတ်ဘူး၊ မောင်သိန်းဇံလဲ ကြားဖူးမှာပေါ့၊ ကမ္ဘာ့ဥပဒေ ပါရဂူကြီးတွေ ဆိုရိုးပြုတဲ့ စကားတစ်ခုလေ (What is moral is Legal) သန့်ရှင်းဖြူစင်သော သုစရိုက် မည်သည် ဥပဒေအရ တရားဝင် မှန်ကန်သည်-တဲ့၊ အဲဒီဆိုရိုးကို နှလုံးသွင်းပြီး မောင်သိန်းဇံ မစဉ်းစားနိုင်ဘူးလား၊ မောင်သိန်းဇံဟာ အလွတ်စုံထောက်တစ်ဦးဖြစ်တော့ အဲဒီလိုစဉ်းစားဖို့ အထူး ခက်ခဲစရာ အကြောင်းမရှိပါဘူး'

ကိုသိန်းဇံသည် ဝမ်းနည်းစွာ ခေါင်းခါရင်းဆိုသည်။

'ဆရာကြီးပြောတာ မှန်ပါတယ်၊ သုစရိုက်မည်သည် တရားဝင် မှန်ကန်သည်ဆိုတဲ့ စကားကို အလွတ်စုံထောက်တစ်ဦးအနေနဲ့ လက်ခံပြီး ကျွန်တော် ကျင့်သုံးနိုင်ပါတယ်၊ ခက်တာက လက်လွှန်ခဲ့ပြီ ဆရာကြီး၊ ကျွန်တော့်အနေနဲ့

www.burmeseclassic.com

www.burmeseclassic.com


လက်ခံကျင့်သုံးနိုင်မေပမယ့် ကျွန်တော်တွေ့ရှိထားချက်ဟူသမျှကို တခြားလူတစ်ယောက်ရဲ့လက်ထဲမှာ အပ်ထားပြီးပြီ'

ဦးထွန်းအောင်သည် ကိုသိန်းဇံ၏မျက်နှာကို စူးစိုက်၍ မေးသည်။

'အဲဒီတခြားလူတစ်ယောက်ရဲ့လက်ထဲမှာ အပ်ထားတယ်ဆိုတဲ့ တွေ့ရှိချက်တွေဟာ ဘာတွေလဲ'

ကိုသိန်းဇံသည် ဝမ်းနည်းစွာ ခေါင်းခါပြန်သည်။

'အဲဒါကိုလဲ ကျွန်တော် မပြောနိုင်ပါဘူး၊ လူ တစ်ယောက် အနေနဲ့ စောင့်ထိန်းရမယ့်သစ္စာဆိုတာ ရှိပါတယ် ဆရာကြီး၊ အထူးသဖြင့် အဲဒီလူဟာ ကျွန်တော့်ရဲ့ ကျေးဇူးရှင် ဖြစ်နေပါတယ်၊ ဒါပေမယ့် ဆရာကြီးတို့လက်တွင်းမှာ ကျွန်တော့်ကို ပြုချင်သလို ပြုနိုင်လျက်သားနဲ့ အခုအထိ ကျွန်တော့်အပေါ် ကြင်နာပြုစုခဲ့တာတွေကို ထောက်ထားပြီး ကျွန်တော်ပြောနိုင်သမျှ ပြောပါရစေ'

ကိုသိန်းဇံ၏ အသံမှာ တည်ငြိမ်နေ၍ သူ့မျက်နှာမှာလည်း လေးနက် ဖြူစင်နေ၏။

'ပြောပါလေ မောင်သိန်းဇံ'

'ဆရာကြီးပဲ ပြောခဲ့တယ်၊ ရေပက်မဝင်အောင် စီမံထားပေမယ့် လေအထွက် အဝင်တော့ ရှိနိုင်တယ် ဆိုတဲ့စကားလေ၊ ကျွန်တော် အမှန်ကိုဝန်ခံရရင် ဆရာကြီးတို့ရဲ့ စီမံထားချက်တွေဟာ ရေပက်မဝင်ပါဘူး၊ ဒါပေမယ့် လေအထွက်အဝင်လို့ ခေါ်ရမယ့် အချက်အလက်ကလေးတွေက ရှိနေတယ်၊ သဲလွန်စကလေးတွေဆိုပါတော့ ဆရာကြီးရယ်၊ အဲဒီ သဲလွန်စတွေဟာ တစ်စုံတစ်ယောက်ရဲ့ လက်ထဲမှာ ရောက်ခဲ့ပြီးပြီ၊ ဒါကြောင့်လဲ လက်လွန်ခဲ့ပြီလို့ ကျွန်တော် ပြောတာပါပဲ'

အားလုံး ငိုင်ကျသွားကြသည်။

မလေးသန့်က မေးသည်။

'အဲဒီ တစ်စုံတစ်ယောက် ဆိုတာဟာ ဘယ်သူ ပါလဲ ကိုသိန်းဇံ'

'ဝမ်းနည်းပါတယ် ဆရာမ၊ အဲဒီလူဟာ ကျွန်တော့် ကျေးဇူးရှင်တစ်ယောက် ဖြစ်နေပါတယ်၊ တစ်ခုတော့ရှိတယ်၊ ဒီလူဟာ ဆရာမတို့အပေါ်မှာ သံယောဇဉ်ရှိနေသူတစ်ဦးလို့ ကျွန်တော်ထင်တယ်၊ ဆရာမတို့ကို ရက်ရက်စက်စက် လုပ်လေမယ့် လူတစ်ဦးတော့ မဟုတ်ပါဘူး၊ ကျွန်တော့်အနေနဲ့ ဒီလောက်ပဲ ပြောနိုင်ပါတယ်'

ဒေါက်တာနှင်းမောင်မှာ နားမလည်ဟန် ကိုသိန်းဇံကို ကြည့်နေ၏။ သို့ရာတွင် မလေးသန့်နှင့် ဦးထွန်းအောင်တို့က တစ်ဦးမျက်နှာ တစ်ဦး ကြည့်လိုက်ကြသည်။

မလေးသန့်နှင့် ဒေါက်တာဦးထွန်းအောင်သည် ကိုကံထူးဆီသို့လည်း လှမ်းကြည့်လိုက်ကြသည်။

တင်းမာသော ကိုကံထူး၏ မျက်နှာသည် မသိမသာ လျော့ကျသွား၏။

ကိုကံထူးသည် မလေးသန့်နှင့် ဦးထွန်းအောင်သာ သတိပြုနိုင်ရုံ ခေါင်းကို မသိမသာ ညိတ်ပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာဦးထွန်းအောင်က နေရာမှထ၍ဆိုသည်။ သူ့အသံမှာ အမှုမဲ့အမှတ်မဲ့ဆိုဟန်ရှိသော်လည်း မျက်လုံးများက အဓိပ္ပာယ်လေးနက်စွာဖြင့် ကိုသိန်းဇံကို ကြည့်လျက်ရှိ၏။

'ကောင်းပါပြီ မောင်သိန်းဇံ၊ မောင်သိန်းဇံ ဆိုလိုတာကို ဆရာကြီး သဘောပေါက်ပါတယ်၊ ဘာပဲဖြစ်ဖြစ်လေ ဆရာကြီး ပြောခဲ့ပြီးပါရောလား၊ ဆရာကြီးတို့ဟာ မှန်တယ်ထင်တာအတွက် ထောင်ကျခံရဲတယ်လို့၊ ဒီတော့ ဆရာကြီးစဉ်းစားဦးမယ်၊ ဒီအဘောအတွင်းမှာတော့ မောင်သိန်းဇံကိုအကျယ်ချုပ်အဖြစ်နဲ့ ဆရာကြီးတို့ ထားရလိမ့်ဦးမယ်၊ အဲဒီအတွက်တော့ ဝမ်းနည်းပါတယ်၊ ကဲ...မောင်လဲအားနည်းပြီး အတော်ပင်ပန်းနေမယ်၊ အခန်းကိုပြန်ပြီး နားပေဦးတော့၊ ညီလေးနဲ့ ကိုကံထူးက လိုက်ပို့လိုက်ကြပါကွယ်'

ဒေါက်တာနှင်းမောင်နှင့် ကိုကံထူးက ဦးထွန်းအောင်၏ စကားကို ရိုသေစွာလိုက်နာလျက် ကိုသိန်းဇံကို တွဲခေါ်ကာ ထွက်သွားကြ၏။

ဦးထွန်းအောင်သည် မလေးသန့်၏မျက်နှာကို စူးစိုက်ကြည့်လျက် ဆိုသည်။

'သန့်နဲ့ အစ်ကိုကြီး စကားပြောစရာရှိတယ်၊ အစ်ကိုကြီးအခန်းကို သွားကြရအောင်'

မလေးသန့်က နားလည်စွာ ခေါင်းညိတ်လိုက်သည်။

အစ်ကိုနှင့် နှမသည် ဝတ်ရုံများနှင့် နှာခေါင်းစည်းများကို ချွတ်လျက် ခွဲစိတ်ခန်းအပြင်ရှိ စတိုခန်းထဲ၌ ထားခဲ့၍



ဦးထွန်းအောင်၏ စာကြည့်ခန်းသို့ တိုက်ရိုက်ဆက်သွားကြသည်။

ဒေါက်တာဦးထွန်းအောင်နှင့် မလေးသန့်သည် တစ်ဦးမျက်နှာ တစ်ဦး စိုက်ကြည့်နေမိလိုက်ကြသည်။

စားပွဲ၌ ထိုင်မိလျှင် ထိုင်မိချင်း ဦးထွန်းအောင်က မေးသည်။

'သန့်...မောင်သိန်းဇံပြောခဲ့တာတွေကို ဘယ်လိုသဘောရလဲ'

'ကိုသိန်းဇံဟာရိုးသားပြီး စိတ်ထားမြင့်မြတ်တဲ့စုံထောက်ကောင်း တစ်ယောက်ဖြစ်မှန်း သေချာပါတယ် အစ်ကိုကြီး၊ သူပြောခဲ့တာတွေဟာ အမှန်ချည်းဖြစ်ပြီး သူရည်ညွှန်းတဲ့ သူ့ကျေးဇူးရှင်တစ်ဦးဟာ ဘယ်သူဆိုတာ သန့်သိနေတယ်လို့လဲ သန့်ကိုယ်သန့် ယုံကြည်တယ်'

'ဘာကြောင့်လဲ သန့်'

'သူ့ကို သန့်...အဲဒီလူရဲ့အိမ်မှာ မြင်ဖူးခဲ့တယ်'

'သန့်ဆိုလိုတာဟာ ဘယ်သူမှန်း အစ်ကိုကြီးသဲ ရိပ်မိပြီ၊ အစ်ကိုကြီးလဲ သူ့ကို အဲဒီအိမ်က ဂျစ်ကားနဲ့ထွက်သွားတာ မြင်လိုက်ဖူးတယ်'

ဦးထွန်းအောင်က သက်ပြင်းချလိုက်ပြီးဆိုသည်။

'ဒါတွေထားတော့လေ၊ အစ်ကိုကြီး လိုချင်တာ တစ်ခုရှိတယ်၊ အခု သူတောသနရဲ့အဆင့်ဟာ ဘယ်အထိရောက်နေပြီဆိုတာ သန့်က အစ်ကိုကြီးထက် ပိုသိတယ်၊ အဲဒီတော့—အောင်မြင်တဲ့အထိ ဘယ်လောက်ကြာမလဲ သန့်'

www.burmeseclassic.com

www.burmeseclassic.com



'အောင်မြင်စပြုလာပါပြီအစ်ကိုကြီး၊ အချိန်ကို ကန့်သတ်လို့တော့ မရဘူး၊ သုံးလအတွင်း ဖြစ်ချင်ဖြစ်မယ်၊ ခြောက်လအတွင်း ဖြစ်ချင်ဖြစ်မယ်၊ အလွန်ဆုံးတစ်နှစ်ပါပဲ အစ်ကိုကြီး'

ဦးထွန်းအောင်သည် ဘာမျှဆက်မပြောတော့ဘဲ စားပွဲအံဆွဲ တစ်ခုတွင်းမှ ဖိုင်တစ်ခုကို ထုတ်ယူစစ်ဆေးနေသည်။

အဘန်ကြာမှဆိုသည်။

'ဒီလုပ်ငန်းကို စကတည်းက အစ်ကိုကြီးတို့ ခုနစ်သိန်းကျော် သုံးပြီးပြီ၊ တစ်နည်းအားဖြင့် အစ်ကိုကြီးတို့ မောင်နှမ သုံးဦးရဲ့ အမွေရဲ့ လေးပုံသုံးပုံပေါ့၊ ဒီစကားကိုပြောလို့ အစ်ကိုကြီးက ငွေအကုန်အကျကို ပမာနသားနေတာ မဟုတ်ဘူး၊ အစ်ကိုကြီးတို့ဟာ ဘယ်လောက်အရင်းနက်ခဲ့ပြီဆိုတာ ရှင်းပြချင်လို့ပဲ'

မလေးသန့်က ရိုသေစွာ ခေါင်းညိတ်ပြ၏။

'ဒီလောက် ရည်းစိမ်ကိုတောင်မမှုဘဲ လုပ်ခဲ့ကြပြီးမှတော့ အစ်ကိုကြီးတို့ နောက်မဆုတ်နိုင်တော့ဘူး၊ ရည်ရွယ်ချက်အောင်မြင်ဖို့ဆိုရင် အစ်ကိုကြီးတို့ ဘာကိုစွန့်လွှတ်ရ စွန့်လွှတ်ရ အနှံနာခံဖို့ အဆင်သင့်ရှိနေရမယ်'

မလေးသန့်သည် မေးရိုးလေးများတင်းအောင် အံကြိတ်လိုက်ပြီး ခေါင်းညိတ်ပြ၏။

ထိုစဉ် စားပွဲပေါ်ရှိ တယ်လီဖုန်းက မြည်လာသည်။

ဦးထွန်းအောင်က တယ်လီဖုန်းကိုယူ၍ နားထောင်သည်။



ထပ်ဆင့် ဆက်သွယ်ထားသော တယ်လီဖုန်း ဖြစ်သောကြောင့် အောက်ထပ်မှ ကိုတိုးသောင်၏ အသံ အရင်ပေါ်လာသည်။

'ဆရာဦးမင်းဆွေက ဆက်ပါတယ်ဆရာကြီး၊ သူက အလွန်အရေးကြီးတဲ့ ကိစ္စကြောင့် အစ်ကိုကြီးနဲ့ဖြစ်ဖြစ်၊ မမလေးနဲ့ဖြစ်ဖြစ် စကားပြောချင်ပါတယ်တဲ့'

ဦးထွန်းအောင်သည် ကိုတိုးသောင်ကို မဖြေသေးဘဲ မလေးသန့်ကို လှမ်းပြောသည်။

'မောင်မင်းဆွေပဲ သန့်'

မလေးသန့်က သူ့ အစ်ကိုကြီးကို တောင်းပန်သည်။

'သူနဲ့ သန့်ပဲ စကားပြောပါရစေ အစ်ကိုကြီး၊ ဒီကိစ္စကို သန့် ဖြေရှင်းပေးနိုင်မယ်လို့ ထင်ပါတယ်'

ဦးထွန်းအောင်က ခေတ္တ ငိုင်ကျသွားသည်။ ထို့နောက် တယ်လီဖုန်းကို မလေးသန့်အား လှမ်းပေးသည်။

မလေးသန့်က လိုင်းချင်းဆက်လိုက်ရန် ကိုတိုးသောင်ကို အမိန့်ပေးလိုက်၏။ တစ်ဖက်မှ ကိုမင်းဆွေ၏ အသံကို ကြားရသောအခါ ဆို၏။

'ကိုမင်းဆွေလား၊ သန့် စကားပြောနေပါတယ်'

'ဩော်....သန့်လား၊ ဒါထက် အစ်ကိုကြီးတော့'

'အစ်ကိုကြီး မြို့ထဲကို ထွက်သွားတာပဲ'

'ဒါပေမယ့် ဆေးတိုက်ကို ဆက်လို့မရပါလား'

'လူနာတွေ လှည့်ကြည့်နေတယ် ထင်တယ်၊ အရေးကြီးလို့လား'

www.burmeseclassic.com

www.burmeseclassic.com

'အရေးကြီးတယ် သန့်၊ ဒါပေမယ့် ကိစ္စမရှိပါဘူး၊ သန့်နဲ့ ပြောရင်လဲ ဖြစ်ပါတယ်'

'ပြောလေ ကိုမင်းဆွေ၊ သန့် နားထောင်နေပါတယ်'

'အို...အို....တယ်လီဖုန်းနဲ့ပြောလို့ မဖြစ်ဘူးလေ၊ သန့် ကိုမင်းဆွေဆီ လာခဲ့ပါလား'

'သန့် လာခဲ့ရမယ်၊ ဘာဖြစ်လို့လဲ ကိုမင်းဆွေ'

'ပြောခဲ့ပါရောလား၊ အရေးကြီးတာ ပြဿနာရှိလို့ လို့၊ ကိစ္စမရှိပါဘူးလေ၊ သန့် မလာချင်ရင် အစ်ကိုကြီးလာမှ ကိုမင်းဆွေ ထပ်ပြောပါဦးမယ်'

မလေးသန့်သည် စက္ကန့်ပိုင်းမျှ စဉ်းစားသည်။

'ကောင်းပါပြီလေ၊ သန့်လာခဲ့ပါမယ် ကိုမင်းဆွေ'

မလေးသန့်သည် တယ်လီဖုန်းကိုချပြီး သူ့အစ်ကိုကြီးကို ကြည့်လျက် လေးနက်စွာဆိုသည်။

'ထင်တဲ့အတိုင်း ဟုတ်နေတာပါပဲ အစ်ကိုကြီး၊ ဒီတော့ သူ့ဆီ သန့်သွားမယ်၊ တစ်ခုပဲရှိတယ် အစ်ကိုကြီး၊ သန့်တို့ ဘာပဲ ဆက်လုပ် ဆက်လုပ် အစ်ကိုကြီးနဲ့ သန့် တိုင်ပင်ပြီးမှ မောင်လေးကို ပြောပါရစေ'

*

၅

မလေးသန့်ကို ကိုမင်းဆွေသည် တစ်ကြိမ်က တွေ့ဆုံခဲ့ကြသော အခန်းတွင်ပင် လက်ခံစကားပြောသည်။



ထိုတစ်ကြိမ်ကမူ သူသည် လူနာတစ်ဦးပင်ဖြစ်၍ စိတ်အား ပျော့ညံ့နေသူဖြစ်၏။

ယခုမူ သူ့အမူအရာမှာ အောင်နိုင်သူတစ်ဦး၏ အမူအရာသာ ဖြစ်နေ၏။

'သန့်ကိုယ်တိုင် လာမယ်လို့ ကိုမင်းဆွေ ထင်သားပဲ'

မလေးသန့်က မပြုံးမရယ်ဘဲ ပြန်မေးသည်။

'ဘာကြောင့် ဒီလိုထင်ထားတာလဲ ကိုမင်းဆွေ'

ကိုမင်းဆွေက မလေးသန့်၏ မေးခွန်းကို မဖြေဘဲ သူ့ကိုယ်သူ သဘောကျဟန် ရယ်မောနေ၏။

မလေးသန့်က သူရယ်မောသည်ကို ဂရုမစိုက်ဘဲ ငြိမ်သက်စွာ ထိုင်နေ၏။

သူ့ဘာသာသူရယ်၍ အားရမှ ကိုမင်းဆွေက ဆိုသည်။

'ကိုမင်းဆွေ ရယ်တာကို စိတ်မဆိုးပါနဲ့ သန့်၊ လောကကြီးက သိပ်ဆန်းကြယ်တယ်၊ မယုံနိုင်လောက်အောင်ကို ဆန်းကြယ်တယ်၊ တစ်ချိန်က သန့်က ကိုမင်းဆွေကို ဘုရားဟော ဇာတ်တစ်ခု ပြောပြဖူးတယ်လေ၊ ဥစ္ဆင်္ဂဇာတ်ဆိုထင်ပါရဲ့၊ ဟုတ်လား၊ သန့်လိုတော့ ပါဠိကို ကိုမင်းဆွေ မရဘူး၊ အဓိပ္ပာယ်ကိုတော့ မှတ်မိတယ်၊ ဘာတဲ့၊ ခါးပိုက်ထဲ၌ သားကိုရနိုင်သည်၊ လမ်းပေါ် လျှောက်ပြေးသော ကျွန်မအား လင်ကိုရနိုင်သည်၊ အကြင်အရပ်မှ တစ်အူထုံ ဆင်း မောင်အရင်းကို ရနိုင်သည်၊ ထိုအရပ်ကို ကျွန်မ မတွေ့မြင်ပါတဲ့၊ ဟုတ်လား၊ အစက ဒီဇာတ်လမ်းကို မယုံဘူး၊ အခု

www.burmeseclassic.com

www.burmeseclassic.com



တော့ ယုံလာတယ် သန့် သိလား၊ ကိုမင်းဆွေ သိပ်ကို ယုံလာတယ်'

မလေးသန့်က မတုန်မလှုပ်၊ မသိမသာမူ အံကြိတ်ထားသည်။

'ဟုတ်တယ်၊ အခုမှ ကိုမင်းဆွေ သိပ်ယုံလာတယ်၊ အစ်မဆိုတာဟာ မောင်ကိုအချစ်ဆုံးပေါ့၊ လင်ဆိုတာက အလကားပါ၊ အသည်းနှလုံးကိုပုံ ကုန်ကုန်မြတ်နိုးပြီး တစ်ဖက်သတ်ချစ်နဲ့ ဘယ်လောက် ရှယ်ကိုးထားပေမယ့် ဒီလူ့ အချစ်ဟာ အလကားပါ၊ ဟုတ်လား သန့်'

မလေးသန့်သည် လှုပ်ရှားလာ၏။ အမူအရာက လှုပ်ရှားလာသော်လည်း အသံကမူ တည်ငြိမ်စွာ နှင့်ဆိုသည်။

'ကိုမင်းဆွေ၊ သန့်ကို ဆက်နှိပ်စက် မနေပါနဲ့၊ ကိုမင်းဆွေ ဘာဆိုလိုသလဲ၊ တည့်တည့်သာ ပြောပါ'

ကိုမင်းဆွေသည် မလေးသန့်ကို တစ်ချက်စိုက်ကြည့်၏။ ထို့နောက် အလွန်ကျေနပ်ဟန် ရယ်လိုက်ပြန်သည်။

'သန့်က တည့်တည့်ပြောဆိုရင် သန့်ကို ကိုမင်းဆွေ တည့်တည့်ပဲ ပြောပါမယ်၊ ဒီတော့ သန့်ကလဲ ကိုမင်းဆွေကို မလိမ်ပါနဲ့၊ တည့်တည့်ပဲဖြေပါ'

'သန့်တစ်သက်မှာ ဘယ်သူ့ကိုမှ မလိမ်ဖူးဘူး ကိုမင်းဆွေ...'

ကိုမင်းဆွေက ပြုံးလိုက်၏။

'ဒီစကားကိုကြားရလို့ သိပ်ဝမ်းသာတာပဲ သန့်၊ သန့်စကားအတိုင်းပဲ ကိုမင်းဆွေ တည့်တည့်မေးပါတော့မယ်'



ကိုမင်းဆွေသည် မျက်နှာကိုတည်ကြည်လိုက်၍ မလေးသန့်၏ မျက်လုံးများကို စူးစိုက်ကြည့်လျက် မေးသည်။

'ကိုသိန်းဇံဟာ အခု ဘယ်မှာပါလဲ သန့်၊ သန့်တို့ အိမ်ထဲမှာပဲလား၊ အသက်နဲ့ကော ရှိပါသေးရဲ့လား'

မလေးသန့် မဖြေနိုင်၊ သူ့မျက်လုံးများကိုသာ ပြန်လည်အကဲခတ်ကြည့်နေ၏။

'မလိမ်တတ်ပါဘူးဆိုတဲ့ သန့်က အဖြေတော့ အမှန်အတိုင်း မပေးလိုဘူး မဟုတ်လား၊ ကောင်းပါပြီ၊ ကိုမင်းဆွေကပဲ ဆက်လက်ပြောပြပါမယ်'

ကိုမင်းဆွေက မောင်မြဇင်အမှုမှစ၍ ကိုသိန်းဇံ လိုက်ခဲ့ပုံ၊ သဲလွန်စတွေ့ခဲ့ရာမှ ကိုကံထူးတို့ကို ခြေရာကောက်နိုင်ခဲ့ပုံ၊ အိမ်ကြီးအတွင်းသို့ ဝင်နိုင်ရန် ကြံခဲ့ကြံမိ ကြိုးစားမှုပုံ စသည်တို့အား အသေးစိတ်ပြောပြသည်။

'အိမ်ထဲကို သူဝင်ဖြစ်သည်ဖြစ်စေ၊ မဝင်ဖြစ်သည်ဖြစ်စေ မနက်တိုင်း အကျိုးအကြောင်းကို သူ ကိုမင်းဆွေဆီ သတင်းပြန်ပို့မြဲပဲ၊ သူ စလိုက်ခဲ့ကတည်းက တွေ့ခဲ့ရတာတွေကို မှတ်တမ်း တင်ထားတဲ့ ဒိုင်ယာရီစာအုပ်ကိုလဲ ကိုမင်းဆွေ ယူထားတယ်၊ သူ ဒီအိမ်ကြီးထဲကိုဝင်မယ့်အကြောင်း၊ တကယ်လို့ သူ မနက်မှာပြန်မရောက်လာရင် ဒီအိမ်ကြီးထဲမှာ သူ တစ်ခုခုဖြစ်နေတာမို့ တရားဥပဒေအရ ဆောင်ရွက်ပေးဖို့ အကြောင်းကိုလဲ သူကိုယ်တိုင်လက်မှတ်ထိုးပြီး သူ့ လုံခြုံရေးအတွက် ကြိုတင်စီစဉ်ပြီး မှတ်တမ်းအဖြစ် ကိုမင်းဆွေရဲ့ လက်ထဲကို အပ်ထားခဲ့တယ်။ မနက်က သူ ရောက်မလာဘူး၊

www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ ဝတ္ထုရှားအတိုင်း အခုလို သန့်ကိုခေါ်ပြီး ကိုမင်းဆွေ စုံစမ်းရတာပဲ သန့်’

သူတို့ဘက်မှ အချက်ကျ ပိုင်နိုင်နေပြီ ဖြစ်သောကြောင့် မလေးသန့်သည် ကွေ့ဝိုက် မနေတော့ဘဲ သိလိုသည်ကို တိုက်ရိုက်မေးသည်။

‘အဲဒါတွေအားလုံးကို ကိုမင်းဆွေ ဘာလို့လုပ်ခဲ့ရတာလဲ ဟင်’

‘အို.... အို.... ဒါတွေကို ကိုမင်းဆွေ တမင်လုပ်ခဲ့ရတာ မဟုတ်ပါဘူး၊ အခြေအနေတွေက မမျှော်လင့်ဘဲ ကိုမင်းဆွေရဲ့ လက်ထဲကို အသိုလိုရောက်လာတာပါ သန့်၊ အဲဒီ အခြေအနေတွေကို ကိုမင်းဆွေက သန့်တို့ရဲ့အကျိုးအတွက် ထိန်းသိမ်းထားရသူပါ’

မလေးသန့်က ပြုံးသည်။ ထိုအပြုံး၏အဓိပ္ပာယ်ကို နားလည်ဟန် သူက မခံနိုင်စွာပြောသည်။

‘အဲဒီလိုမပြုံးပါနဲ့ သန့်၊ သန့်ဟာ ကိုမင်းဆွေရဲ့ စေတနာကို နားမလည်ဘူး၊ သန့်တို့ အခုလုပ်နေတာတွေဟာ သန့်တို့အမြင်မှာ မှန်နေပေမယ့် ဥပဒေ မျက်စိမှာတော့ ရာဇဝတ်မှုကြီးပဲ ဖြစ်နေတယ်၊ စေတနာသာလျှင် ကံဆိုတဲ့ ထုံးချက်ဟာ ရုံးတော်မှာ တရားမဝင်ပါဘူး သန့်၊ အမှန် ပြောရရင် တရားဥပဒေရဲ့ဘက်တော်သား ဝတ်လုံတစ်ဦး အနေနဲ့ အမှုကို အခုလို ထိမ်ချန်ထားတာဟာ လွန်လှပါပြီ၊ ပုဂ္ဂလိကဆက်ဆံရေးဟာ တစ်ကဏ္ဍ၊ တာဝန်ဟာ တာဝန် ပါပဲ သန့်’



သူ့စကားကို သဘောကျသဖြင့် မလေးသန့်က ခေါင်း တဆတ်ဆတ် ညိတ်လိုက်သည်။

‘ဘာဝန်ဟာ တာဝန်ပဲဆိုရင် ကိုမင်းဆွေဟာ ဘာ ကြောင့် သန့်ကို အခုလိုခေါ် ရှင်းပြနေရသလဲ၊ ကိုမင်း ဆွေရဲ့ ဘာဝန်ကို ကိုမင်းဆွေ ထမ်းလိုက်ရုံပေါ့’

သူက မချိပြုံး ပြုံးလိုက်၏။

‘သန့်စကားသံက စိမ်းကားလွန်းလှတယ်၊ တာဝန်ကို တာဝန်လို ထမ်းလိုက်ဖို့က ကိုမင်းဆွေမှာ နှလုံးသားရှိနေ ပါတယ် သန့်၊ အဲဒါကိုတော့ သန့် ယုံစေချင်တယ်’

မလေးသန့်က ပြုံးပြန်သည်။

‘ပြုံးပါလေ....ပြုံးပါ၊ သန့်က ကိုမင်းဆွေရဲ့ စေတနာ ကိုမှ မယုံဘဲကိုး’

‘ယုံပါတယ်တဲ့ရှင်၊ ကဲပါ....ဆက်ပြောမှာသာ ပြောစမ်း ပါဦး’

‘ပြောရမှာပဲ သန့်၊ မပြောမပြီး မတီးမြည်မှ ပြောရ တော့မှာပဲ၊ သန့် ယုံသည်ဖြစ်စေ၊ မယုံသည်ဖြစ်စေ တာဝန်နဲ့ နှလုံးသားအရာမှာ ကိုမင်းဆွေက နှလုံးသားဘက် လိုက်ခဲ့ တယ်၊ တကယ်တမ်း ချစ်လာပြီဆိုရင် ဘာမဆိုလုပ်ရဲရတယ် သန့်၊ ကိုမင်းဆွေအနေနဲ့ကတော့ လုပ်မှာပဲ၊ အဲဒီလို လုပ် ရလို့လဲ ဘာကိုမှ နောင်တမရဘူး၊ ကိုမင်းဆွေမှာ လှိုမ့်ပြီး ကြိတ်ပြီး မှိတ်ပြီး ခံစားခဲ့ရတာတွေ ကြာပါပြီ

www.burmeseclassic.com


ကိုမင်းဆွေ၏ပြောဟန်မှာ တက်ကြွလာသည်။ သူ့အမူအရာသည် သူပြောသည့်အကြောင်း ဘာကို လုပ်ရ လုပ်ရ နောင်တမရသူတစ်ဦး၏ဟန် အပြည့်အဝ ပေါ်လာသည်။

မလေးသန့်က သူ့ကိုစိုက်ကြည့်နေသဖြင့် သူသည် သူ့ခံစားမှုကို ထိန်းသိမ်းလိုက်ပြီး စကား ဆက်ပြောသည်။

'ကိုမင်းဆွေအနေနဲ့ နှလုံးသားဘက်လိုက်ပြီး ဘယ်လို စဉ်းစား စဉ်းစား ကိုသိန်းဇံက ရှိနေသေးတယ်၊ အလွတ်စုံထောက်ဆိုပေမယ့် သူဟာ ဥပဒေကို သိပ်လေးစားတဲ့လူ၊ အင်းလေ...ဥပဒေကို လေးစားလွန်းလို့ပဲ သူဟာ တက်လမ်း အများကြီးရှိတဲ့ စုံထောက် ဝန် ထောက်ဘဝကနေ အခုလို ဘဝအခြေအနေ မလုံခြုံတဲ့ အလွတ်စုံထောက် ဖြစ်ခဲ့ရရှာတာပဲ၊ ဒါကို ထားပါတော့လေ၊ ဥပဒေကို လေးစားတဲ့ စေတနာကို ဘေးဖယ်ထားလိုက်၊ သူ့ကိုယ်ကျိုးဘက်ကနေ လှည့်စဉ်းစားကြည့်စမ်း၊ မောင်မြဇင်ရဲ့ အမှုကို ရဲဘက်က မဖော်နိုင်သေးဘူး၊ သူက ဖော်နိုင်တဲ့လူဖြစ်နေပြီ၊ အမှုပတ်နေတဲ့လူတစ်ဦးကို ကယ်နိုင်တဲ့အခွင့်အရေးလဲ ရှိနေပြီ၊ အဲဒီလူ ဦးထွန်းသော်ကလဲ တတ်နိုင်တဲ့လူဖြစ်တော့ ငွေရေးကြေးရေးမှာ သူလိုသလောက် ရနိုင်တယ်၊ ငွေရေးကြေးရေး အပြင် အလွတ်စုံထောက်တစ်ဦးအတွက် တန်ဖိုးမဖြတ်နိုင်တဲ့ ဆုကိုလဲ ရဦးမယ်၊ အဲဒီဆုဟာ ကျော်ကြားခြင်းဆုပဲ သန့်၊ နှစ်ထပ်ကွမ်းကျော်ကြားမယ့် ဆုပဲ'

မလေးသန့် မသိမသာ ငိုင်သွားသည်။ ပထမဦးစွာအဖြစ် ကိုမင်းဆွေ၏စကားများကို ဂရုတစိုက် နားထောင်မိသည်။

'တစ်ဆုက ရဲက မဖော်နိုင်တဲ့အမှုကိုဖော်ပြီး တရားသူကြီးတွေ ဦးနှောက် ခြောက်ရမယ့် ကိစ္စတစ်ခုကို အလွယ်တကူ ဖြေရှင်းပေးနိုင်မှုက ရမယ်၊ တစ်ဆုက ဘယ်စုံထောက်မှ ခြေရာခံမမိသေးတဲ့ မဲဇာမြိုင်ရဲ့ လျှို့ဝှက်ချက်ကို ဖော်နိုင်ခြင်းက ရမယ်၊ နှစ်ဆုစလုံးကို သူဟာ လိပ်ပြာသန့်သန့်နဲ့ ဥပဒေဘက်သားအဖြစ်နဲ့ပဲရမှာ သန့်၊ သန့် သဘောပေါက်ရဲ့လား'

မလေးသန့်က သဘောပေါက်ကြောင်း ခေါင်းညိတ်ပြသည်။

'အဲဒီအခြေအနေမှာ ကိုမင်းဆွေ ဘာလုပ်ရမလဲ၊ လက်ပိုက် ကြည့်နေလိုက်လို့ ကိုမင်းဆွေမှာ အကျိုး အထူးယုတ်မသွားပါဘူး၊ အမြဲတော်တောင် ထွက်လာနိုင်ပါသေးတယ်၊ ဆုံးရှုံးမှာကတော့ သန့်တို့ပဲ၊ သန့်တို့ လုပ်နေတာတွေဟာ ဘာမှန်းမသိပေမယ့် ကြီးမားတဲ့ ရည်ရွယ်ချက်တစ်ခုရှိမှန်း ကိုမင်းဆွေ ရိပ်မိခဲ့တယ်၊ ဒါကြောင့်မို့ သားရွှေအိုးထမ်းလာတဲ့ကိန်းဆိုက်အောင် ကိုမင်းဆွေ ဝင်စွက်ခဲ့ရတာပဲ'

ကိုမင်းဆွေ၏ရှင်းပြချက်မှာ ဘီလပ်ပြန် ဝတ်လုံတော်ရ ကြီးပီပီ အကွက်ကျ၍ တဏှာဗေဒစနစ်မှန်နေကြောင်း မလေးသန့် သတိပြုမိ၏။

'ဝင်စွက်ခဲ့နိုင်တာဟာလဲ ကိုမင်းဆွေမှာ ဝင်စွက်ခွင့်ရှိလို့ပဲ၊ အဲဒီအခွင့်ကတော့ ကိုမင်းဆွေဟာ ကိုသိန်းဇံရဲ့ ကျေးဇူးရှင်ဖြစ်နေလို့ပဲ၊ သူပုန်ခေတ်အတွင်းက ထောင်တွေ ဖောက်ပြီး ပြည်သူ့ဘဏ္ဍာတွေကို အဖျက်ခိုက်တဲ့

www.burmeseclassic.com

www.burmeseclassic.com



အမှုတွေကို ကိုသိန်းဇံ လိုက်ခဲ့ရတယ်၊ လိုက်တော့ သူပုန်တွေတင်မကဘူး အာဏာရပါတီ နိုင်ငံရေးသမားတွေရဲ့ တပည့်တပန်းတွေပါ ရောင်ဟော်ပြန်နဲ့ ဝိုင်းလွှတ်အုပ်ကြတာတွေကိုလဲ သွားမိတယ်၊ သူ့ထုံးစံအတိုင်း ဥပဒေမျက်နှာတစ်ခုကိုပဲ ယောက်ပြီး ကိုသိန်းဇံဟာ သင်းတို့တွေကိုပါ အရေးယူခဲ့တယ်၊ အဖြတ်ကတော့ အာဏာရ ဆရာ့ဆရာကြီးတွေ ငြိုငြင်ပြီး သူ့ကို အမှုဆင် ပြန်ချတာပဲ၊ ကိုသိန်းဇံဟာ အလုပ်ပြုတ်ရုံတင်မက ထောင်ကျမယ့်ကိန်းပါ ကြုံခဲ့ရတယ်၊ အဲဒီဘေးက လွတ်အောင် သူ့ကို ကိုမင်းဆွေကယ်ခဲ့ဖူးတယ်၊ ဒီကျေးဇူးကို သူ တစ်သက်မမေ့ဘူး၊ အဲဒီအချက်ကို ကိုင်ပြီး ကိုမင်းဆွေ ဝင်စွက်ခဲ့ရတာပဲ၊ သူဟာ အခု ကိုမင်းဆွေရဲ့ အမှုရှင် စုံထောက်ပဲ သန့်၊ သူ တွေ့ရှိသမျှတွေကို ကိုမင်းဆွေကလွဲပြီး ဘယ်သူ့လက်မှ မအပ်ဘူး၊ တစ်နည်းအားဖြင့် ကျေးဇူးကြွေးကို ပေးဆပ်နေလေတဲ့ လူတစ်ဦးပဲ'

မလေးသန့်သည် စိတ်ဝင်စားစွာ နားထောင်နေရာမှ မျက်နှာလေးကို တည်ကြည်အောင် ပြင်လိုက်ပြီး မေးသည်။

'ကိုသိန်းဇံရဲ့အကြောင်းကို သန့် နားလည်ပါပြီ၊ ဒါပေမယ့် ကိုမင်းဆွေ လုပ်ခဲ့တာတွေကို မေးပါရစေ၊ ကိုမင်းဆွေ ပြောသလို ကိုမင်းဆွေဟာ သန့်တို့အပေါ်မှာ စေတနာထားတယ်ဆိုရင် ဘာကြောင့် ဒီအကြောင်းတွေကို လျှို့ဝှက်ထားရသလဲ၊ ဘာကြောင့်လဲ၊ သန့်တို့အိမ်တွင်းကို ကိုသိန်းဇံကို ဝင်ခိုင်းရတာလဲ'



ကိုမင်းဆွေသည် ထူးဆန်းသောအပြုံးတစ်ခုကို ပြုံးလိုက်သည်။ ဤအပြုံးမှာ ကောက်ကျစ်သော အပြုံးလည်း မည်သည်။ ရိုးသားသော အပြုံးလည်း မည်သည်။ အောင်နိုင်သော အပြုံးလည်း ဟုတ်၏။ နာကြည်းသော အပြုံးလည်း ဟုတ်လေ၏။

'ဒီအတွက်တော့ ကိုမင်းဆွေ သန့်ကို ဘယ်လိုမှ လှည့်စားဖို့ မလိုဘူး၊ ကိုမင်းဆွေ ရည်ရွယ်ချက်တစ်ခုနဲ့ လုပ်တယ်၊ အဲဒီရည်ရွယ်ချက် ဆိုတာဟာ ဘာလဲလို့ သန့်ကို ကိုမင်းဆွေ ရှင်းပြဖို့ လိုသေးသလား'

မလေးသန့်က မဖြေဘဲငြိမ်နေ၏။ သူကသာ ရင်တွင်းရှိသမျှ ဖွင့်ချလိုသူ တစ်ဦးကဲ့သို့ နေရာမှထ၍ ခြေဟန် လက်ဟန်နှင့် ပြောသည်။

'လူဆိုတာဟာ ကိုယ့်ကိုယ်ကို အချစ်ဆုံးတဲ့ သိလားသန့်၊ ကိုယ့်ကိုယ်ကို မချစ်ပါဘူးလို့ ဆိုသူတွေဟာ လူညာ၊ ကြောင်သူတော်တွေပဲ၊ ကိုမင်းဆွေဟာ ဗီလိန်း လူကြမ်း တစ်ယောက် လုပ်ချင်လုပ်မယ်၊ ကြောင်သူတော်တော့ ဘယ်တော့မှ မလုပ်ဘူး၊ လူကြမ်းဖြစ်လာရင် လူတွေက မုန်းကြတယ်၊ ဒါပေမယ့် ဒီလူဟာ ဘာကြောင့် လူကြမ်းဖြစ်လာရတယ် ဆိုတာတော့ ဘယ်သူကမှ တွေးခေါ် မြော်မြင်ပြီး မသနားကြပါဘူး၊ မသနားသူတွေဆီက မေတ္တာကို ကိုမင်းဆွေမတောင်းဆိုပါဘူး၊ မုန်းချင်ကြလို့ မုန်းကြရင် မုန်းကြစမ်းပါစေ၊ ကိုမင်းဆွေကတော့ အောင်မြင်ခြင်းနဲ့ ပြုံးနေမယ်၊ ပြုံးပြနေမယ်'

www.burmeseclassic.com

www.burmeseclassic.com



သူသည် သူ့စကားကိုသူ သဘောကျဟန် အရှူး တစ်ယောက်ပမာ အော်ရယ်သည်။

'ဘဝဆိုတာဟာ ကံ့စိမ်ရာပါပဲ သန့်၊ ကံဇာတ်ဆရာက သင့်လျော်မယ်ထင်လို့ က,ခိုင်းတဲ့အခန်းမှာ ငင်မက,ရင် ဒီလူဟာ လောကဇာတ်ခုံပေါ်မှာ အရှုံးနဲ့ နိဂုံးချုပ်ရမှာပဲ၊ ကိုမင်းဆွေ အရှုံးကို ဘယ်နည်းနဲ့မှ လက်မခံနိုင်ဘူး၊ ဒီလောက်အထိ ရောက်အောင် ကြိုးစားခဲ့ရတာတွေ၊ ဒီအချိန်အထိ စောင့်စည်းအောင့်အည်း သည်းခံ မျှော်လင့်ခဲ့ရတာတွေ၊ အဲဒါတွေအားလုံးရဲ့ ဆုလာဘ်အဖြစ် အရှုံးကို လက်ခံရမယ်ဆိုတာကိုတော့ ကိုမင်းဆွေ လက်မခံနိုင်ဘူး၊ ထိုက်တန်သောတုံ့ပြန်မှုမရသူ ဖြစ်ခဲ့လေမှ စိတ်ကူးယဉ်ဝတ္ထုတွေထဲက သူတော်ကောင်း အဆွေးသမားကြီး မဖြစ်ချင်ဘူး၊ စစ်မှန်သော နေရာကိုရအောင်ယူသော လူကြမ်းတစ်ယောက်အဖြစ်ကိုပဲ ကိုမင်းဆွေ ရွေးချယ်တယ် သိလား သန့်၊ ဘာကြောင့် ရွေးချယ်ရတယ်ဆိုတာကိုလဲ ပြောပြရဦးမယ်'

သူ့အသွင်မှာ မောဟိုက်ပင်ပန်းနေ၏။ သူ့လေသံမှာလည်း အတန်ပျော့လာသည်။

'စစ်နဲ့အချစ်မှာ ဘာလုပ်လုပ် တရားတယ်ဆိုတဲ့ စကားပုံကို အစက ကိုမင်းဆွေ သရော်ပြောင်လှောင် မိခဲ့ဖူးတယ်၊ အခုမှ ဒီစကားရဲ့သဘောကို မြင်မိတယ်၊ စစ်မှာ ကိုယ်က သူ့ကိုမသတ်ရင် သူက ကိုယ့်ကိုသတ်မယ်၊ အချစ်မှာ ကိုယ်က မပိုင်နိုင်ရင် သူက ပိုင်နိုင်သွားမယ်၊ သူတော်ကောင်း အဆွေးသမားကြီးအဖြစ်နဲ့ ငိုနေရင် ဘယ်သူကမှ မသနားဘဲ



နွားလို့ဝိုင်းခေါ်ကြမယ်၊ အသည်းနှလုံး လောင်ကျွမ်းလို့ ဆောက်တည်ရာမရ ဖြစ်နေချိန်မှာ ကိုမင်းဆွေ မြက်တော့ ဆက်မစားနိုင်ပါဘူး သန့်'

သူက ပေါက်ကွဲပြောဆိုနေလေသမျှ မလေးသန့်က မတုန်မလှုပ်ငြိမ်နေသည်။ ဤသည်ကို သည်းမခံနိုင်ဟန် သူက မလေးသန့်၏ ခြေရင်းတွင် ဒူးထောက်ထိုင်လိုက်ပြီး မလေးသန့်၏ ခါးလေးကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်လှုပ်ယမ်းကာ ပြောသည်။

'သန့်ရယ်၊ သန့်ဟာ ဘာဖြစ်လို့ မသိချင်ယောင် ဆောင်နေရတာလဲ၊ ဘာဖြစ်လို့လဲ၊ ဒီလောက်အထိ စိမ်းကားနိုင်ရတာလဲ၊ သန့်ကို ကိုမင်းဆွေချစ်ခဲ့ရတာတွေဟာ တစ်နှစ်သဲ မဟုတ်ဘူး၊ နှစ်နှစ်လဲ မဟုတ်ဘူး၊ ဆယ်နှစ် ဆယ့်ငါးနှစ်လဲ မဟုတ်ဘူး၊ သန့်တို့ ကိုမင်းဆွေတို့ ကလေးဘဝကတည်းကပါ၊ အဲဒီရှည်လျားတဲ့ နှစ်တွေတစ်လျှောက်မှာ ကိုမင်းဆွေ မျှော်လင့်ခဲ့သူဟာ သန့်ဖြစ်သလို ကိုမင်းဆွေ ကြိုးစားခဲ့တာတွေဟာ သန့်အဖို့ချည်းပဲ၊ ဒါပေမယ့် သန့်က ဘာများ တုံ့ပြန်ခဲ့ပါသလဲ'

မလေးသန့်က သူ့ရင်ဘတ်ကို အသာအယာ တွန်းလိုက်သဖြင့် သူက ကိုယ်ချင်းခွာကာ ထိုင်ရာမှ ထထိုင်လိုက်ရ၏။

'ဒီစကားတွေကို ပြန်ပြောနေဖို့ မလိုတော့ပါဘူး ကိုမင်းဆွေ၊ ကိုမင်းဆွေဟာ သန့်ရဲ့ တတိယ သံယောဇဉ် အကြီးဆုံး လူတစ်ယောက်ပါလို့ သန့်ပြောခဲ့ဖူးပါပြီ၊ အဲဒါကောကို

www.burmeseclassic.com

www.burmeseclassic.com



မှ မထောက်ထားဘဲ ကိုမင်းဆွေဟာ ဘာလို့ အခုလို တောင်ချောက်ဆင်ပြီး ကြံစည်ရတာလဲ’

ကိုမင်းဆွေသည် ငိုင်ကျသွား၏။

ပြန်လည်စကားဆိုသောအခါ၌ သူ့အသံမှာ ‘တောင်းပန်သယောင် ရှိ၏။

‘ဘာလို့ ကြံစည်ရသလဲ ဟုတ်လားသန့်၊ အမှန်အတိုင်း ဝန်ခံရရင်တော့ မကြံစည်ရင် မဖြစ်လို့ပါပဲ၊ ကိုမင်းဆွေ တောင့်တတာက သန့်ရဲ့ ပထမလူအဖြစ်၊ ဒါပေမယ့်.... ကိုမင်းဆွေဟာ ဒုတိယဆင့်ကနေ တက်လမ်းကို ရိုးရိုးတန်းတန်းမှန်းလို့မှ မရတော့ဘဲကိုး’

သူသည် စကားမဆက်ဘဲ ရပ်လိုက်၏။ တစ်စုံတစ်ခုကို လေးနက်စွာ စဉ်းစားဟန် အခန်းတွင်း၌ ခေါက်ခေါက်တုံ့ ပြန် သုံးလေချီ လျှောက်နေသည်။ ထိုနောက် စိတ်ကို တုံးတုံးချလိုက်ဟန် မျက်နှာထားကိုလည်းပြင် အသံကိုလည်းပြင်၍ ပြောသည်။

‘ဒီအခြေကျတော့မှ မထူးတော့ပါဘူး သန့်၊ ကိုမင်းဆွေက ဘဝအတွက် အားလုံးကိုပုံလောင်းခဲ့ပြီးပြီပဲ၊ အားလုံးကုန်ကိုပဲ အမှန်အတိုင်းဖွင့်ပြောပြမယ်၊ သန့်ကသာ ကိုမင်းဆွေကို တုံ့ပြန်မချစ်နိုင်ပေမယ့် ကိုမင်းဆွေရဲ့ အခြေအနေဂုဏ်ဒြပ်တွေကြောင့် ကိုမင်းဆွေကို မျှော်လင့်နေကြတဲ့ မိန်းမသားတွေ အများကြီးရှိတယ်’

သူ့စကား၌ အပိုကြွားဝါမှု မပါသောကြောင့် မလေးသန့်သည် အသာအယာပင် ခေါင်းညိတ်ပြသည်။



‘အဲဒီမိန်းကလေးတွေထဲမှာ အခု ကိုမင်းဆွေရဲ့ အမူသည် ဖြစ်နေတဲ့ နွဲ့နွဲ့ဇင်လဲပါတယ်၊ သန့်ကို ကိုမင်းဆွေ မသိမ်ချင်ဘူး၊ သန့်ကို မျှော်လင့်အားထားပြီး ဒီအချိန်အထိ တခြား ဘယ်မိန်းကလေးနဲ့မှ ကိုမင်းဆွေ မဖောက်ပြားခဲ့ဘူး၊ ဒါပေမယ့် ကိုမင်းဆွေဟာ ရဟန္တာ မဟုတ်ဘူး၊သွေးနဲ့ ကိုယ် သားနဲ့ကိုယ် ယောကျ်ားတစ်ဦးပဲဖြစ်တယ်၊ အင်္ဂလန်မှာ နေတုန်းက နွဲ့နွဲ့ဇင်နဲ့ ကိုမင်းဆွေ ယဉ်ပါးမိခဲ့ကြတယ်၊ ကိုမင်းဆွေရဲ့အဖြစ်ကို သန့်နားလည်နိုင်ပါလိမ့်မယ် ထင်ပါတယ်’

‘သန့် နားလည်နိုင်ပါတယ်’

‘ကျေးဇူးတင်ပါတယ် သန့်၊ နွဲ့နွဲ့ဇင်ဟာ အရွယ်၊ ရုပ်ရည်၊ ပညာတွေနဲ့ ပြည့်စုံ တင့်တယ်ရုံတောင် မကဘူး၊ ငွေညီးကျတော့လဲ သိမ်းချီချမ်းသာတယ်၊ ဘယ်ယောကျ်ားမှငြင်းမယ့် မိန်းကလေးမျိုး မဟုတ်ဘူး၊ ဒါပေမယ့် ကိုမင်းဆွေအတွက်တော့ နွဲ့နွဲ့ဇင်ဟာ ဒုတိယ မိန်းကလေးတစ်ဦးပဲ ဖြစ်နေတယ်၊ ကိုမင်းဆွေရဲ့ ပထမမိန်းကလေးကတော့ သန့်ပဲ၊ နွဲ့နွဲ့ဇင်ကို မလွှဲမရှောင်သာလို့ ယောကျ်ားသဘာဝနဲ့ တပ်မက်ချင် တပ်မက်မယ်၊ ရာသက်ပန် ဘဝကြင်ဖော်အဖြစ်နဲ့တော့ ကိုမင်းဆွေ သန့်ကိုသာချစ်တယ်၊ သန့်ကိုသာ ရည်ရွယ်တယ်၊ ဒါ ကိုမင်းဆွေရဲ့ အရိုးသားဆုံး ဝန်ခံချက်ပဲ’

သူ့အသံမှာ လေးနက်၍ သူ့စကားတို့က ပြတ်သားနေသည်။

www.burmeseclassic.com

www.burmeseclassic.com


'အစက သန့်တို့ခြေရာကို ကောက်မိတဲ့ ကိုသိန်းဇံကို သန့်တို့ကို ကာကွယ်ဖို့အတွက်သာ ချုပ်ကိုင်ထားမယ်လို့ ကြံစည်ခဲ့တာအမှန်ပါ သန့်၊ ဒါပေမယ့် အဲဒီညနေမှာပဲ ကိုမင်းဆွေနဲ့ နွဲ့နွဲ့ဇင်တို့ရဲ့ ရင်းနှီးယဉ်ပါးတဲ့ သဘာဝကို အစ်ကိုကြီးဟာ လက်ပူးလက်ကြပ်မိသွားတယ်'

ငြိမ်၍နားထောင်နေသော မလေးသန့်၏စိတ်တွင်း၌ ထိုညနေက ကိုမင်းဆွေနှင့် မိမိ၏ကိစ္စနှင့်ပတ်သက်၍ ဦးထွန်းအောင် ပြောခဲ့သော စကားသံ ပြန်ပေါ်လာသည်။ ယခုတုံ့စကား၏အဓိပ္ပာယ်ကိုလည်း သဘောပေါက်မိ၏။

'ကိုမင်းဆွေအတွက် ကံဆိုးတယ်ပဲ ခေါ်ရတော့မှာပဲ သန့်၊ အရင်က သန့်က ကိုမင်းဆွေကိုမချစ်ပေမယ့် အစ်ကိုပြန်လိုတော့ အားကိုးနေမိခဲ့တယ်၊ အစ်ကိုကြီးဟာ မိဘတွေ ဆန္ဒအတိုင်းပဲ သန့်နဲ့ ကိုမင်းဆွေကို သဘောတူမှန်း ကိုမင်းဆွေ ကောင်းကောင်းသိတာနဲ့ သန့် ဘယ်လောက်ခေါင်းမာမာ တစ်နေ့မှာ အစ်ကိုကြီးရဲ့ဆန္ဒကို သန့် လိုက်လျောရမယ်လို့ ကိုမင်းဆွေ မျှော်လင့်ခဲ့တယ်၊ ဒါပေမယ့် အဲဒီညနေမှာ ကိုမင်းဆွေရဲ့မျှော်လင့်ချက်တွေ ပျက်သွားခဲ့ရတယ်၊ ဒါကြောင့်လဲ အခုလိုကြံစည်ရတော့တာပဲ သန့်'

စကားအဆုံး၌ သူသည် နာကြည်းလှစွာ ရယ်သည်။ ခဏ၌မူ သူ့မျက်နှာသည် ခက်ထန်တင်းမာလာ၏။

'ဒီတော့ မထူးတော့ပါဘူး သန့်၊ စစ်နဲ့အချစ်မှာ ဘာလုပ်လုပ် တရားတယ်၊ ထိုက်တန်သောတုံ့ပြန်မှုကို မရရှိအောင် အရက်စက်ခံရပြီးတဲ့ နောက်တော့ မထူးတော့ပါဘူး၊ စစ်မှန်သောနေရာကို ရအောင်ယူတဲ့ လူကြမ်းပဲ လုပ်တော့မယ်၊ ငွေကြောင့်၊ အာဏာကြောင့်မဟုတ်ဘဲ အချစ်ကြောင့် လူကြမ်းဖြစ်ရတဲ့အတွက် ကိုမင်းဆွေ ရှက်လဲမရှက်ဘူး၊ ဝမ်းလဲမနည်းဘူး၊ နောင်တလဲမရဘူး'

သူသည် အောင်မြင်သူ၏ ပိုင်နိုင်သောအပြုံးကို ပြုံးလိုက်၏။

မလေးသန့်က စိတ်ကွင်း၌လှုပ်ရှားနေသော်လည်း အပြုံးမပျက်ဘဲ မေးသည်။

'လူကြမ်းလုပ်ဖို့ စိတ်မဆောပါနဲ့လေ၊ လုပ်ခွင့်ရှိချင်မှ ရှိဦးမှာကိုး၊ ရှင်က ဘာသက်သေ အထောက်အထားတွေနဲ့ သန့်တို့ကို ဒုက္ခပေးနိုင်မှာမို့လဲ'

ကိုမင်းဆွေသည် တဟားဟား အော်ရယ်လိုက်သည်။

'ဘာသက်သေခံ အထောက်အထား ဟုတ်လား သန့်၊ နေပါဦး၊ သချိုင်းကုန်းက အလောင်းတွေ ဖော်ယူခဲ့တာ ကိုသိန်းဇံလဲ သိတယ်၊ ကိုမင်းဆွေလဲ သိတယ်၊ ဒီအလောင်းတွေဟာ သန့်တို့အိမ်ထဲ ရောက်ခဲ့တာလဲ အမှန်ပဲ၊ ဒါတွေဟာ သက်သေခံတွေမဟုတ်လို့ ဘာလဲ'

'အလောင်းတွေ အိမ်ထဲရောက်တယ်ဆိုဘာ ထားပါတော့၊ အိမ်ထဲမှာ ဘယ်အလောင်းကိုမှ ခြေရာကောက်လို့ မရနိုင်ရင်ကော'

'ဒီအတွက်လဲ မခက်လှပါဘူး၊ သန့်တို့ဟာ ခြေရာမကောက်နိုင်အောင် ဘယ်လိုစီမံထားမယ် ဆိုတာလဲ ကိုမင်းဆွေ ကြိုတင် ခန့်မှန်းမိပါတယ်၊ ဒါပေမယ့် အခြား

www.burmeseclassic.com

www.burmeseclassic.com

သက်သေခံ သုံးခုရှိတယ်၊ အဲဒီသုံးခုဟာ ဘာလဲဆိုတာ ကိုမင်းဆွေ မဖော်ပြနိုင်ဘူး၊ အနည်းဆုံးတော့ ဓွေးနှစ်ဖော် သံဝါဒြိစဉ်က မပြေးသော် ကန်ရာရှိပေလိမ့် တန်ပါအမိ မဖို့မယ် ဆိုတဲ့ သီချင်းလိုပဲ၊ မပြေးသော်လဲ ကန်မှာခြေရာ ပြနေတာမျိုးလို ယုတ္တိတန်တဲ့ အထောက်အထား (Prima Faeie)တွေ ရှိနေတယ်ပေါ့လေ၊ ဒါကို သန့်ယုံချင်မှယုံမယ်၊ သန့် လက်တွေ့ယုံနိုင်စရာ တစ်ခုတော့ ပြလိုက်မယ်'

ကိုမင်းဆွေသည် နောက်ကျောဘက်ရှိ ဗီရိုတစ်လုံးကို ဖွင့်လိုက်သည်။ ဗီရိုအတွင်းမှ မြင်လိုက်ရသော အရာကြောင့် မလေးသန့်၏ရင်မှာ ဒိတ်ခနဲ ခုန်သွားသည်။

ရက်ကော်ဒါခေါ် အသံသွင်း တိပ်ခွေစက်တစ်ခု ဖြစ်သည်။ တိပ်ခွေပတ်ဘီးများကလည်း လည်နေ၏။

ကိုမင်းဆွေက အသံသွင်းစက်ကို ရပ်လိုက်ပြီး ဗီရိုကို သော့ခတ်လိုက်သည်။ ထိုနောက် စားပွဲဆီပြန်လာပြီး စောစောက မလေးသန့် အမှုမဲ့သာ သတိပြုခဲ့မိသော စီးကရက်ထည့်သည့် ယွန်းဘူးလေး တစ်ဘူးကို ပြသည်။ ယွန်းဘူးလေး၏ ဘေးနှင့်အဖုံးပေါ်တွင် သတိထားကြည့်မိမှ မြင်ရသော အပေါက်ကလေးများရှိနေ၏။

ကိုမင်းဆွေက ယွန်းဘူးလေး၏ အဖုံးကိုဖွင့်လိုက်သော အခါ အတွင်းမှ အသံသွင်း မိုက်ကရိုဖုန်းခေါင်း တစ်ခု ပေါ်လာ၏။

ထိုအခါကျမှ မလေးသန့်သည် ဤမျှရှည်ကြာသော တစ်ချိန်လုံးကို ကိုမင်းဆွေ ဘာကြောင့် စီးကရက်မသောက်ခဲ့



သည်ကို နားလည်မိသည်။ ထိုသက်လည်း ပို၍ နားလည်သွား၏။

ကိုမင်းဆွေက အောင်နိုင်သောလေသံနှင့် ပြောသည်။

'ဒီတိပ်ခွေကလဲ ဘာကိုသက်သေခံလိမ့်မယ်ဆိုတာ သန့် သဘောပေါက်ပါလိမ့်မယ်'

မလေးသန့်၏ မျက်နှာလေးမှာ မသိမသာ ဖြူရော်သွားသည်။ ဝမ်းနည်းခြင်း၊ ကြေကွဲခြင်း၊ အထင်သေးခြင်း၊ ရွံရှာခြင်းတို့ဖြင့် ရောသော မျက်လုံးများဖြင့် ခေတ္တသော် ကိုမင်းဆွေကို စိုက်ကြည့်နေမိသည်။ အတန်ကြာမှ အသံကို ထိန်း၍ ပြန်မေးသည်။

'သန့် သဘောပေါက်ပါပြီ၊ ဒါပေမယ့် သန့် တိုတိုပဲ မေးမယ်၊ တိုတိုပဲဖြေပါ၊ ရှင် ဘာလိုချင်လို့ ဒီလိုကြံစည်ရတာလဲဟင် ကိုမင်းဆွေ'

သူကလည်း မထူးတော့သည့် လူတစ်ဦး၏ မထိမဲ့မြင် ပြုံးကို ပြုံးရင်းဖြေသည်။

'ကိုမင်းဆွေကလဲ တိုတိုပဲဖြေပါ့မယ်၊ ကိုမင်းဆွေ လိုချင်တာက သန့်ပဲ၊ သန့်ကိုပဲ'

မလေးသန့်သည် သူ့ကို တစ်ချက်စူးစိုက်ကြည့်ပြန်သည်။ ဤအကြည့်မှာ တည်ငြိမ်သည်။ ဤအကြည့်မှာ အေးချမ်းသည်။ ဤအကြည့်မှာ ထူးလည်း ထူးဆန်းလှပေ၏။

'ဖြစ်ရလေ့ ကိုမင်းဆွေရယ်၊ ကိုမင်းဆွေအတွက် သန့် ဝမ်းလဲ ဝမ်းနည်းမိတယ်၊ သနားလဲ သနားမိတယ်၊

www.burmeseclassic.com

www.burmeseclassic.com

မှားပြတိုက်ယူလို့ လူကိုရပေမယ့် နှလုံးသားက အချစ် ဆိုတာကိုတော့ ရှင် ရနိုင်ပါတော့မလား ကိုမင်းဆွေရယ်'

သူက မထိမဲ့မြင် ပြုံးမဲ့ပြုံး၍ ဖြေ၏။

'နှလုံးသားဆိုတာဟာ လူ့ကိုယ်ထဲမှာရှိတဲ့အရာပါ၊ လူကို ရတဲ့နောက် နှလုံးသားကိုလဲ ပိုင်တာပဲပေါ့၊ နှလုံးသားထဲက အချစ်ကိုရဖို့အတွက်လဲ ကတိပြုပါတယ် သန္တာ၊ ဒီနေ့ ကိုမင်းဆွေရဲ့ အပြုအမူတွေဟာ အပြစ်ဖြစ်နေပေမယ့် သန္တာဟာ ကိုမင်းဆွေရဲ့ အိမ်သူသက်ထား ဖြစ်လာတဲ့အချိန်မှာ ကိုမင်းဆွေ ယုယပြမယ်၊ ပြုစုပြမယ်၊ ချစ်လဲ ချစ်ပြမယ်၊ ချင်လွန်းလို့ပြုခဲ့ရတဲ့ အပြစ်ကို တစ်နေ့မှာ အချစ်နဲ့ပဲ ဖုံးပြီး သန္တာ ခွင့်လွှတ်ရမှာပါ'

မလေးသန္တာသည် နေရာမှထ၏။

မျက်လုံးပြူးများ၌ မျက်ရည်တို့ စဲနေသော်လည်း ကြည်လင်သော အသံမှာ ချိုသာမြဲ ချိုသာနေ၏။

'ဒီစကားကြားရလို့ ဝမ်းသာတယ် ကိုမင်းဆွေ၊ ကိုမင်းဆွေ ပြောပြတဲ့ အပြစ်တွေကို အချစ်နဲ့ဖုံးနိုင်တဲ့ နေ့ကိုလဲ သန္တာ မျှော်လင့်ချက်ကြီးစွာနဲ့ စောင့်ကြိုနေပါ့မယ်၊ သန္တာ သွားတော့မယ် ကိုမင်းဆွေ'

*



ဆယ့်ငါးရက်ခန့် ကြာခဲ့ပြီးသော တစ်ညနေတွင် ကိုသိန်းဇံသည် သူ့ဂျစ်ကားကလေးနှင့် ကိုမင်းဆွေ၏အိမ်သို့ ရောက်လာခဲ့၏။

သူ့အသွင်မှာ အေးအေးချမ်းချမ်း ရှိလှ၍ လန်းဆန်းပေါ့ပါးနေပုံလည်း ရသည်။

စာကြည့်ခန်းစားပွဲတွင် တကုန်းကုန်းနှင့် အလုပ်များနေဟန်တူသော ကိုမင်းဆွေက သူ့ကို ဝမ်းသာအားရ ဆီးကြိုသည်။

'လာ လာ...ကိုသိန်းဇံ၊ ကျေးဇူးရှင်ကြီး ဘာအခုမှပေါ်လာတာကိုး၊ ဘယ်မြို့ပဲချက်သား ကောင်းလှချည်လား'

ကိုသိန်းဇံက စားပွဲတွင်ဝင်ထိုင်ရာ ကိုမင်းဆွေက သူ့အား ကြည့်ပျက် ဆက်လက်မှတ်ချက်ချသည်။

'ခင်ဗျား ဝလာပါလား၊ အသားအရေတွေလဲ စိုပြည်လို့...'

'အင်း...အနား ကောင်းကောင်းယူလိုက်ရတာကိုး ပြီးတော့ အလုပ်ကလဲ ပြီးသွားပြီမဟုတ်လား'

ကိုသိန်းဇံသည် သူ့လည်ပင်းမှ အနာရွတ်ကိုစမ်းရင်း ပြောသည်။ ဤသည်ကို သဘောကျဟန်ကြည့်၍ ကိုမင်းဆွေက နောက်သည်။

'ဘယ့်နှယ်...ခင်ဗျားကိုယ်မှာ ရွှေချရာ မတွေ့ပါလား၊ မျောက်ကိုက်ခံရရင် ရွှေချရတယ်တဲ့နော်'

www.burmeseclassic.com

www.burmeseclassic.com

ကိုသိန်းဇံကလည်း ပြုံး၍ဖြေသည်။

'ရွှေချမနေတော့ပါဘူး၊ ကုန်မယ့်ရွှေဖိုးကို ဆရာတို့ မင်္ဂလာဆောင်မှာ လက်ဖွဲ့လိုက်တော့မယ်၊ ဟား....ဟား.... ဟား'

သူကလည်း အားရပါးရ လိုက်ရယ်လိုက်ပြီး သူ၏ ရေးလက်စ စာရွက်ကို ကိုသိန်းဇံထံ ထိုးပေးလိုက်သည်။

'မင်္ဂလာဆောင်ဖိတ်စာ အကြမ်း စီထားတာလေ၊ ဘယ့်နှယ်လဲ'

ကိုသိန်းဇံသည် ဖိတ်စာမူကြမ်းကို ဖတ်ကြည့်ပြီးနောက် မေး၏။

'ဆရာ သိပ်ပျော်နေတယ်ထင်တယ်၊ ဟုတ်လား'

ကိုသိန်းဇံ၏အမေးကြောင့် ကိုမင်းဆွေသည် ပိုမိုသဘောကျစွာ ရယ်လိုက်ပြန်၏။

'ဘယ့်နှယ်မေးတာလဲ ကိုသိန်းဇံ၊ သန့်လို မိန်းကလေးတစ်ဦးကို ရမယ့်သူဟာ ဘယ်မှာ မပျော်ဘဲနေနိုင်ပါ့မလဲ၊ ကျွန်တော် စောင့်စားမျှော်လင့်ခဲ့ရတဲ့နှစ်တွေက နည်းတာမှ မဟုတ်ဘဲ'

ကိုသိန်းဇံသည် စီးကရက်တစ်လိပ်ကို ထုတ်ညှိဖွာရှိုက်လျက် အပြင်ဘက်သို့ တစ်ချက် ငေးကြည့်လိုက်မိသည်။

အပြင်ဘက်ရှိ သစ်ပင်တို့က တဖွဲ့ဖွဲ့ နှင့် ရွက်ဝါတို့ ကြွေလဲနေ၏။

ကိုသိန်းဇံက ပြုံးလိုက်ပြီးဆိုသည်။



'မင်္ဂလာဆောင်တာ ဆောင်းတွင်းကောင်းတယ် ဆိုတဲ့ စကားရှိတယ်၊ ဆရာတို့ကတော့ နွေကြီးပါလား'

ကိုမင်းဆွေ၏မျက်နှာက အနည်းငယ် တည်သွားသည်။

'ဒါကတော့ ခင်ဗျားသိသားပဲ၊ ကျွန်တော့်ဘက်ကကြည့်ရင် မြန်မြန်ဆောင်မှ ကောင်းဘာကိုး၊ အချိန်ဆွဲနေလို့ တော်တော်ကြာ သူတို့ သုတေသနအောင်သွားရင် အခြေအနေက တစ်မျိုးဖြစ်သွားမယ် မဟုတ်လား'

ကိုမင်းဆွေသည် မသိမသာ သက်ပြင်း ရှိုက်လိုက်ပြီး ချက်ချင်းပင် ပြုံးလိုက်၏။

'နွေကြီးမှာ မင်္ဂလာဆောင်ရလို့လဲ မဆိုးပါဘူးဗျာ၊ နွေဂိမှာန်အငွေ့ခံရင် ရေ့သဏ္ဍာန် ချမ်းမြလို့အေး ဆိုတဲ့ မိန်းမမြတ်တွဲ တေးထပ်ရှိတယ် မဟုတ်လား၊ ဒီနွေမှာ ခင်ဗျားလို လူပျိုကြီးတွေတော့ ပူရစ်ကြဦးပေါ့၊ ကျွန်တော့်အတွက်တော့ ရေ့သဏ္ဍာန် ချမ်းမြလို့ အေးတော့မယ်၊ ဟား....ဟား....ဟား'

ကိုမင်းဆွေက သူ့စကားကိုသူ သဘောကျလျက် ဆက်ရယ်နေသေးသည်။ ရယ်၍ အားရမှပြော၏။

'စကားကောင်းနေတာနဲ့ ခင်ဗျားကို ဧည့်ဝတ်မပြုရသေးဘူး၊ သောက်ကြရအောင်၊ ဒီနေ့တော့ ပျော်ပျော်ပေါ့ဗျာ'

'ဟာ....ကျေးဇူးပဲ၊ ကျွန်တော် နည်းနည်း အာနည်းနေတာနဲ့ မသောက်တာကြာပြီ၊ ဒီနေ့တော့ အားရပါးရအတိုးချ သောက်မယ်ဆို လာခဲ့တာ'

www.burmeseclassic.com

www.burmeseclassic.com



ကိုသိန်းဇံက နှုတ်ခမ်းများကို လျှာနှင့်လျက်ရင်းဆိုသဖြင့် ကိုမင်းဆွေက ထပ်ဆင့်ဖိတ်ခေါ်၏။

'ကောင်းတယ်ဗျို့၊ ဒီလိုဆိုရင် ထမင်းစားခန်းထဲ သွားချကြရအောင်၊ အေးအေးဆေးဆေးပေါ့၊ ခင်ဗျား ထမင်းလဲ ဒီမှာစားသွား ဟုတ်လား၊ လာ....'

ကိုမင်းဆွေက နေရာမှထသော်လည်း ကိုသိန်းဇံက ခေတ္တစဉ်းစားနေ၏။ ထိုနောက်မှ သဘောတူသည်။

'ကျွန်တော်က ကျွန်တော့်မိတ်ဆွေ တစ်ယောက်နဲ့ အပြင်မှာ သောက်ဖို့ ချိန်းထားတာ၊ ကိစ္စမရှိပါဘူးလေ၊ ဒီမှာပဲ သောက်တော့မယ်၊ ကျွန်တော့်မိတ်ဆွေကို လှမ်းပြောပြီး အစီအစဉ်ဖျက်လိုက်ဦးမယ်'

ကိုသိန်းဇံကထ၍ တယ်လီဖုန်းနံပါတ် တစ်ခုကို လှည့်သည်။

'ဟလို.... ကိုအေးမောင်လား၊ ဟုတ်တယ်....သိန်းဇံပါ၊ ကျွန်တော်တို့ ဒီညနေ အစီအစဉ် ဖျက်လိုက်ကြရအောင်၊ ကျွန်တော် ဒီမှာ ကျွန်တော့်ဆရာတစ်ဦးနဲ့ အလုပ်ကိစ္စလေးက ရှိနေလို့ မလာအားတော့ဘူး၊ အေးဗျာ....ဆောရီးပဲ၊ စိတ်မဆိုးပါနဲ့၊ နက်ဖြန်ပေါ့ဗျာ၊ ဟဲ....ဟဲ့....ဟဲ....'

ကိုသိန်းဇံသည် တယ်လီဖုန်းကို ချလိုက်ပြီး ကိုမင်းဆွေနှင့် အတူ ထမင်းစားခန်းဆီသို့ ထွက်လာခဲ့သည်။

ကိုမင်းဆွေ၏လက်စွဲ တပည့်ကျော်မောင်ညိုလှနှင့်ထမင်းချက် တစ်ဦးက အရက်ဗိုင်းကိုဖြင့်ပေးသည်။



ကိုမင်းဆွေသည် ကိုသိန်းဇံနှင့် ဖန်ခွက်ချင်း တေ့ခတ်၍ ဆို၏။

'ကဲ....ကျွန်တော့် ဇနီးလောင်းနဲ့ ခင်ဗျားရဲ့ ကျေးဇူးအတွက်'

ခါတိုင်း ကိုမင်းဆွေ ညှော်ခံသည်မှာ မော့(တ်)ဝီစကီဖြစ်သည်။ ယခုညနေတွင်မူ ဘသက်(ခ်)လေဘယ်(လ်) ဖြစ်နေ၏။

မောင်ညိုလှက အမြည်းများကို ပြင်ဆင်ယူလာသည်။

ကိုသိန်းဇံက ဝီစကီကို ခြိမ်းရေရှက်ရေ မော့ချရာမှ အကြံပေးသည်။

'အရက်သောက်ရတာ ခံတွင်းတွေ့လိုက်တာ၊ ဒီလိုလုပ်ရအောင် ဆရာ၊ ထမင်း သတ်သတ် မစားချင်ဘူး၊ အမြည်းကောင်းကောင်းပဲ အရက်နဲ့ တဝချရအောင်၊ ကျွန်တော်သိပ် အရက်သောက်ချင်နေတယ်'

ကိုမင်းဆွေက အလွယ်တကူ ခေါင်းညိတ်၏။

'ခင်ဗျား သဘောပါဗျာ၊ ကျွန်တော်က ခင်ဗျားကို ပြုစုချင်တာ ကြွာလှပြီ၊ ဟေ့....မောင်ဘစိုး၊ ဆရာတို့ ထမင်းမစားချင်ဘူး၊ သောက်ရင်းစားဖို့ ဘာရမလဲ'

မောင်ဘစိုးဆိုသူ ထမင်းချက်က ခေတ္တသာ စဉ်းစားပြီး ဖြေသည်။

'ချစ်ကင်းရို့(စ်) ရမယ်ဆရာ၊ ထူးနားဖစ်(ရှ်) ဆန်းဒွစ်၊ ဝက်အူချောင်းကြော်၊ ပြီးတော့....ဆရာလိုချင်ရင် ဆိတ်သားခပတ် လုပ်ပေးမယ်လေ'

www.burmeseclassic.com

www.burmeseclassic.com



'အေးအေး၊ ဒီလောက်ဆို လုံလောက်ပြီ၊ ကဲ....ကဲ.... မင်းတို့ သွားလုပ်'

မောင်ဘစိုးနှင့် မောင်ညိုလှ ထွက်သွားကြသည်။

ကိုမင်းဆွေနှင့် ကိုသိန်းဇံတို့က ဆက် သောက်ကြ၏။ နာရီဝက်ခန့်အကြာတွင် မောင်ဘစိုးပြောသော စားစရာတို့ အားလုံး ရောက်ရှိလာ၏။

အစာစား.လိုက်၊ သောက်လိုက်၊ စကားပြောလိုက်နှင့် နှစ်ဦးသား အလုပ်ဖြစ်နေရာ တစ်နာရီကျော်ကျော်ကြာသော အခါ ပုလင်းကြီးတစ်လုံး ပြောင်လုရှိလာသည်။

ကိုမင်းဆွေမှာ အတန် မူးနေပုံရ၏။ ကိုသိန်းဇံမှာကား ရေချိန်ပြည့်ရုံသက္ကာန်သာ ရှိနေသည်။

ကိုမင်းဆွေက ပုလင်းတွင်ကျန်သော အရက်တို့ကို သူ့ဖန်ခွက်နှင့် ကိုသိန်းဇံ၏ ဖန်ခွက်များထဲသို့ တစ်ဝက်စီ ဝေထည့်ပေးပြီးဆို၏။

'ကျွန်တော်တော့ တော်တော်မူးနေပြီ ကိုသိန်းဇံ၊ ဒါပေမယ့် ကိစ္စမရှိပါဘူး၊ နောက်ထပ်တစ်လုံး ထပ်ဖွင့်ကြသေးတာပေါ့၊ အားရအောင်သောက် ကိုသိန်းဇံ၊ ကျွန်တော်လဲ သောက်မယ်၊ ဟား....ဟား၊ ခင်ဗျားသိလား ကိုသိန်းဇံ၊ သန့်ကလေ အရက်အလွန်အကျွံ သောက်တာကို မကြိုက်ဘူးဗျ၊ ခင်ဗျားသိရဲ့လား၊ ဟဲ....ဟဲ၊ နောက်ဆိုရင် ခင်ဗျားဆရာကတော်က ဒီလိုသောက်ခွင့်ပေးမှာ မဟုတ်ဘူး သိရဲ့လား'

ကိုမင်းဆွေ၏ စကားပြောဟန်မှာ အာလေးလျှာလေး နိုင်နေ၏။



ကိုသိန်းဇံက ဘာမျှမပြောဘဲ ခေါင်းညိတ်နေသောအခါ ကိုမင်းဆွေကထ၍ အရက်ပုလင်းသစ် တစ်လုံးယူသည်။

ထိုအခိုက်တွင်ပင် အိမ်ရှေ့မှ တယ်လီဖုန်းမြည်သံ ကြားရ၏။ ခဏတွင်ပင် မောင်ညိုလှပေါ်လာသည်။

ကိုမင်းဆွေက မကျေနပ်ဟန် မျက်မှောင်ကြုတ်လျက် မေးသည်။

'ဘယ်သူလဲကွ၊ ဒီအချိန်ကြီး ငါမရှိဘူးလို့ မပြောလိုက်ဘူးလား'

'ပြောလို့မဖြစ်ဘူး ဆရာ၊ အခု....အခု ဆက်တာက တို.... ဆရာ့ အဲ....မမသန့်ခင်ဗျ'

မှုန်စင်းနေသော ကိုမင်းဆွေ၏ မျက်လုံးများက ပြူးသွားသည်။

'ဘာ....သန့် ဟုတ်လား၊ သန့်က ငါ့ကိုခေါ်တယ်၊ အေး အေး....'

'သူက နေရာမှထစဉ် ကုလားထိုင်နှင့်ပြန်တိုက်၍ ဒယီးဒယိုင် ဖြစ်သွားသောကြောင့် ကိုသိန်းဇံက ဝင်ပြောသည်။

'ဟော့....မောင်ညိုလှ၊ မင်းဆရာကို တယ်လီဖုန်းနားအထိ တွဲခေါ်သွားလေကွာ'

မောင်ညိုလှသည် ကိုသိန်းဇံ၏ စကားကို နားထောင်၍ သူ့ဆရာအား တွဲလျက်ထွက်ခွာသွားသည်။

ထိုခဏတွင်ပင် ကိုသိန်းဇံမှာ လှုပ်ရှားလာ၏။ သူ့ အမူအရာမှာ အရက် ဤမျှသောက်ထားလျက်က ဖျတ်လတ် သွက်

www.burmeseclassic.com

www.burmeseclassic.com



လက်နေ၏။ မျက်လုံးများကလည်း ထမင်းစားခန်းကို လျှင်မြန်စွာ အကဲခတ်လိုက်ပြီးဖြစ်သည်။

သူသည် အိတ်တွင်းမှ အထုပ်ငယ်လေးတစ်ခုကို ထုတ်ယူလိုက်သည်။ အထုပ်ငယ်လေးကို သွက်လက်စွာဖြေပြီး ခေတ္တစဉ်းစားချိန်ဆသည်။ ထိုနောက် အထုပ်တွင်းရှိ ဖြူဖြူအမှုန့်တစ်ဝက်ခန့်ကို ကိုမင်းဆွေ၏ အရက် ဖန်ခွက်အတွင်းသို့ လောင်းထည့်လိုက်၏။

ကိုမင်းဆွေနှင့် မောင်ညိုလှ ပြန်ပေါ်လာသောအခါ ကိုသိန်းဇံသည် ကြူနွေ့မပျက် အရက်နှစ်ခွက်ကို ရေခဲနှင့် ဆော်ဒါရောစပ်နေ၏။

ကိုမင်းဆွေက ကိုသိန်းဇံ၏ လှမ်းပေးသောခွက်ကို ယူ၍ တစ်ကျိုက်မော့ချလိုက်ပြီး ရယ်သည်။

'သန့်က ဆက်တာဗျ သိလား ကိုသိန်းဇံ၊ သန့်ကလေ... သန့်က ဟဲ...ဟဲ...သိပ် ချစ်စရာကောင်းတယ်'

သူသည် အရက် တစ်ကျိုက်မော့ချလိုက်ပြန်၏။ အာလေးလျှာလေးနှင့် စကားကိုလည်း ဆက်ပြန်၏။

'သန့်က သိပ်ချစ်စရာကောင်းတယ် သိလားဗျ၊ ကျွန်တော်က မင်္ဂလာဆောင်ကို မြို့တော်ခန်းမမှာ အကြီးအကျယ် လုပ်ချင်တယ်၊ သန့်က တိတ်တိတ်ဆိတ်ဆိတ်ပဲ ရုံးမှာ လက်ထပ်ချင်တယ်၊ ဘယ်ဖြစ်မလဲဗျ၊ အခုတော့ သန့်က ပြောတယ်၊ ကျွန်တော့်သဘောတဲ့ သိလား၊ ဟဲ...ဟဲ၊ မောင့်သဘောပေါ့ဗျာ ဟုတ်လား၊ ဘာတဲ့ ဟိုသီချင်းဟာ၊ မောင့်သဘောကို ထာဝစဉ်လိုက်လျောမယ့် ချစ်သော အိမ်သူဆွေပါရှင်'



ကိုမင်းဆွေသည် သိနေသံထားဖြင့် ဆိုပြနေရာမှ ခေါင်းငိုက်ခနဲ စိုက်ကျသွား၏။

ကိုသိန်းဇံက သူ့ကိုစူးစိုက်ကြည့်သည်။

ကိုမင်းဆွေ၏ခေါင်းမှာ ပြန်ထောင်လာပြီး အဓိပ္ပာယ်မရှိသယောင် ရယ်လိုက်ပြန်၏။

'သန့်က ကျွန်တော့်ကိုချစ်ပါတယ်ဗျ၊ သိသား ကိုသိန်းဇံ၊ ချစ်တယ်၊ သိပ်...ချစ်တယ်၊ ငယ်ငယ်လေးကတည်းက ချစ်ကြတာ၊ ဒါပေမယ့် နောက်တော့ ကျွန်တော်က တတိယလူတဲ့ဗျ သိလား၊ ကျွန်တော်က...တတိယ...လူ...တဲ့'

ကိုမင်းဆွေ၏ရှုမှာ တည်သွား၍ မျက်နှာထားမှာလည်း တင်းမာသွား၏။

'ကျွန်တော် ဘာကြောင့် တတိယလူဖြစ်ရသလဲ၊ သိလား ကိုသိန်းဇံ၊ ခင်ဗျား သိရဲ့လား'

သူသည် အကြောင်းမဲ့ဒေါသကြီးလာ၍ အော်သည်။

'ခင်ဗျား မသိဘူး ကိုသိန်းဇံ၊ ခင်ဗျားလဲ မသိဘူး၊ ကမ္ဘာစကြဝဠာလုံးလဲ မသိဘူး၊ ကျွန်တော်ရယ်၊ သန့်ရယ်၊ အစ်ကိုကြီးရယ် သုံးယောက်ပဲသိတယ်၊ တခြား ဘယ်သူမှ မသိဘူး'

ကိုသိန်းဇံက မျက်လုံးများကိုမှေးလျက် မှုန်မှုန်ဟန်နှင့် သူ့ကိုကြည့်သည်။ သို့ရာတွင် ကိုသိန်းဇံ၏နားများမှာ ကောင်းစွာစွင့်လျက်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုမင်းဆွေက အရက်ကိုမော့လိုက်ပြန်ကာ ဖန်ခွက်ကို အသံမြည်အောင် စားပွဲပေါ်သို့ ဆောင့်ချလိုက်သည်။ ထို့နောက်မှ ဆက်ပြောသည်။

'ကျွန်တော်ပြောပြမယ်၊ အစက ကျွန်တော်ဟာ သန့်ရဲ့ ဒုတိယလူ၊ ကိစ္စမရှိဘူး၊ အရွယ်ရောက်လာရင် အလိုလို ပထမလူဖြစ်ရမှာပဲ၊ ဒီမှာ ဟေ့လူ....ကိုသိန်းဇံ၊ မိန်းမ တစ်ယောက်ရဲ့ ပထမလူဟာ ဘယ်သူလဲ၊ ခင်ဗျားသိသလား'

ကိုသိန်းဇံကလည်း အာလေးလျှာလေးနှင့် ပြေသည်။

'မိန်းမတစ်ယောက်ရဲ့ ပထမလူဆိုတာ သူ့ချစ်သူ သို့မဟုတ် လင်ပေါ့ ဆရာရဲ့'

ကိုမင်းဆွေသည်....

'အဲ....ဟဲ....ဟဲ....ခင်ဗျား လူပျိုကြီး နားလည်သားပဲ'

ဟု ဆို၍ လက်တစ်ဖက်ဖြင့် စားပွဲကိုတအားပုတ်သည်။ လက်အကျတွင် ခေါင်းပါ ထိုးကျသွားသော်လည်း ငွတ်ပြန်လည်ထူထောင်၍ ပြောသည်။

'မိန်းမတစ်ယောက်ရဲ့ပထမလူဟာ သူ့ချစ်သူ၊ ပြီးတော့ အဲ....သူ့လင်၊ သိပ်မှန်တယ်၊ အားကြီးမှန်တယ်၊ သောက်ရမ်းကို မှန်တာ ခင်ဗျား၊ ကိုသိန်းဇံ ခင်ဗျား ပညာရှိပဲ'

သူသည် ခွက်ကိုမော့ပြန်သည်။ ခွက်ကပြောင်သွားသဖြင့် မောင်ညိုလှက အနည်းငယ် ထပ်ဖြည့်ပေးသည်။

'ခင်ဗျားက ပညာရှိပဲ သိလား ကိုသိန်းဇံ၊ ခင်ဗျားကို ကျွန်တော် ပိုအထင်ကြီးသွားပြန်ပြီ၊ ဟေ့ကောင် မောင်



ညိုလှ၊ သူ့ထဲလဲ ထပ်ထည့်ပေးဦး၊ ပညာရှိဆိုတာကို ပူဇော်ရတယ်၊ ကြိုက်တတ်တဲ့ ယမကာနဲ့ ပူဇော်ရတယ်'

မောင်ညိုလှက ကိုသိန်းဇံ၏ခွက်တွင်းသို့ အရက်ငှဲ့ပေးသည်။ ဤသည်ကို မပွင့်တပွင့်မျက်လုံးများနှင့် ကြည့်ရင်း ကိုမင်းဆွေက အလွန်သဘောကျစွာဆို၏။

'ပူဇော်....ပူဇော်....မောင်ညိုလှ၊ သူက ပညာရှိ၊ ဆရာ့ကျေးဇူးရှင်.... ဟား.... ဟား၊ ဒီမှာ ကိုသိန်းဇံ၊ ခင်ဗျား ပြောတာ သိပ်မှန်တယ်၊ အားကြီးမှန်တယ်၊ သောက်ရမ်းကို မှန်တယ်၊ မိန်းမတစ်ယောက်ရဲ့ပထမလူဟာ သူ့ချစ်သူ၊ သူ့လင်၊ ဒါပေမယ့် ကျွန်တော်မေးမယ်၊ သန့်ရဲ့ပထမလူဟာ ဘယ်သူဖြစ်ခဲ့သလဲ သိလား၊ ဟင်.... ခင်ဗျားမသိဘူး၊ တစ်လောကလုံးမသိဘူး၊ ဒါပေမယ့် ကျုပ်သိတယ်၊ သူက.... သူက....နှင်းမောင်ဗျ၊ သန့်ရဲ့မောင်ဆိုတဲ့ကောင် နှင်းမောင်'

မူးနေသော ကိုမင်းဆွေ၏ မျက်နှာကြီးသည် ခက်ထန်သွား၏။ ကိုသိန်းဇံကလည်း မျက်လုံးကိုဖြဲ၍ ကြည့်သည်။

'အဟတ်.... ဟတ်.... ဟတ်.... ဟား....ဟား....ဟား....နှင်းမောင်၊ သန့်ရဲ့မောင်ဆိုတဲ့ နှင်းမောင် မဟုတ်ဘူး၊ သန့်ရဲ့မောင် မဟုတ်ဘူး၊ အလကား မြေကြီးပေါ်က ကောက်ယူထားတဲ့ ကောင်၊ မြေကြီးမှ ရိုးရိုးမြေကြီးမဟုတ်ဘူး၊ သင်္ချိုင်းကုန်းဗျ သိလား၊ သင်္ချိုင်းကုန်းဘေးမှာ ပုဆိုးစုတ်နဲ့ လွှင့်ပစ်ထားလို့ ယက်ကန်ယက်ကန်နဲ့ သေမလိုဖြစ်နေတဲ့ကောင်'

www.burmeseclassic.com

www.burmeseclassic.com



ကိုမင်းဆွေသည် အရက်ခွက်ကို မော့လိုက်ပြန်၏။ လူက မူးနေသော်လည်း ခက်ထန်သောစိတ်က သူ့ကို ထူထောင်ထားပုံရ၏။

'ဘယ်သူ့ဘုရားဇာတ်က ပစ်သွားတယ်မသိဘူး၊ အဲဒါကျွန်တော့် အဖေဟာ အရေးပိုင်ဗျ....သိလား၊ သန့်တို့အဖေက ခရိုင်ဆရာဝန်ကြီးတစ်ဦးပဲ၊ အဲ....သန့်တို့အမေက ထားဝယ်ဘက်က မိုင်းသူဌေးသမီး၊ သိပ်ချမ်းသာတယ်၊ ဖေဖေနဲ့ သန့်တို့အဖေဟာ မန္တလေးမှာဆုံကြတယ်၊ ဒီတုန်းက ကျွန်တော်က လေးနှစ်သား၊ သန့်က နှစ်နှစ်သမီး၊ သိပ်....သိပ်ချစ်ကြတာပေါ့ဗျာ၊ မဒရပ်(မုတ္တရေ)နယ်မှာ ပလိပ်ရောဂါဖြစ်တော့ ဖေဖေနဲ့သန့်တို့အဖေ နယ်လှည့်ကြရင်း ဒီကောင်နှင်းမောင်ကို မဒရာသချိုင်းဘေးက ကောက်ရလာတာ၊ အဲဒါကို သန့်တို့အဖေက မွေးစားပြီး သားအရင်းလို လိမ်ထားတာ၊ သန့် ကောင်းကောင်းသိတယ်၊ အစ်ကိုကြီးလဲ သိတယ်'

ကိုသိန်းဇံက ငြိမ်၍နားထောင်မိ၏။ ကိုမင်းဆွေကာသာ စားပွဲကို စူးစိုက်ကြည့်ရင်း အရက်နှင့် အမှန်းတို့ပူးပေ့ လျက် မူးယစ်စွာဆို၏။

'အဲဒီကတည်းက ဒီကောင် နှင်းမောင်ဟာ သန့်ရဲ့....တောက်....မပြောချင်ဘူး၊ အသည်းစွဲဖြစ်လာတယ်ပေါ့ဗျာ၊ အရွယ်ရောက်တော့ ခွေးမ...ား မြေကြီးပေါ်ကကောင်က ပထမလူဖြစ်နေတယ် သိလားဗျ၊ ကျုပ်မကျေဘူး၊ မကျေလို့ ဘဲ ကျုပ်လုပ်တယ်၊ ဘာပြောမလဲ၊ ဘယ်သူက ဘာခပြော



မလဲ၊ အခုတော့ ကျုပ်အောင်တယ်၊ ကျုပ်ပထမလူဖြစ်ပြီ သိလား၊ ဟား ဟား....ပထမလူ၊ သန့်ရဲ့ ပထမလူ၊ ကျုပ်သိပ်ချစ်တဲ့ သန့်ရဲ့ ပထမလူ'

ကိုမင်းဆွေသည် အရက်ဖန်ခွက်ကို မ၍ သောက်ရန်ပြင်သည်။ သို့ရာတွင် ဖန်ခွက်မှာ လက်တွင်းမှလွတ်ကျ၍ အစိတ်စိတ် အမွှာမွှာ ကွဲသွား၏။ သူ့ခေါင်းသည်လည်း စားပွဲပေါ်သို့ ဆောင့်ကျသွား၏။ ဤအကြိမ်မူ ခေါင်းပြန်မထူလာနိုင်။

ကိုသိန်းဇံက လျှာလေးအာလေးနှင့် မောင်ညိုလှကို ပြော၏။

'မင်းတို့ဆရာ မူးပြီး လွတ်နေပြီ၊ အခန်း ခေါ်သွားပြီး သိပ်လိုက်တော့၊ သွား သွား....မြန်မြန်သွား'

မောင်ညိုလှက မောင်ဘစိုးကို လှမ်းခေါ်သည်။ သူတို့နှစ်ဦးသည် ကိုမင်းဆွေကို တွဲယူခေါ်ထုတ်သွားကြ၏။

ကိုသိန်းဇံက မတ်တတ်ထကြည့်၏။ ထိုအခါ မိမိကိုယ်ကိုလည်း အတန်မူးနေမှန်း သတိပြုမိ၏။ သို့ရာတွင် သတိလွတ်အောင် မမူးသေး။

ကိုသိန်းဇံသည် စားပွဲ၌ချက်နှာခမှောက်ကာ ငြိမ်နေလိုက်သည်။

ခြေသံများကြားရပြီး မောင်ညိုလှအသံ ပေါ်လာလေသည်။

'ဟာ.... ဆရာကိုသိန်းဇံကြီးကပါ မူးနေပြီ၊ ဒုက္ခပါပဲ၊ ဆရာ....ဆရာ'

www.burmeseclassic.com

www.burmeseclassic.com



မောင်ညိုလှဘ ကိုသိန်းဇံကို လှုပ်နှိုးသည်။

ကိုသိန်းဇံ ခေါင်းထူလာပြီး ဖြေသည်။

'မောင်ညိုလှ....ငါလဲ သိပ်မူးနေပြီ၊ ကားမောင်းမြန်လို့ ရမှာ မဟုတ်ဘူး၊ ငါ ဒီမှာပဲအိပ်တော့မယ်၊ အခန်းတစ်ခု ပြင်ထားကွာ၊ အေး....ရေခဲမာတီဘူးနဲ့ ပုလင်းကိုလဲ အခန်းထဲ ပို့ထား၊ ငါ ဆက်သောက်ဦးမယ်၊ ပြီးတော့ မောင်ညိုလှ၊ငါ့ကား ဖင်ထိုင်ခုံအောက်မှာ သားရေသေတ္တာလေး တစ်လုံးပါတယ်၊ အဲဒါသွားယူခဲ့'

မောင်ညိုလှ ထွက်သွားသည်။ ကိုသိန်းဇံက စားပွဲ၌ မျက်နှာ မှောက်ထား၏။ ဘေး၌ရှိသောမောင်ဘစိုးက သမ်းဝေပြီး အပေါ်ထပ်သို့ တက်သွား၏။

မောင်ညိုလှက သားရေသေတ္တာလေး တစ်ခုနှင့်အတူ ပြန်ရောက်လာ၏။

သူသည် စားပွဲပေါ်မှ မသောက်ရသေးသော ဝီစကီ ပုလင်းကို ဖောက်ကာ ဖန်ခွက်တစ်ခုတွင်း ငှဲ့၍သောက်၏။ မကြာမီ မောင်ဘစိုးလည်း ဆင်းလာ၏။

မောင်ညိုလှကမေးသည်။

'အိပ်ရာ ပြင်ပြီးပြီလား'

'ပြင်ပြီးပြီဗျ၊ ကျွန်တော့်လဲ တစ်ခွက်ပေးဦး'

ကိုသိန်းဇံ က ခေါင်းမော့၍ သူတို့နှစ်ဦးကို ကြည့်သည်။ ထိုနောက် အားရစွာ ရယ်မောလျက်ရှိ၏။

'ဟာ....ငါ့လူတွေကလဲ နှိပ်သကိုး၊ ကဲ....ဖန်ခွက်တွေ ပေး၊ ရိက္ခာယူထားကြ'



ကိုသိန်းဇံဘ သူတို့၏ ဖန်ခွက်များတွင်းသို့ ဝီစကီကို ပြည့်အောင် ပေါင်းထည့်ပေးသည်။ သားရေ သေတ္တာကို ဆွဲမယူပြီး ဆို၏။

'ကဲ....ကိုယ့်လူတို့ ဆက်သောက်ကြ၊ ငါ့ကိုတော့ လိုက်ပို့ ပေးကြဦးကွာ'

မောင်ဘစိုးက ရေခဲမာတီဘူး၊ အရက်ပုလင်း၊ ဆော်ဒါ ပုလင်းနှင့် ဖန်ခွက်ကိုယူသည်။ မောင်ညိုလှက ကိုသိန်းဇံ ကို တွဲခေါ်၏။

အပေါ်ထပ်ရှိ အခန်းတစ်ခု၌ ကိုသိန်းဇံကို သူတို့က နေရာချပေးသည်။

ကောင်လေးများ ဆင်းသွားသောအခါ ကိုသိန်းဇံသည် အိပ်ရာထက်၌ မလှဲဘဲ ထိုင်လျက်အနားယူသည်။ နာရီကို ငုံ့ကြည့်လိုက်သောအခါ ညဥ့်ဆယ့်တစ်နာရီ ရှိနေလေပြီ။

ကိုသိန်းဇံသည် ရေခဲရေ တစ်ခွက် ငှဲ့သောက်၏။ နောက် တစ်ခွက် ငှဲ့ကာ မျက်နှာသစ်သည်။ အေးမြသော ရေခဲမာတီ ကြောင့် အိပ်ချင်နေသော မျက်လုံးများ ကြည်လာသည်။

စီးကရက် တစ်လိပ်ကိုဖွာလျက် ပြတင်းမှ အပြင်ဘက်သို့ ငေးကြည့်သည်။

လရောင် မှုန်ပျပျသာနေ၏။ လေရူးအဝှေ့၌ ရွက်ဝါများ ကြွေဆင်းကျနေသည်။

www.burmeseclassic.com

www.burmeseclassic.com



စီးကရက် တစ်လိပ် တိုသွားသောအခါ ကိုသိန်းဇံသည် သူ၏သေတ္တာလေးကို ဖွင့်ကြည့်သည်။ သူလိုသော ပစ္စည်းများကား အဆင်သင့်တည်း။ ကိုသိန်းဇံက အခန်းမီးကို ပိတ်လိုက်၏။

အောက်ထပ်မှ တံခါးပိတ်သံ၊ ခြေသံများကြားရသည်။

ကိုသိန်းဇံက ရေခဲရေ သောက်ပြန်၏။ မျက်လုံးတို့ကိုလည်း ရေခဲရေ ဆွတ်ပေးနေသည်။ လည်ကုပ်ကိုပါ ရေခဲရေနှင့် ဆွတ်ပေး၏။

ကိုသိန်းဇံသည် ဤသို့ဖြင့် တစ်နာရီခန့် စောင့်နေသည်။

အိမ်ကြီးတစ်ခုလုံး တိတ်ဆိတ်မှောင်မည်း၍ ငြိမ်သက်လေခါမှ ကိုသိန်းဇံ အလုပ်စသည်။

ပထမဦးစွာ သူက သေတ္တာလေးတွင်းမှ သူလိုချင်သော ပစ္စည်းများကို ထုတ်ယူသည်။ ထိုနောက် တံခါးကို အသံမမြည်အောင် ဖွင့်လျက်ထွက်ခဲ့ပြီး အရိပ်အခြည်ကို အကဲခတ်သည်။

အစစအရာရာကို စိတ်ကျေနပ်လေပါမှ ကိုသိန်းဇံသည် အခန်းတွင်းမှ ထွက်လာခဲ့သည်။

သူက ရှေ့ဦးစွာ ကိုမင်းဆွေ၏ အိပ်ခန်းသို့သွားသည်။

ကိုမင်းဆွေ၏ အိပ်ခန်းမှာ အတွင်းမှချက်ချမထား။ ထို့ကြောင့် အခန်းတွင်းသို့ အလွယ်တကူ ဝင်ရောက်နိုင်သည်။



အခန်းတွင်း၌ မီးရောင်မရှိ။

ကိုသိန်းဇံက သူ၏ မီးရောင် မှုန်မှုန်သွယ်သွယ်သာ ထွက်သည့် လက်နှိပ်ဓာတ်မီးကို အသုံးပြုလျက် အခန်းကို စစ်ဆေးသည်။

စိတ်ဝင်စားဖွယ် မည်သည်ကိုမျှ မတွေ့။

ကိုသိန်းဇံသည် ကိုမင်းဆွေ၏ ခုတင်နားသို့ ချဉ်းကပ်သွားသည်။

ကိုမင်းဆွေကား တခေါခေါနှင့် အိပ်မောကျနေသည်။

ကိုသိန်းဇံက ကိုမင်းဆွေ၏ ခေါင်းအုံးအောက်တွင် ရှာကြည့်သည်။

ပစ္စတိုသေနတ် တစ်လက်မှတစ်ပါး အခြား ဘာမျှမတွေ့။

ကိုသိန်းဇံက ကိုမင်းဆွေ၏ ကိုယ်ပေါ်တွင် ညင်သာစွာ စမ်း၍ ရှာကြည့်သည်။

မောင်ညိုလှတို့က ဖြစ်သလို သိပ်ပစ်ခဲ့သောကြောင့် ကိုမင်းဆွေမှာ အဝတ်အစား မလဲသေး။

ကိုမင်းဆွေ၏ ခါးပတ်မှ စတိန်းလက်(စ်)စတီး(လ်) သံမဏိကြိုးငယ်သည် ဘောင်းဘီအိတ်တွင်းသို့ ကျဆင်းနေသည်။

ကိုသိန်းဇံက ကျင်လည်စွာဖြင့် သံမဏိကြိုးကို ဆွဲယူလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုသိန်းဇံ၏ လက်တွင်းသို့ သော့တွဲတစ်ခု ပါလာသည်။

သော့တွဲကိုယူကာ ကိုသိန်းဇံသည် ထွက်လာခဲ့၏။

လက်နှိပ်ဓာတ်မီးကိုပင် မသုံးဘဲ ကိုသိန်းဇံက လက်ဖြင့် စမ်းကာ ခြေကိုဖော့နင်းလျက် အောက်ထပ်သို့ ဆင်းလာခဲ့ပါသတည်း။

* * *

## (၁၂)

ချစ်သော ဤကမ္ဘာ

က

ရွက်ဝါရွက်မွဲတို့က အပြင်ဘက်၌ ကြွေသက်လဲနေသည်။ ဥဩငှက်ကလည်း လွမ်းဆွတ်ဖွယ် နွေ၏တေးကို ဖွဲ့ဆိုသီကျူးနေ၏။

ငွေလက သာနေသည်။ သို့ရာတွင် မြူတို့ကလည်း ဆိုင်း၍ ခရီးကျူးသော မိုးသားများကလည်း ဖြတ်သန်းနေ၏။

ငွေလဝန်းပမာ တင့်တယ်သော မလေးသန့်၏ မျက်နှာကို ကိုမင်းဆွေက အံကြိတ်ရင်း ကြည့်နေ၏။ သို့ရာတွင် မလေးသန့်၏ ဘေးမှရပ်နေသူများသည် သူ့အတွက် မြူနှင့် မိုးသားတွေပမာ ဖြစ်နေမည်လော၊ မသိ။

ကိုမင်းဆွေ မတုန်မလှုပ် ငြိမ်နေသကဲ့သို့ အားလုံးကလည်း မတုန်မလှုပ် ငြိမ်နေကြသည်။

ကိုမင်းဆွေက စားပွဲတစ်လုံးတွင် ထိုင်နေခြင်းဖြစ်သည်။ သူနှင့် ရင်ဆိုင်ထိုင်နေသူများကား ဒေါက်တာ ဦးထွန်း

www.burmeseclassic.com

www.burmeseclassic.com



အောင်၊ မလေးသန္ဓု၊ ဒေါက်တာ နှင်းမောင်နှင့် ကိုသိန်းဇံ တို့ဖြစ်သည်။

လက်နှစ်ဖက်ကို နောက်ပစ်၍ နံရံနှင့်ကျောကို ကပ်ကာ ကိုကံထူးကမူ ကျောက်ရုပ်ပမာ ရပ်နေ၏။

သူတို့ တစ်ဦးစီ၏ မျက်နှာများကို လှည့်လည်ကြည့်ပြီးသော ကိုမင်းဆွေ၏ မျက်လုံးများက ကိုသိန်းဇံ မျက်နှာတွင် စူးစိုက်ရပ်လိုက်၏။

အံကြိတ်ထားရာမှ ကိုမင်းဆွေသည် ဒေါသကို မဖုံးလွှမ်းနိုင်သော အသံဖြင့်ဆိုသည်။

'ခင်ဗျား သိပ်တော်တယ် ကိုသိန်းဇံ၊ ကျုပ်ကိုလဲ ကောင်းကောင်းသစ္စာဖောက်တယ်၊ အခုတော့ ခင်ဗျားတို့ ပိုင်နိုင်နေပါပြီ၊ တဲ့...တဲ့....၊ အဲဒီတော့ ဖြေကြပါဦး၊ ဘာကိစ္စကြောင့် ဒီညနေမှာ ခင်ဗျားတို့က ကျုပ်ကို တယ်လီဖုန်းဆက်ခေါ်ကြတာလဲ'

ကိုမင်းဆွေသဏ္ဌာန်မှာ ထောက်ချောက်တွင်း၌ မိနေသော ကျားနာ၏ဟန် ပေါ်နေသည်။ သူ့ပါးစပ်မှလည်း အရက်နံ့တသင်းသင်း ထွက်လာနေ၏။

ကျန်လူအားလုံးက ကိုသိန်းဇံကို ဝိုင်းကြည့်ကြသည်။

ကိုသိန်းဇံက နေရာမှထ၍ စားပွဲတွင် လက်ထောက်ပြီး ကိုမင်းဆွေ၏ မျက်နှာကို စေ့စေ့ကြည့်သည်။ ထို့နောက် ဝီး



ကရက် တစ်လိပ်ကို ထုတ်ယူမီးညှိဖွာရှိုက်ပြီး အခန်းတွင်း၌ အေးချမ်းစွာ နှစ်လှမ်း သုံးလှမ်း လမ်းလျှောက်လိုက်သည်။

ကိုသိန်းဇံသည် အခန်းလယ်၌ ရုတ်တရက် ရပ်လိုက်ပြီး ကိုမင်းဆွေကို လက်ညှိုးထိုး၍ တည်ငြိမ်သောအသံနှင့်ဆို၏။

'ခင်ဗျားက ကျုပ်ကို သစ္စာဖောက်လို့ဆိုတယ်၊ ဟုတ်လား ကိုမင်းဆွေ၊ (ဆရာလို့မခေါ်ဘဲ) ကိုမင်းဆွေလို့ ခေါ်တာကိုတော့ သိမ်စိတ်မရှိပါနဲ့ ဟော်လုံဂျော်ပုမင်း၊ အို.... အို....မလှုပ်နဲ့လေ၊ ခင်ဗျား ဘောင်းဘီအိတ်ထဲမှာ ပစ္စတိုပါမှန်း ကျုပ် သိပါတယ်၊ ဒါပေမယ့် ဟောဟို ကိုကံထူးရဲ့ လက်ထဲမှာလဲ သေနတ်တစ်လက်က ရှိနေတယ်၊ ဒီတော့ ကောင်းကောင်း နားထောင်ပါ'

အမှန်ပင် ကိုမင်းဆွေက လှုပ်ရှားလိုက်သည်။ သို့ရာတွင် ကိုသိန်းဇံ၏ သတိပေးသံနှင့်အတူ ကိုကံထူးက သူ့ဆီ ဝို သေနတ် တစ်လက်ဖြင့် ချိန်ထားလျက်ရှိမှန်း တွေ့ရသဖြင့် ကိုမင်းဆွေ ငြိမ်နေလိုက်ရသည်။

ကိုသိန်းဇံက အသာပြုံးရင်း ဆိုသည်။

'ခင်ဗျားက ကျုပ်ကို သစ္စာဖောက်လို့ခေါ်တယ်၊ ဟုတ်လား ကိုမင်းဆွေ၊ သစ္စာဖောက်ဆိုတဲ့ စကားရဲ့အဓိပ္ပာယ်ကို ခင်ဗျား နားလည်ရဲ့လား၊ သစ္စာကိုဖောက်ဖို့ အစကတည်းက ခံယူထားတဲ့သစ္စာဆိုတာဟာ ရှိရတယ်၊ သစ္စာ

www.burmeseclassic.com

www.burmeseclassic.com



ဆိုတာဟာ အမှန်တရားကိုခေါ်တယ် ဝတ်လုံတော်ရမင်း။ ခင်ဗျားဘက်မှာ ဘာအမှန်တရား ရှိလို့လဲ’

ကိုမင်းဆွေက ကိုသိန်းဇံ ကို ဆတ်ခနဲ လှမ်းကြည့်သည်။ သို့ရာတွင် ဘာစကားမျှမပြောဘဲ ပြန်ငြိမ်သွား၏။

အခန်းတွင်း၌ ပြတ်သားခံအောင်မြင်သော ကိုသိန်းဇံ၏ စကားသံသည် ဆက်လက်ပေါ်ထွက်နေသည်။

အမှန်တရားဟာ ခင်ဗျားဘက်မှာ အစကတည်းက မရှိဘူး ကိုမင်းဆွေ၊ ခင်ဗျားက ကျုပ်ကို ခင်ဗျားရဲ့စုံထောက်အဖြစ် ငှားကတည်းက ကျုပ် ပြတ်ပြတ်သားသား ပြောခဲ့တယ်၊ ရာဇဝတ်မှုကိုထိမ်ချန်တဲ့ အလုပ်ဆိုရင် ကျုပ်မလုပ်ချင်ဘူးလို့၊ ဒါပေမယ့် ခင်ဗျားဟာ ကျုပ်ရဲ့ကျေးဇူးရှင် ဆိုတဲ့ အခွင့်အရေးကို မတရားယူပြီး ကျုပ်ကို အသုံးချခဲ့တယ်၊ ကျုပ်ကလဲ နွားတစ်ကောင်လိုပဲ ခင်ဗျားရဲ့ ကြိုးဆွဲရာ ကခဲ့ဘယ်၊ ဘယ်လောက်အထိ နွားကျသလဲ ဆိုရင် ဒီအိမ်ကြီးထဲ စွန့်ဝင်ခဲ့တဲ့အထိပဲ၊ ဒီအိမ်ကြီးထဲ ရောက်ရင် မတော်တဆ သေဘေးကို တွေ့နိုင်ဘယ်၊ ဒါကို ကျုပ်သိတယ်၊ ခင်ဗျားလဲ သိတယ်၊ သိလျက်နဲ့ ခင်ဗျား ကျုပ်ကို လွှတ်ခဲ့တယ်၊ အမှန်က ခင်ဗျားဟာ ကျုပ်သေသွားရင် ပိုဝမ်းသာမှာပဲ၊ ခင်ဗျားရဲ့ အကွက်ဆင်မှုဟာ ပိုအောင်မြင်သွားမှာကိုး၊ ဟုတ်ရဲ့လား ဝတ်လုံတော်ရမင်း’

ကိုမင်းဆွေ မဖြေ၊ အံကြိတ်လျက် ငြိမ်ဖြငြိမ်နေသည်။



‘နွားကျကျနဲ့ ဒီအိမ်ထဲဝင်ခဲ့တဲ့ ကျုပ်ဟာ သေဘေးကို တကယ်ရင်ဆိုင်ခဲ့ရတယ်၊ ဟောဒီ ဆရာဝန်မောင်နှမတွေမှာ ခင်ဗျားလိုပဲ ပြဟ္မစိုရ်ရိတရား ကင်းခဲ့ရင် ဒီအချိန်မှာ ကျုပ်ရဲ့ခန္ဓာဟာ မြာဖြစ်ပြီး အင်းလျားရေပြင်အောက် ရောက်နေပြီ ကိုမင်းဆွေ၊ အဲဒီလိုဖြစ်သွားရင်လဲ ခင်ဗျား ဝမ်းမနည်းပါဘူး၊ ဟုတ်တယ်လား’

ကိုမင်းဆွေ ငိုင်နေ၏။ ကိုသိန်းဇံကသာ ခံစားမှုအပြည့်ပါသော အသံနှင့် ဆက်ပြောသည်။

‘ဒါပေမယ့် ဘုရားသခင် ဂုဏ်ကျေးဇူးတော်ကြောင့် ကျုပ် မြာမဖြစ်ခဲ့ဘူး၊ မြာဖြစ်သွားတာကတော့ ခင်ဗျားရဲ့ ကျုပ်အပေါ်မှာရှိတဲ့ ကျေးဇူးဆိုတာပဲ ကိုမင်းဆွေ၊ ခင်ဗျားက ကျုပ်ကို ထောင်ကကယ်ခဲ့ဖူးတယ်၊ ဒါပေမယ့် ထော— သေတွင်းထဲပြန်ချခဲ့တယ်၊ ဒီ ဆရာဝန်မောင်နှမတွေကတော့ အနည်းဆုံး မျောက်ဝံကြီးတွေရဲ့ လက်က ကျုပ်ကို ကယ်ခဲ့ကြတယ်’

ဤစကားကြောင့် ကိုမင်းဆွေက မဲ့ပြုံးပြုံးလိုက်သည်။ ခနဲ့တဲ့တဲ့စကားကိုလည်း ဆို၏။

‘ခင်ဗျားရဲ့ ကျေးဇူးသိတတ်မှုကို ချီးကျူးပါတယ် ကိုသိန်းဇံ၊ ဒါပေမယ့် မေးရဦးမယ်၊ ခင်ဗျားက အခု ရာဇဝတ်မှုကို ထိမ်ချန်တော့မယ်ပေါ့ ဟုတ်တယ်လား’

www.burmeseclassic.com

www.burmeseclassic.com

ကိုသိန်းဇံသည် အလွန်သဘောကျဟန် အော်ရယ်လိုက်သည်။

'မှန်ပါတယ် ဝတ်လုံတော်ရမင်း၊ ရာဇဝတ်မှုကို ကျွန်တော် ထိမ်ချန်တော့မယ်၊ စကတည်းက ကျုပ်ဘဝက ထိမ်ချန်နေရတဲ့ ဘဝကို၊ ခင်ဗျားကစပြီး ထိမ်ချန်ခိုင်းတာပဲ၊ ခင်ဗျား ထိမ်ချန်ခိုင်းတာက ခင်ဗျားကိုယ်ကျိုးအတွက်၊ အခု ကျုပ် ထိမ်ချန်မှာက ကမ္ဘာ့သူ ကမ္ဘာ့သားတွေရဲ့ အကျိုးအတွက်၊ လူလုပ်ထားတဲ့ ဥပဒေအရတော့ ကျုပ်ဟာ ရာဇဝတ်မှုကို ထိမ်ချန်သူပဲ၊ ဒါပေမယ့် ဗြဟ္မစိုရ်တရားရဲ့ အမြင်မှာတော့ ကျုပ်ဟာ အမှန်တရားရဲ့ ဘက်တော်သားပဲ'

ကိုသိန်းဇံသည် ကိုမင်းဆွေအား စူးစိုက်ကြည့်သည်။

ကိုမင်းဆွေ၏ ခန္ဓာကိုယ်မှာ မခံချင်မှုကြောင့် လော၊ ဒေါသကြောင့်လော၊ အခြား ဘာကြောင့်လောမသိ တုန်ယင်နေသည်။

'ကျုပ် သိပ်ရှည်ရှည်မပြောချင်ဘူး ကိုမင်းဆွေ၊ ကျုပ်ဟာဒီ ဆရာနှင်းမောင်တို့ရဲ့ သုတေသနလုပ်ငန်းရဲ့ ရည်ရွယ်ချက်ကို နားလည်မိပြီ၊ ကျုပ် သူတို့ကိုထောင်မချရက်ဘူး၊ ထောင်လဲ မကျထိုက်ကြဘူး၊ အထူးသဖြင့် မြင့်မြတ်လှတဲ့ ဒေါက်တာ မလေးသန့်ဟာ ခင်ဗျားလို လူယုတ်မာ တစ်ဦးရဲ့ လက်ထဲကို အရောက်မခံနိုင်ဘူး၊ ခင်ဗျားဟာ ဘာကြောင့် ဒီလောက်ရက်စက်ရတာလဲ ကိုမင်းဆွေ၊ ခင်ဗျားမှာ နှလုံးသားမှရှိရဲ့လား'

ဤစကားအတွက်မူ ကိုမင်းဆွေက မချိပြုံး ပြုံးရှာ၏။

ကိုသိန်းဇံသည် နောက်ထပ်စီးကရက်တစ်လိပ်ကို ထုတ်ယူ ဖွာညှိပြီး ဆက်ပြော၏။

'ခင်ဗျားဟာ မိန်းမသားတစ်ဦးရဲ့အချစ်ကို ဓားပြတိုက်ယူချင်တဲ့ လူတစ်ယောက်ပဲ ဝတ်လုံတော်ရမင်း၊ အဲဒီအတွက် ကျွန်တော်စိတ်မကောင်းခဲ့ဘူး၊ ဒေါက်တာ မလေးသန့်ကသဲ မြင့်မြတ်တဲ့ရည်ရွယ်ချက် အောင်မြင်ရေးအတွက် မျက်ရည်လည်ရွဲနဲ့ ခင်ဗျားရင်ခွင်ထဲဝင်ဖို့ အဆင်သင့်ပါပဲ၊ ဒါပေမယ့် ဆရာကြီးဦးထွန်းအောင်နဲ့ ဆရာလေး ဒေါက်တာ နှင်းမောင်တို့ဟာ သူတို့ရဲ့ ချစ်လှစွာသော နှမကိုတော့ ခင်ဗျားလက်ထဲမအပ်ဘူး၊ သူတို့သာ ထောင်ထဲကိုဝင်သွားကြမယ်၊ အဲဒီရင်ကွဲစရာအဖြစ်ကို မကြည့်ရက်လွန်းလို့ ကျုပ်ဝင်စွက်ခဲ့တယ် ကိုမင်းဆွေ'

ကိုသိန်းဇံသည် သူ့ကိုယ်သူ အလွန်သဘောကျဟန် ရယ်သည်။

'အမှန်ကတော့ ခင်ဗျားဟာ အတော်ဖိုင်တဲ့လူပဲ ကိုမင်းဆွေ၊ ခင်ဗျားရည်ရွယ်ချက်အောင်ဖို့ ခင်ဗျားလက်ထဲမှာ သက်သေခံအချက် သုံးချက်ရှိနေတာကိုး၊ ပထမချက်က



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့် ဒိုင်ယာရီ၊ တစ်ချက်က ဒီအိမ်ထဲဝင်မယ်ဆိုတဲ့ ကျုပ်ရဲ့ မှာတမ်း၊ တစ်ချက်က ဟိုတစ်နေ့က ခင်ဗျားဖမ်းယူထားလိုက်တဲ့ အသံသွင်းတိပ်ခွေပဲ၊ အဲဒါတွေ အားလုံးကို မနေ့ညက ကျုပ်ပြန်ယူခဲ့ပြီးတာ ခင်ဗျားသိပြီးရောပေါ့၊ ခင်ဗျားကိုင်နိုင်တာ တစ်ချက်ပဲ ရှိတယ်၊ တာမွေသချိုင်း သွားပြီး မောင်လှငွေရဲ့ အလောင်းဟာ ဂူထဲမှာမရှိတာကို ပြမယ်၊ မောင်မြဇင်ရဲ့ အလောင်းပျောက်မှုကိုလဲ ဆရာနှင်းမောင်တို့အပေါ် အမှုပတ်အောင်ဆင်ယူမယ် ဟုတ်ရဲ့လား၊ အဲဒီအချက်တွေကတော့ ကျုပ်မဖြေရှင်းနိုင်တဲ့အချက်တွေပဲ၊ ဒါပေမယ့် ကံအားလျော်စွာ ဒီအချက်တွေကို ဟောဒီ ကိုကံထူးက အလွယ်လေးဖြေရှင်းနိုင်တယ်၊ မဟုတ်ဘူးလား ကိုကံထူး’

ကိုကံထူးက လက်တွင်းမှ ခြောက်လုံးပြူးကို လှုပ်ယမ်းရင်း ဖြေသည်။

‘ဟုတ်တာပေါ့ ဆရာဦးသိန်းဇံ၊ ကျွန်တော်က ဖြေမယ်၊ ဒီအလောင်းတွေကို ဘယ်သူဖော်လဲလို့ မေးလာရင် ကျွန်တော် ဖော်တယ်လို့ဖြေမယ်၊ ဘာကြောင့်ဖော်သလဲလို့ မေးရင် အဖြေက ရှင်းရှင်းပဲ၊ ကျွန်တော်တို့ သုဘရာဇာတွေဟာ ဒီလိုပဲ ခေါင်းပြန်ဖော်တတ်တာပဲ၊ ခေါင်း ကောင်းကောင်းကို ဆေးပြန်သုတ်ရောင်းရင် ပိုက်ဆံရတယ်၊ ခေါင်းထဲက အရိုးတွေကို ဆေးကြော အရောင်တင်ပြီး ပြန်ရောင်းရင်လဲ ပိုက်ဆံရတာပဲ၊ အဲဒါကြောင့်ဖော်တယ်လို့ ပြော



မယ်၊ ထောင်ကျသွားရင်လဲ မမှုပါဘူး၊ သုဘရာဇာတစ်ဦး အတွက် ထောင်ကျလို့ ဘာမှ မှုစရာမရှိဘူး’

ကိုမင်းဆွေသည် အံကိုကြိတ်၍ ငြိမ်နားထောင်နေသည်။ သို့ရာတွင် ချက်ချင်းပင် ဟက်ဟက်ပက်ပက် ရယ်မောသည်။

‘ပိုင်ပါပေ့ဗျာ၊ သိပ်ပိုင်ပါပေ့၊ ဒါပေမယ့် ကျုပ် လက်ထဲမှာ တခြားအချက်တစ်ချက် ရှိသေးတယ်၊ အဲဒီအချက် နဲ့ ခင်ဗျားတို့ကို သောင်ချရုံပဲ၊ ဒီအချက်ကို ဖွင့်မပြောနိုင်တဲ့ အတွက်တော့ ဝမ်းနည်းပါတယ်’

ကိုသိန်းဇံကလည်း ဟက်ဟက်ပက်ပက် ပြန်ရယ်မော သည်။

‘ဝမ်းမနည်းပါနဲ့ ကိုမင်းဆွေ၊ ဒီအချက်ကို ကျွန်တော် တို့က သိပြီးသားပါ၊ အဲဒါဟာ ဘာဆိုတာလဲ ရှင်းပြပါ့ မယ်၊ ခင်ဗျားက မောင်မြဇင်ရဲ့ အလောင်း ပျောက်မှုနဲ့ ကျုပ်တို့ကိုပတ်မယ်၊ ပြီးတော့ အထူးသဖြင့် ကျုပ်ကိုပတ်မယ်၊ ကျုပ်ဟာ ဦးထွန်းသော်ဆီက ပိုက်ဆံယူပြီး အမှုကို လှည့် ပတ်တယ်လို့ စွပ်စွဲမယ်၊ ဒါပေမယ့် တရားသူကြီးတွေဟာ ဒီလောက် ဦးနှောက်မဲ့သူတွေ မဟုတ်ဘူး၊ တရားသူကြီး တွေ မပြောနဲ့၊ ကာယကံရှင် နွဲ့နွဲ့ဇင်တောင်မှ ခင်ဗျားကို ယုံမှာမဟုတ်ဘူး၊ အဲဒါကို ကျုပ်လက်တွေ့ပြမယ် ကိုမင်း ဆွေ....’

ကိုသိန်းဇံသည် လက်ခုပ်သုံးချက် တီးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အခန်းတံခါး ပွင့်လာပြီး တစ်စုံတစ်ယောက်က ဝင်လာသည်။

ကိုမင်းဆွေမှာ ပါးစပ်အဟောင်းသားနှင့် ငေးကြည့်နေမိ၏။

ဝင်လာသူမှာ အခြားမဟုတ်၊ နွဲ့နွဲ့ဇင်သာတည်း။

နွဲ့နွဲ့ဇင်၏ မျက်နှာလေးမှာ နူနယ်ချောမွေ့မြဲ ချောမွေ့နေသည်။ သို့ရာတွင် မျက်လုံးများက ခက်ထန်နေ၏။ ပြောသော စကားမှာ သရော်သံပါနေ၏။

'သိပ်အံ့ဩသွားသလား၊ ဟုတ်လား ဦးမင်းဆွေ၊ ဦးမင်းဆွေလို့ ခေါ်လို့ စိတ်ကောဆိုးသေးသလား၊ ဒါပေမယ့် ရှင့်အတွက် ယောကျ်ားသဘာဝ တပ်မက်မှုလောက်နဲ့သာ ထိုက်တန်ပြီး ရာသက်ပန်ဘဝ ကြင်ဖော်အဖြစ် မတန်တဲ့ နယ်လီက ရှင့်ကို ဦးမင်းဆွေလို့ခေါ်တာ သိပ် မစိမ်းကားလှပါဘူး၊ ဟုတ်ရဲ့လားရှင့်'

ကိုမင်းဆွေသည် နယ်လီ၏ မျက်လုံးများကို ရင်မဆိုင်ရဲတော့ဘဲ ခေါင်းငုံ့ပစ်လိုက်သည်။ လက်သီးကိုမူ ကျစ်ကျစ်ပါအောင် ဆုပ်ထားသည်။

နယ်လီ့ အသံသည်သာ သရော်သံမှ မခံချင်သံသို့ပြောင်းသွား၏။

'ရှင်ဟာ အင်မတန် ပက်စက်ယုတ်မာတဲ့ လူတစ်ယောက်ပါလား၊ ဟင်....ဦးမင်းဆွေ၊ ရှင့်ကိုယုံပြီး တစ်ကိုယ်လုံး



ပုံအပ်ခဲ့တဲ့ နယ်လီ့ အပေါ် သစ္စာဖောက်ရုံတင်မက ခြင်မြတ်ဖြူစင်တဲ့ တခြားမိန်းမသားတစ်ဦးကိုပါ ရှင့်လက်ထဲမထားတဲ့ နည်းနဲ့ရောက်အောင် ကြံစည်ခဲ့တယ်၊ ပြီးတော့ အမှုမှန်ကို သိပါလျက်နဲ့ အုပ်ဆိုင်းပြီး နယ်လီ့ ဦးလေးကိုပါ ဒုက္ခရောက်စေခဲ့တယ်၊ တော်ပါသေးရဲ့၊ နယ်လီ့မှာ အားကိုးစရာ တခြားမြင့်မြတ်တဲ့ ယောကျ်ားတစ်ဦး ရှိနေသေးလို့'

ကိုမင်းဆွေ ခေါင်းမဖော်နိုင်၊ အားလုံးက ငြိမ်ကြည့်နေသော်လည်း ဖြစ်သမျှကို စိတ်မကောင်းခြင်းကြီးစွာနှင့် ကြည့်နေရှာရဟန်တူသူ ဒေါက်တာ နှင်းမောင်က ဝင်တားမြစ်သည်။

'တော်ပါလား နယ်လီ၊ သူ့အမှားကို သူသိနေတဲ့ လူတစ်ဦးကို စိတ်မချမ်းသာအောင် မပြောပါနဲ့လား'

နယ်လီက ဒေါက်တာနှင်းမောင်၏ဘက်သို့လှည့်လိုက်၏။

'ဆရာ့ကိုတော့ လေးစားပါတယ်၊ ဒါပေမယ့် နယ်လီ့ရင်ထဲ ရှိတာလေးကိုတော့ ပြောခွင့်ပေးပါ၊ နယ်လီက အနစ်နာခံထားရတဲ့သူပါ၊ ဒီမှာ ဦးမင်းဆွေ၊ ရှင် တစ်ခုမေ့နေတယ်၊ ဒီအမှုကို လာအပ်စဉ်အခါက ရှင့်ထက်အရင် အစ်ကိုသိန်းဇံကို တွေ့ခဲ့တာဆိုတာလေ၊ အစ်ကိုသိန်းဇံဟာ နယ်လီ့အပေါ်မှာ ဖြူစင်သန့်ရှင်းစွာနဲ့ အစဉ်စောင့်ရှောက်ခဲ့သူမို့ သူ့ကို နယ်လီ အမြဲယုံကြည်ခဲ့တယ်၊ အခုလဲ သူ့ရဲ့ အရေးတကြီးကိစ္စကြောင့် ဘယ်သူ့ကိုမှ အသိမပေးဘဲ အမြန်ပြန်

www.burmeseclassic.com

www.burmeseclassic.com



လာခဲ့ပါဆိုလို့ နယ်လီပြန်လာခဲ့တာ၊ ဒီမဲဇာမြိုင်မှာ နယ်လီရောက်နေတာ သုံးရက်ရှိပြီ၊ ဇာတ်ကြောင်းအမှန်တွေအားလုံးကို နယ်လီသိပြီးပြီ၊ ရှင်ဖမ်းထားတဲ့ တိပ်ခွေကိုပါ နားထောင်ပြီးပြီ၊ ဒီတော့ အစိုးရအနေနဲ့ ဘာ ဆက်လုပ်လုပ် နယ်လီတော့ နယ်လီ့အမှုကို ပြန်နုတ်သိမ်းပြီး ပိတ်ပစ်လိုက်မယ်၊ ရှင့်ကိုလဲ နယ်လီ့ဝတ်လုံဘဝက ပြန်လည်ရုပ်သိမ်းကယ်၊ ရှင့်အပေါ်မှာထားခဲ့တဲ့ နယ်လီ့မေတ္တာကိုလဲ ရုပ်သိမ်းတယ်၊ ရှင့်မျက်နှာကိုလဲ မကြည့်ချင်ဘူး၊ အို...ရှင်ဟာ ရှင့်ဂုဏ်သိက္ခာရှိသေးသမျှကို ရှိသေတဲ့လူဆိုရင် ဒီလောကမှာတောင် နေဖို့ကောင်းတော့တဲ့လူ မဟုတ်ဘူး သိလား ဦးမင်းဆွေ'

နယ်လီ၏ နောက်ဆုံးစကားတို့သည် သူ့ကို မိုးကြိုးပစ်မှန်သည်ကဲ့သို့ ခံရစေသည်လား မပြောတတ်၊ ငိုက်စိုက်ဖြစ်နေသော သူ၏ခေါင်းသည် စားပွဲပေါ်သို့ မှောက်ကျသွား၏။ မျက်နှာကို လက်ဝါးနှင့်အုပ်၍ သူသည် ကျိတ်ရှိုက်နေသည်။

ဦးခေါင်းကို ပြန်ထူလိုက်သောအခါ သူ့မျက်နှာသည် စိတ်ဖောက်ပြန်နေသော လူတစ်ဦး၏ မျက်နှာဖြစ်နေ၏။

သူ့မျက်လုံးတို့တွင် မျက်ရည်တို့ ရွဲနေ၏။ သူ့မျက်နှာသည် ကြောက်မယ်ဖွယ် အိုမင်းကျဆင်းလျက်ရှိသည်။ ငိုခြင်း



ထက်ပြင်းထန်သော အပြုံးသည် သူ့နှုတ်ခမ်း၌ ထင်လျက်ရှိသည်။

သူက အခန်းတွင်းရှိ လူကုန်ကို ပြုံးကြောင်စွာ လှည့်လည် ကြည့်သည်။ သူ့မျက်လုံးများသည် မလေးသန့်၏ မျက်နှာဆီ ရောက်သွားသောအခါ သူသည် အရူး တစ်ယောက်ပမာ အော်ရယ်သည်။ ရယ်၍အားရမှ ချောက်ချားတုန်ယင်သော အသံကြီးနှင့် ပြောသည်။

'သန့်ရယ်၊ ကိုမင်းဆွေရဲ့ဘဝဟာ ရှုံးပါပြီ၊ ဆုံးပါပြီ၊ ခွေးတစ်ကောင်လောက်မှ မကောင်းတဲ့ဘဝနဲ့ ဆုံးရ ရှုံးရပါပြီ၊ သန့်ကိုချစ်လွန်းလို့ ဆုံးရ ရှုံးရပါပြီ၊ သန့်တို့က ပိုင်တယ်၊ သိပ်ကိုပိုင်တယ်၊ ဒီတော့ အနိုင်ယူကြပေါ့ ဟုတ်လား၊ အနိုင်ယူရစ်ကြတော့၊ ဟား...ဟား...ဟား'

ရယ်ရင်းက သူ့မျက်လုံးများသည် အေးချမ်းသော်လည်း အုံ့ညိုလှသော အသွင်နှင့် သူ့ကို ငေးကြည့်နေ ရှာသော ဒေါက်တာနှင်းမောင်ဆီ ရောက်သွားသည်။

အရယ်ရပ်၍ သူက မဲ့ပြုံးကြီးပြုံးလိုက်သည်။ မုန်းတီးခြင်း၊ မနာလိုခြင်း၊ ခံပြင်းခြင်းတို့နှင့် သူ့မျက်လုံးများက ကြောက်မက်ဖွယ် ရှိနေ၏။

'မင်းလဲ သိပ်ကံကောင်းတယ်သိလား နှင်းမောင်၊ မအေဆိုးသချိုင်းဘေးမှာ လူစွန့်ပစ်သွားလို့ ပုဆိုးစုတ်ပတ်ပြီး ယက်ကန် ယက်ကန် ဖြစ်နေရတဲ့ မြေကြီးပေါ်က ကောက်ရတဲ့ လူ

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်အဖြစ်ကနေ အခုတော့ သန့်ရဲ့ ပထမလူ ဖြစ်လာခဲ့တယ်၊ မင်းအစ်မဆိုတဲ့သန့်ဟာ မင်းအစ်မ မဟုတ်ဘူး၊ မင်းရဲ့ ချစ်သူ၊ မင်းကိုချစ်နေတဲ့သူ'

သူ၏ ပြင်းထန်လှသော စကားရပ်ကြောင့် မလေးသန့်၏ ပါးစပ်ကလေးမှာ ဟသွားသည်။ စိတ်မှတ်မဲ့ဖြင့် လက်ဖဝါးလေးနှစ်ခုမှာလည်း နားနှစ်ဖက်ကို ပိတ်မိလျက်သားရှိနေ၏။

မမျှော်လင့်သော စကားကြောင့် ဦးထွန်းအောင်ပင် လျှင် ကြက်သေသေကာ သူ့ကို ကြောင်ကြည့်နေမိသည်။

ဒေါက်တာ နှင်းမောင်ကမူ မျက်လုံးအပြူးသားနှင့် သူ့အစ်မနှင့် သူ့အစ်ကိုတို့ကို လှည့်ကြည့်ရှာသည်။

'ဟား....ဟား....ဟား....ဘယ့်နှယ်လဲ၊ စကားမပြောနိုင်ကြတော့ဘူး မဟုတ်လား၊ ဒီမှာသန့်၊ သန့်ချစ်သူနဲ့သန့် ပျော်ပျော်နေရစ်ခဲ့၊ တစ်ဖက်သတ်အချစ် ဆုလာဘ်အဖြစ် လူယုတ်မာတွေကို ရပြီးမှ ဒီဘဝမှာ ဘာတွေမှမလိုချင်တော့ဘူး၊ ဟော့ သုဘရာဇာကောင်ကြီး၊ မင်းသေနတ်ကို သုံးတော့လေ'

ကိုမင်းဆွေသည် နေရာမှထ၍ သူ့အိတ်ကပ်သို့ နှိုက်လိုက်သည်။ ကိုကံထူးကလည်း သေနတ်ကို ကိုမင်းဆွေဆီသို့ ချိန်လိုက်၏။

ပထမဦးဆုံး လှုပ်ရှားလာသူမှာ ကိုသိန်းဇံဖြစ်သည်။ သူသည် 'ဟေ့....ကိုကံထူး၊ မလုပ်နဲ့' ဟုအော်ရင်း ကိုကံထူး၏ သေနတ်ကို ဝင်လုသည်။



ကိုကံထူး၏ သေနတ်ပြောင်းဝမှ မီးပွင့်သွားပြီး ကျည်ဆန်တစ်တောင့်သည် ဗိုခေါ်ကာလေကိုဖြတ်လျက် ပြတင်းပေါက်မှ ထွက်သွားသည်။

စက္ကန့်ပိုင်းအတွင်း ကိုသိန်းဇံသည် ကိုကံထူး၏လက်မှ သေနတ်ကိုလုယူပြီး ပြန်လှည့်၍အော်သည်။

'ဆရာကြီး....ဆရာကြီး'

ကိုမင်းဆွေသည် သူ့ပစ္စတိုပြောင်းကို သူ့နားထင်ဆီသို့ ပို့နေပြီဖြစ်၏။

ကိုသိန်းဇံ၏အော်သံကြောင့် ဒေါက်တာဦးထွန်းအောင်သည် လျှင်မြန်စွာထ၍ ကိုမင်းဆွေ၏လက်ကို ဆွဲလိုက်သည်။

'ဒိုင်း' ခနဲအသံ ပေါ်လာ၏။ ပစ္စတိုသည်လည်း ကြမ်းပြင်ပေါ်သို့ လွင့်ကျသွား၏။

'အမယ်လေး....'

နယ်လီက ကြောက်အားလန့်အား အော်၍ ကိုသိန်းဇံ၏ ရင်ခွင်တွင်းသို့ ဝင်ကပ်လိုက်၏။

အင့်ခနဲ တိုးတိုးသက်သာ ညည်းညူသံကို မလေးသန့် တစ်ယောက်သာ သတိထားကြားလိုက်မိသည်။

မလေးသန့်က ထိတ်လန့်တကြားနှင့် သူ့မောင်ကိုကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာနှင်းမောင်သည် ခေါင်းကျိုးလျက် ကုလားထိုင် လက်တန်းပေါ်သို့ ခွေကျကာ ရှိနေသည်။

သူ့ရင်ဘတ်မှမူ သွေးတို့ပန်းထွက်လာနေ၏။

*

ခ

အပြင်ဘက်၌ လရောင်သည် ပြာရီမှုန်ဝါးစွာ ကျဆင်းနေ၏။

ကြွေရှက်ဝါတို့ကို လေနှင်သဖြင့် လွင့်မျောပွတ်တိုက်သံတို့ တသဲသဲပေါ်ထွက်နေသည်။

ရန်ကုန်ဆေးရုံကြီး၏ အခန်းတစ်ခုတွင်းဝယ်....

မလေးသန့်က အောက်သွားဖြင့် အပေါ်နှုတ်ခမ်းကို ကိုက်ကာ တင်းဆည်၍ ရပ်နေသည်။ မျက်ရည်ပေါက်ကြီးများကမူ ဖြူဝင်းသော ပါးပြင်ဆီသို့ တလိမ့်လိမ့်ကျဆင်းနေ၏။

မြင်နေရသည်ကိုလည်း မယုံမိ၊ ကြားနေရသည်ကိုလည်း မယုံနိုင်၊ မလေးသန့်အတွက် ဘာကိုမျှမယုံနိုင်၊ မယုံချင်ပါ။

ဒေါက်တာ ဦးထွန်းအောင်က နှမသည်၏ပခုံးလေးကို ယုယစွာ ပွေ့ဖက်ထားရှာသည်။



ဆေးရုံအုပ်ကြီးနှင့် ရဲဘက်ဆိုင်ရာ ဆရာဝန်ကြီးတို့ကလည်း စိတ်မကောင်းခြင်း ကြီးလှစွာသော မျက်နှာများဖြင့် ကျောက်ရုပ်ပမာ ငြိမ်ရပ်နေကြ၏။

ခရိုင်ရာဇဝတ်တရားသူကြီးက ကုလားထိုင်တစ်လုံးထက်၌ မှိုင်းညို့သော မျက်နှာထားဖြင့် နားထောင်နေခိုက် စာရေးတစ်ဦးက လက်ရေးတိုဖြင့် လိုက်ရေးနေ၏။

ခုတင်ထက်မှ လူနာ၏အသံသည်သာ အားနည်းမှေးညှိ့သော်လည်း ပီသပြတ်သားစွာ ပေါ်ထွက်နေပါ၏။

'ကျွန်တော်နဲ့ ဝတ်လုံတော်ရ ဦးမင်းဆွေဟာ ဧတဲခွခန်းနဲ့ ကပ်လျက်ရှိတဲ့ မျောက်ဝံလှောင်အိမ်ကို သွားကြပါတယ်၊ သူ့မှာ သူ့သေနတ်ပါပါတယ်၊ ပစ္စတိုဖြစ်ပါတယ်၊ ကျွန်တော့်မှာလဲ သေနတ်ပါပါတယ်၊ ခြောက်လုံးပြူးပါ၊ မျောက်ဝံလှောင်အိမ်ထဲ ဝင်တိုင်း ဒီလိုပဲ အကာအကွယ်ယူလေ့ ရှိပါတယ်၊ အရင်ကလဲ ဒီလိုပဲ ဝင်ဖူးကြပါတယ်၊ အခုဝင်ရတဲ့အကြောင်းက မျောက်ဝံတစ်ကောင်လွတ်ပြီး ရမ်းနေလို့ပါ၊ မျောက်ဝံတွေကို လှောင်ချိုင့်ထဲ ထားပေမယ့် ကြိုးရှည်ရှည်နဲ့ ချည်ထားပါတယ်၊ ကျွန်တော်တို့ အထဲကိုရောက်တော့ မျောက်ဝံကြီးသုံးကောင်ရဲ့ အတိုက်ကိုခံရပါတယ်၊ ရုတ်တရက် အမှုမဲ့ဖြစ်ပါတယ်၊ မျောက်ဝံတစ်ကောင်ကို ကျွန်တော် ပစ်သတ်လိုက်ပါတယ်၊ တခြားတစ်ကောင်နဲ့ ဦးမင်းဆွေ လုံးထွေးရင်းက သူ့သေနတ်ကျည်ဆန် လွတ်သွားပြီး ကျွန်တော့်ကို မှန်ပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာနှင်းမောင်၏ အသံသည် ရပ်သွား၏။

ရာဇဝတ်တရားသူကြီးက သူ့ကိုငုံ့ကြည့်လျက် မေးသည်။

'အခုနက ဆရာ သုတေသနလုပ်ငန်းဆိုတာပြောခဲ့တယ်၊ အဲဒီသုတေသနလုပ်ငန်းဟာ ဘာပါလဲ'

'ဒါကို ကျွန်တော့်အစ်ကိုကြီးက ဆေးရုံအုပ်ကြီးနဲ့ ရဲဘက်ဆိုင်ရာ ဆရာဝန်ကြီးတို့ကို နိုင်ငံတော်အစိုးရရဲ့ ကျန်းမာရေး တာဝန်ခံရှေ့မှာ ပြောပြပါလိမ့်မယ်၊ တရားသူကြီးမင်းခင်ဗျား....ကျွန်တော် ကြာကြာမနေရတော့ပါဘူး၊ကျွန်တော့် ဆန္ဒ (Will)ကို ရေးတော်မူပါ'

မလေးသန့်သည် ရှေ့သို့လှမ်းထွက်ရန် ဟန်ပြင်သည်။ ဦးထွန်းအောင်က သူ့နှမကို သူ့မလွှတ်ဘဲ ဆွဲထားလိုက်သည်။

တရားသူကြီးက စာရေးဘက်သို့လှည့်၍ ခေါင်းညိတ်ပြသည်။ ဒေါက်တာနှင်းမောင်၏ဘက်သို့လည်း လှည့်ကြည့်၍ ကြင်နာစွာဆိုသည်။

'ပြောပါ ဒေါက်တာ၊ ဒေါက်တာ့ရဲ့ဆန္ဒကို ရေးမှတ်ဖို့ အဆင်သင့်ပါပဲ'

ဒေါက်တာနှင်းမောင်၏အသံသည် အထူး ပိုမိုကြည်လင်ပြတ်သားလာ၏။

'သေဆုံးသွားရင် ကျွန်တော့်ကိုယ်ခန္ဓာကို ကျွန်တော့် သုတေသနအတွက် ကျွန်တော် ပြန်လှူပါတယ်၊ ဥပဒေ



တာဝန်အရ စစ်ဆေးသင့်တာတွေကို စစ်ဆေးပါ၊ ဒါပေမယ့် ကျွန်တော့်အသည်းနဲ့ နှလုံးကို ကျွန်တော် အသက်ကုန်ကုန်ချင်း ကျွန်တော့်အစ်ကိုကြီးနဲ့ အစ်မရဲ့လက်ထဲ အပ်ပေးပါ၊ ကျွန်တော့်အသည်းနှလုံးကို နှစ်ဆယ့်လေးနာရီအတွင်း မပျက်မစီးအောင် ထိန်းထားနိုင်တဲ့ ဆေးကိရိယာ သူတို့မှာ ရှိပါတယ်၊ ကျွန်တော့် သုတေသနဟာ လူရဲ့ကလာပ်စည်း လတ်လတ်ဆတ်ဆတ်မရလို့ ရပ်နေခဲ့ရပါတယ်၊ သူတို့ ဆက်လုပ်ပါစေ၊ ဆေးပညာ တိုးတက်ရေးနဲ့ ကမ္ဘာသူကမ္ဘာသားတို့ရဲ့အကျိုးအတွက် ကျွန်တော့်ဆန္ဒကို တစ်သဝေမတိမ်း လိုက်နာတော်မူကြပါ'

ဒေါက်တာနှင်းမောင်၏ လေသံမှာ ပြတ်သွားသည်။

တရားသူကြီးက စာရေးကိုအချက်ပေးသဖြင့် စာရေးက သူရေးထားသမျှကို ပြန်ဖတ်ပြ၏။

မျက်လုံးများကို စုံမှိတ်လျက် ဒေါက်တာ နှင်းမောင်က နားထောင်နေသည်။

အဆုံး၌ တရားသူကြီးက မေးသည်။

'အခု ဖတ်ပြခဲ့သမျှတွေဟာ အားလုံးအမှန်ပဲ၊ နော်.... ဒေါက်တာ'

ဒေါက်တာနှင်းမောင်က နှုတ်နှင့်မဖြေ၊ ခေါင်းသာညိတ်ပြ၏။

www.burmeseclassic.com

www.burmeseclassic.com



သေတမ်းစစ်ချက်အပေါ်၌ သက်သေအဖြစ် ဆေးရုံအုပ်ကြီးနှင့် ရဲဘက်ဆိုင်ရာ ဆရာဝန်ကြီးတို့က လက်မှတ်ထိုးလိုက်ကြသည်။

တရားသူကြီးနှင့်စာရေးက အခန်းတွင်းမှ ထွက်ခွာသွားသည်။

ဆရာဝန်ကြီး နှစ်ဦးကလည်း ခေါင်းခါလျက် ဒေါက်တာ ဦးထွန်းအောင်ကိုကြည့်ပြီး ဖြည်းညင်းစွာ ထွက်ခွာသွားကြ၏။

မလေးသန့်သည် အစ်ကို၏ရင်ခွင်မှခွာ၍ မောင်၏ခုတင်ဘေးတွင် ဒူးတစ်ဖက်ထောက်၍ ထိုင်လိုက်သည်။

သူ့ချစ်လှစွာသော မောင်၏ လက်နှစ်ဖက်ကို ဆွဲယူစုကိုင်ကာ သူ့ရင်ခွင်၌ အပ်ထားရင်း သာယာညင်းပျောင်းစွာ ခေါ်သည်။

'မောင်.... မောင်လေးရေ....နှင်းမောင်၊ မမသန့်လေ.... မောင့်အစ်မ မမသန့်'

မလေးသန့်က ဒေါက်တာနှင်းမောင်၏ လက်နှစ်ဖက်ကို ရင်ခွင်တွင်အပ်ထားရင်း ခေါ်နေရှာ၏။

သူ့မျက်လုံးများက ဖြည်းညင်းစွာ ပြန်ပွင့်လာသည်။ ခံနေရသော ဒဏ်ရာကြီးနှင့် မဆီဆိုင်စွာ သူ့မျက်နှာကလည်း ကြည်လင်နေ၏။



'အို....မောင်လေးရယ်'

မလေးသန့်သည် စိတ်ကို မချုပ်တည်းနိုင်တော့ဘဲ သူ့ပခုံးတွင် မျက်နှာကိုအပ်လျက် ငိုကြွေးမိသည်။

သူ့လက်များက သူ့အစ်မ၏ လက်ဆုပ်တွင်းမှ ရုန်းကာ ဖြည်းညင်းစွာ မ,လာ၍ သူ့အစ်မ ပခုံးများကိုကိုင်သည်။

'မမသန့်....မမသန့်လား'

'ဟုတ်ပါတယ် မောင်လေးရယ်၊ မမသန့်ပါ၊ မောင့်မမသန့်ပါ'

'အစ်ကိုကြီးကော'

'အစ်ကိုကြီးလဲ အနားမှာရှိပါတယ်၊ အစ်ကိုကြီး'

မလေးသန့်က သူ့အစ်ကိုကြီးကို လှမ်းခေါ်သည်။

ဒေါက်တာ ဦးထွန်းအောင်က သူ့ညီ၏ ခုတင်ဘေးတွင် ဒူးထောက်ထိုင်လိုက်၍ သူ့ညီ၏ လက်တစ်ဖက်ကို သူ့လက်ကြီးများဖြင့် ဆုပ်ကိုင်ပွေ့ယူလိုက်သည်။

'ညီလေး၊ အစ်ကိုကြီးလဲ ရှိပါတယ်'

သူသည် စိတ်ကျေနပ်သွားဟန် ပြုံးလိုက်ပြီး ဖြည်းလေးစွာ ဆိုသည်။

'မမသန့်လဲ ရှိတယ်၊ အစ်ကိုကြီးလဲရှိတယ်၊ ကျွန်တော့်သုတေသနကို ဆက်လုပ်ကြပါ၊ ပြီးတော့ ကျွန်တော့်အမေးကို အမှန်ဖြေပါနော်၊ ကျွန်တော်ဟာ မမသန့်နဲ့ အစ်ကိုကြီးရဲ့ မောင်နဲ့ညီ အရင်းဟုတ်ရဲ့လား'

www.burmeseclassic.com

www.burmeseclassic.com



မလေးသန့်က မျက်ရည်ဖြိုင်ဖြိုင်စီးရင်း သူ့အစ်ကိုကြီးကို ကြည့်ရှုသည်။

ဦးထွန်းအောင်သည် ဒေါက်တာနှင်းမောင်၏ လက်ကိုဆုပ်ကိုင်လျက် ဆို့နင့်လှသောအသံနှင့် ဖြေသည်။

'ညီလေးရယ် ဒီမေးခွန်းကို ဘာလို့ မေးရသလဲ၊ညီလေးရဲ့ အပေါ်မှာ အစ်ကိုကြီးနဲ့ မင်း မမသန့်ဟာ မောင် တစ်ယောက် ညီတစ်ယောက်အပေါ် ထားရှိအပ်တဲ့ ဝတ္တရားတွေ ဘယ်တုန်းကမျှ ပျက်ခဲ့ဖူးလို့လဲ'

သူက ပြုံးသည်။ သူ့အပြုံးသည် ခါတိုင်းထက်ပင်လွန်၍ အေးချမ်းသိမ်မွေ့နေသည်။

'မမသန့်နဲ့ အစ်ကိုကြီးဟာ ကျွန်တော့်အပေါ်မှာ ဘာဝတ္တရားမှ မပျက်ခဲ့ပါဘူး၊ ဒါပေမယ့် ကျွန်တော့်အမေးကို အမှန်အတိုင်း ဖြေပါ၊ ကျွန်တော် နောက်ဆုံးကြားပါရစေ'

ဦးထွန်းအောင် ငိုင်ကျသွားသည်။

မလေးသန့်သည် ရင်၌ ဆို့တက်လာသော ခံစားမှုကို ဇွတ်အတင်း နှိမ်နင်းပစ်လိုက်သည်။

သူ့မောင်အကြောင်းကို တစ်သက်လုံး သိခဲ့သူမို့ ဘာလုပ်ရမည်ကို မလေးသန့် သိပြီးဖြစ်ပါ၏။

မျက်ရည်များကို မထိန်းနိုင်လင့်ကစား မလေးသန့်သည် ပြုံးသည်။ အဖြူစင်ဆုံး အပြုံးကိုပြုံးပါ၏။ အသန့်ရှင်းဆုံး



အပြုံးကို ပြုံးပါ၏။ အကြင်နာဆုံး အပြုံးကိုလည်းပြုံးခဲ့ရပါ၏။

သူကလည်း သူ့အစ်မ၏ အပြုံးကိုမှတ်မိဟန် မှေးမှိန်သော မျက်လုံးများ၌ အရောင်တောက်လာသည်။

မျက်ရည်တို့က ကျမြဲကျလျက် အပြုံးသည် ကြည်မြဲကြည်လျက် မလေးသန့်က ဆိုသည်။

'မမသန့် မောင်လေးကို မညာတော့ပါဘူး၊ မညာရက်တော့ပါဘူး နှင်းမောင်ရယ်၊ မောင့်ကို သူပြောခဲ့တဲ့အတိုင်း မြေကြီးပေါ်က မမသန့်တို့ ကောက်ရခဲ့ပါတယ်၊ ဒါပေမယ့် နှင်းမောင်၊ မြေကြီးဆိုတာဟာ အားလုံးရဲ့ မိခင်ပါ၊ အားလုံးရဲ့ ထာဝရ မိခင်ကြီးပါ၊ ဒီမြေ ဒီကမ္ဘာမှာ အသက်ရှင်ခွင့်ရတဲ့ လူတိုင်းဟာ မောင်ရင်းနှမတွေပါ၊ မမသန့် ဒီထက်ဘာမှ ပိုမပြောနိုင်တော့ပါဘူး မောင်ရယ်၊ မောင်လေးကို မမသန့်ချစ်တာဟာ သာမန် အစ်မတစ်ဦးက တစ်အူထုံ့ဆင်း မောင်အရင်းကို ချစ်တာထက်သာပါတယ်၊ ပိုပြီး ဖြူစင်ပါတယ်၊ ဒီသစ္စာကို မမသန့်ပြုလိုက်ဟယ် မောင်လေး၊ မမသန့်ရဲ့ အသည်းတွေဟာ ကွဲကုန် ကြေကုန် ပျက်ကုန်ပါပြီ မောင်လေး၊ ဒါပေမယ့် မောင်လေးအပေါ်မှာ ထားခဲ့တဲ့ မမသန့်ရဲ့မေတ္တာဟာ မကွဲပါ၊ မကြေပါ၊ မပျက်ပါဘူး မောင်၊ အဲဒါကို ယုံသွားစမ်းပါ နှင်းမောင်၊ ပြီးတော့... မောင် ဆိုနေလေ့ရှိတဲ့ ဗြဟ္မစိုရ်တရားရဲ့ မြင့်မြတ်သော လောကဆီ မောင်ရောက်သွားပါစေ၊ မမသန့်ရဲ့ မောင်

www.burmeseclassic.com

www.burmeseclassic.com



ရောက်သွားပါစေ၊ အို…မောင် မောင်လေး၊ မင်း…မင်း မမသန့်ကို မမြဖြတော့ဘူးလားကွယ်၊ မမြဖြတော့ဘူးလား၊ အို…နှင်းမောင်ရယ်၊ မင်း မမသန့်ကို နောက်ဆုံးအဖြေ ပေးမသွားတော့ဘူးလား'

မလေးသန့်၏ ပေါက်ကွဲအော်ဟစ်သံကြောင့် ဦးထွန်း အောင်သည် ထိတ်လန့်တကြား ထိုင်ရာမှ ထကြည့်သည်။

နှင်းမောင်၏ မျက်လုံးများက ပိတ်လျက်ရှိနေပြီ။ ဤ ပိတ်နေသော မျက်လုံးများသည် ဘယ်သောအခါမှ ပြန် လည်ဖွင့်တော့မည် မဟုတ်ကြောင်း ဦးထွန်းအောင် သိလိုက် ပါသည်။

ချစ်သော ဤကမ္ဘာကို စွန့်ခွာသွားခဲ့ပြီဖြစ်သော ညီ၏ မျက်နှာမှသည် နှမကို ဒေါက်တာဦးထွန်းအောင် ကြည့်မိ သည်။

မလေးသန့်၏ မျက်နှာတွင် အပြုံးကမပျက်၊ ဤအပြုံး ပေါ်တွင် ကြေကွဲလှခြင်းက စိုးမိုးနေသည်သာရှိ၏။

မလေးသန့်၏ တစ်ကိုယ်လုံးမှာ ကျောက်ရုပ်ပမာ ငြိမ် နေသည်။ မျက်တောင်ကော့များကလည်း မခတ်၊ အသက် ရှူမှုသည်လည်းမရှိ၊ လှပ်ရှားသောအရာဟူ၍ ပါးပြင်ဆီသို့ စီးဆင်းနေသော မျက်ရည်များသာရှိသည်။

'သန့်…သန့်…ညီမလေး'

ဦးထွန်းအောင်က ကိုယ့်အသံ ကိုယ်မထိန်းနိုင်ဘဲ ထိတ် လန့်စွာ အော်ခေါ်သည်။

မလေးသန့်ကမူ မလှုပ်။

ဦးထွန်းအောင်က မလေးသန့်၏ ပခုံးကို ဆွဲကိုင် လှုပ် ယမ်းကာ အော်ခေါ်သည်။

'သန့်…သန့်ရေ၊ အစ်ကိုကြီး ခေါ်သံကို ကြားရဲ့လား၊ နှင်းမောင် သေသွားပြီ၊ သန့်ရဲ့မောင် သေသွားပြီ၊ အို… သန့်ရယ်၊ ညီလေး သေသွားပြီ၊ ဒါကို…ဒါ…ကို…သန့် သိရဲ့ လား၊ သန့်မောင် သေသွားပြီ'

မလေးသန့်ကမူ မလှုပ်၊ မျက်ရည်များသာ စီးဆင်း ကျ နေ၏။ ကိုယ်ခန္ဓာကမူ မလှုပ်။

မလှုပ်…။

ဆေးရုံကြီး၏ အပြင်ဘက်၌ ဖြာရီမှုန်ဝါးသော နှင်းလ ရောင်တွင် ရွက်ဝါတို့သာ လေနှင်သဖြင့် တညင်ညင် ကြွေ ဆင်းနေလေသည် တကား။

*

www.burmeseclassic.com

ဂ

## ဒေါက်တာ နှင်းဆောင်

### အသက် (၂၉) နှစ်

တစ်ကြိမ်က ရှိခဲ့ဖူးသော ဤပြည်တ်ရှင်၏ ရုပ်ကလာပ် ထည့်သွင်းထားရာ မှန်ခေါင်း၏ဘေး၌ ဒူးထောက်ထိုင်ရင်း မလေးသန့်က မျက်နှာကို လက်ဝါးဖြင့်အုပ်ကာ သဲ့သဲ့ ရှိုက်နေသည်။ မလေးသန့်နှင့်ယှဉ်လျက် ကိုကံထူးကလည်း ဒူးထောက်ရင်းပင် သူ့ဆရာလေးကို တမ်းတငိုကြွေးနေသည်။

မလှမ်းမကမ်းတွင် ခေါင်းငိုက်စိုက်နှင့် မျက်လွှာချထားသော ကိုသိန်းဇံ၏ အတွေးတို့သည်လည်း မရှိတော့ပြီ ဖြစ်သော အတိတ်ကာလဆီ၌ ပြန်ရောက်နေ၏။

ငွေလရောင်ဖြင့် ထိန်ထိန်သာနေသော မဲဇာမြိုင်၏ ခြံတွင်းဆီကို ပြတင်းမှ ငေးမောကြည့်ရှု ငိုင်နေသော ဒေါက်တာ ဦးထွန်းအောင်၏ စိတ်သည်လည်း အတိတ်ကာလဆီ၌ပင် ပြန်ရောက်နေပါ၏။

စင်စစ်မူ သူတို့လေးဦးလုံးသည် ဆုံးခဲ့သောဇာတ်လမ်း၏ စရာဆီသို့ မတိုင်ပင်ဘဲ ပြိုင်တူပြန်လည်လျှောက်လိုက် နေမိကြခြင်းသာ ဖြစ်လေသည်တကား။

အတွေးကိုယ်စီဖြင့် ဤသို့ အားလုံး ငြိမ်သက်နေခိုက် အခန်းတံခါးဝဆီမှ ခြေသံကြားရသည်။



မလေးသန့်မှတစ်ပါး ပြိုင်တူလိုလိုပင် အားလုံးတံခါးဝဆီ လှည့်ကြည့်မိကြသည်။

တံခါးဝ၌ ပန်းစည်းကြီးတစ်စည်းကိုပိုက်လျက် ကြော့ရှင်းသော ကိုယ်ဟန်သွင်ပြင်နှင့် နယ်လီက ရပ်နေ၏။

နယ်လီသည် ပန်းစည်းကို ဖန်ခေါင်းဦး၌ တင်ထားလိုက်ပြီး မလေးသန့်၏ဘေးတွင်ဝင်၍ ဒူးထောက်ထိုင်လျက် သူ့ဘာသာအလျောက် မျက်လုံးများကိုမှိတ်ကာ ဆုတောင်းနေသည်။

အတန်ကြာ ဆက်ငြိမ်နေကြရာမှ ဦးထွန်းအောင်က စ၍ ပြတင်းဝမှ ခွာသည်။

သူ့နှမအနီးသို့ရောက်သောအခါ ပခုံးလေးကိုပုတ်လိုက်ပြီး ကြင်နာစွာဆို၏။

'ညဥ့်နက်လှပြီ သန့်ရယ်၊ ပြီးတော့ သန့်လဲ အနားယူဖို့ ထိုက်ပါပြီ'

မလေးသန့်က မျက်နှာကိုအုပ်ထားသော လက်ဝါးများမှ ခွာသည်။ မျက်ရည်တို့ဖြင့်ပြည့်နေသော မလေးသန့်၏မျက်လုံးပြာများက နယ်လီ၏ ကရုဏာရောင်ဖြင့် ကြည်လင်တောက်ပနေသော မျက်လုံးလေးတို့ကို ရင်ဆိုင်မိသည်။

နယ်လီက ချစ်စဖွယ်ပြုံးလိုက်ပြီး မလေးသန့်၏ လက်မောင်းလေးကို ယုယစွာကိုင်လာသည်။

www.burmeseclassic.com

မလေးသန့်က သူ့မောင်၏ ငြိမ်သက်နေသော မျက်နှာကို တစ်ချက်လှမ်းကြည့်ပြီး သက်ပြင်းလေးကို ရှိုက်လိုက်ကာ နေရာမှ ဖြည်းညင်းစွာထသည်။

အားလုံးသည် စကားမဆိုကြ၊ ဦးခေါင်း ငိုက်စိုက်ချလျက် ဖြည်းညင်းသော ခြေလှမ်းများဖြင့် အခန်းတွင်းမှ ထွက်လာကြ၏။

နံရံပြတင်းမှကျဆင်းနေသော လရောင်သည်သာ ဒေါက်တာ နှင်းမောင်၏ခေါင်းထက် အေးချမ်းစွာ ကျဆင်း ကျန်ရစ်သည်။

ဧည့်ခန်းကြီးသို့ ပြန်ရောက်ကြသည်အထိ မလေးသန့်မှာ စကားမဆိုနိုင်။

ဦးထွန်းအောင်ကသာ နှုတ်ဆက်သည်။

'ဆရာကြီးတို့ရဲ့ ဒီရည်ရွယ်ချက်ကြီး အောင်မြင်တဲ့အထိ ဝိုင်းဝန်းကူညီကြလို့ အားလုံးကို သိပ်ကျေးဇူးတင်ပါတယ်၊ စိတ်မကောင်းစရာကို ကြုံတွေ့ခဲ့ကြရပေမယ့် ဒီကမ္ဘာမြေအတွက် ကျေးဇူးဆပ်နိုင်ခဲ့ကြပြီမို့ ဖြေစရာကို ရကြပါပြီ၊ ဆရာကြီးတို့လဲ နားဦးမယ်၊ နောက်မှ အားလုံးပြန်ဆုံတွေ့ကြတာပေါ့၊ ဟုတ်လား'

မလေးသန့်ကလည်း အေးချမ်းသော အပြုံးလေးဖြင့် အားလုံးကို နှုတ်ဆက်ပြီး ကမ်းပေးလာသော သူ့အစ်ကို



ကြီး၏လက်ကို ဆုပ်ကိုင်အားပြုလျက် လှေကားကြီးအတိုင်း ပင်ပန်းနွမ်းနယ်စွာ အပေါ်ထပ်သို့ တက်လိုက်သွား၏။

အောက်ထပ်၌ ကျန်ရစ်သူတို့က မောင်နှမနှစ်ဦး မျက်စိရှေ့မှ ပျောက်ကွယ်သွားသည်အထိ ငြိမ်ကြည့်နေကြ၏။

ကိုသိန်းဇံက ခေါင်းဆောင်ပြီး အိမ်တွင်းမှ ထွက်လာခဲ့ကြသည်။

'ကိုကံထူး၊ ကျွန်တော်တို့နဲ့ ပြန်လိုက်မလား'

ကိုကံထူးက ခေါင်းခါသည်။

'ကျွန်တော် ကိုဘိုးသောင်တို့နဲ့ပဲ ဒီမှာအိပ်နေရစ်တော့မယ် ဆရာ'

'နယ်လီ့မှာကော ကားပါလား'

'ပါ့ပါတယ် အစ်ကိုသိန်းဇံ'

'ဒါဖြင့် အတော်ပဲ၊ အစ်ကိုသိန်းဇံ ကားမယူလာခဲ့ဘူး၊ နယ်လီ့ကားနဲ့ပဲ လိုက်ခဲ့တော့မယ်'

နယ်လီသည် ဝင်းသက်ရည်ရွှန်းသော မျက်လုံးကြီးများနှင့် ကိုသိန်းဇံကိုကြည့်လိုက်ပြီး သိမ်မွေ့နူးညံ့စွာ ဆိုသည်။

'နယ်လီ့ကားရယ်လို့ ခွဲခြားပြီး ပြောနေရမယ့်အချိန် မဟုတ်တော့ပါဘူး အစ်ကိုသိန်းဇံရယ်'

ကိုသိန်းဇံက တစ်ချက်ပြုံးလိုက်ပြီး ကိုကံထူးတို့အား နှုတ်ဆက်၍ နယ်လီ၏ လက်ကလေးတစ်ဖက်ကို ယုယစွာ ဆွဲကိုင်ယူလျက် ကားဆီသို့ထွက်ခွာသွားသည်။

www.burmeseclassic.com

www.burmeseclassic.com

ငွေလရောင်အောက်ဝယ် ယှဉ်တွဲကာ လျှောက်သွားနေကြသော သူတို့နှစ်ဦးအား ငေးကြည့်ရင်း မဲဇာမြိုင်၏အိမ်ရိပ်တွင် ကိုကံထူးသည်သာ မတုန်မလှုပ်ရပ်ကျန်လျက် ရှိပါလေသတည်း။

ပြီးပါပြီ။

ဇော်ဂျီဆိုလ်ဘုန်းနိုင်

ထွက်တော့မည်
ကမ္ဘာ့စာခေပနယ်မှ စာပေဝတ္ထုကောင်းများ ပြန်ဆိုသူ
အမျိုးသားစာပေဆုရှင်
မောင်ထွန်းသူ
"ခိုးလိုးခုလု"
(သရော်စာ ဟာသဝတ္ထုတိုများ)
မောင်ထွန်းသူ
"ချစ်မျက်ရည် ဘယ်ခါပါ့လေလိမ့်"
I'll Cry Tomorrow by Lilian Roth
(ဟောလိဝုဒ်မှ စတားတစ်ပွင့်)
မောင်ထွန်းသူ
"ရှန်ဂရီလာ" (ဒုတိယအကြိမ်)
Lost Horizon by James Hilton
(ဒဿန အနုရသ ကမ္ဘာကျော် ဝတ္ထုကောင်းတစ်ပုဒ်)
မောင်ထွန်းသူ
"သမိုင်းဝင် ပေးစာများ"
(မင်းတုန်းမင်း ကြိုးစားခဲ့သော နိုင်ငံတကာ
မဟာမိတ်များနှင့် ပေးစာများ)
စီစဉ်သူ-ကျော်ဇင်ခိုင်
ကံ့ကော်ဝတ်ရည်စာပေ
၅၁၊ ရေကျော်လမ်းမ၊
ပုဇွန်တောင်၊ ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com

ထွက်တော့မည်

ကမ္ဘာ့စာပေနယ်မှ စာပေဝတ္ထုကောင်းများ မြန်ဆိုသူ

အချိုးသားစာပေဆုရှင်

မောင်ထွန်းသူ

"ရမွက်မီး"

Lust For Life by Irving Stone

(ကမ္ဘာကျော် ပန်းချီဆရာကြီး ဗန်ဂိုးဘဝ)

လုံးစေ့ပတ်စေ့ မူရင်းရသ မပျက်

မောင်ထွန်းသူ

"မိုဟီကန်တို့၏ နောက်ဆုံးနေ့များ"

The Last Days of The Mohicans

By James Fennimore Cooper

မောင်ထွန်းသူ

"ဝံပုလွေများနှင့် ကခုန်သူ"

Dancer with Wolves

By Michael Blake

စီစဉ်သူ-ကျော်ဇင်ခိုင်

ကံ့ကော်ဝတ်ရည်စာပေ

၅၁၊ ရေကျော်လမ်းမ၊

ပုဇွန်တောင်၊ ရန်ကုန်မြို့။

"ကံ့ကော်ဝတ်ရည် စာပေတိုက်သို့"

မှာကြားနိုင်သော စာအုပ်များ

(V.P.P. ဖြင့် ပို့သည်)

တက္ကသိုလ်ဘုန်းနိုင်

၁။ လေရူးသည် စာမတတ်ပါ
၂။ မုန်းရစ်လေဦး
၃။ ရှားလော့ဒေဝီနှင့် အခြား ဘာသာပြန်ကဗျာများ
၄။ စွန့်ခွာရသည့် နေ့ညများ
၅။ သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည် ခိုင်
၆။ အိုင်ကျူ-မည်မျှပုံ၍ ယုံရမည်နည်း
၇။ ညနက်နက်မှာ လထွက်ခြင်း
၈။ ခပ်သိမ်းကလျာ ရှုဖွယ်သာတည်း (ပထွဲ+ဒုတွဲ)
၉။ နှင်းငွေတစ်ထောင့် မိုးတစ်မှောင့်
၁၀။ လွမ်းတေးမဆုံးစေနှင့် စောသခင်
၁၁။ လွမ်း

မောင်ထွန်းသူ - မာန်

နိုင်ဇော် - ဆောလမွန်သီချင်းများ

(ကမ္ဘာကျော် ဘာသာပြန်ကဗျာများ)

ကံ့ကော်ဝတ်ရည်စာပေ

၅၁၊ ရေကျော်လမ်းမ၊

ပုဇွန်တောင်၊ ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com

မြန်မာ့စာပေနယ် စာပေဝတ္ထုကောင်းများ
ဖန်တီးရေးဦးသူ အမျိုးသားစာပေဆုရှင်
တက္ကသိုလ်ဘုန်းနိုင်

- မေတ္တာများနှင့် စိန်ပန်းနီနီ
- တိမ်ညိုအလွင့် လအမြင့်
- နှယ်ဦးမွှန်မို့ ချစ်ထွတ်တင်သည်

တက္ကသိုလ်ဘုန်းနိုင်

- "တမ်းတမိခြင်း" (ထွက်ပြီ)
(နိုင်ငံတကာ ဘာသာပြန် ကဗျာများ)
ရင်ခုန်ပွင့် မဂ္ဂဇင်းပါ ဘာသာပြန်ကဗျာများ
- "လီရနာ၊ ဂင်္ဂါ၊ ရောဝတီ"
(ကဗျာ၏ သင်္ခါရနှင့် နိယာမ)
ရုပ်ရှင်တေးကဗျာ မဂ္ဂဇင်း အခန်းဆက်
ဆောင်းပါးများ
- "ပင်ဒိုရာအိုးပွင့်ပြီး ဟားပီးဇီတို့ပျံလာချိန်"
(Aids ရောဂါနှင့် ပတ်သက်၍.... .... ....)
ရင်ခွင်သစ်မဂ္ဂဇင်း အခန်းဆက် ဆောင်းပါးများ
- "ပညာရဲ့သဘော"
သင့်ဘဝ အောင်မြင်ရေး မဂ္ဂဇင်း အခန်းဆက်
ဆောင်းပါးများ

စီစဉ်သူ - ကျော်ဇင်ခိုင်
ကံ့ကော်ဝတ်ရည်စာပေ၊ ၅၁၊ ရေကျော်လမ်းမ၊

## ထွက်တော့မည်

ဘုန်းနိုင်ကျော်ဝေ
"လက်ဆောင်"
(မြန်မာရသ အချစ်ကဗျာများ)

.... .... .... .... .... .... .... ....
.... .... .... .... အို...မိုးရေ
ကိုယ် ကြိုဆိုနေပါတယ်
ပန်းတို့ မငိုစေဖို့
ကိုယ် ကြိုနေပါတယ်....
.... .... .... .... .... .... .... ....

---

"မြန်မာရသ အချစ်ကဗျာစာအုပ်စီးရီး"
မိမိ ကြိုက်နှစ်သက်ရာ ကဗျာပုံစံဖြင့် ရေးဖွဲ့ပေးပို့နိုင်ပါသည်။
ကလောင်သစ်အခန်းကဏ္ဍ သီးသန့် ဖော်ပြပါမည်။
နာယကအယ်ဒီတာ - တက္ကသိုလ်ဘုန်းနိုင်
တာဝန်ခံအယ်ဒီတာ - ဘုန်းနိုင်ကျော်ဝေ
စာမူပေးပို့ရန် လိပ်စာ -
မောင်ကျော်ဇင်ခိုင်
(အမှုဆောင်အယ်ဒီတာ၊ ကဗျာ- ဝတ္ထု- ဆောင်းပါး
တာဝန်ခံ၊ ယခင် သရဖူမဂ္ဂဇင်း)
ကံ့ကော်ဝတ်ရည်စာပေ
၅၁၊ ရေကျော်လမ်းမ၊ ပုဇွန်တောင်၊ ရန်ကုန်။

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက် အမှတ်-(၆၅/၉၇) (၁)
မျက်နှာဖုံးခွင့်ပြုချက် အမှတ်-(၂၄၄/၉၇) (၅)

မျက်နှာဖုံးပန်းချီ - မမွေး
ပုံနှိပ်ခြင်း - ဒုတိယအကြိမ်
ထုတ်ဝေသည့်လ - ဇွန်လ
အုပ်ရေ - ၁၀၀၀

မျက်နှာဖုံးပုံနှိပ်သူ - ဦးတိုးဝင်း (၀၂၄၃၁)
နေလရောင်အော့ဖ်ဆက်၊
၉၆(ခ)၊ ၁၁-လမ်း၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်သူ - ဒေါ်ခင်ကြွေ (၀၄၇၈၀)
ရတနာမဥ္ဇူပုံနှိပ်တိုက်၊
အမှတ် ၂၀၇၊ ဝေဇယန္တာလမ်း၊
၁၆/၂ ရပ်ကွက်၊ သင်္ဃန်းကျွန်း၊
ရန်ကုန်မြို့။

ထုတ်ဝေသူ - ဦးလှဌေး (၀၁၁၈၃)
လှဌေးစာပေ၊
၂၅၊ ၁၂၆ လမ်း၊ တာမွေ။

တန်ဖိုး - ၁၂၅-ကျပ်။

www.burmeseclassic.com